www.burmeseclassic.com




# ဗိုလ်ချုပ်အောင်ဆန်း

၏

# ရေနံချောင်းအမျိုးသားကျောင်းသားဘဝ

# ပထမအရွယ်

**ရေနံ့သာဝင်းမောင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း

# ၏

# ရေနံချောင်းအမျိုးသားကျောင်းသားဘဝ

# ပထမအရွယ်

BURMESE CLASSIC .com

■ ရေနံ့သာဝင်းမောင် ■

မြန်မာပြည်သားစာပေ
အမှတ်(၄၇၃)၊ လော်ဝီတလမ်း။ (၃၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၅၇၀၉၇၃

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး၊

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၁၈၆၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၁၀၁၆၁၀၉၁၁ |
| ပထမအကြိမ် | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီ | ဝင်းကြည် (ရေနံ့သာ)၊ ဝေမွန်လင်း |
| အတွင်းသန်းချီ | မြတ်ကျော်ခေါင်(ရေနံ့သာ)၊ မျိုး ၀န့်ထွန်း |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (ရဲအောင်စာပေ)<br>အမှတ်(၂)၊ ချွန်း(၁)လမ်း၊<br>မင်္ဂလာတောင် ၫွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဦးဇော်မင်း (ရွှေရဲရင့်ပုံနှိပ်တိုက်)<br>၂၆၊ ဗိုလ်ဗထူးလမ်း၊ ဗဟန်းမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ် | ဒေါ်ယဉ်ယဉ်ကြည် (မြင်းခြံပုံနှိပ်တိုက်)<br>၅၂၆၊ အင်းတော်လမ်း၊ (၆၄)ရပ်ကွက်၊<br>ဒဂုံတောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | သီဟန်ဦး |
| တန်ဖိုး | ၃၀၀၀ ကျပ် |
| ဖြန့်ချိရေး | အမရမီဒီယာ |

၉၂၃-၁
ဝင်းမောင်၊ ရေနံ့သာ
ဗိုလ်ချုပ်အောင်ဆန်း၏ရေနံချောင်းအမျိုးသားကျောင်းသား
ဘဝပထမအရွယ်/ရေနံ့သာဝင်းမောင်–ရန်ကုန်
၂၈၅–စာ / ၁၃ x ၂၀.၇ စင်တီ
(၁) ဗိုလ်ချုပ်အောင်ဆန်း၏ရေနံချောင်းအမျိုးသားကျောင်းသား
ဘဝပထမအရွယ်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ရေနံချောင်းမြို့နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓါတ်ပုံများ
ဆရာကြီးဦးခင်သန်း၏ပရိကံ
ဆရာကြီး သခင်ခင်ဇော်၏ အမှာစကား

| | | |
|---|---|---|
| ၁။ | ကျောင်းစတက်တဲ့နေ့ | ၃၀ |
| ၂။ | တစ်သက်လုံးမေ့မရတဲ့ သူငယ်ချင်းတစ်ယောက် | ၃၃ |
| ၃။ | အောင်ဆန်းတို့အဘိုး ရွှေလရောင်အကြောင်း | ၄၂ |
| ၄။ | စာပြိုင်၍ သူငယ်ချင်းတော်ရခြင်း | ၄၇ |
| ၅။ | သူငယ်ချင်းတွေဖြစ်ကြပြီ | ၅၃ |
| ၆။ | ဂျန်ဂလီးဝါလားလို့ပြောတယ် | ၅၇ |
| ၇။ | မြေကြီးက ရွှေသီးတဲ့ ရေနံချောင်း | ၆၂ |
| ၈။ | ကျောင်းမနေရရင် ထမင်းမစားဘူး | ၆၇ |
| ၉။ | နိုင်ငံရေးအစ အမျိုးသားကျောင်းများက | ၇၇ |
| ၁၀။ | (၁၃)ဂဏန်းကို မကြောက်တဲ့သူ | ၉၁ |
| ၁၁။ | တွင်းရိုးနဲ့ တွင်းစား | ၉၆ |
| ၁၂။ | အစ်ကိုကြီးဦးဘဝင်းရဲ့ စည်းကမ်းချက်များ | ၁၁၀ |
| ၁၃။ | အောင်ဆန်းတေမိတောသားလေး | ၁၁၉ |
| ၁၄။ | အရပ်ထဲက မိတ်ဆွေကြီး | ၁၂၆ |
| ၁၅။ | ကျွန်တော့် ဇာတ်ထဲမှာ ဆိုင်းဆရာခန့်လိုက်ခြင်း | ၁၃၂ |
| ၁၆။ | တင်းနစ်ကစားတဲ့ အောင်ဆန်း | ၁၄၀ |
| ၁၇။ | အောင်ဆန်းနဲ့ ဖိုးခက်တို့ရဲ့ ဟာသ | ၁၄၅ |
| ၁၈။ | ပထမစွဲ၍ စကောလားရှစ်ဆုရခြင်း | ၁၄၈ |
| ၁၉။ | ရေနံချောင်းအမျိုးသားကျောင်းနဲ့ အသစ်ရောက်လာတဲ့ အမျိုးသားကျောင်းအုပ်ကြီး | ၁၅၄ |
| ၂၀။ | တစ်မြို့လုံး အင်္ဂလိပ်လို ရေးကြပြောကြတယ် | ၁၆၃ |
| ၂၁။ | အင်္ဂလိပ်စာတော်တဲ့ ကိုအောင်သန်း | ၁၆၇ |
| ၂၂။ | ကိုအောင်ဆန်းတို့ အဖေ ကွယ်လွန်ခြင်း | ၁၇၃ |
| ၂၃။ | ကိုအောင်ဆန်းနဲ့ ကိုမော်သန်းအင်္ဂလိပ်စာပြိုင်ကြခြင်း | ၁၇၅ |
| ၂၄။ | မြန်မာတွေကို နှိမ်တဲ့ အင်္ဂလိပ်ရာဇဝင်ဆရာတွေ | ၁၇၈ |
| ၂၅။ | ရာဇဝင်ကို ဖန်တီးစေရမည် | ၁၈၂ |
| ၂၆။ | အမျိုးသားကြေးမုံအယ်ဒီတာ ကိုအောင်ဆန်း | ၁၈၇ |
| ၂၇။ | ဆရာကြီးဦးဘဦး ကိုယ်တိုင်ပြောတဲ့အမျိုးသားနေ့ အကြောင်း | ၁၉၁ |
| ၂၈။ | အမျိုးသားအထက်တန်းကျောင်းနဲ့ အမျိုးသားနေ့အောင်ပွဲ | ၂၀၄ |
| ၂၉။ | ရေနံမြေအလုပ်သမားတိုက်ပွဲများ | ၂၁၃ |
| ၃၀။ | အမျိုးသားကျောင်းများနဲ့ မငြိမ်းသေးသော မီးများ | ၂၂၄ |
| ၃၁။ | ရင်ထဲမှာတော့ အနာဂတ်အတွက် အလင်းရောင် | ၂၂၉ |
| ၃၂။ | စကားရည်လုပွဲများ | ၂၄၅ |
| ၃၃။ | နောက်ဆုံးနှုတ်ဆက်ပွဲ | ၂၅၆ |

www.burmeseclassic.com

## နောက်ဆက်တွဲ(၁)

ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းတွင် ခေတ်အဆက်ဆက်

အုပ်ချုပ်သူ ဆရာကြီးများနှင့် စာသင်ပြခဲ့သော ဆရာ/ဆရာမများ

## နောက်ဆက်တွဲ(၂)

ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းထွက်

ကျောင်းသား/ကျောင်းသူဟောင်းများ

## နောက်ဆက်တွဲ(၃)

ဗိုလ်ချုပ်အောင်ဆန်း၏

ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

## ကျမ်းကိုးစာရင်း

## ကျေးဇူးတင်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်အမေစုပုံ



နတ်မောက်ရှိ ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာအိမ်

BURMESE CLASSIC .com

AIDED NATIONAL HIGH SCHOOL,
YANANGYAUNG

## SCHOOL COMMITTEE

SEASON 1930-31




*Standing:* U Kyi, U San Shwe (Secy:), U Aung Ko,
U Kyaw Zan B.A., (Head Master),
U Ba Shein


*Sitting:* U Pu Gyi Hony: (Treasurer),
U Ba Thin, U Pu B.S.c., (Col.)(Lon.),
A.R.S.M., (Supdt:)
U Po Kun (Vice President)
U Lu Gyi (T.P.S., President)
U Thu Daw (Vice President)
U Khant Gyi
U Ba U

www.burmeseclassic.com


www.burmeseclassic.com



ရေနံချောင်း တွင်းကုန်းရပ်ရှိ ဘီအိုစီပိုင် ရေနံတွင်းများပုံ



ရေနံဆွဲသော ဝင့်(ချ်)ကားပုံ



စနေနံမြစ်ဆိပ်နှင့် ရေနံတင်လှေကြီးများပုံ




ဆင်းရဲခွမ်းပါးလှသော ရေနံမြေအလုပ်သမားများ

www.burmeseclassic.com


www.burmeseclassic.com



ရေနံချောင်းမှ သံလျင်သို့ ပို့သော ရေနံပိုက်လိုင်း



လက်တွင်းမှ ထွက်သော ရေနံများကို လှည်းဖြင့်
သယ်ယူနေကြပုံ



ဂျီစီဘီအေ ဥက္ကဌကြီး ဦးစိုးသိမ်း B.A, M.Sc




ဘားမားအွိုင်ကုမ္ပဏီကို စတင်တည်ထောင်သော
David Simecargill ၏ပုံ

www.burmeseclassic.com


www.burmeseclassic.com




ရေနံချောင်းလွတ်လပ်ရေးပန်းခြံတွင်
အမှတ်တရအဖြစ် ထားရှိသော
ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ပုံ



အင်္ဂလိပ်ငွေစက္ကူများကို မီးရှို့ကာ ရေနွေးအိုးတည်ခြင်းဖြင့်
မျိုးချစ်စိတ်ဓာတ်ပြခဲ့သော ရေနံတွင်းစားရိုး ဦးရွှေခင်၏ပုံ



လက်ဖြင့် ရေနံခပ်ယူရန် တွင်းထဲသို့ ဆင်းနေပုံ




ရေနံချောင်း ရေနံမြေမှထွက်သော ရေနံစိမ်းများအား
ဖောင်ဖြင့်သယ်ယူပို့ဆောင်ပုံ

www.burmeseclassic.com


www.burmeseclassic.com




ရှေးခေတ် စနေနံဘုရားပုံ



ရှေးခေတ် ပင်းစက္ကလဲ့မဘုရားပုံ



ရေနံချောင်းအမျိုးသား အထက်တန်းကျောင်း
အမျိုးသားအောင်ပွဲနေ့ကပွဲတွင်ပါဝင်သူများ အမှတ်တရပုံ



ဗိုလ်ချုပ်အထိမ်းအမှတ်အဖြစ် ယခုလက်ရှိ
အမျိုးသားကျောင်းနေရာတွင်ရှိသော အမက(၈)ကျောင်းပုံ

www.burmeseclassic.com


www.burmeseclassic.com



ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းထွက်များ
ပါဝင်သော ပထမနှစ်ရန်ကုန်တက္ကသိုလ်ကျောင်းသားများ




ဗိုလ်ချုပ်အောင်ဆန်း၏ ဆယ်တန်းအောင်လက်မှတ်




1. Name of Pupil — Maung Aung [illegible]
2. Nationality — [illegible]
3. Date of Birth — 12-3 1916
4. Father's Name — U Pha
5. Subjects passed in the High School Examination and Distinctions gained.
   Compulsory (i) English
   (ii) ~~Arithmetic~~ Mathematics.
   (iii) History.
   (iv) Vernacular — Burmese
   Optional — Pali and Additional Burmese
   Distinctions — Burmese and Pali.
6. Schools, if any, attended before admission to that school from which the Pupil leaves. — Private School
7. The school from which the Pupil leaves. — Aided National High School, [illegible]
8. Date of Admission — 1-6-1928
   Admission Number — 778
   Date of leaving — 31st March 1932
9. Note on regularity or irregularity of attendance and causes of the latter. — Attendance Regular.

ဗိုလ်ချုပ်အောင်ဆန်း၏ ဆယ်တန်းအောင်လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com


10. Note on conduct during school career — Satisfactory.

11. Note on esprit de corps shown by the Pupil, and any special public service rendered as a prefect, in school games or in any other capacity. — Took active part in ... debating Society. Served as Committee Member, the Students' Union

12. Health and Physique — Good.

13. Note on special aptitude for any subjects (including any, e.g., music or drawing, not taken in the public examination). — Has aptitude for English and Burmese Literature.

14. General — He belongs to a respectable family. His career as a student is satisfactory.

School Manager.


RANGOON, 12 ... 1932, 193

Director of Public Instruction, Burma.

N.B.—School Managers will fill in this form from the school records (except against item 6), then forward it to the Director of Public Instruction for signature and ... of subjects passed.

ဗိုလ်ချုပ်အောင်ဆန်း၏ ဆယ်တန်းအောင်လက်မှတ်





## ဆရာကြီးဦးခင်သန်း၏ ပရိုကံ

ကျွန်တော့်အသက်အရွယ်က အိုမင်းမစွမ်းရှိနေပါပြီ။ အသက်(၉၀)နားနီးနေတော့ ပမာဒလေခနေတဲ့အချိန်ပါ။

အဲဒီအချိန်မှာ ကိုဝင်းမောင်တစ်ယောက် ကျွန်တော်နေတဲ့ တာမွေကအိမ်ကို ရောက်လာပါတယ်။ သူနဲ့အတူ အသံဖမ်းကက်ဆက်ကလေးတစ်လုံးလည်း ပါလာတော့ ကျွန်တော်က "ဘာလုပ်မလို့လဲ"လို့ မေးပါတယ်။ အရင့်အရင်လာတုန်းကတော့ ကျွန်တော့်ကို သူကန်တော့ရအောင်လာတာပါ။ ဒီတစ်ခါတော့ ထူးထူးခြားခြားကန်တော့တဲ့ပစ္စည်း ပါမလာဘဲ ကက်ဆက်ကလေးပါလာလို့ပါ။ ကျွန်တော်က အဲဒီလိုမေးတော့ သူက "ဆရာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဆရာဖြစ်ခဲ့ဖူးတယ်မဟုတ်လား"လို့ မေးပါတယ်။ ကျွန်တော်ကလည်း အောင်ဆန်း ရေနံချောင်း နေရှင်နယ်ကျောင်းကို လာတက်တုန်းက တပည့်ဖြစ်ခဲ့ဖူးတာပေါ့ကွာ။

မြန်မာပြည်သားစာပေ

www.burmeseclassic.com



တုပ်ညီမှ စာပည်အာရင်းကြီး၊ ဆယ်တန်းမှာ ဆရာသင်ပေးလိုက်လို့ သူပါဠိ ဘာသာမှာ ဂုဏ်ထူးတောင်ထွက်သွားတယ်"လို့ ဂုဏ်ယူစွာနဲ့ ပြောလိုက်မိတယ်။ ဒါနဲ့ သူကဆက်ပြီး "အဲဒီလိုဆို ဗိုလ်ချုပ် အောင်ဆန်း အကြောင်း ဆရာကောင်းကောင်းသိမှာပေါ့" လို့မေးတော့ "အေး သိတာပေါ့၊ ရေနံချောင်းနေရှင်နယ်ကျောင်း တုန်းက အဖြစ်အပျက်တစ်ချို့ကိုတော့ ကောင်းကောင်းသိတယ်။ ဒါပေမဲ့ သူ(၁၀)တန်းအောင်သွားပြီးနောက်ပိုင်း

ရေနံချောင်းကို သူတို့ညီအစ်ကိုတွေ တစ်ခေါက်ပြန်လာတော့ တွေ့ရသေးတယ်။ သည့်နောက် မင်းဘူးဘက်ကို သူ့ရဲဘော်တွေနဲ့ ရောက်လာတော့ အဲဒီရဲဘော်တွေအတွက် ဆေးလိပ်ကအစ အဝတ် အစားတွေ သွားလှူခဲ့သေးတယ်။ နောက်တော့ ဆရာနဲ့မတွေ့လို့မသိ တော့ဘူး။ သူ့အကြောင်းကိုတော့ သတင်းစာတွေဖတ်ရတာလောက်ပဲ သိတော့တယ် သူကွယ်လွန်တဲ့အထိ ဆရာနဲ့ပြန်မဆုံတော့ဘူး" လို့ ပြောမိခဲ့တယ်။

"အဲဒီလိုဆို ရေနံချောင်းနေရှင်နယ်ကျောင်းမှာနေစဉ်က ဗိုလ်ချုပ်အောင်ဆန်း အကြောင်းသိသမျှ ပြောစမ်းပါ ဆရာကြီး ရယ်"လို့ ကိုဝင်းမောင်ကပြောတော့

"ဒီစိတ်ကူးဘယ်ကရသလဲ"လို့ ပြန်မေးကြည့်ပါတယ်။ **ဒီတော့** ကိုဝင်းမောင်က"ဆရာတို့ကို ဦးကျော်ကျော်၊ မြန်မာ့စီးပွားရေး **ဘဏ်**(MD)က တောင်ဥက္ကလာ၊ ဝေဇယန္တာလမ်းက သူ့အိမ်မှာ **ဖိတ်ပြီး၊** **ကန်**တော့တော့ အဲဒီကို ကျွန်တော်ရောက်ပါတယ်လို့ **ပြောတယ်။** ဦးကျော်ကျော်က ရေနံချောင်းသားပါ။ ဦးကျော်ကျော် က **ရေနံချောင်း**ကျောင်းမှာ သူ့ကိုစာသင်ခဲ့တဲ့ ဆရာ၊ ဆရာမတွေကို





ဖိတ်ပြီးကန်တော့တာပါ။ အဲဒီမှာ ကျွန်တော်ထက် **အသက်ကြီး** တယ်ထင်တဲ့ ဆရာကြီးဦးသံဗျင်ပါတယ်။ ဒါနဲ့ကိုဝင်း**မောင်က** ဆက်ပြီး"အဲဒီပွဲမှာ ဆရာကြီးဦးသံဗျင်က ဗိုလ်ချုပ်အောင်ဆ**န်း** အကြောင်းပြောတယ်။ ဦးသံဗျင်ပြီးလို့ ဆရာကြီးပြောတော့ ကျွန်တော်က ဗိုလ်ချုပ်ရဲ့ ဆရာအရင်းကြီးပဲဆိုပြီး ဗိုလ်ချုပ်အကြောင်း တွေ ပြောလိုက်တာ အများကြီးပဲ။ အဲဒီပွဲမှာ အသံမဖမ်းလိုက်ဖြစ်လို့ အခုအသံလာဖမ်းပြီး မှတ်တမ်းတင်ထားတာပါ။ အဆင်ပြေရင် စာအုပ်လည်း ထုတ်ချင်ပါတယ်"လို့ ပြောပါတယ်။

ကိုဝင်းမောင်တစ်ယောက် စိတ်ကူးကောင်းတာလေးကို ကျွန်တော်ချီးကျူးပါတယ်။ ကျွန်တော်လည်း မှတ်ဉာဏ်လေးရှိနေတုန်း ဘယ်သူမျှမသိသေးတဲ့ ဗိုလ်ချုပ်ရဲ့ နေရှင်နယ် ကျောင်းသားဘဝကို သိပ်ပြောချင်ပါတယ်။ ဒါပေမယ့် ကိုဝင်းမောင်ကံဆိုးတာတစ်ခုရှိ တယ်။ ဘာလဲဆိုတော့ ကျွန်တော့်လိုပဲ ဗိုလ်ချုပ်အကြောင်းကို ပြောနိုင်တဲ့ ဆရာကြီးဦးသံဗျင် ကွယ်လွန်သွားပြီ ဖြစ်လို့ပဲ။ ဘာပဲပြောပြော ကျွန်တော့်ဆီကတော့ သူရသင့်သလောက်**တော့** ရသွားမှာပေါ့လေ ဆိုပြီး ကျွန်တော်တို့နှစ်ယောက် တစ်နေ့(၁)နာရီ လောက်ပြောကြမယ် ဆိုပြီး ညှိလိုက်ကြတယ်။ အဲဒီလိုနဲ့ **တစ်ပတ်ကို** (၂)ရက်၊ (၃)ရက် အချိန်ယူပြီး ကျွန်တော်ကလည်းပြော **သူကလည်း** သိချင်တာမေးနဲ့ ကတ်ဆက်ခွေ(၅)ခွေလောက် **ရသွားတယ်** ထင်ပါရဲ့။

နောက်ကျွန်တော်က ဗိုလ်ချုပ်**အကြောင်း၊** **သိနိုင်ဦးမယ့်** သူတွေကို လမ်းညွှန်ပေးပါတယ်။ **ရေနံချောင်း**မှာ ရှိမယ့်သူတွေ၊ ရန်ကုန်မှာရှိမယ့်သူတွေ၊ ကျွန်**တော်မှတ်မိ**သလောက် ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမောင်က "ဆရာကြီးပြောတဲ့သူတွေကို ကျွန်တော်ရှာပြီး မေးပါဦးမယ်" လို့ပြောပါတယ်။ သူကလည်း ရေနံချောင်းသား ဆိုတော့ ရေနံချောင်း ပြန်တိုင်း သူစုံစမ်း မေးမြန်းနိုင်ပါလိမ့်မယ်။ နောက်တစ်ခုက ကိုဝင်းမောင်ဟာ ကျွန်တော်တို့ ရေနံချောင်း နေရှင်နယ်ကျောင်းက အကျိုးဆောင်ဆရာကြီးဦးစံရွှေရဲ့ သားမက် ဦးစိန်သော်က သူ့ဦးကြီးအရင်းဆိုတော့ အဲဒီမှာ ငယ်ငယ်ကတည်းက အဝင်အထွက်ရှိပြီး ဦးစံရွှေအိမ်မှာ သူလိုချင်တဲ့ နေရှင်နယ်ကျောင်း နဲ့ ပတ်သက်တဲ့စာရွက် စာတမ်းတွေ ဓာတ်ပုံတွေ ရကောင်း ရပါလိမ့်မယ်။

ကျွန်တော် တော်တော်ဝမ်းသာပါတယ်။ ကိုဝင်းမောင်လို ရေနံချောင်းသား တစ်ယောက်အနေနဲ့ တစ်ချိန်ကလျှမ်းလျှမ်း တောက်ကျော်ကြားခဲ့တဲ့ ရေနံချောင်း နေရှင်နယ်ကျောင်းကြီးနဲ့ ကိုယ့်မြို့ကို စာလာသင်ဖူးတဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို မှတ်တမ်းလုပ်တာ၊ စာအုပ်တစ်အုပ်ဖြစ်ဖို့ရည်ရွယ်တာ တော်တော် ကောင်း ပါတယ်။ ဖြစ်ပါစေလို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော် ကတော့ အရွယ်ရပါပြီ။ တကယ်လို့များ ကျွန်တော်မသေခင် အဲဒီစာအုပ်ကို ဖတ်ရရင်သိပ်ကိုဝမ်းသာမိမှာပါပဲ။

ဦးခင်သန်း

ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းဆရာကြီးဟောင်း

ရန်ကုန်တိုင်းပညာဝန် (အငြိမ်းစား)







## ဆရာကြီး သခင်-ခင်ဇော်၏ အမှာစကား

မမျှော်လင့်ဘဲ တစ်နေ့တော့ ကျွန်တော့်နေတဲ့ ရန်ကင်း တိုက်ခန်းကို ကိုဝင်းမောင် ရောက်လာပါတယ်။ ကိုဝင်းမောင်ကို ကျွန်တော်သိပါတယ်။ ကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနက "လုပ်သားကြေးမုံ"ဆိုတဲ့ အနုပညာအဖွဲ့တစ်ခုဖွဲ့ပြီး စံပြလုပ်သား တွေကို ဖျော်ဖြေရေးတွေလုပ်တော့ သူအမြဲပါပါတယ်။ သူက အဲဒီ တုန်းက မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းပါ။ သူက သီချင်းလည်းရေး တယ်၊ ဆိုလည်းဆိုတယ် ဆိုတော့ ကျွန်တော်တို့ လုပ်သားကြေးမုံ (ဗဟို)အဖွဲ့မှာ သူ့ကိုကော်မတီဝင်အဖြစ် ထည့်ပါတယ်။ လုပ်သား ကြေးမုံမှာ လိုအပ်တဲ့သီချင်းတွေ သူဒိုင်ခံရေးပါတယ်။ နယ်လှည့် ဖျော်ဖြေရေး တွေလုပ်လည်း သူအမြဲလိုက်ပါတယ်။

ကျွန်တော့်ဆီကို သူရောက်ရောက်ချင်း "ဆရာ့ကို မေးစရာ တွေရှိလို့လာတာပါ" ပြောတော့ ကျွန်တော်က "ဩော် လုပ်သား ကြေးမုံ အကြောင်းတွေမေးချင်လို့များလား" ဆိုပြီး ထင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမေးချင်တာလုပ်သားကြေးမုံအကြောင်း မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းပါ။ ဒါနဲ့ ကျွန်တော်က ဘယ်သူက လွှတ်လိုက်တာလဲလို့မေးတော့ "ဆရာကြီးဦးခင်သန်းကပါ။ ဆရာကြီးကပြောတယ် ကိုခင်ဇော်နဲ့ ဗိုလ်ချုပ်အောင်ဆန်းက နေရှင်နယ်ကျောင်းမှာ အတူတူနေသွားကြတာ။ သူ့ကိုမေးရင်လည်း သူသိတာတွေ ပြောနိုင်လိမ့်မယ်ဆိုလို့ ကျွန်တော်လာတာပါ"လို့ ပြောပါတယ်။ ကျွန်တော်က ခင်ဗျားဗျာ ကျွန်တော်နဲ့လုပ်သားကြေးမုံမှာ နှစ်တွေအတော် ကြာအောင်လုပ်ခဲ့ကြတာ။ အဲဒီတုန်းက မေးရောပေါ့။ အခုကျွန်တော်လည်း အသက်တွေကြီး ကျန်းမာရေးက တော်တော့်ကိုချို့ယွင်းနေမှ လာမေးရတယ်လို့။ အလာကောင်းပေမယ့် အခါနှောင်းဖြစ်ရပလေလို့ ပြောလိုက်မိပါတယ်။

ဒီတော့ ကိုဝင်းမောင်က "လုပ်သားကြေးမုံမှာတုန်းက ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းရဲ့ နေရှင်နယ်ကျောင်းသားဘဝကို ရေးမယ်လို့ စိတ်ကူးမရှိခဲ့ပါဘူး။ ကျွန်တော်က စာရေး ဆရာလည်း မဟုတ်လို့ပါ။ ပြီးတော့ ကျွန်တော်က စာရေးတာထက် သီချင်းရေးတာ ပိုများပါတယ်။ခုမှ စိတ်ကူးရတာက ဗိုလ်ချုပ်စာအုပ်တွေ တော်တော်များများဖတ်ရတော့ အဲဒီအထဲမှာ ဗိုလ်ချုပ်နေရှင်နယ် ကျောင်းသားဘဝတွေကို တိုတိတိုနဲ့လောက်ပဲပါတော့ အားမရဖြစ်ပြီး အခုလိုမှတ်တမ်းပြုထားချင်တာပါ။ ဖြစ်နိုင်ရင် စာအုပ်လည်း ထုတ်ချင်လို့ပါ"လို့ ပြောပါတယ်။

ကျွန်တော်က ကိုဝင်းမောင်ရဲ့ အဘိုးအဘွားတွေ၊ ဦးကြီးတွေနဲ့ ရေနံချောင်း မြို့မတောင်ရပ်ထဲမှာ မျက်နှာချင်းဆိုင်နေခဲ့ဖူးတာပါ။ ပြီးတော့ ကျွန်တော်လုပ်သား ကြေးမုံလုပ်တော့





ကိုဝင်းမောင်က သူတတ်တဲ့အနုပညာနဲ့ အများကြီးအကူအညီပေးခဲ့တာပါ။ ဒီတော့ သူဆန္ဒပြည့်အောင် ကျွန်တော်အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးချင်ပါတယ်။ ဒါပေမဲ့ သူလာတဲ့အချိန်မှာ ကျွန်တော့် ကျန်းမာရေးက တော်တော်ချို့ယွင်းနေပါပြီ။ မျက်စေ့လည်းမကောင်းတော့ပါ။ ဒီလိုစိတ်ကူးမျိုးတွေ သူစောစောကရခဲ့လျှင် သိပ်ကောင်းမှာပါ။ ကျွန်တော်တို့ ဗိုလ်ချုပ်တို့နဲ့ ကျောင်းနေဖက်မခင်စု (ရေနံမြေစု)၊ ကိုတုလှိုင်၊ ကိုဆုမြိုင်(တက္ကသိုလ်ဆုမြိုင်)(မကွေး) ညီအစ်ကိုတွေရှိမယ်ဆိုရင် သူအများကြီးရမှာပါ။ ရေနံချောင်းမှာက သိပ်မကျန်လောက်တော့ပါဘူး။ စံပြပွဲကြော်ပဲလျော်ကိုသိန်းမောင်ရယ်၊ မြို့မတောင်ရပ်ထဲက ကိုနိုင်ရယ်တော့ ကျန်ဦးမယ်။ သူတို့လည်း ကျန်းမာရေးကောင်းတော့မှာမဟုတ်ပါဘူး။ ကိုအောင်ခင်တို့၊ ကိုသောင်းရွှေတို့၊ ကိုထွန်းအုံတို့၊ ကိုတင်မြင့်မင်း တို့ကတော့ ရှိဦးမယ်။ သူတို့က ငယ်ပါတယ်။ သူတို့နေရှင်နယ်ကျောင်းထွက်တွေ ဆိုပေမယ့် ဗိုလ်ချုပ်တို့ကို မီချင်မှမီမယ်။

ကျွန်တော်လဲ ကိုဝင်းမောင်ရဲ့ ဆန္ဒကို အပြည့်အဝ ဖြည့်ဆည်း ပေးချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကျန်းမာရေးကြောင့် ကြိုးစားပြီးပြောရတာ အားမရပါဘူး။ တကယ်လို့ ကိုဝင်းမောင် ဒီစာအုပ်ထုတ် ဖြစ်တယ်ဆိုရင်လည်း ကျွန်တော်ဖတ်ချင်မှဖတ်ရတော့မှာပါ။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်ကျန်းမာရေးက တစ်နေ့ရွှေ၊ တစ်နေ့ငွေလို ဖြစ်နေပါပြီ။ ကျွန်တော်ကျန်းမာနေသေးလို့ ဖတ်ရမယ်ဆိုရင်လည်း မဖတ်နိုင်တော့ပါဘူး။ ခုဆို ကျွန်တော့်မျက်လုံးတွေ ဘယ်ဟာမှ သဲသဲကွဲကွဲမမြင်ရတော့ဘူး။ မျက်မှန်တတ်လည်း မရတော့ဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာ ခန္ဓာရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ရရမယ့်ဒုက္ခတွေဆိုတာ ကျွန်တော်တရားနဲ့ ဆင်ခြင်နေနိုင်ပါပြီ။ အင်း . . . ကြုံလို့ပြောရဦးမယ်။ မအိုမနာဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ တိုင်းပြည်လွတ်လပ်ရေးအတွက် အလုပ်လုပ်ရင်း ကျဆုံးသွားရတဲ့ ကျွန်တော့်သူငယ်ချင်းကိုအောင်ဆန်းကိုတော့ ကျွန်တော်အခုထက်ထိ နှမြောတသလို့ မဆုံးသေးပါဘူး။

သခင် ခင်ဇော်

နိုင်ငံ့ဂုဏ်ရည်ပထမဆင့်

အမျိုးသားစာပေဆုရှင်

နိုင်ငံတော်ကောင်စီဝင် (အငြိမ်းစား)





# အပိုင်း(၁)

## အမျိုးသားကျောင်းသားများ၏
## အကြိုကျောင်းသားဘဝများ

ပျော်ရွှင်ပွင့်လင်းကြတယ်။

ဟန်ဆောင်မှုတွေကင်းရှင်းကြတယ်။

အတန်းဖော် ကစားဖက်တွေဖြစ်ကြလို့လည်း တစ်ယောက်နဲ့ တစ်ယောက်ခေါ်ပြော မေးထူး လုပ်ကြရင်တောင် မင်း၊ ငါ၊ နင်တို့ ဆိုတာတွေနဲ့ တရင်းတနှီးသုံးတတ်ကြတယ်။

ဒါကြောင့် ဒီအပိုင်းမှာ **နောင်ဖြစ်လာ**မယ့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်**ဆန်းကို ကလေးတို့** သဘာဝအတိုင်း အောင်ဆန်းလို့ခေါ်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






အဲဒီအချိန်က .... ကျောင်းသားချင်း တူရင်တောင် နေရှင်နယ် ကျောင်းကိုသွားတဲ့ ကျောင်းသားကမှ မြို့ပေါ်မှာ ဂုဏ်ရည်ပိုပြီး ရှိနေသလိုပါပဲ ..လေ..။





## ကျောင်းစတက်တဲ့နေ့

ကျွန်တော့်ဘဝမှာ အပျော်ဆုံးနဲ့ အမှတ်တရဖြစ်ခဲ့ရတဲ့ နေ့တွေထဲမှာ ၁၉၂၈ ခု စာသင်နှစ်အတွက် ကျောင်းတွေစပြန်ဖွင့်တဲ့ နေ့ကိုတော့ ခုချိန်ထိ သတိရလို့နေဆဲပါပဲ။ ကျောင်းပြန်ဖွင့်တဲ့ ပထမနေ့ဆိုတာ ကျောင်းသူ ကျောင်းသားတွေအတွက်တော့ ကျွန်တော့်လိုပဲ အပျော်ဆုံးနေ့တစ်နေ့ဖြစ်ခဲ့ကြမှာပါပဲ။ ဘာကြောင့်လဲ ဆိုတော့ အတန်းသစ်တွေ တက်ရမှာရယ်၊ ဆရာ/ဆရာမ အသစ်တွေနဲ့ သင်ရမှာရယ်၊ အဝတ်အစားသစ်တွေ ဝတ်ရမှာရယ်၊ လွယ်အိတ်အသစ်၊ စာအုပ်အသစ်တွေ ကိုင်ရမှာရယ်နဲ့ တကယ်စိတ် အလှုပ်ရှားဆုံး အမျှော်လင့်ဆုံးတစ်ခုကတော့ သူငယ်ချင်းအသစ်တွေနဲ့ တွေ့ရ ကြုံရ ခင်ရ မင်ရတော့ မယ်ပေါ့လေ။

အဲဒီနေ့က အမေဆင်ပေးလိုက်တဲ့ ပုဆိုးအသစ် အင်္ကျီအသစ်၊ ဖိနပ်အသစ် လွယ်အိတ်အသစ်၊ စာအုပ်အသစ်တွေနဲ့ ကျွန်တော့် အတွက် အားလုံးဟာ အသစ်တွေချည်းပဲမို့ လူလည်း စိတ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သစ် မွေးခဲ့ရတာပေါ့။

အဖေကတော့ နေ့ပွဲမှာခံနိုင်တဲ့ ဖော့ဦးထုပ်အသစ်တစ်လုံး ထယ်ဝယ်ပေးထားတယ်။ မြမတော့ ကျောင်းလခပေးဖို့ ငွေနှစ်ကျပ်ရယ် မုန့်စားဖို့ ငွေအကြွေစေ့လေးတွေကို ပေးလိုက်တယ်။

အမေကလည်း နေ့လယ်ကျောင်းဆင်းရင်စားဖို့ တစ်လုံး ဒန်ချိုင့်လေးနဲ့ ထမင်းကောင်း ဟင်းကောင်းတွေ ထည့်ပေးလိုက်တယ်။

ကျွန်တော့်လိုပဲ တခြားကျောင်းသားတွေလည်း ဒီနေ့ ဒီအချိန်ဆိုရင် စိတ်တက်ကြွလို့ နေကြမှာပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့တွေထက် ပိုမယ်ထင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်က ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှာ သုံးတန်းအောင်ပြီး လေးတန်းတက်ရတော့မယ့် နေရှင်နယ်ကျောင်းသားတစ်ယောက် ဖြစ်နေခဲ့လို့ပါပဲ။ အဲဒီ အချိန်က .... ကျောင်းသားချင်းတူရင်တောင် နေရှင်နယ်ကျောင်းကိုသွားတဲ့ ကျောင်းသားကမှ မြို့ပေါ်မှာ ဂုဏ်ရည်ပိုပြီး ရှိနေသလိုပါပဲ ..လေ







ဆရာကြီးက အားပါးတရ အံကိုကြိတ်ပြီး "မင်းတို့ အဘိုးက ရွှေလရောင်ဆိုတာရော သိရဲ့လား" ဆိုတဲ့မေးခွန်းကိုမေးလိုက်တာ အထူးစိတ်ဝင်စားခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်သက်လုံးမေ့မရတဲ့ သူငယ်ချင်းတစ်ယောက်

နေရှင်နယ်အမျိုးသားကျောင်းဆိုတာ၊ စဖွင့်တုန်းကတော့ ကျွန်တော်နေတဲ့ မြို့မ တောင်ရပ်ထဲက ကျောင်းပါပဲ။ စနေနံ့ဘုရားခြေရင်းက သုတကာရီစာဖတ်အသင်းမှာ ခဏ ဌားဖွင့်ခဲ့ရာက နောက်မြို့မ မြောက်ရပ်ထဲက တွင်းစားဦးမောင်ကြီးက သူပိုင်တဲ့မြေနဲ့ အဆောက်အအုံကို ပေးပြီး ကျောင်းအသစ်ဆောက်စေခဲ့ပါတယ်။

ကျွန်တော့်အိမ်က အရှေ့တောင်ဘက်ကိုလှမ်းကြည့်ရင် ကျောင်းကို အတိုင်းသား မြင်နေရတယ်။ ကျောင်းတက်ခေါင်းလောင်းထိုးတဲ့ အသံကြားမှ အိမ်ကထွက်ရင်တောင် စာသင်ချိန်အမီ ရောက်နိုင်ခဲ့တယ်။ ခုတော့ ကျောင်းကဝေးသွားပြန်ပါပြီ။ မြို့မတောင်ရပ် ကနေ ဟိုရွှေကြာငုံဆိုတဲ့ အရပ်ထဲကိုပြောင်းကြရတယ်။ ဘာကြောင့် ပြောင်းရသလဲဆိုတော့ စဖွင့်တုန်းက ကျောင်းသား (၂၀)ကျော်လောက်နဲ့ ဆရာ ဦးအောင်ကိုး ပဲရှိခဲ့ရာက အခု ကျောင်းသားက (၂၀၀)ကျော်ဆိုတော့ ကျောင်းနဲ့ ကျောင်းသားက မဆန့်တော့လို့ပါ။





ဒီတော့ တွင်းစားရိုးဦးဘဦးတို့အမေ ဒေါ်သက်စုက ရွှေကြာငုံအရပ်ထဲမှာရှိတဲ့ သူပိုင်မြေကို ကျောင်းဆောက်ပြီး စာသင်ကြဖို့ လှူခဲ့တယ်။ အဆောက်အအုံကို ဆောက်နေတုန်း စာသင် မပျက်အောင်ဆိုပြီး ရွာသစ်ထဲက မန္တလေးကျောင်းတိုက်ထဲမှာ ခဏစာသင်ခဲ့ရသေးတယ်။ ဆရာတွေကလည်းများသထက်များလာပြီ။ ဦးဂအားမောင်၊ ဦးဘိုးရင်၊ ဦးဘသောင်း၊ ဦးအုန်းဖေ၊ ဦးမြို့မောင်တို့ဆိုတဲ့ ကောလိပ်ကျောင်းသားတွေတောင် ကောလိပ်ပြန် မသွားကြတော့ဘဲ ဒီကျောင်းမှာ ဆရာဝင်လုပ်ခဲ့ကြတယ်။ တဖြည်းဖြည်း ကျောင်းသားဦးရေက များလာတော့ ကျောင်းအုပ်ချုပ်ရေးတာဝန်က ကြီးလာတယ်။ ဒီတော့ ကျောင်းတည်တံ့ရေး၊ ကြီးပွားရေး ဆိုပြီး ကျောင်းအုပ်ချုပ်ရေးကော်မတီမှာ ဦးစောဖေတို့ မြူနီစပါယ်ဥက္ကဋ္ဌ ဦးလူကြီးတို့ ဥက္ကဋ္ဌဖြစ်လာခဲ့တယ်။ ကျွန်တော်တို့ကို စာတွေသင်ပေးတဲ့ ဆရာကြီးဦးအောင်ကိုး ဆိုတာ ဘီအိုစီရေနံကုမ္ပဏီမှာ အလုပ်လုပ်နေရာက ထွက်လာပြီး နေရှင်နယ်ကျောင်းမှာ ပထမဦးဆုံး ကျောင်းဆရာကြီးဖြစ်လာခဲ့တယ်။ ပထမဦးဆုံးကျောင်းအုပ်ကြီးကတော့ ဆရာကြီးဦးအေးမောင်ပါ။ ဆရာကြီးက ၁၉၂၁ခုနှစ် ရေနံမြေအလုပ်သမားအသင်း (လေဘာယူနီယံ) ကို စထောင်တော့ အတွင်းရေးမှူးလုပ်ခဲ့သူဖြစ်ပါတယ်။

ဆရာတွေကလည်းကောင်း တပည့်ကလည်းတော် စည်းကမ်းကလည်း တခြား ကျောင်းတွေထက်ပိုပြီး အစဉ်အလာကောင်းလွန်းလှလေတော့ နေရှင်နယ်ကျောင်းသား ဖြစ်ရတဲ့ သူဟာ အရပ်ထဲမှာ ဂုဏ်ရှိပြီး လက်မထောင်နိုင်တဲ့သူတွေဖြစ်နေတာဟာ မဆန်းလှ တော့ပါဘူး။ ကျွန်တော်တို့လို နေရှင်နယ်ကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေချင်ကြတဲ့ ကျောင်းသားတွေကလည်း အများကြီးပါ။ ဒါကြောင့် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားတွေတိုးလာပြီး သူငယ်ချင်း အသစ်တွေတိုးနေတာပေါ့။

အခုလည်း ကျွန်တော်တစ်ယောက် ကျောင်းကိုစောစော သွားချင်လှတဲ့ အဓိက အကြောင်းကတော့ ဘယ်သူငယ်ချင်းအသစ် များရမလဲဆိုတာပေါ့။ သူငယ်ချင်းအသစ်ဆို ရင်လည်း ကိုယ့်မြို့ ကိုယ့်ရွာက သူငယ်ချင်းထက် တစ်ခြားတစ်မြို့ရွာက ကျောင်းလာတက်တဲ့ သူငယ်ချင်းကို ပိုပြီးမျှော်လင့်မိပါတယ်။ မိတ်ဆွေဖွဲ့ချင်ပါတယ်။ ဒါမှ သူတို့မြို့ရွာ အကြောင်း သူတို့ဆီက လူတွေအကြောင်း ဗဟုသုတ အသစ်အဆန်းတွေ အများကြီး ရနိုင်မှာပေါ့။ အဲဒီနေ့က ကျောင်းကို ရှစ်နာရီထိုးပြီးလောက်ရောက်တယ်။ ကျောင်းတက်ချိန်က (၉) နာရီဆိုတော့ အချိန်တော်တော်စောနေတယ်။

အဖေက "တို့မြို့အောက်မှာ မီးဖိုကြီးရှိတယ်။ ထမင်းစား ကျောင်းဆင်းရင် အပြင် မထွက်နဲ့" လို့ သေသေချာချာ မှာလိုက်တယ်။ အမေကမုန့်ဖိုးအပြင် ထမင်းအစ စားနိုင်အောင်လည်း ထုပ်ပေးလိုက်တယ်။ ကျွန်တော်တစ်ယောက်တည်း လေးတန်း ကျောင်းသားတွေ တက်ရမယ့်အခန်းကို အကျိုးဆောင်ဆရာကြီး ဦးစံရွှေကညွှန်ပြလို့ ရောက်နှင့်နေတယ်။ နောက် ကျွန်တော့်လိုပဲ ဝီရိယစောတဲ့ ကျောင်းသူကျောင်းသားတွေ ရောက်လာ ကြတယ်။ ကျောင်းသားဟောင်းထဲက ဖိုးခက်၊ ဟန်သင်း၊ မျိုးမြင့်၊ မျိုးအေး၊ အောင်ကြည်၊ စိန်ပိုင်၊ ဘထော်၊ သိစွမ်း၊ ရီအေး၊ မခင်မေ၊ မတင်လှ၊ မခင်စု၊ မနွဲ့ရင်၊ ဘသိုက်၊ ထွန်းရှင်၊ ချမ်းမောင်ကွန့်၊ ဘဘူ၊ မောင်သန်းနဲ့ ဟော. . . မျက်နှာစိမ်း ကျောင်းသားသစ်နှစ်ယောက် ရှေ့ဆုံးခုံလွတ်မှာ ဝင်လိုက်ကြတယ်။





တစ်တန်းလုံးက သူတို့ နှစ်ယောက်ကို စိတ်ဝင်တစားလိုက် ကြည့်နေကြတယ်။

"အဲဒီကောင်တွေက တို့ရေနံချောင်းသားတွေမဟုတ်ဘူးကွ နတ်မောက်သားတွေတဲ့" ကျွန်တော့်ဘေးမှာထိုင်တဲ့ ဖိုးခက်က သူကြားထားတဲ့သတင်းကို ပြောတယ်။ "ဟိုဘက်က ခပ်မြင့်မြင့်က မေအောင်လို့ခေါ်တယ်"လို့ ရီအေးကပြောတော့ ကျွန်တော် တစ်ချက်လှမ်း ကြည့်လိုက်မိတယ်။ ဒါပေမဲ့ ကျွန်တော်စိတ်ဝင်စားနေတာက သူ့ဘေးမှာထိုင်တဲ့ ကျောင်းသားအသစ် ခေါင်းတုံးဆံတောက်နဲ့ ပိန်ပိန်ပါးပါး။ အခု ကျွန်တော်တို့တက်ကြရတဲ့ လေးတန်း အခန်းထဲမှာတော့ သူတို့နှစ်ယောက်ကလွဲလို့ အားလုံးဟာ သုံးတန်းမှာ အတူတူ နေခဲ့ကြပြီး အောင်လာကြသူတွေချည်းပါပဲ။

တစ်မြို့ထဲသား သူငယ်ချင်းဟောင်းတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး ဟိုပြော ဒီပြော ဟိုခုံကူး ဒီခုံကူး ကျောင်းမတက်မီ မျောက်ရှုံးလောက်အောင် အူမြူးနေကြတာပေါ့လေ။ ဒါပေမဲ့ အဲဒီ နတ်မောက်သားကျောင်းသားနှစ်ယောက်ကတော့ ဘယ်သူ့မျှလည်း လှည့်မကြည့်ဘူး။ အရောတဝင်လည်း မလုပ်ဘူး။ စကားလည်း တစ်ခွန်း တစ်လေမှ မပြောဘူး။ စာအုပ်တစ်အုပ်စီ ရှေ့မှာချပြီး ခေါင်းတွေငုံ့လို့ သဲသဲမဲမဲ ဖတ်နေကြတယ်။ မကြာခင် ကျောင်းတက်ခေါင်းလောင်းထိုးတော့ အတန်းပိုင်ဆရာကြီးဦးဘိုးရင် ဝင်လာတယ်။ ကျောင်းစည်းကမ်းအရ ဘုရားရှိခိုးဆိုကြရတယ်။ ငါးပါးသီလခံကြရတယ်။

နောက်ဆရာကြီးက ကျောင်းသားတွေရဲ့ နာမည်ကို တစ်ယောက်ချင်း ( Roll call ) ခေါ်တော့ ထရပ်ပြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခင်ဇော် "

ကျွန်တော့်နာမည်ခေါ်တော့ 'ဆတ်ခနဲ' ထလိုက်တယ်။

"အောင်မယ် မဖွားရင်သားက မင်းနာမည် 'ကြွက်သိုး' မဟုတ်လား. ."

"ဝါး . . ဟား ဟား . . ဟား"

တစ်တန်းလုံးဝိုင်းရယ်လိုက်ကြတယ်။ ကျွန်တော်ကတော့ မရှက်ပါဘူး ဆရာကြီး ဦးဘိုးရင်က ဒီလိုကျောင်းသားတွေကို ချစ်စနိုး နဲ့နာမည်တပ်ပြီးခေါ်တာပါ။ ကျွန်တော့်ကို ကြွက်သိုးလို့ အရပ်ထဲမှာ လည်းခေါ်တာပဲ။ ကျောင်းမှာလည်း သူငယ်ချင်းတွေအားလုံးက ဒီလိုပဲခေါ်တာပဲဆိုတော့ ဝိုင်းဟားတိုက်ရယ် လိုက်ကြတာကို ကျွန်တော်က နာရမယ်လို့ မအောက်မေ့ပါဘူး။

အဲ နတ်မောက်သားနှစ်ယောက်ကတော့ ထူးထူးဆန်းဆန်း ဆိုတဲ့အကြည့်မျိုးနဲ့ ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြုံးခဲ့ကြတယ်။

"မောင်မအောင်"

အဝတ်အစားသပ်သပ်ရပ်ရပ်၊ အရပ်မြင့်မြင့် ကျောင်းသား သစ်က ထရပ်ပြတယ်။

"မင်းက နတ်မောက်သားမဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုအောင်သန်းနဲ့ ဘယ်လိုတော်သလဲ"

"ညီဝမ်းကွဲတော်ပါတယ်"

"ခုဘယ်မှာနေလဲ"

"ရွှေကြာင့်ထဲက ဦးသုခအိမ်မှာ အစ်ကိုကြီးကိုအောင်သန်းနဲ့ အတူနေပါတယ်"





"အေး. . . ကောင်းတယ် **မင်းတို့အစ်ကိုကြီးက နေတာ** ထိုင်တာ အလွန်စမတ်ကျတယ်"။ သူက **ဆယ်တန်းကို (ခ)အဆင့်က** ပဲအောင်လို့ (က)အဆင့်ကအောင်ဖို့ ရေနံချောင်းကို **ကျောင်းပြန်လာ** နေရတာ မင်းတို့က်ကောင်းတာပေါ့ကွာ။ **ကိုအောင်သန်းက** မြန်မာစာမှာလည်း အရမ်းတော်ပါတယ်။"

"ကဲ နောက်ဆုံးတစ်ယောက်"

ဒီတစ်ခါ ဆရာကြီးက နာမည်ကို အရင်ဆုံး မခေါ်ပါဘူး။ မတ်တပ်ရပ်ပြတဲ့ ကျောင်းသားကိုပဲ မေးပါတယ်။ အဲဒီ ကျောင်းသားက ကျွန်တော်စိတ်အဝင်စားဆုံးဖြစ်နေတဲ့ ကျောင်းသားပါပဲ။ သူက ကာကီအကျီလက်ရှည်ကို ဝတ်ထားတယ်။ သက္ကလတ်ဦးထုပ်ကို ခုံပေါ် တင်ထားတယ်။

"မင်းကတော့ ကိုအောင်သန်းရဲ့ ညီအရင်းလို့ ပြောတယ်. . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . ညီအငယ်ဆုံးပါ"

"အေး. . . ဟုတ်ပြီ မင်းအသက်"

"၁၃-နှစ်ပါ"

"အဖေနဲ့အမေ"

"ဦးဖာနဲ့ဒေါ်စု"

"ဘယ်ကျောင်းထွက်လဲ"

"နတ်မောက် ဒီပင်္ကရာဦးသောဘိတ ကျောင်းထွက်ပါ"

ကျောင်းသားအားလုံး ပြုံးစိစိ ဖြစ်ကြတယ်။ သူ့အဖြေက ဘုန်းကြီးကျောင်းထွက် ဖြစ်ကြောင်း ရှင်းလွန်းအားကြီးတယ်။

"မင်းအစ်ကို ကိုအောင်သန်းတို့ တို့နေရှင်နယ်ကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်သွား ရင်မင်းတို့ဘယ်သူနဲ့ နေမလဲ"

"ကျွန်တော်တို့အစ်ကိုကြီး ကိုဘဝင်း ရှိပါသေးတယ်"၊ သူက တက္ကသိုလ်က ဘွဲ့ရပြီးရင် ဒီကျောင်းမှာလာပြီး ကျောင်းဆရာ လုပ်မယ်ပြောပါတယ်"

"အေး ဟုတ်တယ် ဟုတ်တယ်. . . ကိုဘဝင်းက မျိုးချစ်စိတ် အရမ်းရှိတဲ့သူလို့ တို့ကြားဖူးနေတယ်။ သူလာရင် တို့နေရှင်နယ် ကျောင်းကြီး အခုထက်ပိုပြီး နာမည်ကြီး ဦးတော့မှာပဲ"

"ဒါနဲ့ မင်းနာမည်"

"အောင်ဆန်း ပါ"

"မင်းက ထိန်လင်းကနေ ဘယ်လိုလုပ် အောင်ဆန်း ဖြစ်လာတာလဲ"

"ကိုအောင်သန်းညီမို့ အိမ်ကရော အရပ်ထဲကပါ အောင်ဆန်း ပဲ ခေါ်ကြတယ်"

"မင်းတို့အဘိုးက ရွှေလရောင်ဆိုတာရောသိရဲ့လား"

"သိပါတယ်"

ကျောင်းသားအားလုံး ဆရာကြီးဦးဘိုးရင်ကို တစ်လှည့်၊ မတ်တပ်ရပ်ပြဲဆဲရှိတဲ့ အောင်ဆန်းဆိုသူကို တစ်လှည့်စိတ်ဝင်စားစွာနဲ့ ငေးစိုက်ကြည့်နေရာက. . .

ဆရာကြီးက အားပါးတရ အံကိုကြိတ်ပြီး "မင်းတို့အဘိုးက ရွှေလရောင်ဆိုတာရော သိရဲ့လား" ဆိုတဲ့မေးခွန်းကိုမေးလိုက်တာ အထူးစိတ်ဝင်စားခဲ့ကြပါတယ်။

ဒါပေမဲ့ အဲဒီအကြောင်းကို စာသင်ချိန်စတဲ့အတွက် ဆရာကြီးကစကားမဆက်ခဲ့တော့ ကျွန်တော်တို့ သိပ်ပြီးနားမလည်





ခဲ့ပါ။ အိမ်ပြန်ရောက်ရင်တော့ နတ်မောက်သား ကျောင်းသားသစ် အောင်ဆန်းရယ် သူတို့အဘိုး 'ရွှေလရောင်' အကြောင်းရယ်ကိုတော့ အမေ့ကိုမေးဖို့ အိမ်စာတစ်ပုဒ်လို ပြန်ပြီးပါလာခဲ့ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com






တကယ်တော့ ရွှေလရောင်လို မျိုးချစ်ပုဂ္ဂိုလ်ကြီးမျိုးက တိုင်းတစ်ပါးရဲ့ကျွန်သဘောက် အမှုထမ်းမျိုး ဘယ်မှာ လက်ခံမှာလဲ လျှာမြှက်ပေါက်ချင်ပေါက်ပါစေ အငတ်ခံမယ်။ အသေခံ ပစ်မယ်၊ ရာဇဝင်တော့ အရိုင်းမခံခဲ့ဘူးပေါ့





## အောင်ဆန်းတို့အဘိုး ရွှေလရောင်အကြောင်း

'မင်းကြီးရွှေလရောင်ဆိုတာ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီး'ဆိုတဲ့ လူကွဲ. . . ။ကျွန်တော့်အတွက် ဒီည အိပ်ယာဝင်ပုံပြင် တစ်ပုဒ်ကတော့ အောင်ဆန်းတို့အဘိုး ဗိုလ်မင်းရောင်ခေါ် မင်းကြီး ရွှေလရောင်အကြောင်း ဖြစ်နေပါတယ်။

အမေက စာပေတွေဖတ်တဲ့ဝါသနာရယ် သူ့ရိယသတင်းစာ ဖတ်လေ့အကျင့် ရှိတာကြောင့် ဗဟုသုတကြွယ်ဝတာအပြင် အထူး သဖြင့်ကတော့ အင်္ဂလိပ်ကို တော်လှန်ခဲ့တဲ့ မြန်မာ့သူရဲကောင်းတွေရဲ့ အကြောင်းတွေဆိုရင် တော်တော်လေးနှံ့နှံ့စပ်စပ် စုံအောင် သိနေခဲ့ ပါတယ်။

"လူမျိုးခြားအင်္ဂလိပ်တွေကို တော်လှန်တဲ့သူတွေထဲမှာက ပုဂံကဗိုလ်ချို၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ပုပ္ပါးက ဗိုလ်နက်ကျော်၊ ဝဲလောင်နယ်သား ဗိုလ်ရာညွန့်၊ ကျွန်းမင်း ကြီးလှကျော်၊ ဆီးပင်ကြီးက မြင်စိုင်းမင်းသား၊ မင်းတုန်းက ဗိုလ်ရွှေ၊ ဆင်ဖြူကျွန်း ဗိုလ်ဥတ္တမ၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုက မင်းသားထိပ်တင်မှတ်၊ ချောင်းခွမင်းသားစောရန်ပိုင်၊ ကြွေးစည်ရှာ ဗိုလ်ဓားစကွန့်နှင့် အဲဒီမင်းမေးတဲ့ အောင်ဆန်းတို့အဘိုး မြို့သူကြီးဦးမင်းရောင်ဆိုတဲ့ မင်းကြီးရွှေလရောင်တို့ ဆိုတာ တကယ့်ကို ရဲရဲတောက်ပုဂ္ဂိုလ်ကြီးတွေပေါ့ကွယ်"

အမေပြောတဲ့ သူရဲကောင်းတွေရဲ့ ရုပ်ပုံလွှာကို တစ်ယောက်ချင်း တဖြေးဖြေး စဉ်းစားယူကြည့်တဲ့အခါ ကျောင်းမှာရှိတဲ့ ရာဇဝင်စာအုပ်တွေထဲက ရုပ်ပုံတွေနဲ့တူမှာပဲလို့ ကျွန်တော်ဆက်စပ်တွေးတောနေမိခဲ့ပါတယ်။

"အဲဒီမင်းကြီးရွှေလရောင်ဆိုတာ အင်္ဂလိပ်ရဲ့အလံအောက်ကို မဝင်ဘဲ သုံးနှစ်လောက် ကြာအောင် မင်းခမ်းမင်းနားနဲ့ ထီးဖြူတွေဖွင့်ပြီး နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ မြို့လုလင်၊ မြို့သစ်၊ ပင်း၊ တောင်တွင်းကြီးဆိုတဲ့ မြေလတ် တစ်ခွင်မှာ ဘုရင်လုပ်ခဲ့တယ်။ ရဲမက်ဗိုလ်ခြေတွေ သိမ်းသွင်းပြီး အင်္ဂလိပ်တွေကို အကြိတ်အနယ်တိုက်ခဲ့တယ်။ နောက်တော့လက်နက်ရိက္ခာနည်းလို့ နတ်မောက်မြို့ရဲ့ အရှေ့ဖက်မိုင် ၂၀ လောက်အကွာက မြင်းမဏိတောင်တန်းမှာ တပ်သစ် မြို့သစ်ပြောင်းပြီးတည်ခဲ့တယ်။ လက်နက်ရိက္ခာ လူသူ ဆင်မြင်းစုခဲ့တယ်။ အဲ တစ်ညမှာ မင်းကြီးရွှေလရောင်ရဲ့ ဗောင်းတော်က အလိုလိုမီးထတောက်တယ်။ ရှင်ပင်ငါးမျက်နှာဘုရားကိုလည်း ငါးမာန်အောင်ဘွဲ့သမုတ်ရတယ်လို့ အိပ်မက်အထူးအဆန်းတွေမက်သတဲ့သားရဲ့"

"မကြာခင်မှာပဲ အင်္ဂလိပ်ကဝင်တိုက်တော့ မြင်းမဏိတောင်တန်းက သစ်တပ်မြို့ကြီး ပျက်သွားတယ်။ အဲဒီအခါ ရွှေလရောင်ဟာ ဆင်တော်ကိုစီးပြီး နတ်မောက်မြို့ အနောက်တောင် တောင်တွင်းကြီး





မြို့ရဲ့ အနောက်ဘက်ခပ်ကျကျလောက်ဆီကို ဆုတ်ခွာခဲ့တယ်၊ နတ်မောက်နဲ့ (၂၂)မိုင်လောက်ဝေးတဲ့ လေးတိုင်စင်ရွာဘက်ဆီကို ပေါ့။"

"အဲဒီမှာလည်း လက်နက်ရိက္ခာ တပည့်လက်သားရသလောက်စုတာပဲ။ ဒါပေမဲ့ အင်္ဂလိပ်စစ်တပ်ထက်စာရင် လက်နက်ကလည်းနည်း နောက်လိုက်တွေရဲ့ စစ်ပညာက လည်းညံ့၊ ဒီအထဲ အတွင်းလူဆိုတဲ့ အသားထဲကလောက်ထွက်တဲ့ကောင်တွေက သစ္စာဖောက်ကြတော့ မင်းကြီးရွှေလရောင် စစ်ရှုံးပြီး အင်္ဂလိပ်တွေရဲ့ အဖမ်းကိုခံလိုက်ရတယ်"

"အင်္ဂလိပ်စစ်ဗိုလ်အကြီးအကဲတွေက ရွှေလရောင်ရဲ့ ရဲစွမ်းသတ္တိနဲ့ ဩဇာအာဏာ ဘယ်လောက်ရှိသလဲဆိုတာကို သိလေတော့ တောင်တွင်းကြီးမြို့ဝန် ပြန်ခန့်ပါတယ်။ တကယ်တော့ ရွှေလရောင်လို မျိုးချစ်ပုဂ္ဂိုလ်ကြီးမျိုးက တိုင်းတစ်ပါးရဲ့ကျွန်သဘောက် အမှုထမ်းမျိုး ဘယ်မှာ လက်ခံမှာလဲ လျှာမြက်ပေါက်ချင်ပေါက်ပါစေ အငတ်ခံမယ်။ အသေခံ ပစ်မယ်၊ ရာဇဝင်တော့ အရိုင်းမခံခဲ့ဘူးပေါ့ သားရာ"

"တကယ်ရော အသေခံရရဲ့လား အမေ"

"အသေခံရဲသမျှ လည်စင်းပြီးခေါင်းအဖြတ်ခံလိုက်တာပေါ့"

"ဟာ. . . အမေရာ တကယ့်ပုဂ္ဂိုလ်ကြီးပါပဲဗျာ"

"ဒီလို ပုဂ္ဂိုလ်မျိုး ကျွန်တော်တို့ ရေနံချောင်းသားထဲက ရှိခဲ့ရင်လည်း သိပ်ကောင်းမှာပဲ"

"ရှိတာပေါ့ သားရဲ့ ဆီးတောရွာသားမျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဗိုလ်တိုး ခေါ်တဲ့ ဗိုလ်တိုးဘလူးဆိုတာလည်း ဗြိတိသျှတွေကို တော်လှန်ခဲ့တဲ့သူပဲ။ ဒီနောက် ရေနံတွင်းစား ဦးရွှေဒင်ဆိုတာ အင်္ဂလိပ်ငွေတွေကို မီးရှို့ပြီး ရေနွေးအိုးကြိုသောက်ပြတဲ့ မျိုးချစ်စိတ်ဓာတ် ပြင်းထန်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေလေ။"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက အမေပြောပြခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးများနဲ့ အောင်ဆန်းတို့အဘိုး မင်းကြီး ရွှေလရောင်အကြောင်းဟာ တကယ့် အဖြစ်အပျက်တွေမို့ ကျွန်တော်တစ်သက် ဘယ်တော့မှလည်း မေ့မရခဲ့ပါ။ မေ့စရာလည်း အကြောင်းမရှိတော့ပါ။

ဘာကြောင့်လည်းဆိုတော့ အဲဒီမင်းကြီးရွှေလရောင်ရဲ့ မြေးတော်နေတဲ့ 'အောင်ဆန်း' ကိုယ်တိုင်က ကျွန်တော်တို့နေရှင်နယ် ကျောင်းသားဖြစ်လာပြီး ကျွန်တော်နဲ့ တစ်တန်း တည်း၊ တစ်ခန်းတည်း စာသင်ဖက်ဖြစ်လာပြီလေ. . . . ။

ပြီးတော့. . . မကြာခင်မှာပဲ

အလွန်မတန်ရင်းနှီးတဲ့ သူငယ်ချင်းတွေဖြစ်တော့မှာ မဟုတ်ပါလား။







သူထက်တော်သွား တာကို အတော်မခံချင်စိတ် ပြင်းပျနေတဲ့ပုံပါပဲ။ စားပွဲခုံကို 'ဘုန်း'ကနဲ လက်သီးနဲ့ ထုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## စာပြိုင်၍ သူငယ်ချင်းတော်ခြင်း

အဲဒီအချိန်က ကျွန်တော့်စိတ်ထဲမှာ အောင်ဆန်းနဲ့ ခင်မင်ရအောင် ဘယ်လိုများ စလုပ်ရပါ့မလဲဆိုတာ အမြဲစဉ်းစား ကြံစည် နေမိခဲ့ပါတယ်။

ဒါပေမယ့် ခက်တာက၊ အဲဒီ အောင်ဆန်းဟာ အပေါင်းရ အသင်းရ အတော် ခက်မယ့် ပုံပါပဲ။

ဘာကြောင့်လည်းဆိုတော့. . .

သူက ဘယ်သူ့မျှလည်းအရောတဝင် ပလူးပလဲမနေ သူ့ကို ဝင်ရောလည်း မေးတစ်ခွန်း ခေါ်တစ်ခွန်း တုံ့ဏှိဘာဝေ၊ တစ်ယောက် တည်းတွေးချင်ရာတွေး ငေးချင်ရာငေး. . .

မိန်းကလေးဆိုတာတွေကတောင် သူ့ကိုမြင်တိုင်း ရေလာ မြောင်းပေးလုပ်ပြီး တစ်ယောက် နဲ့တစ်ယောက်စကားတွတ်ထိုးကြတာ တောင် သူက ကြားချင်ပုံမပေါ်။





ဒါနဲ့ တစ်နေ့တော့ ဖိုးခက်ကို အကူအညီတောင်းကြည့်တယ်။

"ငါ. . အောင်ဆန်းနဲ့ ခင်ချင်တယ်ကွာ ဘယ်လိုစရမှန်းကို မသိလို့"

"အေး. . . ဒီလူက အေးတဲ့အထဲ မျက်နှာက သုန်မှုန်နေ တာပဲ"

အားကစားနဲ့ ပေါင်းရအောင်လည်း သူက ဘာအားကစားမှ ဝါသနာထုံပုံမပေါ်၊ အဝတ်အစား အလှအပနဲ့ မြှားရအောင်လည်း လူနေပုံကဖြစ်သလိုနေ ဖြစ်သလိုဝတ်၊ ဖိနပ်တောင်မစီးဘဲ သွားချင် ရင် သွားနေတတ်တယ်။ မိန်းကလေးအကြိုက်နဲ့ ဆွယ်ရအောင် ကလည်း သူက မိန်းမဆို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်မထင်တဲ့သူ။

"ခက်တာက မျိုးရိုးစဉ်ဆက်ကလည်း ရွှေလရောင်ရဲ့ မြေးဖြစ်လေတော့ ဘဝင်မြင့် ချင်မြင့်နေမှာကွ" လို့ ဖိုးခက်ကလည်း ဝေဖန်တော့

"ငါကတော့ အဲဒီလောက် မာနကြီးမယ်မထင်ပါဘူး၊ သူ့အပြင် ပုံပန်းက အေးအေး ချမ်းချမ်းနေတတ်ပြီး အတွင်းမနော့က သဘော ကောင်းပုံပေါ်ပါတယ်။ စာလည်း အတော် ကြိုးစားတဲ့သူ မျက်နှာနဲ့ စာအုပ် ခွာတယ်ရယ်လို့မရှိဘူး၊ စာကလည်းတော်တာကိုး" လို့ ကျွန်တော့် ထင်မြင်ချက်တွေ ဆန်းစစ်မိတာတွေ ဖိုးခက်ကို ပြန်ပြောခဲ့ ဖူးတယ်။

"အေး. . ဒီလိုဆိုရင် မင်းကို သူကပြန်ခင်လာဖို့ အကြောင်း တစ်ခုတော့ရှိတယ်"

"ဘယ်လိုလုပ်ရမလဲ"

"မင်းနဲ့ သူနဲ့ စာပြိုင်ပေါ့၊ အတန်းထဲမှာ တို့တွေစာဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ပိုတော်သလဲဆိုတာ အမြဲတမ်း ပြိုင်နေကြရတာပဲ၊ ဒီတော့ မင်းက သူထက်တော်အောင်ကြိုးစားပြပါလား"

"အေး အဲဒီအကြံကောင်းတယ်၊ ဘယ်နည်းနဲ့မဆို သူထက်တော်တဲ့လူပေါ်လာရင် အဲဒီလူကိုမခံချင်စိတ်နဲ့သူ ကြိုးစားမယ်။ ကြိုးစားရင် တော်တဲ့သူကို အသိအမှတ်ပြုရာက အလွန်မတန်ခင်မင်တဲ့ သူငယ်ချင်းတွေဖြစ်လာနိုင်တယ်'

ဖိုးခက် အကြံပေးချက်အတိုင်း ကျွန်တော်ဟာ အဲဒီနေ့ကစပြီးအတန်းထဲမှာ အောင်ဆန်းနဲ့ စာပြိုင်ဖက်ဖြစ်လာခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဘာသာစုံတော်လောက်အောင်တော့ မစွမ်းနိုင်ခဲ့ပါ။ တစ်ဘာသာကောင်း ထူးချွန်ဖို့ကတော့ ဖြစ်နိုင်ခြေရှိခဲ့ပါတယ်။

ဒါနဲ့ ကျွန်တော်စိတ်အဝင်စားဆုံးနဲ့ အကြိုက်ဆုံးဘာသာတစ်ခုကို ရွေးခဲ့တယ်။

သင်္ချာဘာသာ. . . .

သင်္ချာမှာ အင်္ဂလိပ်နဲ့မြန်မာ ငွေကြေးသုံးပုံတွေသင်ခဲ့ရတယ်။ ခက်ခဲတဲ့ ပုစ္ဆာတွေကို တွက်ရတယ်။ ဧရိယာ အပိုင်းဂဏန်းတွေအပြင် စိတ်တွက်နဲ့တွက်ရတဲ့ပုစ္ဆာတွေလည်းပါတယ်။ ကျွန်တော်ကသင်္ချာကို ဝါသနာလည်းပါတယ်။ ဘယ်လောက်ပဲခက်ခက်၊ အဖြေရအောင် အမြန်ဆုံးတွက်နိုင်တဲ့ ဦးနှောက်လည်းရှိတယ်။

ကျောင်းမှာတွက်ရတာအပြင် (Home work) လို့ခေါ်တဲ့ အိမ်စာတွေရယ်၊ အဖေ့ဆန်ပွဲရုံအလုပ်ထဲက အပေါင်းအနုတ် အမြှောက်အစားဂဏန်းတွေရယ်က ကျွန်တော့်အဖို့ လက်တွေ့ကွင်းဆင်းစရာတွေ ဖြစ်ခဲ့တယ်။





တစ်နေ့. . . အတန်းထဲမှာ စာပြိုင်ပွဲကြီးတစ်ခုလုပ်တယ်။ သင်္ချာပြိုင်ပွဲပေါ့။ ပုစ္ဆာ တစ်ပုဒ်ကို လှည့်ပြီး မေးထားတယ်။ ဆရာကြီးက အမြန်ဆုံးပြီးသူနဲ့ အဖြေမှန်ရသူတွေကို ပထမ၊ ဒုတိယ၊ တတိယ အစဉ်လိုက်ပေးတယ်။ ဆုကတော့ ဒေါင်းတံဆိပ် ဗလာစာအုပ်တွေနဲ့ ခွေးတံဆိပ်ခဲတံတွေပေါ့။ ကျောင်းသားတွေအားလုံး အပြိုင်တွက်ကြတယ်။ ကျွန်တော်ကတော့ ဆရာကြီးလိုချင်တဲ့ အဖြေကိုသိနေပြီလေ။

'ချက် ချက် ချက်'နဲ့တွက်လိုက်တာ ဘာမှ မကြာလိုက်ဘူး အားလုံးထက် အရင်ပြီး သွားလို့ မတ်တတ်ရပ်လိုက်တယ်။ အောင်ဆန်းက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့် လိုက်တယ် ပြီးမှသူက ထရပ်တယ်။ အဖြေက နှစ်ယောက်စလုံးမှန်ပေမယ့် သူကဒုတိယ ဖြစ်သွားတယ်။ သိပ်ကျေနပ်ပုံမပေါ်ဘူး။

ဒါနဲ့နောက်တစ်ပုဒ် ဒီလိုပဲပုစ္ဆာကလှည့်ပြီး နည်းနည်းလေးခပ်ခက်ခက် မေးထားတယ်။ ကျွန်တော်က အဖြေကိုသိပေမဲ့ တွက်ပုံအဆင့်မကျော်အောင် စဉ်းစားနေလိုက်တဲ့အတွက် အောင်ဆန်း 'ဖြတ်'ဆို မတ်တတ်အရင် ရပ်လိုက်တာ တွေ့လိုက်ရတယ်။ ပြီးတော့ သူတွက်ပြီးပြီ၊ အဖြေရပြီဆိုတဲ့သဘောနဲ့ လက်နှစ်ချောင်းကို ကြက်ခြေခတ်ပုံထောင်ပြတယ်။ ကျောင်းသားတွေအားလုံး ပြုံးစိပြုံးစိနဲ့ဝိုင်းကြည့်တာကို သူခံခဲ့ရတယ်။ ဒါပေမဲ့ သူဘယ်သူ့ကိုမှ ဝရှုတစိုက် ပြန်မကြည့်ဘူး။ ကြက်ခြေခတ်ပြထားတဲ့ လက်နှစ်ချောင်းကိုပြန်မချသေးဘဲ သူရတဲ့အဖြေကို အော်ပြောလိုက်တယ်။ သူ့အဖြေက မှန်တယ်။ ထူးခြားတဲ့ သူ့အမူအရာတစ်ခု ဆိုရင် လက်ညှိုးနဲ့ လက်ခလယ်ကခုံကို တဒေါက်ဒေါက်ခေါက်ပြီး ပုစ္ဆာအဖြေကို စဉ်းစား တွက်ချက်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။

ကျွန်တော်က ဒီပွဲမှာ ဒုတိယပြန်ဖြစ်သွားခဲ့တယ်။ နောက်ဆုံး ဖိုင်နယ် ဒီပုစ္ဆာက စိတ်နဲ့တွက်ရတဲ့ပုစ္ဆာလို့ ဆရာကြီးကပြောတယ်။ ကဲ မှတ်ပလားပေါ့။ ကျွန်တော်ကတော့ ကြိတ်ပြီးဝမ်းသာနေတယ်။ ဒါတွေကအိမ်မှာ ကျွန်တော်တွက်နေကျတွေ။ ဆရာကြီးကပုစ္ဆာကို ကျောက်သင်ပုန်းကြီးပေါ်မှာချရေးပြတယ်။ ဆရာကြီးရေးတဲ့ ပုစ္ဆာလည်းဆုံးရော ကျွန်တော်က 'မြန်း'ဆို မတ်တတ်ရပ်လိုက်တယ်။

ဆရာကြီးက "မင်းဘာမေးစရာရှိလို့လဲဟေ့" လို့မေးတော့

ကျွန်တော်က "မေးစရာ မရှိပါဘူး.. ကျွန်တော် တွက်ပြီးပါပြီ.. ဆရာကြီးလိုချင်တဲ့ အဖြေရပြီ" လည်းပြောရော ကျောင်းသားတွေ အားလုံးလက်ခုပ်တီးခဲ့ကြတယ်။ ဆရာကြီးက အရမ်းချီးကျူးတယ်။ ပေးတဲ့ဆုတွေလည်း ကျွန်တော်ရပြီပေါ့။ ဒါပေမယ့် ကျွန်တော်ဒီလိုဆုရသွားတာကို မကျေနပ်ဘဲ ကြည့်နေတဲ့သူက တစ်ယောက်တည်းပဲရှိတယ်။ သူ့မျက်လုံးတွေနဲ့ ကျွန်တော့်ကို စားမတတ် ဝါးမတတ် ကြည့်နေတယ်။ သူ့ထက်တော်သွား တာကို အတော်မခံချင် စိတ်ပြင်းပျနေတဲ့ပုံပါပဲ။ စားပွဲခုံကို 'ဘုန်း'ကနဲ လက်သီးနဲ့ ထုလိုက် တယ်။

သူဘယ်သူလဲ။

ဘယ်သူရှိရမှာလဲ အောင်ဆန်းပေါ့ဗျာ။








အောင်ဆန်းနဲ့ ကျွန်တော်ဟာ ကျောင်းတွင်း သာမက ကျောင်းပြင်ပမှာလည်း အလွန်ခင်မင် ကြတဲ့ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သူငယ်ချင်းတွေ ဖြစ်ကြပြီ

နောက်တစ်နေ့ ကျောင်းတက်တော့ . . ကျွန်တော့်ကို အောင်ဆန်းကိုယ်တိုင် "မင်းတော်ပါတယ်"လို့ပြောပြီး လက်ဆွဲနှုတ်ဆက်တယ်။

သူပြောပုံက တကယ့်ကို စိတ်ရင်းခံပြီး စေတနာပါပါနဲ့ လှိုက်လှိုက်လှဲလှဲချီးကျူးတဲ့ ပုံပါ။ ကျွန်တော်အားနာသွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်ရည်ရွယ်ချက်က အောင်မြင်သွားခဲ့တယ်။ တကယ်တမ်းကျတော့ အောင်ဆန်းလိုလူမျိုးက သူနဲ့အပြိုင်အဆိုင်လုပ်ပြီးမှ မိတ်ဖွဲ့လို့ရမယ့်လူမျိုး၊ စစချင်းတော့အပေါင်းရအသင်းရလုပ်လို့ ခက်ခဲ့ပေမယ့်။ သူကတကယ် ခင်မင်ပြီဆိုရင်လည်း စိတ်ရောကိုယ်ရော လူတစ်ယောက်ကို တသက်လုံးယုံကြည်ခင်မင်သွားတတ်တဲ့ လူမျိုးလေ . . .။

"ငါက သင်္ချာမှာတင်တော်တာပါ. . မင်းကတခြား ဘာသာတွေ အားလုံးလောက်ကို ငါ့ထက် အများကြီးတော်ပါတယ်. ."

ကျွန်တော့်လေသံကို သူသိပ်ပြီးသဘောတွေ့ဟန်တော့ မတူခဲ့ပါဘူး။ သူလိုလူကလည်း သူများမြှောက်တိုင်းမြှောက်မယ့် လူစားမျိုးမှ မဟုတ်တာ။ ဒါပေမယ့် လက်တွေ့အမှန်မှာလည်း သူတော်နေတာဆိုတော့ လက်ခံပုံလည်းရပါတယ်။

"အေးပါ. . တို့တစ်တွေ **တစ်ခြားနေရာမှာပြိုင်စရာ** မရှိပေမယ့် စာနဲ့ပတ်သက်တာပဲ **ဖြစ်ဖြစ်. .** ပြင်ပဗဟုသုတမှာပဲ ဖြစ်ဖြစ် စိတ်မဆိုးကြေး အမြဲပြိုင်ကြမယ်**နော်. .**"

"စိမ်လိုက်လေ"

ကျွန်တော့်ရဲ့အဆိုကို အဲဒီ**နေ့ကစပြီး** သူသဘောတူသွားပါတယ်။ အောင်ဆန်းနဲ့ ကျွန်တော်ဟာ **ကျောင်းတွင်း**သာမက ကျောင်းပြင်ပမှာလည်း အလွန်ခင်မ**င်ကြတဲ့ သူငယ်ချင်း**တွေ ဖြစ်ခဲ့ကြပါတယ်။

"အောင်ဆန်းရာ မင်းတို့ **နတ်မောက်မြို့**အကြောင်း ငါ့ကိုပြောပြစမ်းပါ. ."

"ငါလည်း မင်းတို့ရေနံချောင်း**အကြောင်း၊ သိချင်**တယ်"

"ရေနံချောင်းမြို့ အကြောင်းက**တော့ အများကြီး**ပြောစရာတွေရှိတယ်. . . မင်းဆယ်တန်း**အောင်တဲ့နှစ်အထိ**တောင် ပြောပြလို့မကုန်ဘူး"

"ငါတို့နတ်မောက်မြို့အကြောင်း**ကတော့** သိပ်ပြောစရာ မရှိပါဘူး"

"နတ်မောက် အကြောင်း**သိပ်မရှိ**ပေမယ့် နတ်မောက်သား အောင်ဆန်းဆိုတဲ့ အကြောင်း ကတော့ အများကြီးပြောစရာရှိမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါတော့အများကြီးရှိတယ်. . တစ်နေ့တို့ကျောင်း ပိတ်ရက်မှာ အဲဒီအကြောင်းတွေ တစ်ယောက်တစ်လှည့် ပြောကြတာပေါ့"

"အေး ငါလည်းရေနံချောင်း အကြောင်းမင်းကိုပြောပြနိုင်ဖို့ အမေ့ကို အများကြီး မေးထားရဦးမယ်"

ခင်မင်စီသူငယ်ချင်းအသစ်ဆိုတော့ ပြောစရာအသစ်တွေက ရင်ထဲမှာ၊ သူရော ကျွန်တော့်မှာပါ. . အများကြီးရှိခဲ့ကြတာပါ။







"ခေါင်တာတော့မပြောနဲ့ မြို့သာဆိုတယ် ဆူးတပ်တွေနဲ့ ကာရံထားတဲ့ ရွာကြီးကွ။ တို့က ဂျင်ဂလီးဝါးလား (တောသား)ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



## ဂျန်ဂလီးဝါလားလို့ပြောတယ်

အားရက်တစ်နေ့မှာအောင်ဆန်းက သူတို့နတ်မောက်မြို့ရဲ့ အကြောင်း ကျွန်တော့်ကို စိတ်လိုလက်ရ ပြောပြခဲ့ဖူးပါတယ်။ မြန်မာပြည်မြေလတ်ပိုင်း မကွေးစီရင်စုရေနံချောင်း ခရိုင်အတွင်း ကျောက်ပန်းတောင်းပျဉ်းမနားရထားလမ်းရဲ့တစ်ဝက်လောက်မှာ သူတို့မြို့ ရှိပါသတဲ့လို့ အစချီခဲ့တယ်။ အပူပိုင်းဇုံကုန်းမြေပေါ်မှာ နှမ်းဆီပဲဆီတွေထွက်လို့ အရောင်း အဝယ်တွင်တွင်ကျယ်ကျယ် လေးရှိတဲ့ မြို့လေးဟာ သူ့ကိုဖွားတဲ့နတ်မောက်မြို့ပါတဲ့။

မီးရထားဘူတာရုံအနီးအနားမှာ မီးရထားဘက်က ဆောက်ထားတဲ့ အိမ်တန်းလျားနဲ့ ပွဲစားကုန်သည်တွေရဲ့ ဆိုင်တွေရှိတယ်။ ဘူတာနဲ့ဝဲယာပတ်လည်မှာ နှမ်းခင်း၊ မြေပဲခင်းတွေ ရှိတယ်။ အဲဒီယာခင်းတွေကျော်ပြီး အရှေ့စူးစူးကြည့်ရင်တော့ ရေးရေးထင် နေတဲ့ တောင်တန်းတွေကို နောက်ခံထားပြီးတောရကျောင်းတွေ ကမ္မဋ္ဌာန်းထိုင်သူတွေရှိပါသတဲ့။





ဘူတာရဲ့ အနောက်မြောက်ဘက်ကိုက် (၄၀၀) အကွာ လောက်မှာတော့ မိုင်ဝက်လောက်ကျယ်တဲ့ သဲချောင်းရိုး ကမ်းစပ်ပေါ်မှာ ခပေါင်းကုန်းလေးလို့လည်းခေါ်တယ်။ (န)ကျားထူး လို့လည်းခေါ်တဲ့ အိမ်ခြေတစ်ရာနဲ့ ရွာကလေးတစ်ရွာရှိတယ်။ ယင်းချောင်းကြီးရဲ့ အနောက်ဖက်ကမ်းမှာလည်း ယာခင်းလယ်ကွင်း တွေ ဥယျာဉ်တွေရှိတယ်။

အဲဒီကလွန်လို့ တောင်ကုန်းကျကျနေရာမှာ အရှေ့ဘက်က တာမြောင်းခံထားတဲ့ အိမ်ခြေ (၂၀၀)လောက်ရှိတဲ့ရွာတစ်ရွာရှိတယ်။ အဲဒီရွာရဲ့အနောက်ဘက်ကိုက် (၃၀၀) လောက်မှာတော့ အိမ်ခြေ (၁၀၀)လောက်ရှိတဲ့ ရွာရှိတယ်။ ရွာရဲ့မြောက်ဘက်မှာ လောက မာတ်မြန်မာအထက်တန်းသင်ကျောင်း တစ်ကျောင်းရှိတယ်တဲ့။ ပြီးတော့ ငါးရက်တစ် ဈေးဖွင့်တဲ့ ဈေးပိုင်းရှိတယ်။ ပုလိပ်ဂတ် တန်းလျားတွေရှိတယ်။ စာတိုက်ရှိတယ်။ အဲဒီစာတိုက် ရဲ့ အနောက် မြောက်စောင်းစောင်း မလှမ်းမကမ်းမှာ အိမ်ခြေ (၁၅၀)လောက်ရှိတဲ့ ရွာတစ်ရွာရှိပြန်တယ်။ စာတိုက်ရှေ့ပေ(၁၀၀)လမ်းကို ကျော်ရင် ကိုက် (၁၀၀) လောက်အကွာမှာ မြို့အုပ်ရုံးရှိတယ်။ ဘုန်းကြီးကျောင်း နဲ့ဆက်ပြီး Right Angle ကျတဲ့နေရာမှာ (၁၅)ပေလောက်မြင့်တဲ့ အုတ်တံတိုင်းကြီးရံထားတဲ့ စေတီတစ်ဆူရှိပါသတဲ့။ စေတီဟာ ရွှေအဆင်းနဲ့ဝင်းပြီး သပ်ရပ်ခမ်းနားတဲ့ ဇရပ်တန်ဆောင်းတွေ ကျောင်းကန်တွေရှိတယ်။ အဲဒီမြောက်မလှမ်းမကမ်းမှာ အိမ်ခြေ (၁၀၀)ကျော်ရှိတဲ့ ရွာကြီးတစ်ရွာရှိပြန်တယ်။

ဒီရွာကို ရွာမကြီးလို့ခေါ်ပြီး အိမ်ကြီး အိမ်ကောင်းအများဆုံးနဲ့ ဈေးဆိုင်ကနား အတော်အတန်ရှိတယ်။ စာရေးစာချီ၊ မြို့အုပ်ရှေ့နေ၊



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တွေနေကြတယ်။ ဒီရွာဟာ သဲချောင်းကြီးရဲ့အနောက်ဘက်ကမ်း ကုန်းပေါ်မှာရှိတယ်။ အဲဒါနတ်မောက်မြို့လို့ခေါ်တယ်။ တစ်ချို့က တောင်ရွာလို့လည်းခေါ်တယ်။ သမိုင်းစာအရတော့ ပိဋကယက္ခမင်းတည်ထောင် သွားတယ်လို့ ပြောတယ်။ သူ့ဘေးရဲ့မှတ်တမ်းမှာတော့ ပုဂံခေတ်အနော်ရထာမင်း လက်ထက်ကတည်းက ဒီရွာကိုစတည်ထောင်ခဲ့ကြောင်း ရေးထားတယ်တဲ့။ အောင်ဆန်းက သူတို့မြို့အကြောင်းပြောရမှာ နားထောင်ရတဲ့သူ မျက်စေ့ထဲ ကွက်ကွက်ကွင်းကွင်း မြင်လာအောင်ပြောပြခဲ့ပါတယ်။ ပြီးတော့ပိုပြီးတော့ သဘောပေါက်အောင် သဲပြင်ကိုဒုတ်နဲ့ခြစ်ခြစ်ပြီး မြေပုံအညွှန်းတွေနဲ့ ပြောပြခဲ့တာပါ။

"ဒါနဲ့ မင်းတို့နတ်မောက်က ရေနံချောင်းကိုလာတော့ ဘယ်လိုလာရသလဲ"လို့ ကျွန်တော်က ထပ်မေးတော့ သူတို့မြို့က ကျွန်တော်တို့ဆီလာရတဲ့လမ်းပမ်းဆက်သွယ်ရေးဟာ အတော်ခက်တယ်လို့ပြောပါတယ်။ မိုင် (၃၀)လောက်အကွာအဝေးကို တောက်လျှောက် ခရီးမပေါက်ဘဲ အဆင့်ဆင့်ကူးပြောင်းသွားရလို့ တစ်ရက်ခရီး မဟုတ်ဘဲ နှစ်ရက်သုံးရက် ဖင့်နွှဲကြာ တတ်ပါသတဲ့။ နတ်မောက်က ရေနံချောင်းကိုလာချင်ရင် တောင်တွင်းကြီးဘက်ကို မီးရထား ပြန်စီးရတယ်တဲ့။ ပြီးတော့ တောင်တွင်းကြီးကနေ မိချောင်းရဲကို ကားတစ်ခါပြန်စီးရတယ်။ မိချောင်းရဲကတစ်ဆင့် ဧရာဝတီသင်္ဘောစီးပြီးလာမှ ရေနံချောင်းကို ရောက်ပါသတဲ့။ ဒါမှမဟုတ်ရင်တော့ မကွေးကို (၃၆)မိုင် ကားစီးရင်လည်းရပါတယ်။ မကွေးကမှ တစ်ဆင့် ရေနံချောင်းကို (၂)ရက်ခရီး သင်္ဘောစီးရမယ်လို့ အောင်ဆန်းကပြောတော့ ကျွန်တော်က. . .





"မင်းတို့မြို့ကလည်း ခေါင်လိုက်တာကွာ"လို့ အထင်သေးသလိုပြောခဲ့ပါတယ်။

ဒါနဲ့ သူက. . .

"ခေါင်တာတော့မပြောနဲ့ မြို့သာဆိုတယ် ဆူးတပ်တွေနဲ့ ကာရံထားတဲ့ ရွာကြီးကွ။ တို့က ဂျင်ဂလီးဝါးလား (တောသား)ပါကွာ" လို့ သူတောသားဖြစ်ရတာကိုပဲ ဂုဏ်ယူပြီး ရယ်ကာမောကာ ပြောပြခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## မြေကြီးက ရွှေသီးတဲ့ ရေနံချောင်း

This is Yenangyaung where is under the ground.

[illegible] အောင်ဆန်းက "[illegible]အကြောင်းနဲ့ ရေနံချောင်းမြို့ အကြောင်းလည်း ပြောဦးကွာ" လို့ တစ်နေ့ပြောလာတော့. . .

ကျွန်တော်က အလွတ်ကျက်ထားတဲ့ အင်္ဂလိပ်စကားနဲ့ "မြေကြီးက ရွှေသီးတဲ့ ရေနံချောင်း" လို့ပြောတာ သူတော်တော် သဘောကျသွားခဲ့ပါတယ်။ တကယ်လည်း ရေနံချောင်းမြို့ဟာ မြေကြီးထဲကရေနံတွေထွက်ပြီး အဲဒီရေနံတွေက ပဒေသာပင်ကြီးလို ငွေတွေ ရွှေတွေသီးကြလို့ ချမ်းသာကြရတဲ့အကြောင်း ရည်ရွယ် ပြီးပြောခဲ့တာပါ။

ကျွန်တော်နေတဲ့ ရေနံချောင်းမြို့အကြောင်းကတော့ ပြောလို့ဆုံးမယ့် အကြောင်း မဟုတ်ပါဘူးလို့ သူ့ကိုပြောခဲ့ဖူးတယ်။

အဲဒီနေ့က ရေနံချောင်းမြို့အကြောင်းပြောရအောင်ဆိုပြီး အောင်ဆန်းနဲ့ ကျွန်တော် စနေနံဘုရားပေါ်ကို မြောက်ဘက်လှေကား





ကတက်ခဲ့ကြတယ်။ ဘုရားဝပ်ချပြီး လေတဟူးဟူး သာတဲ့ အနောက်ဘက်စောင်းတန်းထဲမှာ ထိုင်ခဲ့ကြတယ်။ ပြီးတော့ ကျွန်တော် သူ့ကို စပြောမိ တာက စနေနံဘုရားရဲ့ ရာဇဝင်ကစပြောခဲ့မိတာပါ။

"စနေနံဘုရားဆိုတာမြို့ရဲ့ အနောက်တောင် အရပ်မှာရှိတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ ကြွင်းကျန်တဲ့ သရီရဓာတ်တော်တွေကို အရှင်မဟာကဿပနဲ့ အဇာတသတ်မင်းတို့က ကျောက်ဂူမှာဌာပနာ ပြီး ပူဇော်သက္ကာရပြုပြီးတယ်။ ဒါကို အသောကမင်းကြီးလက်ထက် ရောက်တော့ ကျောက်ဂူမှာဌာပနာတိုက်ဖျက်ပြီး မြို့ကြီးတစ်မြို့ကို တစ်ဆူ ကျနဲ့ ရှစ်သောင်းလေးထောင်စေတီတွေတည်တယ်။ အဲဒီရှစ် သောင်းလေးထောင်အနက်က ဒီစနေနံစေတီကို သက္ကရာဇ်၂၁၈ ခုနှစ်မှာ ဆိပ်သာကွန်းကောက်ဆိုတဲ့ ဟောဒီရေနံချောင်းမြို့ရဲ့ အဝဇ္ဇဂိရိ တောင်ပေါ်မှာတည်ခဲ့တယ်။ သရီရဓာတ်တော် လက်တစ် ဆုပ်စာ ဌာပနာတည်လို့ ရွှေမုဋ္ဌောလို့တွင်ခဲ့တယ်။ နောက်တစ်ခါက ရွှေမြင်မိဘုရားဘွဲ့နဲ့လည်း တင်စားခေါ်ကြတယ်။ ဘာပြုလို့လဲဆိုတော့ ရှေးရှေးတုံးက ဟောဒီဆိပ်သာကွန်းထောက် မြို့ဆီကို ဆန်တက်လာ ကြတဲ့ ဧရာဝတီမြစ်ထဲက လှေတွေဟာ မြို့ကိုမရောက်မီကတည်းက တောင်ပေါ်ကဘုရားကို အရင်ဆုံးစမြင်မိလို့ ပထမဆုံးဖူးမြင်မိလို့ ရွှေမြင်မိလို့ခေါ်တာ ဖြစ်တယ်။ မြို့ဆိပ်ကိုရောက်တော့ အထင်အရှား ဖူးမြင်ရတဲ့ဘုရားမို့ ရွှေမြင်ထင်လည်း ခေါ်ပြန်တယ်။ နောက် ရွှေမြင် ထင်ကနေ ကာလရွေ့လျားလာတော့ ရွှေမြင်တင် ဘွဲ့အမည်တပ်ပြီး မှတ်ခေါ်ခဲ့ကြပြန်တယ်။"

"အခု . . . ဘုရားဘွဲ့တော်တွေထဲမှာ စနေနံဆိုတာ မပါခဲ့ဘူးနော်။ ဒါနဲ့ ဘယ်လို စနေနံဘုရားဖြစ်သွားပုံကိုပြောပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းက အဲဒီအချိန်ထိ နားထဲမှာမရှင်းဟန်ပါပဲ။ ရွှေမုဋ္ဌော ရွှေမြင်မိ ရွှေမြင်တင်ကနေ စနေနံလို့ပြောင်းရတာဟာ သူ့အတွက် အထူးစိတ်ဝင်စားစရာ ဖြစ်နေခဲ့တယ်။

"စနေနံဘုရားဖြစ်ပုံက ဒီလို ဒီဘုရားဟာ ဟိုတုန်းက ဆိပ်သာကွန်းထောက်မြို့ရဲ့ အရှေ့တောင်ဘက်မှာရှိတယ်။ နောက်မြို့က ဧရာဝတီမြစ်ရေတိုက်စားပြီး တဖြည်းဖြည်း ပြောင်းရွှေ့လာခဲ့ရလို့ ဘုရားဟာ မြို့အနောက်ဘက်ရောက်သွားတယ်။ ဒါကြောင့် စနေနံဒေါင့်မှာကျလို့ စနေနံဘုရားလို့ခေါ်ခဲ့တယ်.. နောက်တစ်နည်းကတော့ ရွှေမုဋ္ဌော ရွှေမြင်တင်ဆိုတဲ့ဘွဲ့တွေကလည်း စနေနံအက္ခရာတွေ ဒါကြောင့်လည်း စနေနံဘုရားလည်း ခေါ်လို့ရခဲ့တာပေါ့ကွာ"

"ဒါဖြင့် ဟောဟိုမြင်ရတဲ့ မြစ်ပြင်ကြီးပေါ်မှာ တစ်ချိန်က မင်းတို့ရဲ့ ဆိပ်သာကွန်းထောက်မြို့ကြီးပေါ့. . ."

"ဟုတ်တာပေါ့. . . အဲဒါ ဧရာဝတီမြစ်ကြီး ပေါ့ကွာ. . . အဲဒီမြစ်ထဲမှာ ကျွန်းစုစု တွေရှိတယ်. . ဘူးကျွန်း၊ နန်းတော်ကျွန်း၊ ငါးချောက်ကျွန်း၊ ဇီးကျွန်း"

ကျွန်တော်က အောင်ဆန်းကို မြစ်ပြင်ထဲမှာ သောင်ထွန်းပြီး ကျွန်းဖြစ်နေတဲ့ ရွာစုတွေကို လက်ညှိုးထိုးပြခဲ့ဖူးတယ်။

"အဲဒီ ဧရာဝတီရဲ့အနောက်ဘက်မှာကော ဘာတွေရှိလဲ"

"ရွာတွေရှိတယ် လက်ပံဦး၊ သံကိုင်း၊ ပေါက်ကုန်း၊ ကံလှ၊ ရွာတန်းရှည်ဆိုတဲ့ မြစ်နားရွာတွေရယ်. . . အဲဒီနောက်မှာ တို့ကျောင်းမှာ မင်းတို့လို ကျောင်းလာတက်နေကြတဲ့ သိန်းမောင်တို့ ဆရာကြီး ဦးအောင်ကိုးရဲ့သား သန်းဖေတို့နေတဲ့ ကုန်းဇောင်းရွာကြီး ရှိတယ်။ ကူကြီး၊ ရွာကိုင်၊ သရက်တော၊ ချောက်တော၊ လယ်ကိုင်း၊





ပွင့်ဖြူ၊ မယ်ဇလီ ကျောင်းတော်ရာရှိတယ်။ စလင်း၊ ဆင်ဖြူကျွန်း၊ စကု၊ မင်းဘူးဆိုတဲ့မြို့တွေရှိတယ်။ ဟိုဝေးဝေးက ညို့ညို့မှိုင်းမှိုင်းတောင်တန်းတွေထဲမှာ ရွှေစက်တော်ဘုရားရှိတယ်။ **အဲဒီအနောက်**ရိုးမတောင်ပေါ်က စတဲ့ မုန်းချောင်း၊ မန်းချောင်းဆိုတာ**တွေကလည်း** ဒီဧရာဝတီမြစ်ထဲကိုစီးဝင်ကြတယ်။"

"ဟာ. . . မင်းတို့မြို့ကမြင်ရတဲ့ ရှုခင်းတွေကသိပ်လှတာပဲ. . တို့နတ်မောက်မှာ ဒီလောက်လှတဲ့ရှုခင်းတွေသိပ် မရှိဘူး. . . အမြဲတမ်းခြောက်ခြောက်သွေ့သွေ့နဲ့ ရေတွေခြောက်နေတဲ့ သဲချောင်းကြီးပဲရှိတယ်. . ."

အဲဒီအချိန်က အောင်ဆန်းဟာ ကျွန်တော့်ကို ခင်မင်ရင်းစွဲရှိလာသလို ကျွန်တော်တို့ မြို့ကိုလည်း သံယောဇဉ်ဖြစ်လာပုံပေါ်ခဲ့ပါတယ်။

"အဲဒီမြစ်ကြီးက အမြဲတမ်းရေပြည့်နေတာပဲလား. . ."

"မဟုတ်ဘူးကွ နွေဆိုရင် အဲဒီမြစ်ပြင်ကြီးတစ်ချို့ဟာ သဲသောင်တွေထွန်းပြီး တို့ ရုပ်ရှင်ထဲမှာကြည့်ရတဲ့ ဆဟာရသဲကန္တာရလိုမျိုးကြီးတွေဖြစ်ကုန်တယ်"

"ဟာ အဲဒီပေါ်မှာ လမ်းလျှောက်ရရင်သိပ်ကောင်းမှာပဲ"

"ဒါဆို မင်းနွေကျောင်းပိတ်လို့ နတ်မောက်မပြန်ဘူးဆိုရင် လမ်းလျှောက်လို့ရ တာပေါ့"

"ဒီနှစ်တော့ပြန်ရဦးမယ်။ အစ်မကငါ့ကို ဘယ်**လောက်များ** လွမ်းနေမလဲမသိဘူး မခွဲ စဘူး ခွဲလာရတာ"

အောင်ဆန်းရဲ့မျက်နှာပေါ်မှာ **အဲဒီအချိန်တုန်းက သူ့အမေနဲ့** သူ့မြို့လေးကိုပြန်လွမ်း ခဲ့ပုံပေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါပြောလက်စ စကားတွေဆက်ပြီး ပြောဖြစ်တဲ့ အခါကျပြန်တော့ နတ်မောက်မှာ သူကျောင်းနေခဲ့ရပုံ၊ အမေနဲ့ခွဲပြီး ရေနံချောင်းကျောင်းကို ရောက်လာရအောင် သူဘယ်လို တိုက်ပွဲဝင်ခဲ့ ရသလဲဆိုတာတွေကို စီကာပတ်ကုံးပြောပြခဲ့ဖူးပါတယ်။ သူပြောတဲ့ အကြောင်းတွေကတော့ အများကြီးကိုစိတ်ဝင်စားဖို့ကောင်းခဲ့တာပါ။







လူတစ်ယောက်က အဲဒီဘိုးသူတော် အရုပ်ကြီးထဲ ဝင်ပြီးက ပါတယ်တဲ့။ ဒီအရုပ် ကြီးကို မကြည့်ရဲလောက်ကြောက်တော့ သူ့အဖေက ကြောက်ရကောင်းလား လို့ ဆူတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းမနေရရင် ထမင်းမစားဘူး

"တို့က ဘုရင်မျိုးတွေကွ သိပ်ပြီးကြီးကျယ်ခဲ့တာပဲ"

တကယ်လည်း အောင်ဆန်းတို့ဘေး ဦးမြွေနီမှာ နတ်မောက်သူကြီးဖြစ်ပြီး ဦးမင်းရောင်(ခေါ်) မင်းကြီးမြွေလရောင်မှာလည်း ဘေးမကြီးမယ်စိုးရဲ့ တူတော်ခဲ့ပါသတဲ့။ အောင်ဆန်းရဲ့ အမေဒေါ်စုရဲ့ အမေဒေါ်သူဇာနဲ့လည်း မောင်တစ်ဝမ်းကွဲတော်ပြန်တယ်၊ ပြီးတော့ သူတို့ဘေးဘိုးဘီဘင် အဆက်ဆက်ကလည်း အလောင်းဘုရားရဲ့ ရဲဘော်ခြောက်ကျိပ် ရှစ်ယောက်ထဲမှာပါကြပြီး ပင်းမင်းကြီးဦးမြတ်က ဆင်းသက်လာခဲ့ကြတာပါတဲ့ ။

ဒါပေမဲ့ အောင်ဆန်းရဲ့ စိတ်ထဲမှာ ကြီးကျယ်ထင်ရှားတဲ့ မျိုးရိုးလို့ ချီးမြှင့်ပြောဆို တာကိုတော့ နည်းနည်းမှ နှစ်သက်ပုံမပေါ်ပါဘူး။ ဒါကြောင့် တစ်ခါတလေ စကားစပ်မိလို့ ပြောကြရင်တောင် အတည်ပေါက်ပြောသလိုလို၊ ပြက်လုံးတစ်ခုလိုလိုနဲ့ "တို့ကဘုရင်မျိုးတွေကွ၊ သိပ်ကြီးကျယ်ခဲ့တာပဲ" လို့ပြောတတ်ပါတယ်။





သူ့စိတ်ထဲမှာ မျိုးရိုးဆိုတာထားရှိဖို့ လိုမှန်းသိခဲ့ပေမဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ သတ္တိခိုင်မာခြင်းဟာ အဓိကဖြစ်တယ်။ လူတစ်ဦးထွန်းကားတိုးတက်ခြင်း၊ နိမ့်ကျခြင်းဆိုတာ မျိုးရိုးနဲ့မဆိုင်ဘူး။ အဲဒီလူရဲ့စိတ်ထားနဲ့ ပတ်ဝန်းကျင်ရဲ့အထောက်အပံ့ပေါ်မှာ တည်ပါတယ်လို့ သူမကြာခဏ ကျွန်တော့်ကိုပြောပြတတ်ပါတယ်။ အဲဒီကတည်းက အောင်ဆန်းဟာ အရွယ်နဲ့မလိုက်အောင် အယူအဆကောင်းနေတာကိုတွေ့ခဲ့ရပါတယ်။

သုံးနှစ်သားအရွယ်ထိ 'အင်း' 'အဲ'ကလွဲလို့ ဘာစကားမျှ ဟုတ်တိပတ်တိမပြောတတ်ခဲ့ဘူးလို့ သူကပြောတယ်။ ပြောမယ့် ပြောတော့လည်း ကြွေးတောင်းခံရတဲ့သူဘက်ကနေပြီး သူ့အမေကို 'အစ်မရာ ရှိမှပေးနိုင်မှာပေါ့'လို့ အားလုံးအံ့အားသင့်သွားအောင် စကားစပြီး ပြောချခဲ့ဖူးပါသတဲ့။ 'မှုသားမပါရင် လက်ာမချောဆိုပေမဲ့ သူကတော့ လက်ာမချောချင်နေ မှုသားစကားတော့မပြောနိုင်ပါဘူး ဆိုတာ မွေးကတည်းကပါလာတဲ့ သူ့ရဲ့'ဗီဇ'ပါပဲ။

ဒါတွေဟာ တဖြည်းဖြည်းသူနဲ့ ပေါင်းရင်းသိလာရတဲ့ သူ့ငယ်ကျင့်လေးတွေပါ တကယ်လည်းလုပ်ခဲ့မယ့်သူပါ။ သူ့ရုပ်ရည်၊ သူ့အပြော၊ သူ့အမူအကျင့်တွေဟာ ငယ်ကတည်းက ခုချိန်ထိ မပြောင်းမလဲ တသမတ်တည်းသွားနေတဲ့ပုံစံပါပဲ။

အသက်(၇)နှစ်အရွယ်မှာ ဦးသောဘိတရဲ့ ဗိပက်ရာကျောင်းမှာ ကျောင်းသားစ ဖြစ်ခဲ့ပုံကိုလည်း မှတ်မှတ်ရရပြောပြခဲ့တယ်။

သူက သူ့အဖေ ဦးဖာနဲ့တူတယ်တဲ့ ဉာဏ်ကောင်းတယ်။ ဒါပေမယ့် ဟိုတွေးဒီငေး အမူမဲ့ အမှတ်မဲ့နေတာများတယ်။ သူများကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ချောက်မတွန်းတတ်ဘူး၊ အနိုင်ကျင့်လာရင်လည်း ကြိတ်မှိတ်ပြီးခံတတ်တယ်တဲ့။

အောင်ဆန်းတို့အဖေက နတ်မောက်မှာ စစ်ကြေးထိန်းရတဲ့သူဖြစ်ခဲ့တယ်။ တစ်ခါတော့ လူတစ်ယောက်က အရက်မူးမူးနဲ့ အတွင်းရေးမှူးလက်မှတ်လိမ်ထိုးပြီး အဲဒီစစ်ကြေးကို လာတောင်းတယ်။ သူ့အဖေက မပေးဘူး။ အဲဒီလို မပေးရကောင်းလားဆိုပြီး အမနာပ စကားတွေနဲ့ပြောတယ်။ ဒီတော့ ကြားက အမေစုက နားကြားပျင်းကပ်ကပ်နဲ့ နင် ဘာလူပါးဝတာလည်းဆိုပြီး ဖိနပ်ချွတ်ရိုက်မယ်ပြင်တော့ အဲဒီအရက်မူးသမားက ရှစ်ခိုးပြီးတောင်းပန်ရသတဲ့။

အောင်ဆန်းတို့အမေကတော့ ထက်တယ်၊ အရောင်းအဝယ်အပြောအဆို ညက်တယ်။ လမ်းသွားရင် သမ္ဘုဒ္ဓေရွတ်ပြီး လက်တစ်ဖက်က ဓားကိုင်ထားတယ်လို့ အောင်ဆန်းက ကျွန်တော့်ကိုပြောပြဖူးတယ်။

သူက ငယ်ငယ်ကတည်းက ခုထိ လူရော စိတ်ရောပျော့ပျောင်းတယ်ဆိုတဲ့အချက် ကို နားမလည်ခဲ့ဘူးတဲ့။ နားလည်ဖို့လည်း မကြိုးစားခဲ့ဘူး။ ကြိုးလည်းမကြိုးစားချင်ဘူး ပြောတယ်။ စကားပြောရင်လည်း ဖွယ်ဖွယ်ရာရာယဉ်ယဉ်ကျေးကျေး မပြောတတ်ဘူးတဲ့။နောက်ဆုံး ဘုန်းကြီးစကားနဲ့တောင် မလျှောက်တတ်လောက်အောင် အမူအယာကြမ်းကြမ်း အလိုက်ကမ်းဆိုးမသိတဲ့ ကလေးဘဝကိုဖြတ်ကျော်ခဲ့ရပါသတဲ့။ ညီအစ်ကိုမောင်နှမ တွေထဲမှာ အငယ်ဆုံးလည်းဖြစ် မိဘကလည်းအလိုလိုက်ဆုံးဖြစ်နေလေတော့ ဆိုးချင်တိုင်း ဆိုးလို့ရခဲ့တာကို အိမ်နီးပါးချင်းတွေသာမက





ရွာနီးနားချင်းထိပါ သူ့အကြောင်းကို သိကြပါသတဲ့။

သူ့အစ်ကို ကိုအောင်သန်းနဲ့ သူနဲ့ကတော့ အသက်သုံးနှစ်ကျော်လေးနှစ်လောက်ကွာပြီး ငယ်စဉ်ကတည်းက ရန်ဖြစ်ဖက်ဖြစ်သတဲ့။ ကိုအောင်သန်းက လက်မြန်ခြေမြန်သမား ဖြစ်ပေမဲ့ အားကျတော့ သူကကြီးတယ်တဲ့။ မချိန်မဆ လက်လွတ်စပယ်လည်း လုပ်တတ်တယ်တဲ့။ သူ့အစ်ကို ကိုအောင်သန်းက စိတ်နှုကိုယ်နှုသမားမို့ ကချေသည်နဲ့ တူတယ်လို့ သူကသတ်မှတ်တယ်။ အစားအသောက် အနေအထိုင်ကအစ သပ်သပ်ရပ်ရပ်နေတယ်၊ အစားဆိုလည်း အစားတိုင်းမစားဘူး။ စားနေတဲ့အစာ မြေကြီးပေါ်လွတ်ကျသွားရင် ကိုအောင်သန်းက မစားတော့ပေမဲ့ သူကတော့ မရှဘူးတဲ့။ ကျသွားတဲ့အစားကို ဖုတ်ခါစားလို့ ရရင် ကောက်စားတာပဲတဲ့၊ ကိုအောင်သန်းက အဝတ်ကို သန့်သန့်ပြန့်ပြန့်ကြာရှည် ခံအောင် ဝတ်တတ်ပေမယ့် သူကတော့ မရဘူးတဲ့ မြန်မြန်ညစ်အောင် ဖြစ်ကတတ်ဆန်း ဝတ်တတ်တယ် မြေကြီးပေါ်ပေမဲ့ တုံးလုံးလှဲချင်စိတ်ရှိရင် လှဲလိုက်တာပဲတဲ့လေ။

အဲဒီလို အောင်ဆန်းက သူငယ်ငယ်ကကြမ်းပုံ၊ ဆန်းပုံတွေပြောတော့ ကျွန်တော်ဖြင့် အံ့သြခဲ့ရတယ်။ ပြီးတော့အကြောက်တရားနဲ့ ပတ်သက်လို့ သူကဆက်ပြောခဲ့ဖူးတယ်။ သူတို့ညီအစ်ကိုကြောက်တာကတော့ သူ့အဖေကခေါင်းရိုက်ပေးတဲ့အခါပဲဖြစ်တယ်လို့ပြော တယ်။ သူများရိုက်ပေးရင် အင်မတန်ညင်သာပေမယ့် သူ့အဖေကတော့ ဓားကို ကောင်းကောင်းမသွေးဘဲ အတင်းတွန်းချရိတ်တာကြောင့် ခေါင်းဦးရေအလွန်နာတာပဲတဲ့။

ဒါပေမဲ့ သူကြိတ်ခံတယ် ငိုဖို့လည်းစိတ်မကူးခဲ့ဘူးတဲ့။ သူ့အစ်ကို ကိုအောင်သန်း ကတော့ ခေါင်းရိတ်ခံရတိုင်း အမြဲငို



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ ငိုတိုင်း ခေါင်းပုတ်ချည်းခံရတာပဲတဲ့. . . .။

ဒါပေမယ့် သူ့အကြောက်ဆုံးဆိုတဲ့အထဲမှာတော့ ဘိုးသူတော်ရုပ်ကြီးပဲတဲ့။ နတ်မောက် ဆွမ်းလောင်းအသင်းကကြီးမှူးပြီး ဝါတွင်းအပတ်စဉ် အိုးစည်ဗုံမောင်းနဲ့ အလှူခံထွက်တဲ့အခါ လူတစ်ယောက်က အဲဒီဘိုးသူတော်အရုပ်ကြီးထဲဝင်ပြီးကပါတယ်တဲ့။ ဒီအရုပ်ကြီးကို မကြည့်ရဲလောက်ကြောက်တော့ သူ့အဖေက ကြောက်ရကောင်းလားလို့ဆူတယ်။

ဒီတော့ သူက "ဖင်ခေါင်းထဲသွင်းထား ဘယ်နှဲ့လုပ်မလဲဗျာ"လို့ ပြန်ဖြေဖူးပါ သတဲ့လေ. . . .။

နောက်တစ်ခုကြောက်တာက ခေါင်းတုန်တုန်လည်တုန်တုန်နဲ့ မယ်ရွှေမယ်ဆိုတဲ့ အမယ်အိုကြီးတစ်ယောက်ပဲ။ ကြောက်လွန်းလို့ ညအိပ်ရင်တောင် အမေကိုဖက်အိပ်ပြီး အမေစုကလည်း သူ့ဘက် အမြဲလှည့်အိပ်ရသတဲ့လေ ။

ဟော အောင်ဆန်းကြောက်တဲ့ နောက်တစ်ယောက်က ကာကာဆိုင်က ကုလားကြီး တစ်ယောက်ပဲ။ ကုလားကြီးက သူ့ကို "နောက်တစ်ခါလာရင် ဘန်ဘူးပေးမယ်လို့ပြောလိုက်တာ" ဘန်ဘူးဆိုတာ ရိုက်မယ်လို့ပြောတာလည်းသိရော အဲဒီ ကာကာဆိုင်ကိုနောက် ဘယ်တော့မှ မသွားတော့ဘူးလို့ပြောပါတယ်။

ဒါနဲ့ အောင်ဆန်းက ကျွန်တော့်ကို"မင်းကော ဘာကို ကြောက်သလဲ" လို့ ပြန်မေးတော့. .

"ကျွန်တော့်ဘဝမှာ ကြောက်စရာဆိုလို့ သိပ်ပြောစမှတ်တော့ မရှိပါဘူး. ဒါပေမယ့် စနေနံ့ဘုရားအနောက်ဘက် လှေခါးအဆင်း ညာဘက်က အုတ်တိုက်ထဲတော့ မသွားရဲဘူး" လို့ပြောခဲ့ဖူးတယ်။





သူက "ဘာလို့ မသွားရဲရမှာလဲ. . ဘုရားဇရပ်ထဲပဲ. ." လို့ပြောတော့. .

ကျွန်တော်က "အဲဒီအုတ်တိုက်ကြီးကို ငရဲခန်းလို့ခေါ်တယ်. . အဲဒီတိုက်ထဲမှာ ရေးထားတဲ့ အရုပ်တွေက ငရဲခံရတဲ့ အရုပ်တွေဆိုတော့ အားကြီးကြောက်စရာကောင်းတာပဲ" ပြောတော့. . .

"ဒါဖြင့် တစ်နေ့တို့သွားကြည့်ရအောင်"လို့ အဖော်စပ်တယ်။

ကျွန်တော်က "မင်းမကြောက်ဘူးလား. . ." ပြန်မေး တော့. . .

သူက "တို့ အခုကလေးမှမဟုတ်တော့ဘဲ ဘာကြောက်စရာ ရှိလဲ" လို့ ပြန်ပြောခဲ့ပါတယ်။

ဟုတ်သားပဲလေ ငယ်ငယ်တုန်းက ကလေးဘဝ စဉ်းစား ဆင်ခြင်မှု အားနည်းတဲ့ အချိန်တုန်းကတော့ အကြောက်တရားဆိုတာ လူတိုင်းကိုယ်စီရှိခဲ့ကြပေမဲ့ အရွယ်ရလာတာနဲ့အမျှ ကြောက်သင့် မကြောက်သင့် ဆိုတာတွေကို စဉ်းစားတတ်လာခဲ့ကြပြီလေ ။

"လုပ်ရဲတာနဲ့ ခံရဲတာဘယ်ဟာသတ္တိခေါ်မလဲ"

အောင်ဆန်းရဲ့ ထူးထူးဆန်းဆန်းမေးခွန်းတစ်ခုကို ကျွန်တော်ပြန်ဖြေခဲ့ရဖူးပြန်ပါတယ်။

"လုပ်ရဲတာသတ္တိပေါ့ကွ"

"ငါကတော့ ခံရဲတာသတ္တိလို့ခေါ်တယ်ထင်တယ်. . ငါ့အစ်ကို ကိုအောင်သန်း ကတော့ ခဏခဏရန်ဖြစ်တတ်တယ်။ရန်ဖြစ်ရင်လည်း သူက ဦးအောင်ရိုက်ပြီး အိမ်ပြန်ပြေးလာ တတ်တယ်။အတိုင်ခံရတိုင်း အိမ်က သူ့ကိုရိုက်တယ်၊ ငါလည်းတစ်ခါတော့ ရန်ဖြစ်ဖူးတယ်။ ဖြစ်တုန်းကတော့ ငါချလိုက်တာပဲ။ဒါပေမယ့် ငါအငေးလွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထုံပေပေနဲ့ မရှောင်မတိမ်းလုပ်လို့ ခုံဖိနပ်နဲ့အပေါက်ခံရတယ်။ ခေါင်းပေါက်သွားတယ်။ လုပ်တဲ့လူကို လိုက်လုပ်တော့ ခေါင်းကမှုးလာတယ်။ နောက်တော့ ခေါင်းပေါက်မှန်းသိပြီး ငိုရဖူးတယ်ကွ နောက်တစ်ခု မှတ်မိတာဆိုရင် ဟို. . ဘုန်းကြီးကျောင်းမှာ နေတုန်းက ပေါ့ကွာ။ နဘူးသားကို ကြက်တောင်စိုက်ပြီး ကြက်တောင်ရိုက်တမ်း ကစားခဲ့တယ်။ အဲဒါ ကစားဖက် ကျောင်းသား နှစ်ယောက်ရန်ဖြစ်တော့ ခေါင်းပေါက် ထိပ်ပေါက်ဖြစ်တယ်။ ထိပ်ပေါက်ခံရတဲ့ ကျောင်းသား မိဘတွေက ဘုန်းကြီးကိုလာတိုင်တော့ ဒီကစားနည်းမျိုး ကျောင်းဝင်းထဲမှာရော ကျောင်းပြင်မှာရော မကစားရဘူးလို့ ပညတ်တယ်။ ဒါကို ငါနဲ့ ငါ့ညီအစ်ကို ဝမ်းကွဲတွေက အာဏာဖီဆန်ပြီး ရွာထဲမှာကစားတယ်။ ဒါကိုမြင်တဲ့ ကျောင်းသားတစ်ဦး နှစ်ဦးက ဘုန်းကြီးကို သွားတိုင်တယ်။ ဒီတော့ဘုန်းကြီးက အစ်မနဲ့ဦးလေးတွေကို ခေါ်ပြီး အဲဒီရှေ့မှာပဲ ပြင်းပြင်းထန်ထန်ငါတို့ကိုရိုက်တယ်. . ငါကလည်း ပထမတော့ကြိတ်ခံတာပဲ. . နောက်တော့ နာလွန်းလို့ မရတော့ဘူး။ ချုံးပွဲချ ငိုခဲ့ရဖူးတာပေါ့။ အဲဒီကတည်းက ငါ့စိတ်ထဲ အခဲမကျေခဲ့ဘဲ စက်ဆုတ်နေမိခဲ့တာဟာ **အလုပ်ပိုမေတ္တာရိ မျက်နှာလိုမျက်နှာရ အထက်လူကြီးတွေကို တိုင်တာတောတာ** တွေပဲ. . ဒီအကျင့်မျိုးကို အားမပေးသင့်ဘူးကွ. . အဲဒါ အကျင့်ယုတ်တဲ့လူတွေလုပ်တဲ့အလုပ်"

အောင်ဆန်းက သတ္တိရှိရှိသူခံခဲ့ရပုံနဲ့ သူမကြိုက်တဲ့အပြုအမူတွေကို နှလုံးနာကျင်စွာနဲ့ ပြန်ပြောတာကို နားထောင်ခဲ့ရပြီးတဲ့ နောက်မှာ ကျွန်တော်က. .

"အဲဒီဘုန်းကြီးကျောင်းမှာ ဘာလို့ဆက်မနေတာလဲ"လို့





မေးခဲ့တယ်။

"ဟာ ဘုန်းကြီးကျောင်းမှာ အလေးမတို့ သစ်ပင်တက်တာတို့ ရေကူးတာတို့ မလုပ်ရဘူးကွ. . အဖေတို့အမေတို့ကလည်း အဲဒီလို ကစားတာကို သဘောမတူဘူး. . ငါ့ကိုကြည့်ပါလား. . ရောဂါကထူ လူကပိန်. . ရုပ်ကညှင်းသိုးသိုးနဲ့။"

အောင်ဆန်းက သူပြောတဲ့စကားကို သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်ခဲ့ပါတယ်။ ကျွန်တော်အရွယ်နဲ့မမျှ ပွင့်လင်းရိုးသားစွာနဲ့ ဝန်ခံပြောတတ်တဲ့ အောင်ဆန်းကို ငေးပဲကြည့်နေမိခဲ့ရင်းက အရင်တစ်ခါသူပြောဖူးတဲ့ စကားဆက်တစ်ခု သွားအမှတ်ရ လိုက်ပြန်ပါတယ်။

"ဒါနဲ့. . ရေနံချောင်းနေရှင်နယ်ကျောင်းကို ရောက်လာပုံပြောပြမယ်ဆို အရင် တစ်နေ့က မင်းပြောခဲ့တာ မှတ်မိလား"

"ဟာ. . မှတ်မိတာပေါ့ အဲဒီအကြောင်းကတော့ ငါ့ရဲ့တိုက်ပွဲတစ်ပွဲအကြောင်းပဲ" အောင်ဆန်းက ဒီအကြောင်းကိုပြောချင်လွန်းလို့ သေသေချာချာကျကျနန ပြင်ဆင်ထားပုံ ပေါ်ပါတယ်။ အဲဒီနေ့က လည်း ကျောင်းအားရက်ဆိုတော့ စကားပြောဖို့ အချိန်အများကြီးရပါတယ်။

"တို့နတ်မောက်မြို့က မြို့ပိုင်ရုံးဆိုပေမဲ့ ရွာကြီးတစ်ရွာအဆင့်ပဲရှိတယ်။ပြီးတော့ မြန်မာစာသက်သက် သင်တဲ့ကျောင်းပဲရှိတယ်။ ခုနေရှင်နယ်ကျောင်းလို အင်္ဂလိပ်မြန်မာ တွဲသင်တဲ့ ကျောင်းကမရှိဘူး။ အခု ငါ့အစ်ကို ကိုအောင်သန်းဆိုတာလည်း ဒီနေရှင်နယ် ကျောင်းက အောင်ပြီးရင် ကောလိပ်သွားတက်မှာ။ အစ်ကိုကြီး ဦးဘဝင်းကတော့ မင်းသိတဲ့အတိုင်း ဒီကျောင်းက ဆယ်တန်းအောင်တယ် အခုကောလိပ်



www.burmeseclassic.com

www.burmeseclassic.com



တက်နေတယ်။ဒီတော့ ငါလည်း ငါ့အစ်ကိုကြီးတွေ လျှောက်ခဲ့တဲ့လမ်းကလွဲလို့ ဘယ်လမ်းကိုမှ ထပ်ရွေးစရာမရှိဘူး။အဖေတို့ အစ်မတို့ကတော့ အငယ်ဆုံးသားဆိုတော့ လုံးဝကို မလွှတ်ချင်ဘူးပေါ့ကွာ။ ဆွေတွေမျိုးတွေကလည်း ဒီလောက်ဝေးဝေး လံလံသွားထားဖို့ သဘောမတူဘူး။ ငါကတော့ မသွားရဘူး ပြောလေငိုလေပေါ့။ နောက်ဆုံးတော့ ရေနံချောင်းကျောင်းကို မသွားရရင် ထမင်းမစားဘူး ဆိုပြီးနေလိုက်တယ်ကွ"

"ဟာ မင်းထမင်းမစားဘဲနေတယ်"

"အေး ဟုတ်တယ် ရေနံချောင်းကိုမပို့ရင် ထမင်းမစားတော့ဘူးလို့ကြွေးကျော်ပြီး သုံးရက်တိတိ နေတယ်"

"ဒီတော့ မင်းမိဘတွေက ခွင့်ပြုရရောလား"

"အဟုတ်ပေါ့ . . ဘာရမလဲ ငါဆိုတဲ့ကောင်က ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် အနုနည်းနဲ့ပဲရရ အကြမ်းနည်းနဲ့ပဲရရ မရရအောင်ကို လုပ်ယူတတ်တယ်"

"ယုံပါတယ်ကွာ အောင်ဆန်းရာ. ."

ကျွန်တော်နဲ့ အောင်ဆန်းအတူနေခဲ့ရတဲ့ လေးတန်းနှစ်တစ်ဝက်မှာ သူပြောတဲ့ အထဲက ပိုပြီးစိတ်ဝင်စားစရာအကောင်းဆုံးကတော့ အဲဒီ ကျောင်းမနေရရင် ထမင်းမစားဘူးလို့ လုပ်ရဲတဲ့ အကြောင်းပဲ ဖြစ်ပါတော့တယ်။





## နိုင်ငံရေးအစ အမျိုးသားကျောင်းများက

လေးတန်းအတန်းတင်စာမေးပွဲကြီးကို ကျောင်းသားအားလုံး အရည်အချင်းပြည့်မီလို့ နှစ်တစ်ဝက်နဲ့ စာမေးပွဲဖြေကြရပါတယ်။ ဒါကတော့ အမျိုးသားကျောင်းတွေရဲ့ နှစ်ဆင့်အတန်းတင်စနစ်လို့ ခေါ်တာပါ။ သင်ရိုးညွှန်းတမ်းကို နှစ်တစ်ဝက်နဲ့သင်လို့ပြီးအောင် ရေးပြီးသင်ခြင်းဖြစ်ပါတယ်။ နှစ်ဝက်ရောက်ရင်စာမေးပွဲကျင်းပပြီး ကျောင်းသားတွေ ရဲ့အရည်အချင်းနဲ့ တတ်မြောက်မှုကိုပြန်ပြီး အဆင့်သတ်မှတ်ပါတယ်။ အဲဒါကို အတန်းတင်စာမေးပွဲလို့ ခေါ်ပါတယ်။ ပထမအဆင့်က ဆဋ္ဌမအဆင့်ထိကို (Preparation School) အကြို ပြင်ဆင်တဲ့ကျောင်းလို့ သတ်မှတ်ပြီး ပညာသင်ကာလကို ခြောက်လမှာ တစ်ဆင့် ပြဋ္ဌာန်းပါတယ်။ အမိပ္ပါယ်ကတော့ ၃ နှစ်နဲ့အကြိုအဆင့်ကို အပြီးသင်ပေးတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။ နောက် သတ္တမအဆင့်က ဒသမအဆင့်ထိကို နှစ်နှစ်ခွဲ သုံးနှစ်နဲ့ အပြီး သင်ပေး ပါတယ်။ ကျောင်းသားတစ်ယောက်ရဲ့ စာသင်ကာလဟာ



www.burmeseclassic.com

www.burmeseclassic.com



တန်းမြင့် ကျောင်းထွက် အထိ ငါးနှစ်ခွဲမှ ခြောက်နှစ်အတွင်း ပြီးစီးပါတယ်။ ဒီလိုသင်တန်းမျိုးကတော့ အင်္ဂလန်နိုင်ငံမှာလည်း (Public Schools) ဆိုပြီး သင်ကြားပေးနေတဲ့ စနစ်ပါ။ အမျိုးသား ကျောင်းတွေက ကျွန်တော်တို့လို အတန်းမျိုး အဓိကဘာသာနဲ့ အဓိကအပိုဘာသာဆို ပြီးနှစ်မျိုးရှိပါတယ်။ အဓိကဘာသာမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ ပါပါတယ်။ ပထဝီ၊ ဂဏန်းသင်္ချာ (အက္ခရာသင်္ချာနဲ့ ဂျီဩမေထရီ) အပြင် ကျန်းမာရေး၊ ပညာနဲ့ ကျောင်းသူများအတွက် အိမ်တွင်းမှုပညာတွေဆိုတာလည်း သင်ကြရ တယ်။

အဓိက အပိုဘာသာ သင်္ချာမှာပါတဲ့ အက္ခရာသင်္ချာနဲ့ ဂျီဩမေထရီဟာ ကျောင်းသူများအတွက် ပြဋ္ဌာန်းစာတွေပါ။ အပို ပင်ရင်းဘာသာမှာ ဘာသာရေးသင်ခန်းစာရှိတယ်။ ကျန်းမာရေး ပညာ၊ ကာယဗလလေ့ကျင့်မှုပညာ၊ အခြေခံသိပ္ပံပညာ၊ မြန်မာ ရာဇဝင်နဲ့ ကျောင်းသူများအတွက် အပ်ချုပ်ပညာရယ်လို့ သီးသန့် သင်ပေးပါတယ်။

ကျွန်တော်တို့အတန်းထဲက ကျောင်းသူကျောင်းသားတွေ အားလုံးဟာ လူတော်တွေချည်းပါပဲ။ နှစ်တစ်ဝက်နဲ့စာကို အပြီးသင်တယ်ဆိုပေမဲ့ သင်ခဲ့တဲ့စာတွေအားလုံး ကျေညက်နေသူ တွေချည်းမို့ စာမေးပွဲကို အလွယ်တကူနဲ့ ဖြေခဲ့အောင်ခဲ့ကြသူတွေပါ။

ဒီနှစ်အတန်းထဲမှာ ဘယ်သူပထမစွဲမလဲ။

ဒါကတော့ အဖြေကရှင်းနေပါတယ်။

အောင်ဆန်းပေါ့ ။

အောင်ဆန်းဟာ အားလုံးထက်အမြဲတမ်းခေါင်းတစ်လုံး





ပိုမြင့်နေသလို စာမေးပွဲတိုင်းမှာ သူချည်းပထမစွဲခဲ့ပါတယ်။ ဘာသာစုံ အောင်မှတ်အရ တစ်တန်းလုံးမှာ အောင်ဆန်း ဗိုလ်စွဲသွားတော့ အားလုံးက မနာလိုဝန်တိုမှုမရှိကြပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူက စာကိုပဲ တစ်စာစာလုပ်ပြီး အမြဲကြိုးစားနေခဲ့သူကိုး။ သတ္တမတန်း ရောက်တော့ သူ့အစ်ကိုကြီး ဆရာဦးဘဝင်းလည်း ဘီအက်စ်စီ (သိပ္ပံဘွဲ့)ရပြီး ရေနံချောင်းနေရှင်နယ် ကျောင်းမှာ အထက်တန်းပြ ဆရာလုပ်ရအောင် အောင်ဆန်းနဲ့အတူ ရောက်နေပါပြီ။ သူ့အစ်ကိုကြီး ဆရာဦးဘဝင်းက အောင်ဆန်းနဲ့အတူနေတာဆိုတော့ အိမ်မှာညတိုင်း စာပြပေးပါတယ်။ ကျောင်းစာဆိုလို့ ဘာမျှ အကြွေးမကျန်အောင် အမြဲတမ်းမျက်ခြေမပြတ် စစ်ဆေးပေးနေလေတော့ အောင်ဆန်း တစ်ယောက် အတန်းထဲမှာ ပထမစွဲတာဟာ ဘာမှတော့ ထူးဆန်း လှတယ် ရယ်လို့တော့မဟုတ်ခဲ့ပါဘူး။ သူ့လိုပဲ ဒုတိယတော်သူဟာ သူနဲ့ညီအစ်ကို ဝမ်းကွဲတော်တဲ့ မေအောင်ပါပဲ။ မေအောင်က ပိုထူးခြားတာက လက်ရေးကို သပ်သပ်ရပ်ရပ် ရေးတဲ့အပြင် သူရေးတဲ့ စာလုံးလေးတွေဟာ ပန်းချီသဘောလို ပြေပြစ်ချောမော ပြီးလှပ နေတာပါပဲ။ နောက် ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်ရဲ့သား ရီအေးနဲ့ မခင်မေတို့လည်း အဆင့်ဆင့်တော်ကြပါတယ်။ တစ်တန်းလုံး အနေနဲ့ ခြုံကြည့်ရင်တော့ ညံ့တဲ့သူတစ်ယောက်မှမရှိလှပါဘူး။

ကျွန်တော်ကတော့ သင်္ချာအတွက်အချက်မှာ အားလုံးထက် အမှတ်များပေမဲ့ ကျန်တဲ့ဘာသာတွေမှာ အမှတ်ရသင့်သလောက် မရခဲ့ပါဘူး။

အောင်ဆန်းတို့ ကျွန်တော်တို့ ခြောက်လနဲ့စတုတ္ထတန်းကို အောင်တော့ ပဉ္စမတန်း ကျော်ပြီး ဆဋ္ဌမတန်းတက်ရတယ်။ ၁၉၂၉



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှာ သတ္တမတန်းပညာသင်ဖို့ အောင်ဆန်းတို့ ရေနံချောင်းကို ပြန်လာကြတော့ မနှစ်ကအတိုင်း အောင်ဆန်းတို့ညီအစ်ကို နှစ်ယောက်က ရှေ့ဆုံးခုံတန်းမှာပဲနေရာယူကြတယ်။ ကျွန်တော်ရယ် ဖိုးခက်ရယ် မောင်ကိုရယ်က သူတို့နောက်က ခုံမှာယူပါတယ်။

ဒီနှစ်ကျောင်းပြန်တက်ချိန်မှာ ကျောင်းသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးခင်လာကြပါတယ်။ ရင်းရင်းနှီးနှီး ရှိလာကြပါတယ်။ အောင်ဆန်းလည်းတစ်ယောက်နဲ့ တစ်ယောက် မေးထူးခေါ်ပြောလုပ်လာတတ်ပါပြီ။ အရင်လိုငူငူငိုင်ငိုင်နဲ့ မသိလိုက် မသိဘာ သာနေတတ်တာမျိုးမလုပ်တော့ပါဘူး။

ကျောင်းလခကတော့ (၃)ကျပ်ပေးရပြီး အထက်တန်း ကျောင်းသား တွေကတော့ (၄)ကျပ်ပေးကြရပါတယ်။

ကျွန်တော်တို့ ရေနံချောင်းအထက်တန်းကျောင်းမှာ စာပြတဲ့ဆရာတွေဆိုရင် မူလတန်းပြက (၇၅)ကျပ်၊ အလယ်တန်းပြက (၁၅၀)ကျပ်နဲ့ အထက်တန်းပြက (၂၀၀)ကျပ် ရကြပါတယ်။ အဲဒီအချိန် ကျောင်းအုပ်ကြီးရဲ့ လစာဟာ (၃၀၀)ကျပ်ပဲရှိပါတယ်။ ဒါပေမယ့် ဆရာ/ဆရာမတွေဟာ သူတို့လခကိုသူတို့ အပြည့်အဝ မရကြပါဘူး။ သတ်မှတ်လစာထက် (၅၀)ကျပ်လောက် ဆရာတိုင်း လိုလို လျှော့ယူကြရပါတယ်။ လစာ (၁၅၀)ကျပ်လောက်ရတဲ့ ဆရာ တစ်ယောက်ဟာ လစာရကြောင်းလက်မှတ်ထိုးကြတော့ (၁၅၀)ကျပ်လို့ ထိုးရပေမယ့် တကယ်ရတော့ (၁၀၀)ကျပ်ပါပဲ။ အဲဒီလိုလျှော့ယူလို့ လည်း ဘယ်ဆရာကမှ မကျေမနပ် မဖြစ်ခဲ့ကြပါဘူး။

ဆရာတွေဟာ အဲဒီအချိန်က တပည့်ကျောင်းသားတွေရဲ့ စံနမူနာပြပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြတယ်။ အကျိုးမဲ့အောင်လုပ်ခဲ့သူ





တစ်ယောက်မှ မပါခဲ့ပါဘူး။ အကျင့်စာရိတ္တပျက်စီးနေသူ၊ ကျန်းမာရေး အလွန်အမင်းချို့တဲ့နေသူ စိတ်ဓာတ်ကျဉ်းမြောင်းနေသူ ဆိုတာတွေ လည်း မပါခဲ့ဘူး။ ဆရာအားလုံးဟာ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့သူ တွေနဲ့ ကိုယ်ကျိုးအတွက် အနစ်နာ ခံသူတွေချည်းပါပဲ။ တပည့်တွေကို ပညာတော်အောင်၊ အကျင့်စာရိတ္တကောင်းအောင်၊ ပျိုးထောင်ပေးရုံ သာမဟုတ်ဘဲ၊ နိုင်ငံကိုချစ်တတ်အောင်၊ အမျိုးကို စောင့်ရှောက် တတ်အောင်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားလွတ်မြောက် ရေး စိတ်ဓာတ်၊ အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် တိုးမြှင့်ပေးလိုတဲ့စိတ်ဓာတ်၊ ကျေးကို ဘုတ်ရှိသေ ဘုတ်ကို ကျေးရှိသေစေတဲ့ ဂါရဝထားတတ်တဲ့ စိတ်ဓာတ်၊ မိမိကိုယ်ကိုမိမိ လေးစား တဲ့စိတ်ဓာတ်၊ အတ္တာဟိအတ္တနောနာထောဆိုတဲ့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်၊ တိုင်းပြည် အတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်၊ တရားမျှတမှုကို လိုလားတဲ့စိတ်ဓာတ်၊ အဲဒီစိတ်ဓာတ်တွေအခြေခံပြီး လက်ရုံးရည် နှလုံးရည်ပညာရည်ဆိုတဲ့ သုံးရပ်နဲ့ လွတ်လပ်ရေး ရဲ့ တိုက်ပွဲခေါင်းဆောင်တွေဖြစ်လာအောင် ကျွန်တော်တို့ အမျိုးသားကျောင်းတွေက အခြေခံပြီး လေ့ကျင့်ပေး နေခဲ့တာပါပဲ။ အင်္ဂလိပ်လူမျိုး ပညာမင်းကြီးဆိုတာတွေဟာ တစ်လတစ်လဆို လစာ (၅၀၀၀)အထိရကြပြီး ပညာဝန်တွေ၊ လက်ထောက်ပညာဝန်တွေဟာ(၁၀၀၀)ကျော် (၁၅၀၀)အထိ ရနေကြ ပါတယ်။ ဒါပေမဲ့ အမျိုးသားကျောင်းက ကျောင်းဆရာတွေဆိုရင် ကျောင်းဖွင့်ပြီး လေးငါးလလောက်အထိ လစာမရကြပါဘူး။ တစ်ချို့ တစ်လမှ (၄)ပဲတို့ (၈)ပဲတို့လောက်ရကြရတာ။ အဲဒီခေတ်က ဆရာလေးမျိုးရှိခဲ့တာမှာ ဥရောပတိုက်သားတွေအတွက် သီးသန့်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တဲ့ကျောင်းက ကျောင်းဆရာ၊ အစိုးရကဖွင့်တဲ့ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်တန်းကျောင်းက ကျောင်းဆရာ၊ အမျိုးသားကျောင်းက ကျောင်းဆရာနဲ့ တိုင်းရင်းဘာသာ မြန်မာကျောင်းက ကျောင်းဆရာတွေပေါ့။ အဲဒီထဲက တိုင်းရင်းမြန်မာ ကျောင်းဆရာတွေဆိုရင် (၃၆)ကျပ်နဲ့၊ အမြင့်ဆုံး ၁၀တန်းပြတဲ့ ဟိုက်ရားဂရိတ်လက်မှတ်ရပြီး ဆရာတောင်မှ (၂၀)လောက်ပဲ ရကြသတဲ့။ အဲဒီအချိန်က နေရှင်နယ်ကျောင်းဆရာတွေကို လူရှင်တော်တွေက ပြက်လုံးထုတ်တယ်။

"ရေပတ်လည်ဝိုင်းရံလျက်ရှိသောနေရာကို ကျွန်းဟုခေါ်သည်. . . ကြွေးပတ်လည် ဝိုင်းရံလျက်ရှိသောသူကို နေရှင်နယ်ကျောင်းဆရာဟုခေါ်သည်" တဲ့ . . .။

အဲဒီခေတ်က အင်္ဂလိပ်ကျောင်းဆိုတာ. . ဥရောပတိုက်သားလို့ ပြောနိုင်သူတွေ ဥရောပတိုက်သားလို သွားလာစားသောက်နိုင်သူတွေကိုပဲ လက်ခံပါတယ်။ ကျောင်းဝင်တာနဲ့ မြန်မာနာမည်ကို အင်္ဂလိပ်အမည်ပြောင်းရတယ်။ ကျောင်းဝင်လခကစပြီး စားသောက်နေထိုင်စရိတ်တွေကို ထုံးစံရှိတာထက် ပိုပြီးပေးရတယ်။ မြန်မာကျောင်းသားဆိုတာတွေကို သူတို့ကျောင်းမှာ ကန့်သတ်ထားတဲ့ ကျောင်းသားဦးရေ မပြည့်မှလက်ခံတယ်။ မြန်မာလူမျိုး ကျောင်းသားတွေ အတန်းထဲအတော်ဆုံးဖြစ်ပေမဲ့ စကောလားရှစ်ဆုငွေဆိုတာ ဘယ်တော့မှ မပေးဘူး။ အစိုးရက ဥရောပတိုက်က သားသမီးတွေကိုပဲ ဦးစားပေးတယ်။ ဥရောပတိုက်သားတွေ သင်တဲ့ကျောင်းက ကျောင်းသူကျောင်းသားတွေ ဟိုက်စကူးဖိုင်နယ်အောင်ရင် ဒုတိယတန်း ရှေ့နေစာမေးပွဲကို ဝင်ဖြေနိုင်ကြတယ်။ အင်္ဂလိပ် မြန်မာနှစ်ဘာသာကျောင်းက ကျောင်းသူ ကျောင်းသားတွေ ဘီအေအောင်မှ





ဖြေနိုင်ကြတယ်။ ဥရောပတိုက်သား ကျောင်းသား (၇)တန်းနဲ့ အင်္ဂလိပ်မြန်မာနှစ်ဘာသာကျောင်းက (၉)တန်းအောင်သူက ပညာအရည်အချင်းအဆင့်တူတယ်လို့ သတ်မှတ်ကြတယ်။ အဲဒီအချိန်က ဗြိတိသျှအစိုးရဟာ ကျွန်သက်ရှည်အောင် မြန်မာကျောင်းသားတွေရဲ့ အညွန့်ကို ရေနွေးပူနဲ့လောင်းချခဲ့တဲ့သူတွေ ဖြစ်နေကြတယ်။ ကျွန်တော်တို့ အမျိုးသားအထက်တန်းကျောင်းမှာတော့ ဆင်းရဲချမ်းသာမရွေး လူမျိုးမရွေး ဘာသာမရွေး အချိန်တိုတို စရိတ်ကျဉ်းကျဉ်းနဲ့ မြန်မာတိုင်းရင်းသား မှန်သမျှ ပညာသင်ကြားခွင့်ရကြတယ်။ သတင်းစာဖတ်ခွင့်ရတယ်။ နိုင်ငံရေးအသင်းအဖွဲ့ များမှာ ဝင်ခွင့်ရကြတယ်။ ကျောင်းခန်းထဲမှာ ပိန်းတန်းဖိနပ် ရှေ့ထိုးဖိနပ်တွေ စီးခွင့်ရ တယ်။ ဥရောပတိုက်သားတွေ သင်ခွင့်ရတဲ့ ပညာရေးမျိုးကို မြန်မာတိုင်းရင်းသားတွေ သင်လိုရင် သင်ကြားပိုင်ခွင့်ရှိတယ်။ အလွန့်အလွန် စည်းတမ်းသေဝပ်ပြီး လွတ်လပ်တဲ့ ကျောင်းမျိုးဖြစ်လေတော့ ကျွန်တော်တို့ အမျိုးသားကျောင်းကို တစ်ပြည်လုံးက စိတ်ဝင်စားကြတယ်။ ၁၉၁၅ခုနှစ်လောက်က ရေနံချောင်းမြို့ပေါ်မှာ ရှိတဲ့ လူကြီးတွေက သတ္တမမြောက် အက်ဒွပ်ဘုရင် အထိမ်းအမှတ်ဆိုပြီး ရန်ပုံငွေတွေ ကောက်ကြတယ်။ ရတဲ့ငွေကို သက်ဆိုင်ရာပို့တဲ့အခါ ရန်ပုံငွေတွေ စာရင်းပိတ်တာနဲ့ အဲဒီငွေတွေပြန်ရခဲ့တယ်။ နောက်တော့ဒီငွေတွေကို လှူတဲ့သူတွေကလည်း ပြန်မယူတော့ အများသဘောတူ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် ကျောင်းတစ်ကျောင်းကိုတည်ထောင်ခဲ့ကြတယ်။ ကျောင်းအမည်ကတော့ (King Edward VII Momorial A.V Buddhist School) အမည်နဲ့ပေါ့။ အဲဒီကျောင်းရဲ့ ကော်မတီ ဥက္ကဋ္ဌကတော့ အင်္ဂလိပ်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာအက်ဖ်ရှီ(အိုင်စီအက်စ်) (Mr. F. Shehee. I.C.S) ရေနံဝန် တစ်ယောက်ပေါ့လေ ..။ အဲ ၁၉၂၀ ခုနှစ် ပထမကျောင်းသား သပိတ်ဖြစ်တော့ အဲဒီကျောင်းက ကျောင်းသားတွေလည်း သပိတ် မှောက်ကြတယ်။ သပိတ်မှောက် ကျောင်းသားတွေကို ရေနံချောင်း ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်ပြီး အခုကျွန်တော်တို့နေတဲ့ အမျိုးသားကျောင်းကို တည်ထောင်ဖွင့်လှစ်ပေးတယ်။ ကျောင်းသား တွေက ကျွန်တော်တို့ အမျိုးသားကျောင်းကို အလုံးအရင်းလိုက်ပြောင်း လာလိုက်တာ မူလကျောင်းမှာကျောင်းသား (၂၀)လောက်ပဲ ကျန်ခဲ့တော့တယ်။ ၁၉၂၁-၂၂ခုနှစ် အလယ်လောက်မှာ ကျောင်းကော် မတီတွေက ဘဏ္ဍာရေးအခြေအနေအရ ကျောင်းတာဝန်တွေကို ဆက်ပြီး မယူနိုင်တော့လို့ အမျိုးသားကျောင်းကိုပဲလွှဲပေးဖို့ ဆုံးဖြတ်ကြတယ်။ ဒါပေမဲ့ အဲဒီအချိန်က ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌလုပ်တဲ့ အင်္ဂလိပ်လူမျိုး Mr.CFB Pearce ရေနံဝန်က ဆုံးဖြတ် ချက်ကိုလက်မခံပဲ အစိုးရကိုပြန်လွှဲပေးလိုက်သတဲ့။ ဒီတော့ **အမျိုးသားကျောင်းရဲ့အရှိန်အဝါဟာ ဘယ်လောက်တောင် ထွန်းတောက်နေတယ်ဆိုတာ ခန့်မှန်းမိလောက်ပါတယ်။** အမျိုးသား **အထက်တန်းကျောင်းတွေမှာ** အစိုးရအထောက်အပံ့ယူတဲ့ကျောင်းနဲ့ မယူတဲ့ကျောင်းဆိုပြီး နှစ်မျိုးနှစ်စားရှိတယ်။ ကျွန်တော်တို့ ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းကတော့ အစိုးရ အထောက်အပံ့ယူတဲ့ကျောင်း ဖြစ်တယ်။ ဒီလိုယူတာလည်း တရားမျှတ မှန်ကန်တယ် လို့ ထင်မြင်ယူဆခဲ့ကြတယ်။ ဗြိတိသျှအစိုးရဟာ မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်တယ်။ မြန်မာနိုင်ငံက သံယံဇာတ တွေကို ထုတ်ယူတယ်။ အဲဒီကငွေတွေရတယ်။ တကယ်တော့





ဒီငွေတွေဟာ မြန်မာတိုင်းရင်းသားတွေပိုင်တဲ့ ငွေပဲ၊ အစိုးရဆိုတာ ခေတ္တခဏပဲ သိမ်းထားခွင့် ရှိနိုင်မယ်။ ပြည်သူပိုင်တွေမို့ ပြည်သူတွေ ရပိုင်ခွင့်ရှိတယ်။ ဒါကြောင့် အမျိုးသားကျောင်းက အထောက်အပံ့ ယူသင့်တယ်လို့ ဆုံးဖြတ်ပြီးယူခဲ့တယ်။ **ကျောင်း(၉၀)ကျော်မှာ** (၅၀)လောက်ကတော့ ငြင်းခဲ့ကြတယ်။ **ဘယ်အနှောင်အဖွဲ့ကိုမှ** အတည်းမခံချင်ဘူးဆိုတဲ့ သဘောပေါ့။ **အဲဒီလို အထောက်အပံ့ယူရေး** မယူရေးဟာ ဘယ်လောက်အထိ **ပြင်းထန်လာခဲ့သလဲဆိုရင် ဂျီစီဘီအေ** နှစ်ခြမ်းကွဲဖို့ အက်ကြောင်းကြီး တစ်ခု**အထိ ဖြစ်လာခဲ့ရတယ်။** ဂျီစီဘီအေ ကွန်ဖရင့်မှာ ဝိုင်အမ်ဘီအေ **ဦးထွန်းလှက အစိုးရက** စေတနာရှိရိုးမှန်ရင် ပညာသင်ကြားရေး**အတွက် အဟုတ်တကယ်** ငွေကြေးထုတ်ပေးဖို့သင့်ကြောင်း အဆို**သွင်းတာကို ဦးစိန်မြူးက** ထောက်ခံတယ်။ နောက်မန္တလေး အမျိုး**သားကျောင်းဆရာအသင်း** ဦးငွေသော်က အစိုးရ အထောက်အပံ့**ငွေများကို လက်ခံရင်** အစိုးရအရာရှိများက ဝင်ရောက်စွက်ဖက်ပြီး **ကြီးကြပ်မယ့်အရေးကို** စိုးရိမ်ရကြောင်း ကန့်ကွက်တော့ ကျောက်**မြောင်း ဦးစင်မောင်ကြီးက** အစိုးရ အရာရှိများ ဝင်ရောက်စွက်**ဖက်ခြင်း မပြုလုပ်စေရလို့** ပြင်ဆင်ဖြည့်စွက်တာကို ရန်ကုန် **ဦးပုက ပညာသင်**ကြားရေး နောက်နားမှာ မြူနီစပယ်ရန်ပုံငွေ**များကိုလည်း ထည့်သွင်းရန်** သင့်ကြောင်း ထပ်မံအဆိုပြုတယ်။ ဒါကို **ပျဉ်းမနားဦးကြဲက** ထောက်ခံ လို့ အဆိုပြီးပြတ်သွားပြီး အစိုးရပညာ**သင်ကြားရေး မြူနီစပယ်ရန်ပုံငွေ** အပါအဝင်၊ ရန်ပုံငွေကို တိုင်း**ရင်းသား၊ ပညာသင်ကြားရေးမှာ** အထောက်အပံ့ တောင်းခံသင့်**ကြောင်း၊ အဲဒီလို အထောက်အပံ့** ယူရာမှာ အစိုးရအရာရှိများ **ဝင်ရောက်စွက်**ဖက်ခြင်း မပြုလုပ်စေရန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြတ်သွားခဲ့တယ်။

၁၉၂၂ ခု ကုန်ခါနီးလောက်မှာ အမျိုးသားပညာရေးအဖွဲ့ချုပ်မှာ ငွေကြေးကျပ်တည်းတော့ ၂၁-ဦး ဝံသာနုတို့က အစိုးရအထောက်အပံ့ယူတာ ကိုယ့်ငွေကို ကိုယ်ယူတာ ဖြစ်လို့ယူစေလိုတယ်။ အထောက်အပံ့မယူချင်တဲ့သူတွေရဲ့ စိတ်ထဲမှာ အစိုးရပညာရေး စနစ်ကို တော်လှန်ပြီး အမျိုးသားပညာရေးစနစ်ထူထောင်ခဲ့ကြတာ အခု အထောက်အပံ့ယူရင် အစိုးရကျောင်းတွေပြန်ဖြစ်လို့ ခဲလေသမျှ သဲရေကျဖြစ်ရမှာ မယူချင်တဲ့သဘော ဖြစ်တယ်။

အဲဒီမှာ ဂျီစီဘီအေရဲ့ အက်ကြောင်းစခဲ့တာပါပဲ။ အထောက်အပံ့မယူတဲ့ဘက်မှာ၊ လှိုင်၊ ပု၊ ကျော်တို့ရှိခဲ့ကြတယ်။ ၁၉၂၃ ခု ဧပြီလမှာ အမျိုးသားပညာရေးအဖွဲ့ချုပ်နဲ့ အစိုးရတို့ ကတိစာချုပ်ချုပ်ရာမှာ အမျိုးသားကျောင်းများ အစိုးရစစ်တဲ့ အလယ်တန်းနဲ့ အထက်တန်း စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုခွင့်ပြုရန်တို့ဖြစ်ခဲ့တယ်။

အထောက်အပံ့ရတယ်ဆိုတာလည်း တကယ်တော့ အစိုးရက ကျောင်းရဲ့အရှုံးငွေကို တစ်ဝက်ခံတဲ့သဘောပါ။ တစ်နှစ်ကုန်ကျစရိတ် တစ်သောင်းဖြစ်ပြီး ကျောင်းလခ ၄၀၀၀ိ/- ရလို့ ၆၀၀၀ိ/- အရှုံးရှိခဲ့ရင် အစိုးရက ၃၀၀၀ိ/-ပဲပေးပါတယ်။ ကျန်တဲ့ ၃၀၀၀ိ/- ကို ကျောင်းကော်မတီက ရှာရပါတယ်။ ဆရာတွေအိတ်ထဲက စိုက်ရသလို မြို့သူမြို့သားတွေ ဆီကလည်း အလှူခံကြရပါတယ်။

အလှူခံတာနဲ့ပတ်သတ်ပြီး ရေနံချောင်းမှာ စီးပွားလာရှာကြတဲ့ မျက်နှာဖြူတွေနဲ့ သူတို့ကျောင်းက ကျောင်းသားတွေက လှောင်ကြပြောင်ကြတယ်။ အဲဒါကို ကျွန်တော်တို့ ကျောင်းသားတွေ





ဘက်က နည်းနည်းမှမခံချင်ခဲ့ကြဘူး။ တစ်နေ့ကျရင်တော့ ဝိုင်းချကြမယ်ပေါ့။ ဒါလည်းမဖြစ်ခဲ့ပါဘူး။ ကျောင်းစည်းကမ်းမှာကိုက ရန်ဖြစ်ရင်ကျောင်းထုတ်ပစ်မယ်ဆိုတဲ့ အလွန်မတန်ပြင်းထန်တဲ့ ဥပဒေရှိနေလေတော့ တစ်ဖက်ကစရင်တောင် ငုံ့ခံပြန်လာရတဲ့ အဖြစ်မျိုးတွေရှိခဲ့ပါတယ်။

အဲဒီအချိန်က ရေနံချောင်းမြို့ပေါ်မှာ စာသင်ကျောင်းတွေ တော်တော်များများ ရှိခဲ့ပါတယ်။

အစိုးရကျောင်းဖြစ်တဲ့ အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင် အထက်တန်းကျောင်းအပြင် ဆရာကြီး ဦးဟန်သာရဲ့ တိုင်းရင်းဘာသာ မြန်မာအထက်တန်းကျောင်းတစ်ကျောင်း ရှိတယ်။ အလယ်တန်းကျောင်းဆိုရင် လှည်းတန်း၊ သပြေတန်း၊ ဝက်ချုပ်ဆိုပြီး (၃)ကျောင်း ရှိတယ်။

မူလတန်းကျောင်းဟာ ရွာသစ်၊ ရွှေကြာငုံ၊ ချောင်းခြားရပ်တွေထဲမှာ (၃)ကျောင်းရှိတယ်။

ဒီစကြိုတ်ကောင်စီကျောင်းတွေဆိုရင် တိုင်းရင်းဘာသာ မြန်မာစာသင်ကျောင်း တွေဖြစ်ခဲ့ကြပြီး သစ်တပွေတောင်ရွာ၊ မြောက်ရွာ၊ ရှားပင်ရိုး၊ ခွာတ်မီးကျောင်း၊ သံကန်ကုန်း၊ တွင်းကုန်း၊ ဝက်မစွတ်၊ နတ်ကန်ဦး၊ သုံးဆယ့်ခြောက်၊ ပင်းဝ၊ မာန်မြေ၊ ချောင်းဆုံ၊ ချိုင်း ဆိုတဲ့ ကျေးရွာတွေမှာရှိခဲ့တယ်။

ကုမ္ပဏီပိုင်ကျောင်းဆိုလို့ ၁၉၂၃ ခုနှစ်မှာ ရေနံချောင်းက လေဘာယူနီယံအဖွဲ့က ဦးဆောင်ပြီး ရေနံမြေအလုပ်သမားသပိတ်ကြီး ပေါ်ပြီးတဲ့နောက် အလုပ်သမားတွေ တောင်းဆိုချက်အရ အလုပ်သမားရဲ့ သားသမီးတွေ ပညာသင်ကြားဖို့ ဘီအိုစီကုမ္ပဏီက တိုင်းရင်းဘာသာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာသင်ကျောင်းတွေတည်ထောင်ဖွင့်ပေးခဲ့ရတယ်။ ဘီအိုစီပညာဝန်အဖြစ်နဲ့ ပထမဆုံးခန့်ထားခံရတဲ့သူဟာ ဦးငွေဇင်ဖြစ်ခဲ့တယ်။ ဘေးမဲ့ဘီအိုစီအလယ်တန်းကျောင်းမှာ ဦးထွန်းဖေက ပထမဆုံးကျောင်းအုပ်ဖြစ်ခဲ့တယ်။ ၁၉၂၄ ခုနှစ်မှာ မြေနီခင် အလယ်တန်းကျောင်းနဲ့ ၁၉၂၇ ခုနှစ်မှာ တွင်းကုန်းနဲ့ညောင်လှမှာ အလယ်တန်းကျောင်းတွေ တိုးချဲ့ဖွင့်ပေးခဲ့ရတယ်။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းအုပ်ကြီးဖြစ်လေတဲ့ ဆရာကြီး ဦးအေးမောင်ဆိုတာ လေဘာယူနီယံရဲ့ အတွင်းရေးမှူးလည်းဖြစ် ပြီးတော့ ကျွန်တော်တို့အတန်းထဲက ရီအေးတို့ မခင်မေတို့ အဖေလည်းဖြစ်ပါတယ်။ ဇာတိကသရက်သားဖြစ်ပြီး သဘောအလွန်ကောင်းပါတယ်။ ဒါပေမယ့် ကျောင်းအုပ်ကြီးဆိုတော့အားလုံးက ချစ်ကြောက်ရိုသေကြရပါတယ်။ ခေါင်းပေါင်းစတထောင်ထောင်၊ ရင်ဖုံးအင်္ကျီချပ်ချပ် ရပ်ရပ်၊ တောင်ရှည်ပုဆိုးစွန်တောင်ကြားနဲ့ ကြိမ်လုံးကြီးတစ်ချောင်းကို 'ဗိုးကနဲ' 'ဗိုးကနဲ' ရမ်းပြီး တစ်တန်းဝင် တစ်တန်းထွက်လိုက်စစ်ပလားဆိုရင် ကျောင်းသားတွေ အားလုံး ကုပ်နေကြရတယ်။ အတန်းထဲဝင်ခါနီး ထရံကို 'ဗျန်းကနဲ'ကြိမ်သံပေးလိုက်ရင် ကျောင်းသူ ကျောင်းသားတွေအားလုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ရပါတယ်။ ကျောင်းစည်းကမ်းကလည်း အလွန်မတန်ကြီးပါတယ်။ ခွင့်မတိုင်ဘဲ ကျောင်းတစ်ရက်ပျက်ရင် ကြိမ်ဒဏ်တစ်ချက် အရိုက်ခံရပါတယ်။ ဒီတော့ သတ်မှတ်ထားတဲ့ ကျောင်းစည်းကမ်းတွေကိုလိုက်နိုင်ပါမှ အမျိုးသားကျောင်းကိုလာနေလို့ရပါတယ်။ ကျောင်းခေါ်စာရင်းဆိုရင် မနက်တစ်ချိန်၊ နေ့လည် တစ်ချိန်ခေါ်တဲ့အပြင် မထင်မှတ်ဘဲ ကြားချိန်တွေမှာလည်း ဝင်ဝင်စစ်ပါတယ်။ ဒီတော့ ကျောင်းပြေးတယ်





ဆိုတဲ့ အလုပ်မျိုးကို စိတ်နဲ့တောင်မကူးရဲလောက်အောင် ကြောက်ကြရပါတယ်။

အဲဒီလို စည်းကမ်းကောင်းလို့လည်း ထူးချွန်တဲ့ကျောင်းသားတွေရှေ့မှာပေါ်ခဲ့ရ ပြီးနောက်တစ်ချိန်ချိန်မှာလည်း ဗြိတိသျှကိုတော်လှန်ရဲပြီး ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ့်ဘာသာ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေရအောင်ယူပေးနိုင်မယ့် အရည် အချင်းရှိတဲ့ တိုင်းပြည်ရဲ့ခေါင်းဆောင်တွေ ထွက်ပေါ်လာခဲ့တော့မှာပေါ့။

ဩော် …… အမျိုးသားကျောင်းတွေ ဆိုတာ ခပ်ညံ့ညံ့လူတွေမွေးဖွားလာအောင် ခပ်ညံ့ညံ့သွေးတွေ သွင်းပေးနေတာမှ မဟုတ်ဘဲလေ။

ခပ်ထက်ထက်နဲ့ အညွန့်တထောင်ထောင် တက်လူတွေကိုမြေတောင်မြှောက်ပြီး မျိုးချစ်စိတ်အမြုတေရအောင် မွေးဖွားသန့်စင်ပေးလေတဲ့ ဘူမိနက်သန်နေရာ မှန်ကြီးတစ်ခု မဟုတ်ပါလား။

တစ်နေ့တော့ ကျောင်းစာသင်ခန်းထဲမှာ အောင်ဆန်းက ကျွန်တော့်ကို ထူးထူးဆန်းဆန်း စကားတွေပြောခဲ့ဖူးတယ်။

'ငါတို့သာတစ်နေ့ တိုင်းပြည်ခေါင်းဆောင်ဖြစ်လာခဲ့ရင် ငါတို့အမျိုးသားကျောင်းတွေက ကျောင်းဆရာကြီးတွေကို အစိုးရအဖွဲ့ထဲမှာ အများကြီးပါအောင်ခန့်ချင်တယ်"

"ဘာစိတ်ကူးပေါက်သွားရပြန်တာလဲ"

"ဟုတ်တယ်ကွ တို့ဆရာတွေဟာ တကယ့်မျိုးချစ်စိတ်ရှိဆရာတွေ၊ ခုကြည့် ပင်စင်လစာမရှိ အနာဂတ်မျှော်လင့်ချက်၊ အာမခံချက်ဘာမှမရှိကြဘဲ မမျှော်လင့်ကြဘဲ အနစ်နာခံလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာကိုက ကြည်ညိုဖို့ကောင်းလှပြီ။ တို့တိုင်းပြည်လွတ်လပ်ရေးရတယ်ဆိုရင်လည်း အမျိုးသားကျောင်းတွေကတိုက်ယူခဲ့ရတဲ့ လွတ်လပ်ရေးဖြစ်မယ်ကွ ဒီတော့ရလာတဲ့လွတ်လပ်ရေးကို အမျိုးသားကျောင်းဆရာတွေကို ယုံယုံကြည်ကြည်နဲ့ အပ်ရမယ် တို့ဆရာတွေဟာ ဗြိတိသျှအစိုးရ အလိုတော်ကျ ဆောင်ရွက်ပေးနေကြတဲ့ အမှုထမ်းမျိုးတွေမဟုတ်ဘူး။ နိုင်ငံအတွက် တကယ်အကျိုးရှိအောင် အမှုထမ်းနေကြတဲ့ နိုင်ငံတော်အမှုထမ်း (National Service) တွေလေ"

ကျွန်တော့်ကို မကြာမကြာကလေးတစ်ယောက်အတွေးကလေးတစ်ယောက်ရဲ့ ဖြစ်ချင်စိတ်နဲ့ အောင်ဆန်းက ပြောပြခဲ့တဲ့အထဲမှာ မြန်မာပြည်ကို အင်္ဂလိပ်လက်ကပြန်ရဖို့ သူပုန်ထနည်းအမျိုးမျိုးကို သူတွေးခဲ့ပုံနဲ့ ဟုတ္တိပတ္တိစိတ်ကူးမျိုးရှိရာက တစ်ခါတစ်ရံ တန်ခိုး ကြက္ခိပတ်ရှိတဲ့ ပြဒါးရှင်လုံးမျိုးရှာဖွေလိုစိတ်ပေါက်ခဲ့ဖူးကြောင်း အဲဒီပြဒါးရှင်လုံး အစွမ်းနဲ့ ဗမာပြည်ကို ကယ်တင်လိုကြောင်းတွေလည်းပါပါတယ်။ အဲဒီစိတ်ကူးယဉ်ပုံမျိုးထက်စာရင် အမျိုးသားကျောင်းဆရာတွေအပေါ်ထားတဲ့ သူ့ရဲ့အနာဂတ်စိတ်ကူးဟာ တကယ်မွန်မြတ် မှန်ကန်တယ်လို့ ပြောရမှာပါပဲ။

သြော် . . . ခုအရွယ်လေးရ အတန်းလေးမြင့်လာတော့ သူ့အတွေးအခေါ်တွေနဲ့ သူလုပ်ချင်တာဖြစ်ချင်တာတွေဟာ တကယ့်လက်တွေ့နဲ့ နီးနီးစပ်စပ်ရှိလာခဲ့ပါပြီ. . ။

"နိုင်ငံရေးအစ အမျိုးသားကျောင်းကဆိုတာလို" အောင်ဆန်းတို့ ကျွန်တော်တို့ အမျိုးသားကျောင်းသားတွေ ရင်ထဲမှာ နိုင်ငံရေးမျိုးစေ့တွေ အညှောင့်ပြူထွက်လာခဲ့ကြပါပြီ. ။ တကယ်တော့ . . . အမျိုးသားနိုင်ငံရေးလုပ်ဖို့အတွက် အမျိုးသားကျောင်းတွေရဲ့ ပခုံးပေါ်ကို ရောက်လို့လာခဲ့ပါပြီ။








၁ နဲ့ ၃ ပေါင်းရရင် ၄ ဂဏန်းတစ်ခုတည်းရတယ်။ အဲဒီဂဏန်းက ထူးဆန်းပြီး အဲဒီဂဏန်းစီးနင်းခြင်းခံရတဲ့ သူများဟာ အထင်လွဲ အမြင်လွဲခံရတတ်တယ်။ အဖော်မပါ တစ်ကိုယ်တည်း နေရတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃ဂဏန်းမကြောက်တဲ့သူ

၁၉၃၀ ခုနှစ်မှာ ကျွန်တော်တို့ ခုနှစ်တန်းကိုရောက်တဲ့နှစ်။

အဲဒီနှစ်မှာ ကျောင်းရဲ့ ထူးခြားချက်ကတော့ ကျောင်းအုပ်ဆရာကြီး ဦးပု (B.Sc) လန်ဒန်ရောက်လာခဲ့ပါပြီ။အရင် ဆရာကြီး ဦးအေးမောင်ကတော့ ကျောင်းအုပ်အဆင့်က ပြန်ဆင်းပြီး ကျွန်တော်တို့ အလယ်တန်းကျောင်းသားတွေကို စာပြန်သင်ပေးပါတယ်။ စာအသင်အပြလည်းကောင်း၊ ဗဟုသုတတွေလည်း ဖွယ်ဖွယ်ရာရာ မပျင်းမရိအောင် ပြောတတ်ကြတဲ့ ဆရာကြီး ဦးကျော်ဇံတို့ ဦးအောင်ကိုးတို့ဆိုတာလည်း အမျိုးသားကျောင်းမှာ ရှိနေကြတုန်းပါ။

ဒီနှစ်မှာ ဆရာကြီးဦးအောင်ကိုးက အင်္ဂလိပ်စာနဲ့ပထဝီသင်ပြီး ဆရာကြီးဦးကျော်ဇံက အင်္ဂလိပ်စာနဲ့ သင်္ချာကိုတွဲသင်ပါတယ်။ မြန်မာစာဆိုရင် မဟာဇနက္ကဇာတ်တော် မြန်မာ့ဂုဏ်ရည် တစ်အုပ်လုံးပုတ္တောဝါဒပျို့နဲ့ ဦးအုန်းမောင်ရဲ့ စာစီစာကုံး ရေးနည်းကျမ်းတွေသင်ခဲ့ကြရတယ်။ အင်္ဂလိပ်စာမှာတော့ Robin Hood and his





**marnie men (A.L Bright's story Reader series)** ကို စကားပြေအဖြစ်နဲ့ ဖတ်ဖို့အသုံးပြုရတယ်။ The AL Gloden Gems **Part I** ကဗျာတွေရွတ်ဆိုကြရပြီ။

ပါဠိမှာ သံသုမာရဇာတကတွေ မင်္ဂလသုတ္တဂါထာတွေ သဒ္ဒါနဲ့ ဘာသာပြန်နည်း တွေစသင်ခဲ့ကြရပြီ။ ဒီပါဠိကို ဆရာကြီးဦးခင်သန်းက သင်ခဲ့ပါတယ်။ ကျွန်တော့်အတွက် ပါဠိဘာသာသင်ခန်းစာဟာစိမ်းနေပေမယ့် အောင်ဆန်းကတော့ စိတ်ဝင်စားမှုနဲ့ ငယ်ငယ်က အခံရှိလေတော့ စကတည်းက ပါဠိအသံထွက်တွေကို မှန်မှန်ကန်ကန် ထွက်တတ်ခဲ့ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ အောင်ဆန်းနဲ့ ပတ်သက်ပြီးသိချင်နေတာတွေရှိခဲ့တယ်။ တစ်နေ့မေးမယ်မေးမယ်နဲ့ ချိန်ထားခဲ့တာ မမေးဖြစ်ခဲ့ပါဘူး။ တစ်နေ့တော့ အောင်ဆန်း တစ်ယောက်ကျောင်းပိတ်ရက်မို့ ကျွန်တော့်အိမ်ရောက်လာပါတယ်။ ကျွန်တော်က ဘုရားပေါ်သွားရအောင်ကွာလို့ခေါ်ပြီး စနေနံဘုရားပေါ်တက်ခဲ့ကြတာပါပဲ။ တကယ်တော့ သူနဲ့အေးအေးလူလူစကားစမည်ပြောရအောင်လို့ပါ။ ဘုရားပေါ်က တန်ဆောင်းတစ်ခုထဲမှာ ကျွန်တော်တို့ နှစ်ယောက်အမောဖြေရင်း ထိုင်စကားပြောဖြစ်ခဲ့ကြတယ်။

ကျွန်တော်သိချင်နေတာက အောင်ဆန်းဟာ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်ဖွားဆိုတော့ ကျွန်တော့်ထက် (၂)နှစ်လောက်ငယ်တယ်။ ဖေဖော်ဝါရီ (၁၃)ရက်ဟာ စနေနေ့ဖြစ်ရက်နဲ့ စနေသားဟာ ဘာကြောင့် 'အောင်ဆန်း'လို့မှည့်ရသလဲဆိုတာပေါ့။

ဒီလိုစပ်စပ်စုစုလုပ်တာကို အောင်ဆန်းက ကျေကျေနပ်နပ်လက်ခံပြီး စိတ်လိုလက် ရပြောပြခဲ့ပါတယ် ......။



www.burmeseclassic.com

www.burmeseclassic.com



သူနာမည်က ဇာတာရက်ချုပ်ထဲမှာ 'ထိန်လင်း'လို့မှည့်ထားကြောင်း ဒါပေမဲ့ ညီအစ်ကိုရင်း၊ ညီအစ်မရင်းဟာ အထက်အောက်တစ်ယောက်နာမည်တစ်ယောက်လိုက်ပြီး ခပ်ဆင်ဆင်ခေါ်ချင်ကြတဲ့ မြန်မာလူမျိုးတွေရဲ့ဝါသနာကြောင့် အခုလည်းသူ့ထက် သုံးနှစ် ကျော်လေးနှစ်လောက်ကြီးတဲ့ ကိုအောင်သန်းကြောင့် သူ့အောင်ဆန်းဖြစ်ခဲ့ရကြောင်းပါတဲ့. . . ။

ပြီးတော့ ကျွန်တော်က '၁၃-ဂဏန်းဆိုတာ ကံမကောင်းတဲ့ဂဏန်းမဟုတ်ဖူးလား' လို့မေးတော့. . .

သူက အားပါးတရလှောင်ရယ်လေးရယ်ပြီး ပြန်ပြောခဲ့သေးတယ်။

'ဟာဗျာ. . . . .(၁၃)ဂဏန်းဆိုတာ ကံမကောင်းတဲ့ဂဏန်းလား. . ငါတော့ မယုံဘူး. . ဒီလိုပြောကြလွန်းလို့ သေသေချာချာကိုလေ့လာထားခဲ့တယ်. . ကဲ. . . . ပြော (၁၃) ဂဏန်းရဲ့ ရုပ်ပုံကားကိုပြောပြစမ်းပါ'

အဲဒီလို ပညာစမ်းပြန်တော့လည်း ကျွန်တော့်မှာ ပါးစပ်ကြီးဟပြီး ခွေးအကြီး လှည်းနင်းခံရသလို ကြောင်အမ်းအမ်းကြီးဖြစ်လို့ ဘာမှပြန်မပြောတတ်ခဲ့ပါဘူး. . . . .။

'သူ့အရုပ်ကားက လယ်ထဲမှာ အရိုးတစ်ခုဟာ ကောက်ရိတ်နေတယ်. . အဲဒီအရုပ်ရဲ့ လက်နဲ့ခြေထောက်တွေဟာ အပင်ပေါက်လာတဲ့မြက်တောထဲမှာ ထိုးထောင်နေတယ်။ သရဖူဆောင်းထားတဲ့ ယောကျ်ားဦးခေါင်းတစ်လုံးက တံဇဥ်ဖျားမှာကျနေတယ်။ ဆံပင်ကို ခေါင်းအလယ်တည့်တည့်မှာခွဲပြီး ဖားလျားချထားတဲ့ မိန်းမဦးခေါင်းတစ်လုံးက အဲဒီ နောက်နားမှာရှိတယ်။ ဂဏန်း ၁၃





ဆိုပေမဲ့ ၁ နဲ့ ၃ ပေါင်းရရင် ၄ ဂဏန်းတစ်ခုတည်းရတယ်။ အဲဒီဂဏန်းက ထူးဆန်းပြီး အဲဒီဂဏန်းစီးနင်းခြင်းခံရတဲ့သူများဟာ အထင်လွဲ အမြင်လွဲခံရတတ်တယ်။ အဖော်မပါ တစ်ကိုယ်တည်းနေရတတ်တယ်။ မိမိကို အမြဲတစေ တိတ်တဆိတ်ကြံစည်တတ်တဲ့ ရန်သူတွေနဲ့ အတိုက်အခံပြုရတတ်တယ်။ ရပ်ရွာကိစ္စ၊ အစိုးရကိစ္စတွေမှာ ထုံးတမ်းအစဥ်အလာကိုမှုတ်ပြီး ခေတ်ပြောင်းတော်လှန်တတ်ကြတယ်။ အမျိုးစုံသော လူမှုရေးကိစ္စပြဿနာများ ခေတ်ပြောင်းပြုပြင်ရေးကိစ္စများ ကိုင်ဆောင်ကျဉ်း ရန်ဝါသနာပါကြတယ်။ ထိုသူတို့သည် သမ္မတနိုင်ငံသစ်ကို ထီးနန်းသစ်ကို တည်ဆောက် စိုက်ထူတတ်လေသည်တဲ့ကွ။"

'ဟာ ဒီလောက်တောင်သိရအောင် မင်းကို ဘယ်သူကများ သင်ပေးထားလို့လဲ'

'ဘယ်သူမှပြောထားတာ သင်ပေးထားတာ မဟုတ်ဘူး. . ကမ္ဘာကျော် နက္ခတ်ဗေဒင်ဆရာကြီးကိုင်ရိုရဲ့ ဟောချက်ကို စာအုပ်ထဲမှာရှာဖတ်ထားတာ'

ဩော် အဲဒီတုန်းက သူ့အမူအကျင့်တွေကလည်း သူပြောတဲ့အတိုင်း ရုပ်လုံးတစ်ခါ တစ်ရံပေါ်ပေါ်လာတတ်ပါလေတယ်လို့ ကျွန်တော်ပြန်ပြီးအစဖော်သတိရနေမိခဲ့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



## တွင်းရိုးနဲ့ တွင်းစား

ကျွန်တော်နဲ့ အောင်ဆန်း စနေနံဘုရားပေါ်ကနေ တောင်ဘက်ဆီလှမ်းကြည့်လိုက်တော့ ရွှေမြင်မိစေတီနဲ့ ရွှေဘုံသာစေတီ လှမ်းမြင်ရပါတယ်။ အရှေ့ဘက်မှာတော့ စနေနံဘုရားနဲ့ကပ်နေတဲ့ ညောင်ပင်ဝိုင်းရှစ်မျက်နှာစေတီ၊ မြသိန်းတန်စေတီ၊ ရွှေဂူဘုရား၊ ရွှေမင်းဝံဘုရားစေတီကိုတွေ့ရပါတယ်။ ဟိုဝေးဝေးမှာတော့ သံကံကုန်း၊ တွင်းကုန်း၊ ပျားကြီး တောင်၊ ခိုတောင်ဘက်တွေဆီမှာ ရေနံစင်မြင့်မြင့်မားမားကြီးတွေလှမ်းတွေ့ရတယ်။ မြောက်ဘက်လှမ်းကြည့်ပြန်တော့ ရွှေဆင်တင်စေတီ၊ မြသိန်းတန်စေတီ၊ ရွှေစေတီနဲ့ ပိဋကတ်သုံးပုံကျောက်စာရုံကိုမြင်နေရတယ်။

ရေနံချောင်းဆိုတာလည်း ရေနံတွင်းစားသူဌေးတွေ ကုန်သည်သူဌေးတွေ အရာထမ်း အမှုထမ်းတွေများလေတော့ ဘုရားတွေကလည်းလက်ညှိုးထိုးမလွဲရှိသလို ရွှေရောင်ကလည်း





တဝင်းဝင်းနဲ့ပါပဲ။

အဲဒီအချိန်က ထူးခြားလှတဲ့ မြင်ကွင်းတစ်ခုကတော့ ဧရာဝတီမြစ်ညာကို တရွေ့ရွေ့ရွက်တိုက်ပြီး **ဆန်**တက်လာနေကြတဲ့ ရေနံတင်ပိန်းကောလှေ၊ စပါးတင်လှေကြီး**တွေ**ပါပဲ။

အောင်ဆန်းက မန်းမနီးရေဝေးသား**ဆိုတော့** ဒါမျိုးကို ခုမှမြင်ဖူးရရဲ့ထင်ပါတယ်။

"အဲဒါ ရန်ကုန်ကနေ ဆန်တက်လာ**ခဲ့**ကြတဲ့ လှေကြီးတွေပေါ့... စနေနံဆိပ်ကို ဆိုက်ကြမှာ ဟို**ရှေ့**ကမြင်လား ရေနံစင်ကြီးတွေ အဲဒီရေနံတွင်းထဲက ထွက်တဲ့**ရေနံစိမ်းတွေ**ကို လှေကြီးတွေရဲ့ ဝမ်းဗိုက်ထဲထည့်ပြီးယူသွားကြမှာ"

"အဲဒီလှောက်ခရီးဝေးကိုယူသွားနိုင်လို့**လား**... လမ်းမှာ ပေါက်မကျဘူးလား။"

"မကျဘူး.. မယိုဘူးကွ.. ဒါ လှေ**နဲ့သယ်ကြတာ**.. တို့မမွေးခင် ခေတ်တွေကဆိုရင် ရေနံကို စဉ့်အိုး**ကြီးတွေထဲမှာ ထည့်ပြီး** ဖောင်ပေါ်တင် မျှောသွားကြတာလို့ အဖေက **ပြောခဲ့ဖူးတယ်**..."

"အဲဒီ ရေနံစိမ်းတွေကို ရေနံဆီ.. **ဓာတ်ဆီ** ချက်ကြမှာပေါ့နော်"

"ဒါပေါ့.. ဟိုအောက်ဖက်ဆီမှာ **ရေနံ**ချက်တဲ့ စက်ရုံတွေရှိတယ် ဒါပေမဲ့ ဒီလို လုပ်ကြတာက **တို့မြန်**မာလူမျိုး တွင်းစားတွေ ကုန်သည်တွေ လုပ်ကြတာပါ.. **ဗြိတိသျှကုမ္ပ ဏီ** BOC တို့က ဒီထက်မြန်တဲ့ ပို့ဆောင်ရေးမျိုးနဲ့ လုပ်**နေကြ**တာ.."

"ဘယ်လို ပို့ကြတာလဲ သင်္ဘော**တွေနဲ့လား**"

"သင်္ဘောတွေတင် ဘယ်ကမလဲ မင်း ဟိုအရှေ့



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်ကြည့်စမ်း. . ဟိုမှာ မြင်ရတဲ့ ဖြူဖြူပိုက်လုံးရှည်ကြီးလေ"

အောင်ဆန်းက ကျွန်တော်ပြရာကို လှမ်းကြည့်နေရင်းက သူ့စိတ်ထဲမှာ သိပ်သဘောပေါက်ပုံ မပေါ်ခဲ့ပါဘူး။

"အဲဒါ ရေနံချောင်းနဲ့ သန်လျင် မိုင် ၄၀၀ ကျော်ရှိတဲ့ ခရီးကို ဆက်ထားတဲ့ ၁၀လက်မ ရေနံပိုက်လိုင်းကြီးပဲ. ."

"ဟာ. . အတော် လောဘတက်သလောက် အကြံကြီးတဲ့ လူတွေပဲ ဒီလောက် ခရီးကို ရေနံက သွားလို့လား"

"လမ်းမှာ အဆင့်ဆင့် မောင်းတင်ပေးတဲ့ စက်တွေရှိတယ်ကွ. . သူတို့က တို့ရေနံတွေကို သင်္ဘောတွေနဲ့ အိန္ဒိယတို့ အင်္ဂလန်တို့ကို ပို့ပေးနေကြတယ်"

"အဲဒီ ပိုက်လိုင်းနဲ့ ဒီဘက်က ရောမ သံလှောင်ကန်ကြီး ဖြူဖြူကြီးတွေရှိတဲ့ နေရာ နားမှာ BOC က ငနဲတွေနေကြတယ်. . ရွှေဘုံသာ၊ သစ်တစ်ပွေ၊ ညောင်လှဆိုတဲ့ အရပ်တွေပေါ့. . သူတို့အတွက် တင်းနစ်ကွင်းတွေ. . ဂေါက်ကွင်းတွေ. . ကလပ်တွေ. . ဆေးရုံတွေ. . ရေကူးကန်တွေရှိတယ်ကွ. ."

"ဒါဖြင့် ဒီလူတွေက တို့မြေထဲကထွက်တဲ့ အဆီအသားတွေကို ဝါးမြို့ပြီး ဇိမ်လာရစ် နေကြတာပေါ့လေ. ."

"အဲဒီအကြောင်း. . အသေးစိတ်တော့ ငါလည်း သိပ်ဂယနဏမသိဘူး. . တို့ဆရာကြီး ဦးအောင်ကိုးကို တစ်နေ့ကြုံရင် မေးကြည့်ကြရအောင်. ."

တကယ်လည်း အတွင်းကျကျ သိပ်ပြီး ကျွန်တော် မပြောတတ်ရိုးအမှန်ပါ။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် အနောက်ဘက်စောင်းတန်းလှေကားက အောက်ကို ဆင်းခဲ့ကြတယ်။ လှေကားရဲ့





အလယ် လောက်ရောက်တော့ ညာဘက်က **တန်ဆောင်း**ကို ပြပြီး. . .

"အောင်ဆန်း. . ငါပြောတဲ့ **ငရဲခန်းဆိုတာ** အဲဒါပေါ့ မင်းဝင်ကြည့်ရဲလား. ." မေးတော့. .။

"ဟ. . ဘာလို့ ဝင်မကြည့်ရဲရမှာလည်း၊ **သူ့**ရဲကြောက်တယ်ဆိုတာက ငယ်ငယ်တုန်းက အသည်းနု**တဲ့အရွယ်မို့**ပါ. . ခုဘာမှ မကြောက်တော့ဘူး. . လာဝင်ကြည့်ကြရ**အောင်**" လို့ပြောပြီး ကျွန်တော်တို့နှစ်ယောက် ငရဲခန်းအုတ်တိုက်ထဲ **ဝင်ကြည့်ခဲ့**ကြတယ်။

ပန်းချီပုံတွေကတော့ ကြောက်**မက်ဖွယ်ရာဖြစ်အောင်** ဆွဲထားတာပါ။ မကောင်းတဲ့ စရိုက်တွေလုပ်ခဲ့တဲ့သူ**တွေ နောက်ဘဝမှာ** ခံရတဲ့ ဒုက္ခကို ကွက်ကွက်ကွင်းကွင်းပေါ်**အောင် ရေးထားတဲ့** ဦးစောမောင်ရဲ့ ပန်းချီလက်ရာတွေပါပဲ။ **တစ်ချို့ကတော့ နှစ်**ကြာလာတော့ ဆေးတွေ ကွာကျကုန်ကြပါပြီ။

ဘုရားခြေရင်းရောက်တော့ ရှေ့မှာ **ဧရာဝတီမြစ်ရဲ့ ကမ်းပါး**ကြီးတွေ့ရတယ်။ ကမ်းပါးကြီးက မတ်စောက်လွန်းလှလို့ **အောက်ကို** ငုံ့ကြည့်ရင် ခေါင်းထဲ မူးသွားစေနိုင်တယ်။ **အောင်ဆန်းကတော့** မကြောက်မရွံ့ ကြည့်ရဲပါပေတယ်။

ကမ်းပါးကြီးရဲ့ ဘေးမှာ ရေထဲကို **တုတ်မြစ်ချပြီး** ဆောက်ထားတဲ့ သစ်သားအိမ် ကြီးတစ်လုံး**ရှိတယ်။ အိမ်ကြီး**က အဆောင်တွေ၊ မှန်ကူကွက်တံခါးတွေ အများ**ကြီးနဲ့ ခံ့ညား လွန်း**လှလို့. .

"ဒါဘယ်သူ့အိမ်လဲ"လို့ အောင်ဆန်းက **မေးတော့**. .

ကျွန်တော်က "မြို့သူကြီးအိမ်"လို့ **ပြန်ဖြေပြ**ခဲ့တယ်။

အိမ်ကြီးကတော့ အင်္ဂလိပ်ကားတွေထဲမှာ ပါပါလာတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပင်လမ်းကမ်းစပ်က ရဲတိုက်ကြီးတွေလိုပေါ့။ အဲဒီအိမ်ကြီးရဲ့ ညာဘက်မှာ မြစ်ဆိပ်ထဲကို ဆင်းလို့ရတဲ့ အုတ်လှေကားကြီး တစ်စင်းရှိတယ်။ အဲဒီလှေကားကို မဆင်းဘဲ ရှေ့ဆက်လျှောက်ရင် တွင်းကြီးမင်းစု ဆိုတဲ့ အရပ်ကို ရောက်မယ်။

"အောင်ဆန်း. . ဟောဟို နှစ်ထပ်သစ်သား အိမ်ကြီးက ဂျီစီဘီအေ သမ္မတကြီး ဦးစိုးသိန်းနေတဲ့အိမ်ပေါ့. . 'လို့ ကျွန်တော်က လက်ညှိုးနဲ့ လှမ်းထိုးပြတယ်။

အောင်ဆန်းက "ဦးစိုးသိန်း တရားပွဲတွေ အတော်နားထောင်ကောင်းတယ်တဲ့ကွ တစ်နေ့ကြုံကြိုက်ရင် သွားနားထောင်ရအောင်"လို့ အဲဒီတုန်းက အဖော်စပ်လိုက်သေးတယ်။ အဲဒီလို စကားတပြောပြောနဲ့ အိမ်ဘက်လှည့်ပြန်နေရင်း အောင်ဆန်းက. . .

"နေဦးကွ. . ဘုရားပေါ်က တန်ဆောင်းတွေထဲမှာ အလှူရှင်တွင်းရိုးဘယ်သူ အလှူရှင်တွင်းစားဘယ်သူနဲ့ ကမ္ပည်းထိုးထားတာတွေ ဖတ်ခဲ့ရတယ်. . အဲဒါ တွင်းရိုးနဲ့ တွင်းစားဆိုတာ အတူတူပဲ မဟုတ်ဘူးလား" မေးတော့. .

"အဲဒီအကြောင်းကို အမေက ပိုသိတယ်" လို့ ဖြေရင်း အိမ်ပြန်ရောက်ခဲ့ကြတယ်။

ဒါနဲ့ အမေ့ရှေ့ရောက်တော့ သူသိချင်လှတဲ့ တွင်းရိုးနဲ့ တွင်းစားအကြောင်းကို အမေကရှင်းပြခဲ့ပါတယ်

"သက္ကရာဇ် ၂၃၈ ခုနှစ်ကပေါ့. . . ."

"စလေမင်းခွေး လုပ်ကြံလို့ ပုဂံမှာ တန်နက်မင်း ကံကုန်တဲ့အခါ မိဖုရားကြီးတစ်ပါးဟာ ပဋိသန္ဓေကို စောင့်ရှောက်ပြီး ဆွေမျိုးသားချင်းတစ်စုနဲ့အတူ ဒီရေနံချောင်းဘက်နားက ရွာတစ်ရွာကို





ထွက်ပြေးလာခဲ့ကြတယ်. . အဲဒါ ခုခေါ်နေကြတဲ့ ကမ္ဗရွာပေါ့ကွယ်. ."

"ကံကောင်းထောက်မ၍ ဤအရပ် ဤဒေသကို ချမ်းသာစွာရောက်ရတယ်လို့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုရတာကို အစွဲပြုပြီး ကမ္ဗရွာလို့ခေါ်ခဲ့ကြတာပေါ့"

"အဲဒီ မိဖုရားကြီးရဲ့ ဆွေမျိုးထဲက ၁၂ဦးဟာ ဧရာဝတီမြစ်ကမ်းဘေးမှာရှိတဲ့ ဆိပ်သာကွန်းထောက်အရပ်ကို သွားနေကြတယ်. . တစ်နေ့တော့ တောကြီးတစ်ခုထဲ သွားကြရာမှာ ပျားကြီးတွေစွဲနေတဲ့ တောင်တစ်တောင်ကို တွေ့ခဲ့ကြတယ်. . . အဲဒီက အရှေ့မြောက်ဘက်ကို ဆက်သွားတော့ တောကြီးတောင်ကြီးအတွင်းမှာ နတ်ဖန်ဆင်းသလို သန့်ရှင်းတဲ့ မြေအထက် စီးယိုထွက်နေကြတဲ့ နံ့သာရေနဲ့ မြေဆီတွေကို တွေ့ကြတယ်တဲ့. . . ဒါတွေကို တွေ့တော့ အားရဝမ်းသာ ကိုယ်မှာ လိမ်းကြသပ်ကြနဲ့ ပျော်နေကြတာပေါ့. . နောက် အဲဒီ နေရာကို အမှတ်အသားတွေ လုပ်ထားခဲ့ပြီး မြို့ပေါ် ပြန်လာခဲ့ကြတယ်. . အဲ. . မြို့ရောက်တယ်ဆိုရင်ပဲ ဆိပ်သာကွန်းထောက် မြို့သူကြီးဆီမှာ မြေတိုင်းစာခံပြီး ပုဂံသား(၁၂)ယောက် ဟာ အဲဒီမြေဆီတွေကို စပြီးရောင်းချသူတွေ ဖြစ်လာခဲ့ကြတယ်. ."

"အဲဒီခေတ်ကတည်းက ရေနံတူးဖော်ခွင့်လိုင်စင် (Prospecting License) ယူလို့ရ နေပြီပေါ့နော်. . အဒေါ်ကြီး"

ဖျတ်ခနဲ ပြန်မေးလိုက်တဲ့ အောင်ဆန်းရဲ့ မေးခွန်းဟာ အဆင့်အတန်းမြင့်နေလေတော့ အမေတောင် အံ့သြသွားခဲ့ရတယ်။

"ဟုတ်တယ်. . အဲဒီလိုင်စင်အရ တန်နက်မိဖုရားကြီးရဲ့ ဆွေတော်မျိုးတော် (၁၂)ဦး ကို နံ့သာမြေဆီထွက်ရာ နယ်မြေလေးရပ်ကို မြေတိုင်းစာနဲ့ ခွင့်ပြုခဲ့တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အရှေ့ဘက် တောင်ခမောက်
အနောက်ဘက် ပျားကြီးတောင်
တောင်ဘက် ယောက်သွားတောင်
မြောက်ဘက် ကျောက်မဆင် ဆိုတဲ့ နေရာတွေပေါ့. . မင်းတို့ကျောင်းက စကောက်အဖွဲ့တွေ ခဏခဏ တောလမ်းခရီးထွက်ကြတဲ့ နေရာတွေပေါ့. . ."

"ဟာ. . ဟုတ်တယ်. . တို့လည်း ကင်းထောက်တွေ ဖြစ်လာရင် အဲဒီနေရာတွေကို ရောက်ဖူးကြတော့မယ်. . "လို့ ကျွန်တော်က အားတက်သရောပြောတော့ အောင်ဆန်းက သိပ်စိတ်မဝင်စားခဲ့ဘူး။ သဘောမတွေ့တဲ့မျက်နှာနဲ့ ကျွန်တော့်ကို ကြည့်ပြီး ပြန်ပြောခဲ့ဘူးတယ်။

ကင်းထောက်တွေက ကတိသစ္စာဆိုကြရင် ဘုရင်နဲ့ တိုင်းပြည်သစ္စာကို စောင့်ထိန်းပါမည်" လို့ ဆိုရတယ်တဲ့။

"သူတို့ အင်္ဂလိပ်တွေ ကတိစောင့်တာမျိုး တို့မလုပ်နိုင်ပါဘူး. . ကင်းထောက်တို့ ဝံပုလွေတို့ဆိုတာ ငါသိပ်မကြိုက်ဘူး. . "

အမေက အောင်ဆန်းအပြောကို တော်တော်သဘောကျသွားတယ်။ လူငယ်သလောက် အတွေးအခေါ် အမြော်အမြင်ရှိတယ်လို့ မှတ်ချက်ပေးခဲ့ဖူးတယ်။ ဒါနဲ့ မဆုံးသေးတဲ့ တွင်းရိုး တွင်းစားအကြောင်းကို အမေက ဆက်ပြောခဲ့တယ်။

"စလေမင်းခွေး လက်ထက်ကစပြီး မင်းခုနစ်ဆက် နှစ်ပေါင်း ၁၀၀ ကျော်ကာလ အတွင်း လက်ရှိတူးဖော်လုပ်ကိုင်စားသောက်နေကြတဲ့သူတွေဟာ ဘွားတော် တန်နက်မိဖုရားကြီးရဲ့ အနွယ်တော်တွေ ဖြစ်တယ်. . . နယ်လေးရပ် သတ်မှတ်ပြီးတဲ့နောက် တွင်းရိုး(၂၄)စု





တွင်းစား အိမ်ထောင်(၁၄)စု အားလုံး(၃၈)အိမ်ထောင်ဖြစ်လာခဲ့ကြတယ်. . တွင်းရိုးမှာ ယောက်ျားရိုး မိန်းမရိုးရှိပြန်တယ်. . ယောက်ျားရိုးမှာ မွေးလာတဲ့ သားယောက်ျားကပဲ ဆက်ခံခွင့်ရှိသလို မိန်းမရိုးမှာလည်း မွေးလာတဲ့ သမီးမိန်းကလေးကပဲ ဆက်ခံခွင့်ရှိတယ်. . ပဋိကတ်တော်တွေ သုတ်လိမ်းဖို့ နံ့သာမြေဆီတွေ ဆက်သွင်းကြရတယ်. . နောက်တော့ ဘုရင်ကို မှူးတော် မတ်တော်များက နံ့သာမြေဆီဆက်. . တွင်းရိုးအကြီးအမှူးတစ်ယောက် ခန့်ထားဖို့ လျှောက်ထားကြတော့ အဲဒီအကြီးအမှူးကို "နေမျိုးသမန္တ"ဘွဲ့ပေးပြီး တွင်းရိုး (၂၄)ဦးထဲက တစ်ယောက်ကို ခန့်ထားတယ်. . ကျန်တဲ့ (၂၃)ဦးမှာ တွင်းခေါင်းရိုးတစ်ဦး တွင်းဆော်ရိုးတစ်ဦး ထပ်ခန့်ပြန်တယ်. . ဒီတော့ ကျန်တဲ့(၂၁)ဦးက တွင်းစားရိုးလို့ တွင် ကျန်ရစ်ပြီး ဟို (၁၄)အိမ်ထောင်စုကတော့ တွင်းစားတွေဖြစ်ခဲ့ကြတာပေါ့တယ်"

"ပိုက်ဆံရှိလို့ တွင်းပိုင်ဖြစ်လာတဲ့ သူတွေလည်း တွင်းရိုးမဖြစ်ဘူး. . တွင်းစားပဲ ဖြစ်တယ်. . "လို့ အမေပြောမှ ရှေးကတည်းက တွင်းရိုး တွင်းစားခွဲခြားခဲ့ပုံကို ကျွန်တော်တို့ သိခွင့်ရပါတော့တယ်။

"ဘုရားတောင်ဘက်က တွင်းကြီးမင်းစုဆိုတဲ့ အရပ်က အဲဒီခေတ်က တွင်းကြီးမင်း ရုံးရှိခဲ့တဲ့နေရာပေါ့. . . တွင်းရိုးတွင်းစားဆိုတာ အလွန်မျက်နှာသာရတဲ့ ပုဂ္ဂိုလ်တွေလေ. . မင်းမှု မင်းခင်း စရိတ်ကြေးငွေ အသေးအဖွဲ့ အစွဲအခန့် လူအခိုင်းအစေမရှိ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့တဲ့ လူတွေပေါ့. . အမှုအခင်းဖြစ်ရင်လည်း ဆိုင်ရာတွင်းသူကြီးက ဆင့်ခေါ်ပြီး စီရင်တယ်. . အမိန့်ချတယ်. . မြို့သူကြီးတွေရဲ့ အအုပ်အချုပ်ခံတွေလည်း မဟုတ်ခဲ့ကြဘူး. . . "တဲ့. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့. . နံ့သာမြေဆီတွေ မွှေးရာက နံလာရတာကို ဆက်ပြောပါဦး အမေရာ"

"အေး. . အဲဒါတော့ ဒဏ္ဍာရီဆန်သွားပြီး. . ဒါပေမဲ့ ရေနံချောင်းသမိုင်းရဲ့ အစ အဆုံးကို ပြောကြရရင် ဒါကို ချန်ထားခဲ့လို့တော့ မရဘူး. . မယုံနိုင်စရာပေမယ့် လက်ခံ ပြောကြရတာပဲ. . ဒီလိုလေ. . ပုဂံအလောင်းစည်သူမင်းကြီးလက်ထက် ရောက်တော့ ဖောင်တော်နဲ့ ခရီးထွက်ရာမှာ ဒီရေနံ့သာမြို့ကို ရောက်တယ်. . ရေနံ့သာဆိုတာ ဟိုတစ်ချိန်က ဆိပ်သာကုန်း ထောက်မြို့ပေါ့. . မြစ်ဆိပ်ကမ်း သာသာယာယာနဲ့ တစ်ထောက်တစ် နားနေဖို့ ကောင်းတဲ့ သဘောပေါ့. . နောက်တော့ မြေဆီနံ့သာတွေကို ရေမွှေးဆိုတာ အစွဲပြုပြီး ရေနံ့သာဖြစ်လာတယ်. . အဲဒီအချိန်က အလောင်းစည်သူမင်းကြီးမှာ မိဖုရားခုနစ်ဖော်ပါခဲ့သတဲ့ အဲဒီ မိဖုရားခုနစ်ဖော်ဟာ မင်းကြီးကို ခွင့်ပန်ပြီး ရေနံ့သာ ဒေသအတွင်း လှည့်လည်သွားကြတော့ နံ့သာမြေဆီတွေ ထွက်တဲ့နေရာကို ရောက်ကြ တယ်တဲ့. . ဒါနဲ့ အားရဝမ်းသာ အဲဒီနံ့သာမြေဆီတွေ လိမ်းကြံပြီး ပျော်ရွှင်စွာနေမိခဲ့ကြတယ်. . မင်းကြီးထံကို အခစားဝင်ဖို့ အချိန်အတော်လင့်သွားကြတာပေါ့ကွယ်. . ဒါကို အလောင်းစည်သူ မင်းကြီးက အမျက်တော် ရှုရှုပြီး မိဖုရားခုနစ်ဖော်ကို အဆုံးစီရင်ဖို့ ချက်ချင်းပဲ အမိန့်ချပစ်လိုက်တယ်. . မိဖုရားခုနစ်ဖော်ကလည်း အလွန်မတန် မွှေးပျံ့တဲ့ နံ့သာဆီများကြောင့် ငါတို့ မင်းပြစ်မင်းဒဏ် ခံရ တယ်. . ဒီအတွက် တို့သေရင် ဟောဒီ မွှေးပျံ့တဲ့ နံ့သာဆီတွေ ချက်ချင်းပြောင်းပြီး အနံ့နံတဲ့ ရေနံတွေ ဖြစ်ပါစေသတည်းလို့ ကျိန်စာတိုက်လိုက်တော့ မွှေးတဲ့ နံ့သာဆီက နံတဲ့ ရေနံတွေဖြစ်လာပြီး





ရေနံ့သာက ရေနံချောင်းဖြစ်လာခဲ့ရတာပေါ့ကွယ်. . ."

"ဟား. . ဟား. . . ဟား၊ မဟုတ်ကဟုတ်က ကလေးတွေကို ယုံအောင်ပြောတော့မယ်. . သက်ကြီးစကား သက်ငယ်ကြားဆိုပေမယ့် မခိုင်မာတဲ့ ယုတ္တိမရှိတဲ့အကြောင်းတွေ ကို အစွဲအမှတ်မှားသွားရင် မခက်ပေဘူးလားကွ. . ."

ဘယ်အချိန်က စောင့်နားထောင်နေမှန်းမသိတဲ့ အဖေက အမေ့စကားတွေကို ရယ်သွမ်းသွေးပြီး ပြောဖူးတယ်။ တကယ်ဆို အဖေဟာ သူ့ပွဲရုံ သူ့အလုပ်လောက်သာ စိတ်ဝင်စားတယ်၊ သိတယ်လို့ ကျွန်တော် ထင်နေခဲ့တာပါ။

"ဒီ ရေနံဟာ ဟိုး. . ပထမကတည်းက ရှိနေခဲ့တာကွ. . ရေပေါ် မီးလို့ခေါ်တယ် ရေပေါ်မှာတောင် မီးရှို့ရင်လောင်တယ်. . ကျောက်ခေတ်ကတည်းက တို့ရေနံချောင်းမှာ လူသားတွေရှိတယ်. . ဘူမိဗေဒအရာရှိ ဂျေအီးဘရက်ရှောက အမေရိကန်က သုတေသီတွေ ကို ရေနံချောင်းမှာခေါ်ပြီး တိုင်းတာခဲ့ကြဖူးတယ်. . သူတို့က တို့မြို့ရဲ့ ကျောက်ခေတ်ဦးကို အညာယဥ်ကျေးမှု (Anyathiar culture) လို့တောင် အမည်ပေးခဲ့ဖူးတယ်. . . ရေနံဆိုတာ အနယ်ကျကျောက် အမျိုးအစားပေါ့ကွာ. . သဲကျောက်. . ထုံးကျောက်အလွှာတွေထဲကရတာ အဲဒီလို ရေနံထွက်ရာ ကျောက်အမျိုးအစား. . ရေနံခိုအောင်းနိုင်တဲ့ ဘူမိဗေဒအနေအထား ကို တာရှရီ (Tertiary) တတိယကပ်သက်တမ်း ကျောက်လွှာလို့ခေါ်တယ်. ."

အောင်ဆန်းကတော့ အမေ့ရဲ့ ဒဏ္ဍာရီပုံပြင်ထက် အဖေရဲ့ သိပ္ပံနည်းကျတဲ့ အပြောကို ပိုပြီး သဘောတွေ့ခဲ့ပုံပေါ်ပါတယ်။

"ဒီနေရာမှာ ဘယ်လိုလူမျိုးတွေနေခဲ့သလဲ ဦး. . ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် . . မင်းတို့ကိုပြောရင် ယုံမှာတောင် မဟုတ်ဘူး . . . တို့ရေနံချောင်းမြို့ ကို ရှေးဦးပထမ ဖြတ်ကျော်သွားဖူးတဲ့ လူမျိုးက အခု ကပ္ပလီကျွန်းမှာနေကြတဲ့ နီဂရိုးလူ မျိုးတွေကွ နောက် ဆလုံတွေ၊ မလေးတွေရောက်လာကြတယ်။ နောက်မွန်၊ ပလောင်၊ ဝ ဆိုတဲ့ မွန်ခမာအနွယ်တွေ သူတို့က ဒီမှာ အကြာကြီးမနေဘူး မြစ်ဝကျွန်းပေါ် တို့ ကမ်းရိုးတန်းဘက်တို့ကို ပြောင်းသွားကြတယ်။ နောက်ထပ် ရောက်လာတာက မွန်ဂိုလီယံအနွယ်တော်တိဗက် မြန်မာလူမျိုးတွေ၊ ပျူလူမျိုးတွေ၊ ဟိုနှစ်ပေါင်း ၁၅၀၀လောက်က နေခဲ့ကြတယ်လို့ ယူဆရတယ်။ တရုတ်ရဟန်းတော် ဖာဟီရန်ရဲ့ ဗုဒ္ဓဘာသာတိုင်းနိုင်ငံ တွေကို သွားခဲ့တဲ့ ခရီးစဉ်မှတ်တမ်းမှာ တောဆင်ရိုင်းအုပ်ကြီးများ၊ ဆတ်၊ ဂျီ၊ဒရယ် များပေါများသည့် ထူးခြားသော မြေဆီပေါ်ထွန်းရာ ဒေသလို့ တို့ရေနံချောင်းကို ဆိုလိုခဲ့ဟန်ရှိခဲ့တာပေါ့ကွာ"

အဖေပြောတဲ့ စကားတွေကတော့ အထောက်အထား ပိုခိုင်မာတယ်။ကျွန်တော်တို့လို ခေတ်သစ်အမြင်နဲ့ မြင်တတ်ချင်တဲ့ လူငယ်တွေအဖို့ ပိုပြီး စိတ်ဝင်စားစရာ ဖြစ်နေတယ်။ ဒါပေမဲ့ အမေပြောတဲ့ ရေနံ့သာရဲ့ ရာဇဝင်ဇာတ်လမ်းကလည်း လက်မခံ လို့တော့ မရဘူး။ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုဆိုပေမယ့် နားထောင်လို့ ကောင်းနေတယ်။ ဒါကြောင့် အမေ့ကို တွင်းရိုးတွင်းစားအကြောင်းကို ဆက်ပြောပါဦးလို့ တောင်းဆိုခဲ့ကြတယ်။

"အေး အလောင်းစည်သူမင်းလက်ထက် ၁၂-ရာစုကတည်း ကပေါ့ကွယ် . . တို့ ရေနံချောင်းမှာ ရေနံတူးနေကြပြီပေါ့ . . ဘိုးတော်ဘုရားလက်ထက်ရောက်တော့ တွင်းရိုး(၂၄) တွင်းစား အိမ်ထောင်စု နှစ်သွယ်စာရင်း(၆၄)လို့ သီရိသင်္ဂါတိုက်တော်မှာ





မှတ်တမ်းရှိလာခဲ့တယ် . . အဲဒီ တွင်းစားရိုးအဖွဲ့အစည်းမှာ ယောက်ျားရိုး(၁၈)ရိုး မိန်းမရိုး(၆)ရိုးရှိတယ် . . တွင်းကုန်း ဘေးမဲ့ ရေနံမြေတွေမှာ သီးသန့်အခွင့်အရေးနဲ့ ရေနံတူးဖော်ခွင့်ရကြတယ် . . ပုဂံခေတ် ကုန်းဘောင်ခေတ်အထိတော့ ရေနံစိမ်းကို စီးပွားဖြစ် သိပ်မလုပ် တတ်ကြသေးဘူး . . ရေနံစိမ်းယိုထွက်တဲ့နေရာ တစ်ဝိုက် လောက်မှာ လက်ယက်တွင်းလေးတွေ တူးပြီးလုပ်ကြရာက ၁၈-ရာစု နှစ်အကုန်လောက်ရောက်တော့ တစ်နေ့ ၁၀-ဂါလံက ဂါလံ ၅၀ လောက်အထိထွက်တဲ့ တွင်းတိမ်မြန်မာ့လက်တွင်းတွေ ပေါ်ပေါက်လာ ခဲ့တော့တယ် . . အဲဒီမှာ တော်တွင်း . အပေါင်ခံတွင်းဆိုတာတွေ ပေါ်လာခဲ့တယ် . . ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး လတ်ထက်ကပေါ့ . . ရေနံချောင်းမြို့စားမင်းကြီးရဲ့ သမီး မှန်နန်း အပျိုတော် ပန်းခုံတော်စာရင်းဝင်တဲ့ တွင်းစားရိုး ကြေးမြင်တိုက်စားကို မိဖုရားမြှောက်တယ် . . သုသီရိမဟာအမည်နဲ့ အဆောင်တော် သီးခြား ရတယ် . . အဲဒီ မိဖုရားက ပျဉ်းမနား မင်းသားကြီးကို မွေးတယ် . . မင်းတုန်းမင်းတရားကြီး သဘောကတော့ ရှေးဘေးလောင်း တော် ဘိုးလောင်းတော်တွေဟာ တွင်းရိုးတွင်းစားတွေနဲ့ စပ်လျဉ်းမှုမရှိပါ ဘူးတဲ့ . . . သူ့ကတော့ တွင်းစားရိုးမကို မိဖုရားမြှောက်ခဲ့လို့ ရေနံချောင်းမြို့ ရေနံထွက်ရာ နယ်လေးရပ်မှာ တော်တွင်းတူးဖော် လိုတယ်လို့ အမိန့်ထွက်လာတော့ . . ရေနံချောင်းမြို့စား၊ မင်းကြီး ရဲ့သား ရေနံချောင်းမြို့ဝန်ရှင်တော် မြင်းဝန်ဗိုလ်မှူးရယ် ရေနံချောင်း မြို့စားမင်းရဲ့ညီတော် ရွှေပြည်သေနတ်ဗိုလ်ရယ် . . . ယောလေးမြို့ ဆိုင်ရာ ရွှေတံငါလှေအုပ်မင်းရယ် . . ရေနံချောင်းမြို့သူကြီးမင်း မောင်မောင်ပုရယ်နဲ့ တွင်းမင်းကြီး ဦးရိုးတို့ ကြီးကြပ်တူးဖော်ပေးရလို့



www.burmeseclassic.com

www.burmeseclassic.com



တော်တွင်း (၁၂၀)နဲ့ အပေါင်ခံတွင်း (၄၄)တွင်း ပေါ်ပေါက်ခဲ့ရတယ်တဲ့. . . ၁၈၈၅ခုနှစ် နောက်ပိုင်းတော့ အင်္ဂလိပ်နယ်ချဲ့တွေရောက်လာပြီး တို့ရေနံချောင်းက ရေနံတွေကို ဘယ်လိုဂုတ်သွေးစုပ်ထုတ်ယူကြသလဲဆိုတာတော့ မင်းတို့ ဆရာကြီးဦးနုအောင်ကိုးကို မေးကြည့်ကြပေတော့ သူက တစ်ပါးကျွန်မလုပ်ချင်လို့ BOC ကုမ္ပဏီက ထွက်လာခဲ့တဲ့ သူပဲ. . "

စကားပြောကောင်းကောင်းနဲ့ နေတောင်အတော်နည်းနေပါပြီ။

"အဖေ. . ဒီချိန်ဆို အဖေ့မီးဖိုကြီးရှိသေးလား. . "

နေပူစပ်ခါးအပြင်သွားမယ်၊ ကျောင်းထမင်းစားချိန် အပြင်ထွက်ဆော့မှာစိုးလို့ အဖေက ကျွန်တော့်ကို ခဏခဏပြောနေကျလက်သုံးစကားတစ်ခုက "တို့ ရေနံချောင်း အောက်မှာ မီးဖိုကြီးရှိတယ်'လို့ အဖေပြောနေကျရှိတာကို အမှတ်ရပြီး မေးလိုက်တော့. .

"အေး. . ဒီချိန်လောက်ဆို မီးဖိုကြီး ငြိမ်းလောက်ပါပြီ. . "လို့ ဖြေတော့ အောင်ဆန်းက တော်တော်သဘောကျခဲ့တယ်။ ကျွန်တော့်မိသားစုနဲ့ ဒီလိုရင်းရင်းနှီးနှီး ပြောရဆိုရတာကို သူကျေနပ်ခဲ့တယ်။ ကျွန်တော့်ဆိုလိုရင်းကတော့ အောင်ဆန်းပြန်ရမယ့် ရွှေကြာငုံရပ်ကွက်ဆိုတာ ကျွန်တော်တို့ရပ်ကွက်နဲ့ တော်တော်အလှမ်းဝေးတယ်။ ဖြတ်လမ်းကသွား မယ်ဆိုရင်တောင် ဈေးပိုင်းဖြတ်ရမယ်၊ ရှစ်မျက်နှာဘုရားဝိုင်းကိုကျော်ရမယ်၊ မဲထီးကန် ချိုင့်ကြီးကို ဆင်းရတက်ရမယ်။ ခု. . နေနည်းသွားပြီဆိုတော့ အဖေ့မီးဖိုကြီးလည်း ငြိမ်းပြီဆိုတော့ သူအေးအေးလူလူ ပြန်လို့ရပါပြီ။ ဒါနဲ့ ကျွန်တော်က အမေ့ကိုဟိုတစ်ခါက အမေရွတ်ပြ တတ်တဲ့ နတ်တိုင်သံတစ်ခုကိုဆိုပြစမ်းပါဦး





ပြောတော့. .

အောင်ဆန်းက "ဘာလဲကွာ. . နတ်တိုင်သံ"လို့ မေးခဲ့တယ်။

ကျွန်တော်က "ရှေးကတည်းက ရေနံတွင်းတွေကို စောင့်ရှောက်တဲ့ ဘိုးဘိုးကြီးနတ်ကို ကောက်ညှင်း၊ မုန့်၊ ငါးကြော်၊ လက်ဖက်၊ အုန်း၊ ငှက်ပျောနဲ့ တင်မြှောက်ပသရင် ရွတ်ရတာပါ. . . အဲဒီလို တင်မြှောက်တော့ ရေနံတွေ ပိုထွက်အောင် နတ်က ပေးတာပေါ့. . " လို့ ပြန်ပြောပြခဲ့တယ်။

အဲဒီနေ့က အောင်ဆန်းအဖို့တော့ ထူးဆန်းတဲ့ မြို့ကြီးမှာ ထူးဆန်းတဲ့ လူတွေ၊ ထူးဆန်းတဲ့ ဓာတ်လမ်းတွေနဲ့ ထူးဆန်းတဲ့ စကားတွေ ကြားသွားခဲ့ရတာပေါ့လေ. . . ။

## နတ်တိုင်သံ

ဘိုးဘိုးကြီးသခင် တျေးလူးရှင်နှင့်
တွင်းတော်မိဖုရား ခုနစ်ပါး. .
ညောင်အုပ် ညောင်ရွှေ စလေထီးလင်း ကျပင်းပုပ္ပါး. .
ညောင်ရမ်းစားနှင့် မောင်တော်ထင်ရှား ကျေးပုဏ္ဏား
အစဉ်တိုး၍ အရှိုးတင်ပါသည်. .
အရည်ခေါင်သို့ ပန်းပါစေ. .
အမြှုပ်တောင်သို့ ပုံပါစေ. .
အစဉ်တိုး၍ အရှိုးတင်ပါသည်. .
မတော်မူပါ။



www.burmeseclassic.com

www.burmeseclassic.com





မနက်(၅)နာရီဆို အိပ်ယာက ထကြရသတဲ့။ မျက်နှာသစ်ပြီး ဘုရားရှိခိုးကြရတယ်။ ငါးပါးသီလခံရတယ်။ နောက် မနက်စာ လက်ဖက်ရည်သောက်ကြပြီး သတင်းစာဖတ်ကြရတယ်။





## အစ်ကိုကြီးဦးဘဝင်း၏ စည်းကမ်းချက်များ

ကျွန်တော်တို့ ခုနစ်တန်းရောက်တဲ့နှစ်မှာ ကိုအောင်သန်းက ဆယ်တန်းအောင်သွားလို့ ကောလိပ်သွားတက်ပါတယ်။ အဲဒီအချိန်မှာ အောင်ဆန်းရဲ့ အစ်ကိုကြီး ဦးဘဝင်းလည်း ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းမှာ ကျောင်းဆရာအဖြစ် ရောက်နေပါပြီ။ တစ်နေ့တော့ ကျွန်တော် ကျောင်းစောစောသွားဖြစ်တယ်။ အချိန် တစ်နာရီလောက် ကို စောနေရတဲ့အကြောင်းက အောင်ဆန်းတို့နေတဲ့ အိမ်ကို ဝင်ချင်တာရယ်၊ မနေ့က ကျောင်းမတက်ဖြစ်လို့ လွတ်ကျန်ခဲ့တဲ့ ကျောင်းစာတွေကို ကူးချင်တာရယ်ကြောင့်ပါ။

အောင်ဆန်းတို့နေတဲ့အိမ်မှာ အိမ်ခံဖြစ်တဲ့ ရွှေနေ ဦးဘသက်နဲ့ ဦးဘဂျမ်းတို့ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ သူတို့က လူပျိုလူလွတ်တွေ၊ ဒီလိုပဲ အောင်ဆန်းနဲ့ သူ့အစ်ကိုကြီး ဦးဘဝင်းကလည်း လူလွတ်တွေဖြစ်လေတော့ အဲဒီအိမ်မှာ မိန်းမသားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ဘူး။ ယောကျ်ားတွေချည်းမို့ ထမင်းဟင်းတောင် ချက်မစားကြဘဲ၊ မျက်နှာချင်းဆိုင်အိမ်က ယစ်မျိုးရာဇဝတ်အုပ် ဦးသုခနဲ့ ဇနီး ဒေါ်ခင်သန်း တို့ဆီမှာ လခပေးစားတယ်။

အောင်ဆန်းတို့ ညီအစ်ကိုတစ်တွေ ရေနံချောင်းအမျိုးသား ကျောင်းမှာ နေဖြစ်ခဲ့ရတဲ့ အကြောင်းရင်းကတော့ ဦးဘသက်၊ ဦးဘဂျမ်းတို့နဲ့ ပတ်သက်လို့ပါပဲ။ ဦးဘသက်၊ ဦးဘဂျမ်း တို့က အောင်ဆန်းတို့အဖေ ဦးဖာနဲ့ ရှေ့နေလိုက်ဖတ်တွေဖြစ်ကြပြီး အတော့်ကို ခင်မင်ရင်း နှီးကြတဲ့ မိတ်ဆွေဖြစ်ကြတယ်။ ဒီလိုခင်မင် ရင်းနှီးကလည်းရှိ၊ ဆွေမျိုးသားချင်းတွေလို တစ်ယောက်အိမ် တစ်ယောက် အဝင်အထွက်ကလည်းရှိတော့ ဦးဖာက သူ့သားအကြီး ဦးဘဝင်းကို ရေနံချောင်းအမျိုးသားကျောင်းမှာနေဖို့ စပို့တယ်။ နောက်ကိုအောင်သန်း ရောက်တယ်။ အခု အောင်ဆန်းတို့ မေအောင် တို့ရောက်ခဲ့တယ်။ ဦးဘသက်တို့ကလည်း တစ်မြို့ တစ်ရွာက လာနေရတဲ့ ဦးဘဝင်းတို့ ညီအကိုတွေကို သားသမီးတွေလို စောင့်ရှောက်ပေးကြ တယ်။ ပတ်ဝန်းကျင်ကလည်း အတော်ကလေး ဂရုတစိုက်ရှိကြတယ်တဲ့။

အောင်ဆန်းတို့နေတဲ့ အိမ်က ရွှေကြာငုံလမ်းမကြီးရဲ့ ညာဘက် အခု ကျွန်တော်တို့ကျောင်းက အကျိုးဆောင်ဆရာကြီး ဦးစံရွှေတို့ အိမ်နဲ့ မျက်စောင်းထိုးလမ်းထောင့် ရဲ့တစ်အိမ်ကျော်မှာရှိ ပါတယ်။ အထဲကို နည်းနည်းဝင်ရပါတယ်။

လမ်းထိပ်ရောက်တာနဲ့ အောင်ဆန်းရဲ့ စာအော်ကျက်နေတဲ့ အသံကိုကျွန်တော် ကြားခဲ့ရတယ်။ အောင်ဆန်းက ဘာပဲဖြစ်ဖြစ် ခုနစ်အိမ်ကြား ရှစ်အိမ်ကြားအောင် အော်ကျက်တဲ့ အကျင့်ရှိတယ်တဲ့။





အဲဒါလည်း သူ့အစ်ကိုကြီး ဦးဘဝင်းက အလေ့အကျင့်လုပ်ပေး ထားတာပါတဲ့။

အင်္ဂလိပ်စာဆိုရင် တစ်နေ့ မိနစ်နှင်းအလုံး(၃၀)ကျက်ပြီး စာပြန်ရတယ်၊ ကျက်ရင်လည်း အော်ကျက်တော့ ကြားတဲ့သူက အမှားကို ပြင်ပေးနိုင်တဲ့ သဘောလည်းပါတယ်တဲ့။

သူတို့မှာ မွေးချင်း(၉)ယောက်ရှိတယ်လို့ အောင်ဆန်းက ပြောခဲ့ဖူးတယ်။ ဦးဘဝင်းက တတိယမြောက်သားအကြီးဖြစ်ပြီး သူက အငယ်ဆုံးဖြစ်တယ်။ အစ်မ(၃)ယောက်က မိန်းကလေးတွေဆိုတော့ အဲဒီခေတ်က မိန်းကလေးနဲ့ အတန်းပညာရေးတော်တော်လေး ဝေးနေတယ်။ ဒီတော့ ဗိုင်းဝါ၊ ရက်ကန်းယက်လောက်ပဲ လုပ်တတ် ကြတယ်။ ယောကျ်ားလေး (၅)ယောက်ထဲမှာ ကိုနေအောင် တစ်ယောက်ကလွဲပြီး အားလုံးပညာသင်ခွင့်လည်းရကြ တယ်။ ဒါတောင် ကိုနေအောင်က အင်္ဂလိပ်ကျောင်းသာ မနေဘူးတယ်။ ရှေ့နေစာမေးပွဲ အလွတ်ဝင်ဖြေတော့ အောင်သေးသတဲ့။ အတော် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ကြတဲ့ သူတွေပါပဲ။

ဆရာကြီး ဦးဘဝင်းက ၁၉၀၁ခု ဖွားဖြစ်တယ်။ နတ်မောက် အလယ်တန်းကျောင်းမှာ သတ္တမတန်းအောင်ခဲ့တယ်။ မြန်မာလို ကိုးတန်းအောင်ပြီး အလယ်တန်းကျောင်းဆရာဖြစ်သင်တန်း အောင်တယ်။ နတ်မောက်မှာ ခဏကျောင်းအုပ်လုပ်ခဲ့တယ်။ နောက်ရေနံချောင်းမှာ ကျောင်းဆရာ၊ ဘီအိုစီစာရေးလုပ်ရင်းက အင်္ဂလိပ်စာကို အလွတ်ပညာသင်ကျောင်းမှာ တက်ခဲ့တယ်။ ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းက (၁၀)တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ပြီး ပထမရခဲ့တယ်။ နောက် မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



အင်တာမီဒီယရိကောလိပ်က ဥပစာတန်းအောင်တဲ့ သူတွေထဲမှာ ပထမရတယ်။ သချ်ာဆု၊ ဓာတုဗေဒဆု၊ ရူပဗေဒဆုတွေရခဲ့တယ်။ ဘီအက်စ်စီဘွဲ့ယူတော့လည်း သချ်ာဂုဏ်ထူးပါခဲ့တယ်။

ဆရာဦးဘဝင်းက သူတော်သလို သူ့ညီတွေတော်စေချင်တယ်။ သူစည်းကမ်းရှိသလို သူ့ညီတွေ စည်းကမ်းရှိစေချင်တယ်။ မနက်(၅)နာရီဆို အိပ်ယာက ထကြရသတဲ့။ မျက်နှာသစ်ပြီး ဘုရားရှိခိုးကြရတယ်။ ငါးပါးသီလခံရတယ်။ နောက် မနက်စာလက်ဖက်ရည်သောက်ကြပြီး သတင်းစာဖတ်ကြရတယ်။ သတင်းစာဖတ်ရင်လည်း အစကအဆုံး တစ်လုံး မကျန်အောင် ဖတ်ကြရတယ်။ အဲဒီတုန်းက ရေနံချောင်းကို ရန်ကုန်ဂေဇက်နဲ့ ရန်ကုန်တိုင်း သတင်းစာနှစ်စောင်ရောက်တယ်။ တစ်စောင်ကို တစ်မူးပေးရတဲ့ ခေတ်ဖြစ်တယ်။

ညနေကျောင်းဆင်းရင်လည်း အပြင်သိပ်မထွက်ရဘူး။ ကျောင်းကပေးလိုက်တဲ့ စာတွေ အိမ်မှာတွက်ဖို့ ချက်ဖို့ ပေးလိုက်တဲ့ ဂဏန်းသချ်ာတွေ ပြီးအောင်လုပ်ကြရတယ်တဲ့။ ဆရာဦးဘဝင်းကိုယ်တိုင်ကလည်း သူ့ညီတွေကို အနီးကပ်ကျက်ခိုင်း၊ တွက်ခိုင်း၊ ဖတ်ခိုင်း၊ ရေးခိုင်းနဲ့ ကြပ်ကြပ်မတ်မတ်လုပ်ပေးခဲ့တာပါပဲ။

အင်္ဂလိပ်စာ စာစီစာကုံးဆိုရင် ကိုယ်ပိုင်ဉာဏ်နဲ့ အရေးခိုင်းတတ်တယ်။ ကျက်ပြီး ရေးတာမျိုး ဘယ်တော့မှ အားမပေးဘူး။ မှားရင် ချက်ချင်းပြန်ရေးခိုင်းတယ်။ ဦးဘဝင်းက သချ်ာပြဆိုပေမယ့် သူ့ညီတွေကို အိမ်မှာ တစ်ခြားဘာသာတွေပါ အပိုပြပေးလေ့ရှိတယ်တဲ့။ ဒါကြောင့်လည်း အောင်ဆန်းတို့ ညီအကိုတစ်တွေ မတော်ချင်လို့ မရအောင်ကို တော်နေ ကြတာကိုး။





တစ်ညတော့ ကျွန်တော်ရယ်၊ အောင်ဆန်းရယ် မေအောင်ရယ် ရေနံချောင်း စီနီ မာရုံမှာ အင်္ဂလိပ်ရုပ်ရှင်ကားတစ်ကားသွားကြည့်ခဲ့ကြဖူးတယ်။ သူတို့ တစ်လကို ရုပ်ရှင် ကြည့်ခွင့် (၂)ကြိမ်ရကြတယ်။ ကျွန်တော်က ရုပ်ရှင်ကြည့်တယ်ဆိုတာ မင်းသား၊ မင်းသမီးကောင်းမကောင်း ကြည့်လို့ကောင်းမကောင်း ဒါလောက်ပဲ ဂရုစိုက်တတ်တာကို။ အောင်ဆန်းတို့ ညီအစ်ကိုနှစ်ယောက်တော့ ဇာတ်လမ်းအစအဆုံးကို စိတ်ဝင်တစားကြည့်ကြတယ်။ ဇာတ်ဆောင်တွေရဲ့ နံမည်တွေကို မှတ်ကြတယ်။ ဘာပြုလို့လည်းဆိုတော့ သူတို့ကြည့်ခဲ့တဲ့ ရုပ်ရှင်ကားကို အိပ်ပြန်ရောက်ရင် ချက်ချင်းအင်္ဂလိပ်လို ပြန်ပြီးရေးပြကြရသတဲ့လေ။ ဒါ ဆရာဦးဘဝင်းရဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ်လုပ်တဲ့ သဘောမျိုးပဲ။ ဒီအလေ့အကျင့်မျိုး ဟာ အင်္ဂလိပ်စာမှာ ထူးချွန်စေသလို မကောင်းတဲ့သူတွေနဲ့လည်း ပေါင်းဖို့အချိန်မရတော့ဘူးပေါ့။

ကျွန်တော် ရောက်သွားတော့ အောင်ဆန်းက သူ့အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ မြင်းဇောင်းထဲမှာ စာကျက်နေတုန်းရှိတယ်။ ကျွန်တော်က ကျွန်တော်လိုချင်တဲ့ စာအုပ်ကိုတောင်းပြီး စာကူးခဲ့ရတယ်။ နောက် ကျွန်တော် စာကူးပြီးသွားသလို အောင်ဆန်းလည်း စာကျက်လို့ရသွားပြီး နောက်ဖေးထွက်ရေချိုးတယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ ဦးဘသက်ထိုင်ပြီး စကားတွေ ပြောဖြစ်ခဲ့တယ်။ ဦးဘသက်က ကျွန်တော့်အဖေနဲ့လည်း ရင်းနှီးပါတယ်။ ကျွန်တော့်ကို ဦးဘငြိမ်း သားမှန်းလည်း မျက်မှန်း တန်းမိပါတယ်။ ဒါနဲ့ ထွေရာလေးပါးပြောကြရင်းက မနေ့ညက အောင်ဆန်းလုပ်ပုံကို ပြောပြခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ဆီကို ရွှေ့နေငှားရအောင်ဆိုပြီး အမှုသည် တစ်ယောက် ရောက်လာတယ်ကွ. . အဲဒီအမှုသည်က ပိုက်ဆံတတ်နိုင်တဲ့ သူပါ. . သူက သူ့အမှုနိုင်ချင်လို့ တရားသူကြီးကို တို့ကတစ်ဆင့် လာဘ်ထိုးခိုင်းတာပေါ့. . ငွေဘယ်လောက်ပေးရ ပေးရ ဝန်မလေးဘူးဆိုတဲ့ သဘောပေါ့. . အဲဒါ မင်းလူက ဘယ်လိုလုပ်ကြားသွားသလဲ မသိဘူး. . "

"မမှန်တာ ဘာလို့လုပ်မလဲ. . လာဘ်ပေးတာ မကောင်းပါဘူး. . အမှုရှုံးချင်း ရှုံးပေစေပေါ့လို့ မကျေမနပ် ရှို့ကာမဲ့ကာနဲ့ ဝင်ပြောတယ်. . ဟိုအမှုသည်လည်း ရှက်ပြီး တခိျုးတည်း ပြန်ပြေးတော့တာပဲကွ"

"အဲဒီလောက် ငွေများတရားနိုင် မတရားညစ်ပတ်တာမျိုး သူက မကြိုက်ဘူးကွဲ. . တစ်ယောက်က တစ်ယောက်ကို အနိုင်အထက် ကျင့်တာလည်း မကြိုက်ဘူး. . အဲ စာကိုတော့ ပတ်ဝန်းကျင်က ဘယ်လောက်ပဲ ဆူညံနေ သူရအောင် ကျက်နိုင်တယ်. . စိတ်က စာထဲမှာ ပဲရှိတယ်. . ခါတိုင်းဆို သူနဲ့ မဆိုင်ရင် ဘာတစ်ခုမျှ ဝင်နှောင့်ယှက်တာမျိုး မလုပ်တတ်ပါဘူး. . ဒီတစ်ခါတော့ သူ့စိတ်ထဲ မခံချင်စိတ် ထော်တော်ဖြစ်သွားပုံပေါ်တယ်"

ကျွန်တော်တို့ စကားကောင်းနေချိန်မှာ အောင်ဆန်း အဝတ်အစားတွေ လဲနေတယ်။ ဆရာကြီး ဦးဘဝင်းနဲ့ မေအောင်ကတော့ ကျောင်းကို သွားကြပါပြီ။ ကျောင်းနဲ့ အိမ်နဲ့ကလည်း သိပ်ဝေးလှတယ် မဟုတ်ပါဘူး။

"စာအုပ်တွေတော့ သူ တော်တော်စွဲလမ်းတယ်. . ကျောင်းဆင်းလို့ အိမ်ပြန်လာရင် စားစရာ သွားရည်စာတစ်ခုခုရှာစားတယ်။ ပြီးရင် လူရှင်းတဲ့ တစ်နေရာမှာ ထိုင်ပြီး စာအုပ်တစ်





အုပ်ကို စွဲစွဲမြဲမြဲ ဖတ်နေတော့တာပဲ. . သူအများဆုံး ဖတ်တာကတော့ ရာဇဝင်စာအုပ်နဲ့ ပို့ကဗျာ လင်္ကာစာအုပ်တွေပဲ. . ကဗျာတွေဆိုလည်း အလွတ်နည်းပါးလောက် ရတယ်. . သူနဲ့အရင်းနှီးဆုံးဖြစ်တဲ့ ကျွန်တော့်ကို သူရတဲ့ကဗျာတွေ ရွတ်ပြတတ်တယ်။ သူ့အစ်ကို ကိုအောင်သန်းရဲ့ သူငယ်ချင်း ကိုတုလှိုင်ဆိုတဲ့သူဆီသွားပြီး သူသင်ရတဲ့ ဦးပုညဝတ္ထုပေါင်းချုပ်ထဲက ဆဒ္ဒါန်ဆင်မင်းဝတ္ထုနဲ့ သူ့ဒိုမကြီး ဝတ္ထုထဲက အဖွဲ့အနွဲ့တွေကို အလွတ်ရွတ် ပြလေ့ရှိတယ်။ လက်ဝဲသုန္ဒရရဲ့ မဲဇာတောင်ခြေရတု၊ အနန္တသူရိယရဲ့ "သူတည်းတစ်ယောက်ကောင်းဖို့ရောက်မူ"ဆိုတဲ့ မျက်ဖြေလင်္ကာတွေလည်း သူက အလွတ်ကိုရတယ်။ ပြီးတော့ တို့ကို သူပြောတာ နားထောင်ခိုင်းတယ်. . တို့ နားထောင်ချင်တာ မထောင်ချင်တာ ကို သူထည့်မစဉ်းစားဘူး ကြမ်းပြင်ကို စူးစိုက်ကြည့်လိုက်ပြီးရင် မျက်နှာကိုမော့ ခေါင်းကို ကုလားထိုင်နောက်မှီမှာ တင်ထားပြီး သူပြောချင်တာ ဆုံးအောင် စွတ်ပြောတော့တာပါပဲ။ ပြောပြီးသွားရင်တော့ "ဒါပါပဲ"လို့ တုံးတိကြီးဖြတ်ပြီး သူ့အခန်းထဲ သူဝင်သွားတယ်။ ဘယ်သူမှလည်း နှုတ်မဆက်ဘူး။ တကယ်စိတ်က ဆန်းပြားတဲ့ သူငယ်ပဲ။ တရားခွင်မှာ တို့များပြောတာ အားလုံးနားထောင် ကြရပေမယ့် အိမ်မှာတော့ သူပြောတာကို တို့က နားထောင်ရတာပေါ့ကွယ်. . အောင်မယ် ပါးစပ်ဆိုင်းတီးတာလည်း နားထောင်လို့ အကောင်းသား မောင်ရဲ့. . "

အောင်ဆန်းရဲ့ အမှုအကျင့်နဲ့ ပတ်သက်လို့ ဦးဘသက်က ပြောပြလို့ အဲဒီနေ့က စုံစုံစေ့စေ့ သိခွင့်ရခဲ့ပါတယ်။ ကျွန်တော့်အတွက် အံ့ဩစရာ ဖြစ်သွားခဲ့တာက အောင်ဆန်း တစ်ယောက် ဂီတဝါသနာ ထုံပုံကို တစ်ခါမှ မတွေ့ခဲ့ဘူးသေးလို့ပါပဲ။ ကျွန်တော်ကတော့ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အငြိမ့်တွေ၊ သီချင်းတွေ တအားကြီးဝါသနာပါ ပါတယ်။ အိမ်မှာလည်း ကစားစရာ ဇာတ်စင်တစ်စင်ဆောက်ပြီး ဇာတ်ထောင်ထားတာပါ။ တစ်နေ့ အောင်ဆန်းကို ကျွန်တော် ဖန်တီးထားတဲ့ ဇာတ်ပွဲကို ပြအုံးမယ်လို့ တေးထားမိခဲ့ပါတယ်။ ပြီးတော့ ကျွန်တော် ဇာတ်ထဲ မှာ သူ့ကို ဆိုင်းဆရာ ခန့်ရမယ်ပေါ့။

အဲဒီလို တွေးနေတုန်း အောင်ဆန်းထွက်လာပါတယ်။ ကျွန်တော် သတိထားမိခဲ့သလောက် အောင်ဆန်းဟာ အနီရောင် လုံချည်တွေကို တော်တော်ကြိုက်ပုံပေါ်ပါတယ်။ အဝတ်အစားကို လှရေး ပရေး အချိုးအစားကျရေးထက် သန့်သန့်ရှင်းရှင်းဖြစ်ရင် ပြီးရော ဆိုတဲ့ လူစားမျိုးဖြစ်ခဲ့တယ်။ သူဝတ်နေကျ အနီရောင်ပိုးရော လုံချည်တစ်ထည်ဆိုရင် အောက်နားက စုတ်ပြတ်နေတယ်။ အဲဒါလည်း မချုပ်ဘူး ဒီအတိုင်း အစနှစ်ထုံးချည်ပြီး ဖြစ်သလို ဝတ်နေခဲ့တယ်။

တော်တော်ထူးအောင် ဆန်းတဲ့ အောင်ဆန်းပါပဲ။







အဲဒီအပျိုပေါက်မိန်းကလေးက ကိုယ်တိုင် ထမင်း၊ ဟင်းတွေလိုက်ထည့်ပေးတယ်။ အောင်ဆန်းက သူ့ပန်းကန်ထဲ ထမင်းကုန်သွားပေမယ့် အဲဒီ မိန်းကလေးကို ထမင်း ထပ်ထည့်ပေးပါဦးလို့ သူမတောင်းရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အောင်ဆန်းတေမိတောသားလေး

ကျွန်တော်တို့ ဆဋ္ဌမတန်းအောင်ပြီး ခုနစ်တန်းအဝင် ရေနံချောင်းကို ကျောင်းတက်ဖို့ ပြန်လာတဲ့အောင်ဆန်းက လမ်းမှာဖြစ်ပျက်ခဲ့တဲ့ သူ့အကြောင်းကို ရိုးသားစွာနဲ့ ပြန်ပြောပြပါတယ်။

အဖြစ်ကဒီလိုပါ။

"ငါတို့မကွေးရောက်တော့ အိမ်တစ်အိမ်မှာ တည်းရတယ်ကွ။ အဲဒီအိမ်မှာက အပျိုပေါက်ခပ်ချောချော မိန်းကလေးတွေရှိတယ်။ ငါကလည်း အစ်ကိုကြီးကိုဘဝင်းသဘောမို့ မပြောသာဘူး။ တကယ်တော့ ငါအဲဒီလို တစ်စိမ်းတရံ မိန်းကလေးတွေနဲ့ နီးနီးကပ်ကပ် မနေတတ်ဘူး"

"အင်း မင်းက မိန်းကလေးတွေနဲ့ဆို ရှက်လည်းရှက် တတ်တယ် မဟုတ်လား"

"ရှက်တာတော့ မပြောနဲ့တော့၊ အဲဒီအိမ်မှာ တည်းရတာ





အနေကလည်းကျဉ်းကြပ် ရှက်လို့ အပေါ့အပါးလည်းမသွားရဲ၊ အဲဒီညအိပ်ရာဝင်တော့ အိပ်ရာထဲမှာလည်း အိပ်ပျော် နေရင်း မအောင့်နိုင်လို့ သေးပေါက်ချမိတယ်။ ငါလည်း နိုးမှသိတော့တယ်။"

" ဟား ဟား ဟား မင်းကလည်း ဒီလောက်တောင် အရှက်ကြီးရသလားကွ"

ဟုတ်ပါတယ်၊ အောင်ဆန်းဟာ မိန်းကလေးနဲ့ ပတ်သက်ရင် တကယ်အရှက် အကြောက်ကြီးပါတယ်။ တစ်ခါကလည်း အသိမိတ်ဆွေတစ်ဦးအိမ်ကို နတ်မောက်သား တွေနဲ့ အတူ ထမင်းသွားစားကြတယ်။ အဲဒီအိမ်မှာလည်း အပျိုပေါက်မိန်းကလေးတစ်ယောက်ရှိပါတယ်။ ထမင်းဝိုင်းစားကြတော့ အဲဒီအပျိုပေါက်မိန်းကလေးက ကိုယ်တိုင်ထမင်း၊ ဟင်းတွေလိုက်ထည့်ပေးတယ်။ အောင်ဆန်းက သူ့ပန်းကန်ထဲ ထမင်းကုန်သွားပေမယ့် အဲဒီ မိန်းကလေးကို ထမင်းထပ်ထည့်ပေးပါဦးလို့ သူမတောင်းရဲဘူး။ ဒါကိုသိတဲ့ အောင်ဆန်းသူငယ်ချင်း ဘဂျမ်းက

"အောင်ဆန်းရာ မင်းပန်းကန်ထဲမှာ ထမင်းကုန်ပြီလား။ ပြောရောပေါ့လို့ အသံကျယ်ကျယ်နဲ့ အော်ပြီးနောက်လိုက်တော့ အောင်ဆန်းလည်း ရှက်ပြီး ထမင်းဝိုင်းက ထမင်း မဝသေးပေမဲ့ ဆက်မစားတော့ပဲ ငေါက်ကနဲထပြီး လက်ဆေးလိုက်တယ်လို့ သိရတယ်။

ကျွန်တော်တို့ အတန်းတူတွေဆိုတာ မိန်းကလေးရော၊ ယောကျ်ားလေးရော ရောပြီး စာသင်ကြရပါတယ်။ ဒီတော့ ကျောင်းကိစ္စ၊ လူမှုရေးကိစ္စတွေရှိရင်လည်း ယောကျ်ားလေး၊ မိန်းကလေး အတူရောပြီး လုပ်ကြရတယ်။ ဒါပေမယ့် အောင်ဆန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တွေနဲ့ သိပ်အရောတဝင်မနေဘူး။ ဘယ်ကျောင်းသူကိုမှ လည်း သူက စိတ်ဝင်စားမှု မပြဘူး။

တစ်ခါက ကျောင်းအုပ်ကြီးဦးပုက ကျောင်းသူတွေကို စာမေးတယ်။ အဲဒီလို မေးတော့ မရတဲ့သူတွေကို လက်ဝါးဖြန့်ခိုင်းပြီး ကြိမ်နဲ့လွှဲလွှဲရိုက်တယ်။ မိန်းကလေးတွေကို ပြင်းပြင်းထန်ထန် ဒဏ်ပေးတာမြင်တော့ ကျောင်းသားအချို့က အဲဒီမိန်းကလေး တွေကို သနားတဲ့မျက်နှာနဲ့ကြည့်ပြီး စိတ်တသပ်သပ်ဖြစ်နေကြတယ်။ အဲဒီ အချိန်မှာ အောင်ဆန်း ကတော့ မတုန်မလှုပ် သူနဲ့ဘာမှမဆိုင်သလို ဘာသိဘာသာနေတယ်။ အောင်ဆန်းဟာ ဘယ်မိန်းကလေးကို ပိုးတယ်ပန်းတယ် ပြောရဖို့နေနေသာသာ မိန်းကလေးဆိုရင် သူ့ မျက်စိထဲမှာ ကြည့်လို့ရတယ်တောင် မထင်ဘူး။ သူ့အကျင့်က တစ်ယောက်ထဲ နေတတ်တယ်။ ပျင်းရင် ပါးစပ်ဆိုင်းတီးနေတတ်တယ်။ အဲဒါကို မိန်းကလေး တစ်ချို့က မြင်တော့ ဝိုင်းကြည့်တဲ့အခါ

"ဟိတ် ကချင်ရင်က၊ မကချင်ရင်သွားကြ၊ မလာနဲ့"လို့ မျက်နှာထားတင်းတင်းနဲ့ အော်ငေါက်နှင်လွှတ်တတ်တယ်။ သူ့မျက်နှာ ထားတင်းလွန်းလို့ ကလေးငယ်တွေက သူ့ကို ကြောက်ကြတယ်။ လူကြီးတွေကတော့ အောင်ဆန်းကို ချစ်ကြတော့

"အောင်ဆန်း မင်းဘယ်သူ့ကို ကြိုက်သလဲပြော၊ တို့ပြော ပေးမယ်လို့စရင်"

"မိန်းမ မယူ"လို့ ပြန်ပြောလေ့ရှိတယ်။

အောင်ဆန်းက မိန်းကလေးကိုပဲ ရှက်တတ်တာမဟုတ်ပါဘူး။ သူနဲ့တစ်ခါလောက်ပဲ ဆုံဖူးတဲ့ တစ်စိမ်းတရံဆိုရင်လည်း ရှက်တတ် ပါတယ်။ သူက စပြီး စကားဘယ်တော့မှ မပြောပါဘူး။ ထမင်းစား





တော့လည်း အိမ်ရှင်က ဦးချပေးတာလောက်နဲ့ တင်းတိမ်အောင် နေတတ်တယ်။ ထမင်းလခ ပေးစားရတာပဲဆိုပြီး တဝတစ်ပြဲ စားတဲ့ အကျင့်မရှိဘူး။ ပြီးတော့ ထမင်းစားချိန်ရောက်တဲ့တိုင် အိမ်ရှင်တွေက ထမင်းစားရအောင် မခေါ်မချင်း သူလာမစားဘူး။ "စားကောင်းရဲ့ လားကွလို့ မေးရင်လည်း "ဟုတ်ကဲ့"လို့ ဘယ်တော့မှမဖြေ ပြုံးပြီး ခေါင်းညိတ်ပဲပြတတ်တယ်။ ဟင်းတစ်ခွက်ထဲက အသားတုံးကို ခတ်မရရင် နောက်ထပ် မခတ်တော့ဘဲ တခြားခွက်ထဲက ဟင်းကိုပဲ ပြောင်းစားတယ်။

အောင်ဆန်းရောက်စက သူ့အကျီ ရင်ဖုံးအောက်မှာ လူကြီး တွေက မုန့်ဝယ်စားဖို့ ပေးလိုက်တဲ့ ငွေတစ်ပြားစေ့ကို အဝတ်ကြိုးနဲ့ ချည်ပြီး ယူလာတယ်။ မုန့်ဝယ်စားတဲ့အခါ အဲဒီကြိုးကွင်းချောကို ဖြုတ်ပြီး မုန့်ဝယ်စားတယ်။ တစ်ခါတလေ ပဲလှော်တွေကို ခါးပုံစထဲ ထည့်ပြီး စာဖတ်ရင်း အပျင်းပြေဝါးတတ်တယ်။ ဒါကိုမြင်တဲ့ ကျောင်း သူတစ်ချို့က သူ့ကို ကြည့်ပြီး တောသားလေးလို့ ရှုံ့ချော်ပြီး ရယ်ကြတယ်။

ကျွန်တော်တို့ကတော့ အောင်ဆန်းကို တောမိလို့ ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ သူကတစ်ယောက်ထည်းလဲ စဉ်းစားချင် စဉ်းစားနေတတ်တယ်။ အဲဒီလိုမှ မနေရင် စာအုပ် တစ်အုပ်ကို မျက်နှာနဲ့မခွာပဲ အပ်ပြီး သဲသဲမဲမဲဖတ်နေတတ်တယ်။ ဘယ်လောက် များ စာဖတ် ဝါသနာပါသလဲဆိုရင် တစ်ခါတလေ လမ်းလျှောက်ရင်း တောင် စာဖတ်သွားလို့ သူနဲ့ မတိုက်မိအောင် ရှောင်ရှောင်သွား ကြရတယ်။ အဲဒါကို မြင်လို့ နောက်ကြပြောင်ကြလည်း သူဂရုမစိုက် ဘူး။ နှုတ်ဆက်ရင်လည်း မကြားသလိုနဲ့ မထေမဲ့မြင်လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။

အောင်ဆန်းက သူ့ကို စကားလာပြောလို့ သူ့စိတ်ထဲမပါရင် အဲဒီလူကို စကား ပြန်မပြောဘူး။ ဒါကို ကျောင်းသူကျောင်းသား တစ်ချို့က အူကြောင်ကြောင်နိုင်တယ်လို့ ဆိုကြတယ်။ အဲဒီလို အကျင့်က သူ့ဖခင် ဦးဖာရဲ့ အကျင့်ပဲ။ ဦးဖာစကားနည်းသလို သူလည်း စကားနည်းတာပါလို့ သူကဝန်ခံတတ်တယ်။ အောင်ဆန်း စကားနည်းမှန်းသိလို့ ထင်ပါရဲ့။ တစ်ခါတော့ ကျောင်းသားတစ်ချို့က သူထိုင်တဲ့ခုံပေါ်မှာ အောင်ဆန်းတေမိ လို့ စာရေး ထားတယ်။ အဲဒါကို တွေ့တော့ သူက ဘယ်လိုပြန်ရေးတယ်မှတ်သလဲ။ "ဤစာရေးသူသည် ခွေးမသား"

အောင်ဆန်းကို နှုတ်နည်းလွန်းလို့ တေမိလို့ နာမည်ပြောင် တွေပေးခဲ့ကြတဲ့ အတန်းသားဖော်တွေဟာ အောင်ဆန်းဟာ ကျောင်းစည်းကမ်းနဲ့ပတ်သက်ပြီး အလွန်မတန် ရိုသေလေးစားတယ်။ စာကြိုးစားတယ်။ ထက်ထက်မြက်မြက်ရှိတယ်ဆိုတာကိုတော့ အသိ အမှတ်ပြုကြတယ်။

အောင်ဆန်းဟာ ကျောင်းကိုဘယ်တော့မျှ နောက်မကျ တတ်ဘူး။ အတန်းတက် အချိန်မှန်တယ်။ ကျောင်းရှေ့မှာ စုပေါင်း ဘုရားဝတ်ပြုတာလဲ တစ်ရက်မှ မပျက်ကွက်ဘူး။ ပထမခေါင်းလောင်း ထိုးတာနဲ့ သူ့နေရာသူ ဝင်ထိုင်ပြီးသားဖြစ်တယ်။ မင်တံ၊ ခဲတံ၊ ပေတံ ဆိုတာ သူ့မှာမပါလို့ ဘယ်ကျောင်းသားဆီကမျှ ငှားရတယ်ဆိုတာ ကြားတောင် မကြားဖူးဘူး။ သူများတွက်ပြီးသား သင်္ချာပုစ္ဆာအဖြေကို ကူးယူတာမျိုးမရှိပဲ သူကပဲ သူတွက်ပြီးသား အဖြေတွေကို သူများ တွေတောင်းရင် လိုက်လိုက်လျောလျော ပေးတတ်တယ်။ သူက သူ့ကို





နောက် နောက်ပြောင်ပြောင်လုပ်ခဲ့တဲ့ **ကျောင်းသားတွေအပေါ်မှာ** ဘယ်တော့မှအမှတ်မထားဘူး။ **သူတို့က တိုးတိုးတိတ်တိတ်နဲ့** အဖြေတွေလှမ်းတောင်းရင် နောက်လှည့်မကြည့်ဘဲ **သူတွက်ပြီးတဲ့** သင်္ချာပုစ္ဆာအဖြေစာအုပ်ကို လှမ်းပေးတတ်တယ်။ **အောင်ဆန်းဟာ** ငယ်ငယ်ကတည်းက သင်္ချာကို မြန်မြန်နဲ့မှန်**အောင်တွက်တတ်**လို့ ဉာဏ်ကောင်းတဲ့သူလို့ အားလုံးက ဝိုင်းချီးကျူးကြပါ**တော့တယ်။**



www.burmeseclassic.com

www.burmeseclassic.com



## အရုပ်ထဲက မိတ်ဆွေကြီး

တစ်နေ့တော့ အောင်ဆန်းက သူ့မှာအရင်းနှီးဆုံးမိတ်ဆွေကြီး တစ်ယောက်ရှိတယ် လို့ပြောတယ်။ ဘယ်သူလဲလို့မေးတော့ သိချင် လာခဲ့ ဟိုကျတွေ့လိမ့်မယ်ပြောပြီး ကျွန်တော့်ကို လမ်းညွှန်ဖူးတယ်။ အဲဒီနေရာက ရွှေကြာငုံရပ်ကွက်ရဲ့ အစွန်ဆုံးထောင့်တစ်နေရာပါ။

ကျောင်းကထွက်ရင် ရွှေကြာငုံလမ်းမကြီးပေါ် ရောက်မယ်။ အဲဒီလမ်းအတိုင်း လျှောက်ပြီး လမ်းဆုံးတော့ ဘယ်ဘက်ကိုချိုးရတယ်။

ဆုံတိုက်ရပ်ကွက်နဲ့ မျက်နှာချင်းဆိုင် ရွှေကြာငုံရပ်ကွက်ရဲ့ အဆုံးကိုရောက်ရင် ညောင်ပင်ကြီးတစ်ပင်တွေ့ရတယ်။ အဲဒီ ညောင်ပင်ရဲ့ဘေးမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိတယ်။ ဆိုင် နာမည်က မထင်မရှားနဲ့ ဘချမ်းလဘက်ရည်ဆိုင်တဲ့။ လက်ဖက်ရည် တစ်ခွက်ကို တစ်ပဲ ပေးရတယ်။

ဆိုင်အတွင်းကိုရောက်သွားတော့ အောင်ဆန်း မရောက်





သေးဘူး။ ဒါနဲ့ ချောင်အကျဆုံး လူအရှင်းဆုံး အောင်ဆန်းထိုင်နေကျ နေရာကို ဘချမ်းက ကျွန်တော့်ကိုပေးတယ်။ ဘချမ်းရဲ့နာမည်အပြည့် အစုံက ဦးချမ်းမြပါ။ အသက်ငါးဆယ်ဝတ်ဝန်းကျင်လောက် ရှိနေ ပါပြီ။ သူကစကားပြောရင် အကျင့်ပါနေလို့လား၊ ရောဂါတစ်ခုခု ကြောင့်လားမသိ။ နှာခေါင်းကို ရှုံ့ရှုံ့ပြီးပြောတတ်ပါတယ်။ ကျွန်တော့်ကို အောင်ဆန်းသူငယ်ချင်းမှန်းသိတော့ ဘချမ်းကဲ ခင်ခင်မင်မင်ရှိလှပါတယ်။

"ဒီသူငယ် မောင်အောင်ဆန်းက လာတိုင်း လာတိုင်း အဲဒီလို ချောင်ကျကျနေ ရာကိုပဲ ကြိုက်တတ်တယ်. . သူ့အကြိုက်ကို အဘကသိတော့ ချန်ချန်ထားရတယ်. . သူက အဘနဲ့ပဲ စကားပြောတယ်. . တစ်ခါတစ်လေ မပြောချင်မပြောဘူး. . တစ် ယောက်တည်း ခဲတံနဲ့ခုံကို တစ်ဒေါက်ဒေါက် ခေါက်ချင်ခေါက် နေတတ်တယ်. . မျက်စိကလေးကိုပွတ်ပြီး စဉ်းစားချင်စဉ်းစားနေ တတ်တယ်. . တခြားလူစိမ်းတော့ အဝင်မခံဘူး. . ဒါ့ကြောင့် ဝင်ပြောရင်လည်း သူဘာမှဆက်မပြောတော့ဘူး အဘနဲ့တော့ လေပေး ဖြောင့်ပါတယ်. ."

"အဘနဲ့ အောင်ဆန်းနဲ့ ဘာတွေပြောကြသလဲ. ."

"ပြောတာကတော့ စုံနေတာပဲ. . အများဆုံးကတော့ နိုင်ငံရေးအကြောင်းပဲ. . အဘဆိုင်က လူစုံတယ်မဟုတ်လား. . နိုင်ငံရေး. . စီးပွားရေးသတင်းတွေ အများကြီး ကြားရတယ်. . သူ့ကိုပြန်ပြန်ပြောရတာပေါ့. . အဲဒီလိုပြောရင် သူကဝေဖန်ချက်တွေ ဘာတွေပေးတတ်တယ်. . ကမ္ဘာနဲ့ယှဉ်ပြီး သူပြောတတ်တယ်. . ဒီကောင်လေးကြီးလာရင် နိုင်ငံရေးသမားကောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာနိုင်တယ်. . "

အဲဒီလိုစကားကောင်းနေတုန်းမှာပဲ. . . အောင်ဆန်း ရောက်လာတယ်။ ဘချမ်းက အောင်ဆန်းအကြိုက် လက်ဖက်ရည် ဖျော်ပေးတယ်။

"ကျောင်းပိတ်ရက် မနက်ပိုင်းတွေဆိုရင် ငါဒီမှာလာလာ ထိုင်တယ်. . မင်းလည်း ဖျင်းရင်လာလေ. . "

အောင်ဆန်းဖိတ်ခေါ်ချက်အတိုင်း နောက်ပိုင်းကျွန်တော် လည်း ဘချမ်းလက်ဖက်ရည်ဆိုင်မှာ လာပြီးထိုင်ဖြစ်ခဲ့ပါတယ်။ မြန်မာပြည် နိုင်ငံရေးနဲ့ပတ်သက်တာတွေ ကိုယ့်အသိဉာဏ်ရှိ သလောက် ဆွေးနွေးခဲ့ကြတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း နိုင်ငံရေးကို တဖြေးဖြေးစိတ်ဝင်စားတဲ့သူတစ်ယောက်ဖြစ်လာခဲ့တယ်။

တစ်နေ့တော့ ဘချမ်းဆိုင်ကနေ လှမ်းမြင်ရတဲ့ ပိဋကတ် သုံးပုံကျောက်စာရုံကို အောင်ဆန်းတော်တော်စိတ်ဝင်စားနေခဲ့တယ်။ ကျွန်တော်က အဲဒီမှာရှိတဲ့ ကျောက်စာတွေ အကြောင်း တစ်စွန်း တစ်စပြောတတ်သလိုပြောတော့ သူက သွားကြည့်ရအောင်ဆိုပြီး အဖော်စပ်တယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ကျောက်စာရုံဘုရား ပေါ်ကို ရောက်ခဲ့ကြတယ်။

**"တွင်းစားရိုး ဦးသာကံ၊ ပါရမီဖက် ဒေါ်ခင်သင် ကောင်းမှု"**

အောင်ဆန်းက အလှူရှင်ကမ္ပည်းစာကိုဖတ်ပြီး တော်တော် ချီးကျူးခဲ့တယ်။ သူချီး ကျူးသလို လှူခဲ့တဲ့ ကုသိုလ်ရှင် ဘယ်လောက် ချမ်းသာသလဲဆိုတာ ဆက်ပြီးတွေးခဲ့ကြတယ်။

အလှူရှင်တွေဟာ ၁၂၇၆ ခု သီတင်းကျွတ်လဆန်း ၁၀





ရက်နေ့မှာ အုတ်မြစ် ချတည်ဆောက်လှူဒါန်းခဲ့ကြတယ်။ ပိဋကတ် တိုက်သုံးတိုက်မှာ ဝိနည်းပိဋကတ်တိုက်မှာ ကျောက်ချပ်ရေ ၁၁၄ ချပ်ရှိတယ်။ အဘိဓမ္မာတိုက်နှစ်လုံးမှာ အနောက်တိုက် အရှေ့ တိုက်ခွဲ ပြီးကျောက်ချပ်ရေ ၂၁၃ ချပ်ရှိတယ်။ သုတ္တံပိဋကတ်တိုက် နှစ်လုံး မှာလည်း ကျောက်ချပ်ရေ ၁၂၄ ချပ်ရှိတယ်။ ဉာဏ်တော် ၂၂တောင် ရှိတဲ့ နေပူခံဆင်းတုတော်ကြီးနဲ့ ပဋ္ဌဝဂ္ဂီငါးဦး တရားဦးဟောနေပုံ တွေလည်း ရှိတယ်။

"မန္တလေးမြို့မှာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်း တရားကြီးရဲ့ ကောင်းမှုတော် ကျောက်စာရုံရှိတာ မင်းကြားဖူး ရဲ့လား"

အောင်ဆန်းက မေးတော့ ကျွန်တော်က "ကြားဖူးတာပေါ့" လို့ ပြန်ဖြေခဲ့တယ်။ နောက်တော့ သူဆိုလိုချင်တဲ့ သဘောကို ဆက်ကြားခဲ့ရတယ်။

"အဲဒီလိုဘုရင်တွေရဲ့ ကောင်းမှုကုသိုလ်မျိုး ငွေကြေးသုံးစွဲ နိုင်တာမျိုးကို မင်းတို့ရေနံချောင်းက တွင်းစားရိုးဆိုတဲ့ လူတွေလည်း လုပ်နိုင်တယ်. . သူတို့ တော်တော် ချမ်းသာမှာပဲ. . "

"ချမ်းသာတာကတော့ ငါကြားဖူးသလောက်ပြောရရင် တွင်းစားရိုးဆိုသူတွေဟာ စိန်ကိုပြည်တောင်းနဲ့ချင်ရအောင်ကို ဆွေစဉ် မျိုးဆက်ချမ်းသာလာခဲ့ကြတာတဲ့"

"ငါစဉ်းစားမိတာ အဲဒီလောက်မဟုတ်ဘူး. . တဲဒီလို တို့မြန်မာတွေ ချမ်းသာတာ ဟိုဗြိတိသျှကောင်တွေ ဘယ်လောက်များ သွားရေကျခဲ့သလဲဆိုတာပါ. . . ဒါကြောင့် တိုင်းပြည်ကို မတရား သိမ်း. . ရေနံမြေက ရေနံတွေကို အငမ်းမရ အမြန်ဆုံးနည်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေကြတာ အသည်းနာဖို့ကောင်းတယ်နော်. . အဲဒီအကြောင်းတွေဆို သမ္မတကြီး ဦးစိုးသိမ်း သိပ်အပြောကောင်းတာပဲကွ"

"အေးတစ်နေ့တော့ တို့ ဦးစိုးသိမ်း တရားဟောတာ သွားနားထောင်ကြရ အောင်ကွာ"

ကျောက်စာရုံကအပြန်မှာ အင်္ဂလိပ်လူမျိုး လင်မယား စီးသွားတဲ့ ဇိမ်ခံကားတစ်စီး ကို ကတ္တရာလမ်းပေါ်မှာ ဖြတ်မောင်းသွားတာတွေ့လိုက်ရတယ်။ အောင်ဆန်းတစ်ယောက် အခဲမကျေမျက်နှာနှင့် အဲဒီကားသွားရာ မျက်စိတစ်ဆုံးကို လိုက်ကြည့်နေခဲ့ဖူးတယ်။

ကျွန်တော်တို့ အတန်းပိုင်ဆရာဦးဘိုးရင်က အတန်းသားတွေကို ကြီးကြပ်ဖို့ ဆိုပြီး အတန်းထဲမှာ ခေါင်းဆောင်နှစ်ယောက် ရွေးထားပါတယ်။ အဲဒီခေါင်းဆောင်နှစ်ယောက် ဆီမှာ ကျွန်တော်တို့ စာပြန်ကြရတယ်။

တစ်နေ့

အတန်းခေါင်းဆောင်ဟုတ်ကြည်ဆီကို စာသွားအံကြတော့ အောင်ဆန်းက သူ့အလှည့်ရောက်တော့ **(တို့တိုင်းပြည်တာ တိုင်းပြည်ကြီးတွေပိုင်းနေတယ်။တို့ပြည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးမရှိဘူး။ တို့မြန်မာတွေ အတော်ကြိုးစားနိုင်မှ လွတ်လပ်ရေးရမယ်)** လို့ ဘယ်သူမျှမျှော်လင့်မထားတဲ့ စကားတွေရွတ်ပြတယ်။ ဒီတော့ ကျန်တဲ့သူတွေက သူဆိုလိုတဲ့ စကားအဓိပ္ပာယ်ကို ရုတ်တရက်သဘောမပေါက်ကြဘဲ အံ့သြတဲ့မျက်နှာတွေနဲ့ ငေးပဲကြည့်နေကြတော့တယ်။

ပြီးတော့ သူ့အမူအကျင့်တစ်ခု





သူက ဘချမ်းလက်ဖက်ရည်ဆိုင်မှာထိုင်ရင် အဲဒီဆိုင်နားမှာရှိတဲ့ အမေရိကန်တွေ လာဖွင့်တဲ့ စတိုးဆိုင်ကို အမြဲငေးမောကြည့်တယ်။ ပြီးရင် "သူတို့ဒီမှာလာပြီး ကြီးကျယ်နေလိုက်ကြတာ"လို့ ပြောတတ်တယ်။ သူက ရေနံလုပ်ငန်းပိုင်ရှင် နိုင်ငံခြားသားသူဌေးတွေ အဲဒီဆိုင်မှာ ကားကြီးကားငယ်တွေနဲ့ ဝင်ထွက်နေတာကို နည်းနည်းမှသဘောမကျဘူး။ တစ်ခါတော့ အဲဒီရှိုးအင်ကုမ္ပဏီကို ကြောင်တစ်ရာနဲ့ သံတစ်စိပ်ဆိုတဲ့ သူခိုးအုပ်စုက ဝင်ဖောက်ပြီး ပစ္စည်းတွေယူသွားတယ်။ အဲဒီသတင်းကို အောင်ဆန်းကြားတော့


"သူတို့ပစ္စည်းတွေကုန်တာ တို့ပစ္စည်းတွေကုန်တာမဟုတ်ဘူး" လို့ ပြောချလိုက်တာ ကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com





နောက်ဆုံးတော့ ဖိုးစိန်ရယ်.. သာယာဝတီဦးပုရယ် အတူလာကြပြီး သူ့ပုန်ကိစ္စ ဖြေရှင်းချက်ပေးပြီး ပြေလည်ရေးအတွက် ဘာမဆိုစေခိုင်းတဲ့အတိုင်း လိုက်နာပါမယ်လို့ တင်ပြတောင်းခံခဲ့ကြတယ်တဲ့..





## ကျွန်တော့်ဇာတ်ထဲမှာ ဆိုင်းဆရာခန့်လိုက်ခြင်း

ကျွန်တော်က ဇာတ်တို့၊ အငြိမ့်တို့ အလွန်ဝါသနာပါတယ်။ ကြည့်လည်း ကြည့်တယ်။ ပြီးရင် အဲဒီဇာတ်ထဲက ကကြဆိုကြတာထက်၊ အဲဒီဇာတ်ရဲ့အပြင်အဆင်မျိုးကို ပိုပြီးသဘောကျတယ်။ ကိုယ်တိုင်ကရ ဆိုရတာထက် ဇာတ်ထောင်ဆရာ၊ အငြိမ့်ထောင်ဆရာ လုပ်ချင်စိတ်ရှိခဲ့တယ်။

အဖေတို့ အမေတို့ကလည်း ဝါသနာပါတယ်။ ရေနံချောင်းစနေနံ ဘုရားပွဲမှာ လာကတဲ့ဇာတ်တွေဆိုရင် မလွတ်တမ်းကြည့်တယ်။ အဲဒီခေတ်က စနေနံဘုရားပွဲဟာ ဖိုးစိန်ဇာတ်မပါရင်မဖြစ်တဲ့ ဘုရားပွဲဖြစ်ခဲ့တယ်။ ကျွန်တော့်ဇာတ်ရဲ့ ပွဲကြည့်ပရိသတ် ကတော့ အရပ်ထဲက တွင်းရိုး တွင်းစားသား မောင်နိုင်ရယ်၊ သူက ကျွန်တော့်ထက် နည်းနည်း ကြီးတယ်။ နေရှင်နယ်ကျောင်းမှာလည်း သူကအတန်းကြီးတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



စာအတော် ဖတ်တယ်။ ဗဟုသုတရှိတယ်။ နောက်နှစ်ယောက်က (ကြယ်နီရောင်) မောင်ကိုရယ်၊ ဘိုင်စကုပ်မင်းသားလုပ်ချင်တဲ့ တင်ဖေရယ်' နောက်တကူးတက ကျွန်တော် ဖိတ်ထားတဲ့သူ အောင်ဆန်းရယ်ပေါ့။

အိမ်ရဲ့နောက်ဖက်မှာ ကျွန်တော်ဆောက်ထားတဲ့ ဇာတ်စင်တစ်ခုရှိတယ်။ အဲ ဒီဇာတ်စင်ဟာ အမြင့်အကျယ် နှစ်ပေပတ်လည်လောက်ပဲ ရှိပါတယ်။ ကျွန်တော့် ဇာတ်စင်မှာ ကတ္တီပါ ပိုးဖဲ ကန့်လန့်ကာ နှစ်ချပ်ပါတယ်။ နဖူးစီးသုံးချပ်က ပိုးစအတွန့်တွေနဲ့ သီထားတယ်။ ပိတ်အစိမ်းစနဲ့ တိုင်ဖုံးတွေပါတယ်။ အဝေးကကြည့်ရင် တကယ့်ဇာတ် စင်ကြီးတစ်ခုလို့ ထင်ခဲ့ရတယ်။ ကတ္တီပါ တစ်ချပ်က ရွှေပြည်ဖုံးကားကြီးဖြစ်တယ်။ အတွန့် အတွန့်တွေနဲ့လိပ်ပြီး တင်လို့ချလို့ရတယ်။ အတွင်းကား ရှပ်တာဆိုတဲ့ ကန့်လန့်ကာကလည်း ဖွင့်လို့ပိတ်လို့ရတယ်။ နောက်ခံကားတွေကလည်း ဇာတ်ကွက်အလိုက် အဆင်ပြေအောင် ရောင်စုံခဲတံနဲ့ဆွဲတဲ့ တောကားတောင်ကားတွေလည်းပါတာပေါ့။

မင်းသား မင်းသမီးကဖို့ အရုပ်တွေက သတင်းစာထဲ ပါခဲ့တာကို ဖြတ်ပြီး ကတ်စက္ကူနှင့်ကပ်ထားတယ်။ သူ့အချိုးအတိုင်းကပ်ကြေးနဲ့ ကိုက်ထားပြီး ကတဲ့အခါ အပ်ချည်ကြိုး တန်းမှာ ချိတ် ကရတယ်။ လူကကြိုးကို လှုပ်ပေးလိုက်ရင် ခုန်ဆွခုန်ဆွနဲ့ နေတာပေါ့။ ကျွန် တော်မှတ်မိသလောက် အဲဒီမင်းသားအရုပ်ဟာ ဖိုးစိန်လို့ထင်တယ်။ ပြီးတော့ ပြဇာတ်ထွက်လို့ရအောင် ဘိုင်စကုတ် မင်းသား မင်းသမီး လူကြမ်းပုံတွေကိုလည်း အဲဒီလိုလုပ်ထား တယ်။ အောင်ဆန်းက တော်တော်သဘောကျခဲ့တယ်။





"မင်းဇာတ်နာမည်က ဘာလဲ"လို့ သူကမေးတော့

ကျွန်တော်က "ဖိုးစိန်ဇာတ်"ပေါ့လို့ပြောလိုက်မိတယ်။

အဲဒီမှာ မောင်နိုင်က "ဖိုးစိန်ဇာတ်လို့တော့ နာမည် မပေးပါနဲ့ကွာ မကောင်းပါဘူး" ဆိုပြီးဖိုးစိန်နဲ့ သပိတ်မှောက်ကျောင်းသားတွေနဲ့ ဖြစ်ခဲ့ဖူးတဲ့ ပဋိပက္ခကို ပြန်ပြောခဲ့တယ်။

"ဖိုးစိန်က တို့သပိတ်မှောက် အမျိုးသားကျောင်းသားတွေကို သပိတ်သူပုန်တို့ သူပုန်လေးတွေလို့ စကားမှားပြီး ပြောခဲ့ဖူးတယ်ကွ" လို့ အစချီတော့ ကမယ့်ပွဲကို ခဏရပ်ပြီး မောင်နိုင်ပြောတဲ့ စကားကို ငေးပြီးနားထောင်ခဲ့ကြရဖူးတယ်။

"ရတနာပုံ ကုမ္ပဏီသမဂ္ဂအသင်းသူ (၈)ယောက်နဲ့ သပိတ်ကျောင်းသား (၂)ယောက် သပိတ်ရန်ပုံငွေအတွက် ဇာတ်မင်းသား ဖိုးစိန်ဆီကို အလှူခံတယ်. . ဒီတော့ မင်းတို့ သူပုန်တွေအတွက် ဘာလုပ်ဖို့အလှူငွေထည့်ရမှာလဲ" နဲ့ ပြောလွှတ်လိုက်တယ်တဲ့။

"တကယ်တော့ ဖိုးစိန်ဆိုတာ အလှူပေးရာမှာ အလွန်အင်မတန် ရက်ရောတဲ့သူ အစိုးရကောက်ခံတဲ့ အလှူတွေမှာ ဖိုးစိန် မပါရင်မပြီးလို့ တီပီအက်စ် တိုင်းကျိုး ပြည်ကျိုးဆောင်တံဆိပ် ချီးမြှင့်ခံထားရတဲ့သူပါတဲ့"

"အဲဒီလိုပြောပြီး မကြာခင်သကျမုန် ဘုရားထဲမှာ ဖိုးစိန်ဇာတ်ကမယ်လို့ ကြော်ငြာလှည့်တော့ ဖိုးစိန်ကို မကြည့်နဲ့ဆိုတဲ့ စာရွက်ကြီးတွေ သပိတ်မှောက်ကျောင်းသား တွေက နေရာအနှံ့မှာ ကပ်ခဲ့ကြတယ်"

"ဖိုးစိန်ဇာတ်ထဲက လူရွှင်တော်ကြီး ငွေနှင်းက သူ့ဆရာ ဘက်လိုက်ပြီး သူ့ဇာတ်ဆရာကို မန္တလေးမှာ သပိတ်မှောက်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေးမစိုက်ကြောင်းကို လူသိရှင်ကြား ထပ်ကြော်ငြာပြန်တယ်. . ”

ဇာတ်ဆရာကလည်း “မင်းတို့မန္တလေးမှာ သပိတ်မှောက်ရင်ကော ဘာအရေးကြီးသလဲ ငါရန်ကုန်ဆင်းမယ်” ဆိုပြီး စီစဉ်တယ်။

မန္တလေးသပိတ်မှောက်ကျောင်းသားတွေက ဖြစ်ခဲ့တဲ့အကြောင်းနဲ့ သပိတ်မှောက်ဖို့အကြောင်း သံကြိုးရိုက်ပြီး အကြောင်းကြားတော့ ရန်ကုန်ယူနီဗာစတီသပိတ်မှောက် ကောင်စီက သဘောတူခဲ့ကြတယ်. . ဒီအထဲ ပဲခူးမှာလည်း သပိတ်မှောက်ရန်ပုံငွေလှူမယ် ပြောပြီး မလှူလို့ သပိတ်မှောက်ခဲ့ကြတယ်တဲ့. . ”

“သူရိယသတင်းစာမှာလည်း ဘို့ကြင်ကော့တာတွေ ညီအစ်ကိုမောင်နှမချင်း ညီညွတ်ကြရန်. . အမိမြန်မာပြည်ကို ချစ်ခင်တော်မူကြရန် အဂတိလေးပါး မလိုက်စားဘဲ ခိုင်မြဲ တည်တံ့တော်မူကြရန်ဆိုပြီး. . ရေးသားလှုံ့ဆော်ခဲ့တယ်”

“ဖိုးစိန်က ရန်ကုန်ဂျူဗလီဟော တောင်ဘက်မှာ မနိုမိုးရုံကြီးထိုးပြီး ပွဲကမယ်စီစဉ်တော့ ရန်ကုန်သပိတ်မှောက်ကောင်စီက ဆက်ပြီးသပိတ်မှောက်တယ်. . ကျောင်းသူ ကျောင်းသားတွေနဲ့ မြို့သူမြို့သားတွေအားလုံး သပိတ်မှောက်လို့ ပွဲဈေးတန်းတောင် လျှောက်မဲ့လူ မရှိအောင်ဖြစ်ခဲ့ဖူးတယ်. . ”

“နောက်ဆုံးတော့ ဖိုးစိန်ရယ်. . သာယာဝတီဦးပုရယ် အတူလာကြပြီး သူပုန်ကိစ္စ ဖြေရှင်းချက်ပေးပြီး ပြေလည်ရေးအတွက် ဘာမဆိုစေခိုင်းတဲ့အတိုင်း လိုက်နာပါမယ်လို့ တင်ပြတောင်းခံခဲ့ကြတယ်တဲ့. . ”

“သပိတ်ကျောင်းသားကော်မတီက ဒီကျောင်းသား သပိတ်





ကိစ္စဟာ သာမန်ကိစ္စလေး မဟုတ်တဲ့အကြောင်း. . တစ်မျိုးသားလုံး တွန်းသက်ရှည်မဲ့ တက္ကသိုလ်ဥပဒေကို ပြည်သူလူ ထုတွေက တိုက်ဖျက်တာမရလို့ ကျောင်းသားတွေက သပိတ်လက်နက်ဆွဲကိုင်ပြီး ဗျူရိုကရက် နယ်ချဲ့တော်လှန်နေရတဲ့သဘောဖြစ်ကြောင်း. . ပညာရေး တော်လှန်မှုကြီးဖြစ်ကြောင်း. . တစ်မျိုးသားလုံးအရေးဖြစ်ကြောင်း ဦးဖိုးစိန်အနေနဲ့ သူပုန်ကလေးတွေလို့ စွပ်စွဲလိုက်ခြင်းဟာ အလွန်တရာကြီးလေးတဲ့ မှားယွင်းမှုဖြစ်ကြောင်းလို့ ပြောလိုက်တယ်. . ”

“ဒီတော့ ဖိုးစိန်က သတင်းစာကနေ ရန်သူပင်ဖြစ်စေကာမူ လက်နက်ချက စိတ်ကျေနပ်ရစမြဲပါဆိုပြီး. . တောင်းပန်ခဲ့ပါတယ်. . သူရိယသတင်းစာက အယ်ဒီတာမှတ်ချက်မှာလည်း အမျိုးသားအချင်းချင်းနစ်နာပြီး နှိပ်စက်သလိုဖြစ်မှာကို သတိပြုစေလိုကြောင်းရေးတော့မှ အားလုံးအဆင်ပြေသွားခဲ့တယ်. . ဖိုးစိန်က ရန်ကုန်မှာတတဲ့ ပွဲဦးပထမညမှာ သူကိုယ်တိုင်သီဆိုတင်ပြတဲ့ သီချင်းတွေကိုတောင် ကြိုက်သလိုစိစစ်ဝေဖန် ပါလို့ ပြောရတဲ့အထိ ဖြစ်သွားခဲ့ရသတဲ့. . ”

မောင်နိုင်ပြောတဲ့ ဖိုးစိန်နဲ့ သပိတ်မှောက်ကျောင်းသားတွေအကြောင်းကို အောင်ဆန်းတော်တော်စိတ်ဝင်စားသွားခဲ့တယ်။ မောင်နိုင်ကိုလည်း အထင်ကြီးသွားတယ်။

“ခင်ဗျား တော်တော်သိတာပဲ. . စာအများကြီးဖတ်တယ်ထင်တယ်”လို့ ပြောတော့ မောင်နိုင်က သူ့ဆီမှာ “သူရိယသတင်းစာတွေ (Up to Date)ရှိတယ်. . ဖတ်ချင်တဲ့အချိန် လာဖတ်ပါ” လို့ အောင်ဆန်းကို ဖိတ်ခဲ့ဖူးပါတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

...ဝါနဲ့ ကျွန်တော်က ဇာတ်ထွက်နေတော့မယ် လုပ်မှတော့ အောင်ဆန်းကို ...

... "ဒါ မင်းဆိုင်း တီးတာဝါသနာပါတယ်ဆို ကြားလား ... တီးတတ်တယ် မဟုတ်လား" ဆိုတော့ သူက ... "တကယ့်ဗုံတွေတီးရတာ တီးတတ်တာမျိုးမဟုတ်ဘဲ ... ဗုံမောင်းတွေ တီးတဲ့အခါ စည်းဝါး တကျ သံစဉ်မှန်မှန် ပါးစပ်က အသံထွက်တတ်ပြီး လက်ကဟန်လုပ်တတ်တာပါ" လို့ ပြောခဲ့တယ်။

သူတစ်ယောက်တည်းနေလို့ပျင်းရင် အဲဒီလိုပါးစပ်ဆိုင်းတီးပြီး ကိုယ့်ကိုယ်ကို ဖျော်ဖြေတတ်တယ်လို့လည်း ပြောတယ်။ အဲဒီနေ့က မင်းသားမင်းသမီး စက္ကူချပ်အရုပ် နှစ်ရုပ်ကို အပ်ချည်ကြိုးမှာချိတ်ပြီး ခုန်ဆွဲခုန်ဆွဲလုပ်တယ်။ အောင်ဆန်းက ခြေကျလက်ကျနဲ့ ညီအောင် နောက်ကပါးစပ်ဆိုင်း လိုက်တီးခဲ့တယ်။

... ပါးစပ်က "ဗြိ ... ဗြိ" နဲ့ လေကိုမြည်အောင်စုပ်ယူနိုင်တယ်။ လက်ကိုနှစ်ဖက်တီး ... ပွဲစောင်းကို ဆိုင်းဝိုင်းတီးတဲ့ အတိုင်းတီးတယ်။ ... သီချင်း သွားတစ်ခုခုကို တီးနေသလိုပဲ။ သူ့အမူအယာကလည်း တကယ့်ဆိုင်းဆရာကြီးတစ်ယောက်ရဲ့ မျက်နှာပေးပဲ။ ကျွန်တော်တို့မြို့မှာ နာမည်တက်စ ဆိုင်းဆရာမောင်ထွန်းရဲ့ အမူအယာမျိုးပါ။

"အောင်ဆန်း မင်းဆိုင်းတီးအရမ်းကောင်းတယ် ... နောက်ပွဲကျရင် ... ဆိုင်းဝိုင်းခေါင်းဆောင် ဆိုင်းဆရာအဖြစ်ခန့်လိုက်ပြီ" ... "ဟုတ်ပါ့မလား" ... အဲဒီလို ကျွန်တော်က ပြောတော့ အားလုံးတဝါးဝါးနဲ့ ပွဲကျပြီးရယ်ခဲ့ကြတယ်။





"ဟော့ ငါဆိုင်းတီးတာ အစ်ကိုကြီးမသိစေနဲ့နော်"

"ဘာပြုလို့လဲ ဆရာကြီးဦးဘဝင်းက မကြိုက်ဘူးလား"။

"မကြိုက်ဘူးက ... မှာဆို ဆိုင်းတီးရင်အမိခံရတိုင်း မင်းဟာ ဘာလုပ် [illegible] ခဏခဏအဆူခံရတယ်... တိုနေ့ကလည်း [illegible] သီချင်းဆိုကြားတော့ အူထဲယားလာတာနဲ့ [illegible] သံယောင်လိုက်ပြီး [illegible] တမါး ဟတပါးနဲ့ [illegible] အစ်ကိုကြီးအိပ်ရာက [illegible] ဒီကောင်လေးရူးနေသလားလို့ [illegible] စော်တော့ [illegible] ငါဆိုင်းတီးတာ [illegible] နည်းနည်း [illegible] မကြိုက်ဘူး [illegible] ငါလည်း [illegible] လုပ်တော့ [illegible]


အဲဒီ [illegible] အောင်ဆန်းရော [illegible] တော်တော်ပျော် [illegible] ရတဲ့ ကလေးသဘာ [illegible] ခဏ ချိန်ထိ သတိရနေဆဲပါ [illegible]



[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

www.burmeseclassic.com






ဆရာဦးဘဝင်းကတော့ သူညီရဲ့ ကျန်းမာရေး ချို့ယွင်းလာမှာ စိုးရိမ်လို့ရယ် တကုန်းကုန်းနဲ့ စာကျက်နေရတာ အညောင်းမိမှာ စိုးလို့ရယ် ပြီးတော့ ပေါ့ပေါ့တန်တန် နေမှာစိုးလို့ရယ်ထင် ပါတယ်။ မနက်တိုင်း တင်းနစ်ရိုက်ရအောင် ဆိုပြီး စီစဉ်ပေးခဲ့ဖူးတယ်။





## တင်းနစ်ကစားတဲ့ အောင်ဆန်း

အောင်ဆန်းက သူငယ်ငယ်ကတည်းက ကစားခုန်စား လုပ်တာကို အလေ့အကျင့် သိပ်မရှိဘူးလို့ ပြောခဲ့ဖူးပါတယ်။ တွက်ထိုးတာတို့ ကျည်းသားရိုက်တာတို့နဲ့ ကြမ်းကြမ်းတမ်း တမ်းကစားရတာမျိုးကို ကြိုက်တယ်ပြောပါတယ်။ ခြင်းခတ်တာမျိုးက မင်းသားဟန်တွေ ပါနေလို့ဆိုပြီး ကြွကြွရွရွလုပ်နေရတာမို့ မကြိုက်ဘူးတဲ့၊ ဘော်လုံးကန်တာကတော့ ဝါသနာ ပါပါတယ်တဲ့။ နတ်မောက်ဘုန်းကြီးကျောင်းမှာနေတုန်းကလည်း နဘူးသားကို ကြက်တောင် စိုက်ပြီး ကြက်တောင်ရိုက်ကစားခဲ့ဖူးသတဲ့၊ ရေကူးတာ၊ သစ်ပင်တက်တာလည်း အားကစား တစ်မျိုးပဲ။ ဒါကိုတော့ လူကြီးတွေက ခွင့်မပြုခဲ့ကြဘူး။ ဒါကြောင့်လည်း သူ့မှာအတတ် ပညာဘက်မှာ အခွင့်အလန်းရခဲ့သလောက် တတ်မြောက်ခဲ့ သလောက်၊ ကိုယ်လက်ကြံ့ခိုင် ရေးအတွက် အခွင့်အလမ်းချို့တဲ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျန်းမာရေးချို့ယွင်းခဲ့ရတယ် ပြောပါတယ်။

အခုအမျိုးသားကျောင်းနေပြန်တော့လည်း အမျိုးသားကျောင်းဆိုတာ ကျောင်းတည်တံ့အောင်လို့တောင် မနည်းကြိုးစားလုပ်နေကြရတာ။ ကစားခုန်စားလေ့ကျင့်ခွင့် မရှိဘူး။ ကစားစရာပစ္စည်း မထားနိုင်ဘူး။ ဝါသနာပါရင် ကိုယ့်ဖာသာကိုယ် ဖန်တီးပြီး အိတ်စိုက်လုပ်ကြရပါတယ်။

ဆရာကြီးဦးခင်သန်းတို့ ညောင်လှကမောင်နွဲ့တို့ဆို ဟော်ကီကစားတာကောင်းတယ်။ ကျွမ်းကျင်တယ်၊ ဒါပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် အဖွဲ့နဲ့အစည်းနဲ့ မလုပ်နိုင်ဘူး။ ဒီလိုပဲ မောင်သောင်းတို့ ဘောလုံးကန်ကောင်းတယ်။ အောင်သန်းတို့ ရေကူးတော်တယ်။ နောက်ဆုံး ခြင်းလုံးအခတ်ကောင်းတဲ့ မောင်ဟုတ်လှိုင်တောင် ကိုယ်ခတ်မဲ့ခြင်းလုံး ကိုယ့် ဘာသာ ပိုက်ဆံစိုက်ဝယ်ခတ်ရတာပါပဲ။

ဆရာဦးဘဝင်းကတော့ သူညီရဲ့ ကျန်းမာရေးချို့ယွင်းလာမှာ စိုးရိမ်လို့ရယ် တကုန်းကုန်းနဲ့စာကျက်နေရတာ အညောင်းရှိမှာ စိုးလို့ရယ် ပြီးတော့ ပေါ့ပေါ့တန်တန် နေမှာစိုးလို့ရယ်ထင်ပါတယ်။ မနက်တိုင်း တင်းနစ်ရိုက်ရအောင်ဆိုပြီး စီစဉ်ပေးခဲ့ဖူးတယ်။

"မင်းတင်းနစ်ရိုက်ပါလား"

တစ်နေ့တော့ အောင်ဆန်းက သူနဲ့တင်းနစ်ကစားဖို့ ကျွန်တော့်ကို အဖော်စပ်ပါ တယ်။

"မင်းဘယ်ကွင်းမှာ ရိုက်တာလဲ"

အဲဒီအချိန်က ရေနံချောင်းမှာ တင်းနစ်ကစားကြတာ အတော်လေးခေတ်စားနေ ပါပြီ (BOC) အရာရှိတွေဟာ





ညောင်လှက သူတို့တင်းနစ်ကွင်းမှာ အခန့်အငြားတင်းနစ်ကစားတာတွေ မြင်ကြတော့ မြို့ပေါ်က တွင်းရိုးတွင်းစာတွေ ကုန်သည်တွေ၊ ဝန်ထမ်းတွေ၊ တင်းနစ်ကွင်းတွေလုပ် ကလပ်တွေဖွဲ့ပြီး ကစားနေကြပါပြီ။

"တို့ကျောင်းရဲ့ တောင်ဘက်က ကလပ်တစ်ခုမှာ ကစားနေတယ်.. မနက်ဖြန် မနက် မင်းလာခဲ့ပါလား"

ဒါနဲ့ အိမ်ပြန်ရောက်တော့ တင်းနစ်ရိုက်ချင်တဲ့အကြောင်း အဖေ့ကိုပြောပါတယ်။ တင်းနစ်ရိုက်တယ်ဆိုတာ လွယ်တယ်တော မဟုတ်လှပါဘူး။ သူ့အတွက် လိုအပ်မယ့်ပစ္စည်း တွေဆိုတာ နိုင်ငံခြားဖြစ်တွေမို့ ဈေးအတော်ကြီးပါတယ်။ ဒါပေမယ့် အဖေကဈေးပိုင်းက အိုးဝေစတိုးကိုလိုက်ပို့ပြီး လိုအပ်မယ့် ပစ္စည်းတွေကို ချက်ချင်းဝယ်ပေးပါတယ်။

စပို့ရှပ်၊ ဘောင်းဘီ၊ ကင်းဘတ်ဖိနပ်၊ တင်းနစ်ရက်ကက် ဘောလုံးစုံနေတာပါပဲ။

ဒါနဲ့နောက်တစ်နေ့ အောင်ဆန်းချိန်းတဲ့ တင်းနစ်ကွင်းကို ရောက်သွားတယ်။

မကြာခင်မှာဘဲ တင်းနစ်ရက်ကက်ကို ချိုင်းကြားညှပ်ပြီး အောင်ဆန်းတစ်ယောက် သုတ်သုတ်ပြာပြာနဲ့ ရောက်လာတယ်။

အပေါ်ရှပ်အင်္ကျီကိုလက်ပင့်ထားတယ်။ ဘောင်းဘီတိုလည်း မဝတ်ဘူးလုံချည်နဲ့ လာတယ်။ ခြေထောက်ကြည့်ပြန်တော့လည်း အဝတ်ဖိနပ်စီးမထားဘူး။ ဒီအတိုင်းဖိနပ်မပါ ခြေထောက်ဗလာနဲ့။

ကျွန်တော်က

"မင်းဒီနေ့ မကစားဘူးလား" လို့မေးတော့.. "ကစားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပြောပြီး ဘာဝတ်စုံမှမလဲဘဲ ဒီအတိုင်းဝင်ကစားပါ တယ်။ တင်းနစ်သမားဆိုရင် အဲဒီအချိန်က ရှိုးတွေ တော်တော်များများ ထုတ်နေတတ်ကြပါပြီ။


ဒီအချိန်မှာ ကျွန်တော်တို့ကို ကျောင်းသားတွေ၊ လူပျိုပေါက် အရွယ်တွေဟာ စတိုင်တွေ အတော်တော်များများ ထုတ်တတ် နေကြပါပြီ၊ ဒီလိုတင်းနစ်ကစားသမားတွေဆိုရင် ဘော်လုံးကို သုံးချက်တစ်ချက်ထိအောင် မရိုက်တတ်ရင်သာနေမယ်။ ဝတ်စုံ ကတော့ ရှိုးအပြည့်။

ဩော် အောင်ဆန်းက တင်းနစ်ကစားရတာကို နတ်မောက် ဘုန်းကြီးကျောင်းမှာ နဘူ့သားကြက်တောင်ရိုက်တယ်လို့များ ထင်ခဲ့လေမလားမသိပါ။

အဲဒီတုန်းက ကျွန်တော်တို့ကို တင်းနစ်ရိုက်တတ်အောင် သင်ပေးခဲ့တဲ့ ဆရာကတော့ မြန်မာ့နိုင်ငံရေးကို အပြောကောင်းတဲ့ ဆရာကြီးဦးအောင်ကိုးပါပဲ။








သူတို့နှစ်ယောက်စလုံးက ဒေါသဖြစ်တယ်၊ စိတ်ဆိုးတယ်။ ရန်ဖြစ်ကြတယ်ဆိုတဲ့ သဘောမျိုး မဟုတ်ကြဘူး။ ကျောင်းသား အချင်းချင်းသည်းခံ ခွင့်လွှတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com





## အောင်ဆန်းနဲ့ ဖိုးခက်တို့ရဲ့ ဟာသ

ကျွန်တော်တို့ရဲ့ အတန်းထဲမှာ ဖိုးခက်ဆိုတဲ့ ကျောင်းသား တစ်ယောက်ရှိပါတယ်။ အောင်ဆန်းတို့ထိုင်တဲ့ ခုံရဲ့နောက်ကခုံမှာ ကျွန်တော်နဲ့အတူ သူကထိုင်ပါတယ်။

ဖိုးခက်က အတန်းထဲမှာ ဘယ်သူနဲ့မှ အရောတဝင်နေတာ ခင်ခင်မင်မင် စကားပြောတာဆိုတာ သိပ်မရှိပါဘူး။ ဘာသိဘာသာ တစ်ယောက်တည်း နေတတ်တဲ့အကျင့်ရှိပေမဲ့ အောင်ဆန်းနဲ့တွေ့ တော့မှ သိကျွမ်းပျော်ပါတော့တယ်။ ဖြစ်ခဲ့ပုံက ဒီလိုပါ။

ဘာမျှ လုပ်စရာမရှိတဲ့အခါတွေဆိုရင် အောင်ဆန်းက ခုံစားပွဲစောင်းကို ဆိုင်းတီးသလို တီးနေတတ်ပါတယ်။ ဒီတစ်ခါတော့ ဖိုးခက်က အောင်ဆန်းခေါင်းကို ဇက်ကန် လက်နဲ့လှမ်းပုတ်ပြီး သူမဟုတ်သလို အိနြေ္ဒကြီးတစ်ခွဲသားနဲ့နေပါတယ်။

အောင်ဆန်းက အဲဒီလိုခံရတိုင်း ဟုတ်တယ်ဖြစ်ဖြစ်







မဟုတ်တယ်ဖြစ်ဖြစ် မေးလား စမ်းလား မလုပ်တော့ဘဲ နောက်ခုံမှာ ထိုင်နေတဲ့ ဖိုးခက်ကို [illegible]ရှိပါတယ်။

အထိုးခံရတိုင်း ဖိုးခက်က မရယ်မပြုံးမျက်နှာထားကြီးနဲ့။ "ဟ ဘာတုံးဟ ဒီကောင် ရူးပြီထင်တယ်" လို့ပြောပါတယ်။

အောင်ဆန်းက လက်သီးနဲ့ ထိုးပြီးသူကျေနပ်[illegible]တော့ ရှေ့ပြန်လှည့်ထိုင်ပါ တယ်။ ဒါနဲ့ချက်ချင်းဆိုသလို အရင်ကလိုပဲ လက်နဲ့လှမ်းပုတ်ပြန်ပါတယ်။

အဲလိုပုတ်တာနဲ့ အောင်ဆန်းက နောက်လှည့်ပြီး ဖိုးခက်ကို ထိုးပြန်ပါတယ်။ ဖိုးခက်က ခတ်တည်တည်နဲ့ "ဟ ဘာတုံးဟ ဒီကောင်ရူးပြီထင်တယ်" နဲ့ ထပ်ပြောပြန်ပါတယ်။

သူတို့နှစ်ယောက် [illegible] ဖြစ်နေပုံဟာ မြင်ရတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် ရယ်စရာလို့လည်းဖြစ်ပါတယ်။ [illegible] ပြ ပျော်မြူးနေတာမျိုးလည်းဖြစ်[illegible]ပါတယ်။

ဘာကြောင့်လည်းဆိုတော့ သူတို့နှစ်ယောက်စလုံးက ဒေါသဖြစ်တယ်။ စိတ်ဆိုး တယ်။ ရန်ဖြစ်[illegible] [illegible]ဘူး။ ကျောင်းသား အချင်းချင်းသည်းခံ ခွင့်လွှတ်[illegible]တယ်။ [illegible] အချင်းချင်းဆိုရင် ရဲဘော်ရဲဘက်စိတ်ရှိ ကြတာ အောင်ဆန်းနဲ့ ဖိုးခက်တို့ရဲ့လုပ်ရပ်က

တကယ်လက်တွေ့ပြခဲ့ကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com






မောင်အောင်ဆန်း ၇-တန်း အမျိုးသား အထက်တန်း ကျောင်းရေနံချောင်းမြို့ဆိုတဲ့ စာတန်း ထိုးထားပါတယ်။ ဒါ့အပြင် ဦးရွှေခိုဆုဆိုတာလည်း ရခဲ့ပြန်ပါသေး တယ်။





## ပထမစွဲ၍ စကောလားရှစ် ဆုရခြင်း

ဒီနှစ် ခုနစ်တန်းစာမေးပွဲမှာ ကျွန်တော်တို့အတန်းက စကောလားရှစ်ဆု သုံးယောက်ရခဲ့တယ်။

အောင်ဆန်းရယ်၊ မေအောင်ရယ် ပြီးတော့ ဆရာကြီး ဦးအေးမောင်ရဲ့သမီး မခင်မေရယ်။ အဲဒီတုန်းက ခုနစ်တန်းကို ကြီးကြပ်သင်ပေးတာက ဆရာကြီးဦးခင်သန်းပါ။ ဆရာကြီးကို တန်းလုံးကျွတ်အောင် သင်နိုင်တာရယ် စကောလားရှစ်သုံးယောက် ရအောင် ယူပေးနိုင်တာရယ်ကြောင့် ကျောင်းအုပ်ကြီးက လက်ရှိရနေတဲ့လစာ ၁၀၀ိ/-ကို ၁ဝိ/-တိုးပြီး ၁၁ဝိ/-ချက်ချင်း ပေးပါတယ်။

ပြီးတော့ အောင်ဆန်းက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ အမျိုးသားကျောင်းသား တွေထဲမှာ နဝမအဆင့်ကတောင်မြင့်ပြီး မကွေးတိုင်းမှာ အမှတ်အများဆုံးရခဲ့သူဆိုတော့ ငွေဗိုင်း တစ်ခုရပါတယ်။ အဲဒီဗိုင်းပုံစံက ညောင်ရွက်ပုံပါ။ အလယ်ကမိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်လည်က ငွေနဲ့ဝိုင်းထားတယ်။ မောင်အောင်ဆန်း ၇-တန်း အမျိုးသားအထက်တန်း ကျောင်းရေနံချောင်းမြို့ဆိုတဲ့ စာတန်း ထိုးထားပါတယ်။ ဒါ့အပြင် ဦးရွှေခိုဆုဆိုတာလည်း ရခဲ့ပြန်ပါသေးတယ်။ ဒီဆုက အင်္ဂလိပ်စာမှာ အမှတ်အများဆုံးရလို့ ပေးတဲ့ဆုပါ။ ဒီဦးရွှေခို ဆုအတွက် ငွေကျပ် ၃၀တန်ဖိုးရှိတဲ့ စာအုပ်တွေလည်း ရပါတယ်။

စကောလားရှစ်ဆုရတော့ တစ်လထောက်ပံ့ကြေးငွေ (၁၀)ကို သုံးနှစ်ရမယ့် အခွင့် အရေးရလိမ့်မယ်လို့သိရတယ်။ အဲဒီခေတ်က စကောလားရှစ် ပညာသင်ဆုရတဲ့ ကျောင်းသားဆိုရင် ကျောင်းမှာ အများကြီးထင်ပေါ်လို့ မျက်နှာအလွန်ပွင့်ပါတယ်။ ဟိုလူကအားကျ ဒီလူက အားကျနဲ့ပေါ့။

အောင်ဆန်းက အဲဒီလိုထူးချွန်လို့လည်း ဘဝင်မြင့်တာတွေဘာတွေ မရှိခဲ့ပါဘူး။ သူနဂိုရှိရင်းစွဲ ပုံစံကလည်း ပြောင်းမသွားဘူး။ လမ်းသွားရင် ခုံဖိနပ် တခွပ်ခွပ်နဲ့စီးချင်း စီး၊ တစ်ခါတလေ ဘာဖိနပ်မှ မစီးဘဲသွားချင်သွားတတ်တယ်။ မျက်နှာသုတ်တဘက် ကလေး ပခုံးပေါ်တင်ပြီး လမ်းလျှောက်ရင်း ရှေ့ကိုမျက်စေ့တစ်ဆုံးလည်း မကြည့်ဘူးဘေး လည်းမကြည့်ဘူး မြေကြီးကိုပဲကြည့်ပြီး ငိုက်စိုက်ငိုက်စိုက်နဲ့ သွားတတ်ပါတယ်။ သွားရင်း နဲ့လည်း တစ်ခုခုစဉ်းစားနေသလိုလိုပဲ။ စာအုပ်တစ်အုပ်ကို လမ်းလျှောက်ရင်းနဲ့ ဖတ်သွား တဲ့အခါမျိုးလည်းရှိခဲ့တယ်။ အဲဒီအချိန်မှာ တွေ့တဲ့သူတွေက လှမ်းနောက်တယ်။ သူ့ဂရုမစိုက်ဘူး။ နှုတ်ဆက်တယ်။ မကြားချင်သလိုလုပ်ပြီး ပြန်မထူးဘူး၊ သူကြည့်ရတာပွဲလမ်းသဘင် လည်း သိပ်မကြည့် ကစားခုန်စားဘက်လည်း ဟုတ်တိပတ်တိမလုပ်





ဘယ်အချိန်ကြည့်ကြည့် စာဖတ်ချင်ဖတ်ဒါမှမဟုတ်၊ အစားတစ်ခုခုကို ပါးစပ်ထဲမှာ မပြတ်ဝါးနေတော့တာပဲ။

သူတို့အိမ်နားမှာရှိတဲ့ ကလေးတွေဆိုရင် အောင်ဆန်းကို မြင်တာနဲ့ ကြောက်ပြီး ထွက်ထွက်ပြေးကြတယ်။ သူက ကလေးတွေမို့ အရောတဝင်လုပ်တာတို့ မျက်နှာသာပေး တာတို့ သိပ်မလုပ်တတ်ဘူး။ သူနဲ့ဆုံရင်လည်း အနည်းဆုံးထိပ်ပုတ်ခေါင်းပုတ်တော့ခံရတတ်တယ်။

ကျွန်တော်မှတ်မိသေးတယ်။

တစ်နေ့တော့ အောင်ဆန်းရယ်၊ ကျွန်တော်ရယ်၊ ကျောင်းမှာရောင်းတဲ့ ဒေါ်ဆိမ့်ရဲ့ ထမင်းသုတ်ဝယ်စားခဲ့ကြဖူးတယ်။ ထမင်းသုတ်ရောင်းတဲ့ဆိုင်က ကျောင်းနဲ့ မျက်နှာချင်းဆိုင် အိမ်ကဆိုတော့ အိမ်ထဲမှာပဲ ဆိုင်ဖွင့်ရောင်းတယ်။ ကျောင်းသားတွေ တော်တော်များများ စားကြတော့ ကိုယ့်အလှည့်ရောက်အောင် မနည်းစောင့်ကြရတယ်။ ဒီတုန်းက ထမင်းသုတ် ဆိုင်ရှင်ဒေါ်ဆိမ့်ရဲ့သမီး ခင်ရီဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိခဲ့တယ်။

ဒီကောင်မလေးကို သူက "သွားစမ်း . . ထမင်းသုပ် ၂-ပုဂံသွားယူစမ်း"ဆိုပြီး ထိပ်ပုတ် ခေါင်းပုတ်လုပ်ပြီး မှာတယ်။

ဒီတော့ အဲဒီကောင်မလေးက ကက်ကက်လန်လေးဆိုတော့ "ခင်ဗျား ခေါင်းမပုတ် နဲ့ဗျ" ဘာဗျနဲ့ ပြန်ပြောတယ်။

ဒီတော့ အောင်ဆန်းက "ဘာလဲ . . ငါ့မကြောက်ဘူးလား . . နောက်ထပ် ခေါင်းဖုသွားအောင် ထုလိုက်ရမလား၊ သံလက်သီး၊ သံလက်ဝါးတဲ့ မကြားဖူးဘူးလား" ဘာလားနဲ့ ကျည်စားပြီး ပြောခဲ့တာ ကျွန်တော့်ကိုယ်တွေ့ဖြစ်ခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သံလက်သီး သံလက်ဝါးဆိုတာ ဘာကြောင့်သုံးပါလိမ့် ခေါ်ပါလိမ့်လို့ ကျွန်တော်စဉ်းစားမရခဲ့ဘူး။ နောက် တော်တော်လေး ကြာတော့မှ မြန်မာပြည်ကို လက်သံပြောင်ပြောင်နဲ့ အုပ်ချုပ်ခဲ့တဲ့ ဘုရင်ခံ ဆာရင်ဂျင်နယ်ကရက်ဒေါက်ကို ပြောတာကိုးလို့ သိခဲ့ရပါ တော့တယ်။

ကျွန်တော်တို့ (၇)တန်းအောင်ကြပြီဆိုတော့ အရွယ်အား ဖြင့်လည်း ရောက်ခဲ့ပြီ။ ပညာအားဖြင့်လည်း တတ်သင့်သလောက် တက်မြောက်ခဲ့ကြပြီပေါ့လေ။

အဲဒီအချိန်မှာ ကျောင်းရှေ့က တမာပင်တန်းကြီးတွေ ပေါ်မှာတော့ မိုးငွေ့လေးတွေကို မျှော်နေကြတဲ့ တမာပန်းလေးတွေ ဆိုတာကလည်း အပြိုင်ဖူးလို့ အပြိုင်ပွင့်ပြီး အပြိုင် မွှေးနေကြပါ တော့တယ်။





# အပိုင်း(၂)

## အမျိုးသားကျောင်းသားများ၏ အထက်တန်းကျောင်းသား ဘဝများ

တစ်ဦးကိုတစ်ဦး ရှိသေခြင်း လေးစားခြင်းစတဲ့ လူကြီး လူကောင်း တစ်ယောက် အမူအကျင့်မျိုး ကျင့်ကြံလာကြတာကြောင့် ခေါ်တာပြောတာ မေးတာ ထူးတာကအစ အမျိုးသားအထက်တန်း ကျောင်းသားဂုဏ်ဒြပ်နဲ့ညီအောင် ယဉ်ယဉ်ကျေးကျေး နေတတ်ခဲ့ ကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ရေနံချောင်းအမျိုးသားကျောင်းနဲ့ အသစ်ရောက်လာတဲ့ အမျိုးသားကျောင်းအုပ်ကြီးအကြောင်း

"Now you are a Gentleman."

မင်းလူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီ။

ခုနစ်တန်းအောင်လို့ ရှစ်တန်းရောက်ပြီဆိုတာနဲ့ နေတာ ထိုင်တာ ပြောတာဆိုတာ ကျင့်ကြံတာကအစ ကလေးလိုနေမရ တော့ဘူး။ လူကြီးဆန်ဆန်နေခဲ့ကြရပြီ။

တစ်ယောက်နဲ့ တစ်ယောက်နဲ့ နာမည်ခေါ်ရင်တောင် နင်တို့ ငါတို့ မောင်တို့ မဟုတ်တော့ဘဲ ကိုတို့ မတို့ ခင်ဗျားတို့ ကျွန်တော်တို့ထည့်ခေါ်ကြရပါတယ်။

ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် "ခင်ဗျားလည်း နေရှင်နယ် ကျောင်းသား ကျွန်တော်လည်း နေရှင်နယ်ကျောင်းသား သစ္စာဖောက်မပါဘူးလို့ပြောတတ်ခဲ့ကြတာ တစ်ယောက်ကစ





တစ်ရာလို့ ပြောရတာမှာပါပဲ။

သင်ရတဲ့ ဘာသာတွေကလည်း များပါပြီ။ အဓိက ဘာသာမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရာဇဝင် ပထဝီသင် ကြရပြီ အဓိကစိတ်ကြိုက်ဘာသာမှာ အပိုမြန်မာစာ အပိုအင်္ဂလိပ်စာ ပြည်သူ့နီတိ၊ သင်္ချာ၊ ပါဠိ၊ စာရင်းကိုင်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာပေးစာယူပညာ၊ ကျန်းမာရေးပညာ အိမ်တွင်းမှု စိုက်ပျိုးရေး ပုံဆွဲအများကြီးဖြစ်လာခဲ့ပြီး မြန်မာစာမှာ တေမိ၊ ဒေါင်းငှက်ကာ တွေသင်ကြရသလို အင်္ဂလိပ်စာမှာ Golden Deeds of all times နဲ့ Golden Gems ကဗျာတွေ ဆက်သင်ကြရတယ်။ အယ်တိပိန်းရဲ့ The Ligh School English Grammer and Composition ကို အသုံးပြုလာခဲ့ရတယ်။ မြန်မာရာဇဝင်ဆိုရင် အင်းဝခေတ် တစ်ခေတ်လုံး သင်ရပြီး ကမ္ဘာ့ရာဇဝင်မှာ ဗြိတိသျှခေတ်ဦးက ဝိတိုရိယခေတ်အဆုံးအထိ စသင်ခဲ့ရတယ်။

ကျွန်တော်တို့ အမျိုးသားကျောင်းသား ဖြစ်လာခဲ့ကြတာ နှစ်ကြာခဲ့ပါပြီ။ ဒါပေမယ့် အမျိုးသားကျောင်းရဲ့အကြောင်းကိုတော့ သိပ်ဂဃနဏမသိခဲ့ကြသေးပါဘူး။ ဒါနဲ့ ဆရာကြီး ဦးအောင်ကိုး အတန်းဝင်ပြီး ရာဇဝင်သင်ချိန်တစ်ချိန်မှာ ရေနံချောင်းအမျိုးသား ကျောင်းနဲ့ ပတ်သက်ပြီး အားလုံးတောင်းဆိုကြ မေးကြလေတော့ ဆရာကြီးက စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံပြောပြခဲ့ဖူးပါတယ်။

ဆရာကြီးဦးအောင်ကိုးဆိုတာ **ကျွန်စော်နံ ကျွန်မွှေးရှည်မှာ** စိုးလို့ဆိုပြီး ဘီအိုစီ ဝန်ထမ်းဘဝက **အပြီးအပိုင်စွန့်လွှတ်ထွက်လာခဲ့တဲ့** ဆရာကြီးဖြစ်ပါတယ်။ အမျိုးသား **ကျောင်းစကတည်းက** ပထမဆုံး ဆရာအဖြစ်ဝင်လုပ်ခဲ့သူဆိုတော့ **ရေနံချောင်းအမျိုးသား**



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းအကြောင်းဆိုရင် ဆရာကြီးရဲ့ ကိုယ်တွေ့မှီ လက်တန်းပြောချသွားတာဖြင့် စိတ်ဝင်စားစရာအလွန်မတန် ကောင်းခဲ့ပါတော့တယ်။

ဆရာကြီး အစချီပြောခဲ့ပုံကတော့ "၁၉၂၀-ပြည့်နှစ် ပထမအကြိမ်ကျောင်းသားတွေရဲ့ ပြည်လုံးကျွတ် ကျောင်းသား သပိတ်ကြီးက. . မန္တလေး ဘီတင်အင်န်ကျောင်းကို သပိတ်မှောက်ပြီး ကိုယ့်မြို့ကိုယ့်ဒေသကို ပြန်လာကြတဲ့ ဦးဖိုးရင် ဦးဘသောင်း ဦးဘ အုန်း ဦးအုန်းဖေ ဦးမြို့မောင် ဆိုတဲ့ကျောင်းသားကြီးတွေက လှုံ့ဆော်လို့ ရေနံချောင်းမြို့ ပေါ်မှာရှိတဲ့ King Edward Memorial Arglo Venacular School (RBMAV) ဆိုတဲ့ အင်္ဂလိပ် မြန်မာ နှစ်ဘာသာကျောင်းက ကျောင်းသားတွေစတင်သပိတ်မှောက်ခဲ့ ကြတယ်။

"အဲဒီအချိန်မှာ ရေနံချောင်း ဝိုင်အမ်ဘီအေ အသင်းလူကြီး တွေက သပိတ်မှောက် ကျောင်းသားတွေနဲ့တွေ့ဆုံပြီး ကျောင်းသား တွေရဲ့ ပညာရေးနစ်နာမှုမရှိအောင် မြို့သူမြို့ သားတွေဆီက ရန်ပုံငွေတွေ ကောက်ခံပြီး ကျောင်းတစ်ဆောင်ဆောက်ပေးခဲ့တယ်. . မြို့မ မြောက်ရပ်ထဲက ရေနံတွင်းစား ဦးမောင်ကြီးက သူပိုင်တဲ့မြေ နေရာကို ယာယီခွင့်ပြုခဲ့ တယ်. . ကျောင်းဆောက်နေတုန်းမှာ စနေနံဘုရားခြေရင်းက သုတကာရီစာဖတ်အသင်း အဆောက် အအုံကို ခေတ္တငှားရမ်းသုံးခဲ့တယ်. . အဲ့ဒီအချိန်မှာ စာသင်ပေးမယ့် ဆရာက မရှိသေးလို့ ဆရာလည်းလက်ရှိလုပ်နေတဲ့ ဘီအိုစီက လခစားအလုပ်ကို အပြီးအပိုင် စွန့်လွှတ်ခဲ့ပြီး အမျိုးသားကျောင်းမှ ပထမဆုံးစေတနာဆရာအဖြစ်နဲ့ ဝင်လုပ်ခဲ့ရတယ်"





ဆရာကြီးရဲ့ လေသံကို ကျွန်တော်တို့ ခုထက်ထိ **နားထဲမှာ** စွဲနေပါတယ်။ ဆရာကြီးက အရပ်အမောင်းကလည်း ရှည်ရှည် ကိုင်းကိုင်း အသံဩဇာကလည်း ပြည့်ပြည့် စကားပြောတဲ့ လေယူလေသိမ်းကလည်း အစွဲအငင် အဖြတ်အတောက် အနိမ့်အမြင့် ကောင်း လေတော့ တတန်းလုံးငေးပြီး နားထောင်ခဲ့ကြရတယ်။ တကယ်တော့ ကိုယ့်နေတဲ့ကျောင်းရဲ့ အကြောင်းကို သိခွင့်ရတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာပါပဲ။

"အဲဒီနောက် ဝိုင်အမ်ဘီအေအသင်းကြီးက ကျောင်းအုပ် ချုပ်ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့တော့ ဥက္ကဋ္ဌဦးစောဖေနဲ့ အကျိုးဆောင် ဦးစံရွှေအပါအဝင် ကော်မတီဝင်ရှစ်ဦးနဲ့ဖြစ် လာခဲ့တယ်. . တဖြည်းဖြည်းနဲ့ ကျောင်းသားများသထက်များလာတယ်. . ကျောင်း အဆောက်အအုံနဲ့ ကျောင်းသားဦးရေမမျှလေတော့ ရွှေကြာငုံရပ်က တွင်းစားဦးဘဦးရဲ့ အမေ ဒေါ်သက်စုက မြေကွက်လှူတယ်။ အဲဒီမြေကွက်မှာ အဆောက်အအုံဆောက်တုန်း ရွာသစ်ထဲက မန္တလေးကျောင်းမှာ စာသင်ခန်းတွေခဏဖွင့်ခဲ့ရတယ်။ ဦးဘိုးရင် ဦးဘသောင်း၊ ဦးအုန်းဖေ၊ ဦးမြို့မောင်တို့လည်း ဆရာတွေလို လာတာနဲ့ ကျောင်းဆရာတွေ အဖြစ်ဝင်ရောက်ပြီး ကူညီခဲ့ကြတယ်။ တကယ်တမ်း အခုလို အမျိုးသားကျောင်းကြီး အောင်မြင်**လာခဲ့** တာဟာ နောက်ပိုင်းမှာ ကျေးဇူးတင်စရာအကောင်းဆုံးပုဂ္ဂိုလ်**ကြီး** ကတော့ မြူနီစပယ်ဥက္ကဋ္ဌ တွင်းစားရိုး ဦးလူကြီး **(တီပီအက်စ်)** တိုင်းကျိုးပြည်ကျိုးဆောင် ဆုတံဆိပ်ရပဲ၊ အများက **အစိုးရအလို** တော်ရိလို့ ထင်ထားခံထားရတဲ့ ပုဂ္ဂိုလ်ကြီးကို **အမျိုးသားရေးမှာ** အထူးစိတ်ဝင်စားလာအောင် ဆွဲဆောင်**သိမ်းသွင်းကြခြင်းပါပဲ**"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်က ဦးလူကြီးလို လူမျိုးကို အမျိုးသားကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ဥက္ကဋ္ဌလုပ်ဖို့ ဘယ်သူမှမတိုက်တွန်းရဲကြဘူး.. ဒါမျိုးက ရာဇဝတ်အိုးကို တုတ်နဲ့သွားထိုးရမယ့် အလုပ်.. ကံကောင်းချင်တော့ တစ်နေ့မှာ ကိုဘညွန့်(ဟသ်ာတ)နဲ့ ကိုခင်မောင်ဆိုတဲ့ သပိတ်မှောက်ကျောင်းသားနှစ်ယောက် ရေနံချောင်းကိုရောက်လာကြတယ်။ သူတို့နှစ် ယောက်က ဦးလူကြီးနဲ့ တိုက်ရိုက်ဝင်တွေ့ပြီး အမျိုးသားရေးမို့ အားပေးပါမယ့်အကြောင်းတောင်းပန်တော့ အများကတစ်မျိုးမြင်နေတဲ့ ဦးလူကြီးဆိုတာ တကယ်တော့ မီးခဲပြာဖုံးဖြစ်မှန်းမသိ ဖြစ်နေတာကိုး။ ဦးလူကြီးက သူခေါင်းဆောင်ပြီး အမျိုးသားရေးအတွက် လုပ်မယ်ပြောတော့ ချက်ချင်းကို တို့ကကျောင်းအုပ်ချုပ်ရေး ဥက္ကဋ္ဌတင်ကြတယ်.. အဲဒီဦးလူကြီးဆိုတာ အမျိုးသားရေးစိတ်ဓာတ် ဘယ်လောက်ပြင်းထန်နေခဲ့သလဲတော့ မသိဘူး.. သူ့အငုံစိတ်ဟာ ဟုန်းကနဲကို ထပေါက်လာဇ်တော့တာပဲ.. သူ့ကို အင်္ဂလိပ် အစိုးရကပေးထားတဲ့ တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရယ်.. သူကောင်းဖြစ်ရာဇဝတ် တရားသူကြီးရာထူးရယ်.. ပြန်အပ်လိုက်တယ်.. ကျောင်းအခြေအနေကလည်း နေ့ချင်း ညချင်း တိုးတက်လာတယ်.. အဲဒီ အချိန်မှာ ကိုရီအေးတို့မခင်မေတို့ အဖေ ဦးအေးမောင် ကလည်း ကျောင်းအုပ်ကြီးဖြစ်လာခဲ့တာပေါ့ကွ"။

အဲဒီလိုပြောရင်း ဆရာကြီးဦးအောင်ကိုးက တစ်ဖက်ခုံတန်းရဲ့ရှေ့ဆုံးမှာထိုင်နေတဲ့ မခင်မေနဲ့ နောက်နားက ကိုရီအေးကို အားပါးတရသူ့လက်ညှိုးကြီးနဲ့ ထိုးပြီးပြောတော့ ကျွန်တော်ဖြင့် ရင်ထဲကို 'လှိုက်ခနဲ' 'လှိုက်ခနဲ' ဖြစ်သွားခဲ့ရတယ်။ ကာယကံရှင်တွေ





ဆိုရင် ဘယ်လိုများ ခံစားလိုက်ရမလဲဆိုတာတော့ ပြောမပြတတ်တော့ပါဘူး။

"နောက်တော့ ဒေါ်သက်စုပိုင် မြေကွက်ပေါ်မှာဆောက်ခဲ့တဲ့ ကျောင်းက ကျောင်းသားအင်အားနဲ့ မမျှပြန်တော့ဘူး.. ဒီတော့ ဦးလူကြီးက သူပိုင်တဲ့မြေကွက်ကိုလှူပြန်ရော ကုန်းတွေ.. ကမူတွေ.. ချိုင့်တွေဖြစ်နေတဲ့မြေတွေကို မြူနီစပယ်အဖွဲ့ရဲ့ အင်အားနဲ့တပြေးညီအောင် အတော်ညှိယူခဲ့ကြရပြီး နှစ်ထပ်ကျောင်းဆောင်ကြီးကို ဝိုင်းပြီးဆောက်ခဲ့ကြရတယ်.. အခုမင်းတို့လက်ရှိစာသင်နေတဲ့ ဒီကျောင်းကြီးနဲ့မြေဟာ ဦးလူကြီး ကမကထလုပ်ခဲ့တာမို့ ဘယ်တော့မှမမေ့နဲ့ကွ.. သူ့ကျေးဇူးက တို့မြို့အပေါ်မှာရော.. တို့အပေါ် မှာရော.. မင်းတို့အပေါ်မှာရော တော်တော်ကြီးခဲ့တယ်"

"အဲဒီအချိန်က ဦးလူကြီးဆိုတာ ရေနံချောင်းမြူနီစပယ်အဖွဲ့ရဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်.. ဘဏ္ဍာရေး ချယ်ရာမင်ကတော့ နေရှင်နယ်ကျောင်းအုပ်ချုပ်ရေးအဖွဲ့ရဲ့ အကျိုးဆောင် ဦးစံရွှေ.. ဒီတော့ မြူနီစပယ်ရန်ပုံငွေထဲက ရာခိုင်နှုန်းတော်တော်များများကို အမျိုးသားကျောင်း ဖွံ့ဖြိုးရေးအတွက် အသုံးပြုခွင့်ပြဌာန်းပေးခဲ့တယ်.. အဲဒီလို ရန်ပုံငွေ ခွဲဝေသုံးစွဲနည်းကို မြန်မာပြည်အနှံ့အပြား မြူနီစပယ်အဖွဲ့တွေက လိုက်နာကျင့်သုံးလာကြလို့ မြန်မာပြည်မြူနီစပယ်အက်ဥပဒေဆိုင်ရာ ဥပဒေများကိုပါ ပါလီမန်က ပြောင်းလဲပြင် ဆင်ပေးရတဲ့ အထိဖြစ်ခဲ့တယ်"

"ကဲ မင်းတို့အမျိုးသားအထက်တန်းကျောင်း အကြောင်းတော့သိပြီ.. ခုပြောချင် တာက ဒီနှစ်မှာတို့ ကျောင်းကိုစရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ကျောင်းအုပ်ဆရာကြီးအကြောင်းဖြစ်တယ်. . အခုမင်းတို့ကို အုပ်ချုပ်နေတဲ့ ဆရာကြီးဦးပုဆိုတာ နယ်နယ်ရရမမှတ်နဲ့. . ကာလကတ္တားက ဘီအက်စီဘွဲ့ရပြီး လန်ဒန်က (A.R.S.M)ဆိုတဲ့ သတ္တုတွင်းတူးဖော်ရေးဌာန ပါရဂူဘွဲ့ယူခဲ့တဲ့ ပညာတတ်ကြီးကွ. . မင်းတို့အရမ်းကံကောင်းတယ်. . သူက ဘီအိုစီရေနံကုမ္ပဏီမှာ အစုရှယ်ယာ၀င်လည်းဖြစ်တော့ ငွေကြေးအရလည်း တော်တော်ချမ်းသာတယ်. . တွင်းရိုးတွင်းစားအသင်းမှာလည်း ဥက္ကဋ္ဌဖြစ်တယ်၊ တကယ်ဆိုရင်လည်း သူ့အနေနဲ့ ခြောက်ပြားတစ်ပဲရတဲ့ ကျောင်းအုပ်အလုပ်ကို ၀င်လုပ်စရာမရှိဘူး. . ဒါပေမယ့် မျိုးချစ်စိတ်ဓာတ်ရှိလို့သာ သူက၀င်လုပ်တာကွ. . သူအင်္ဂလိပ်လိုပြောတာ နားထောင်ဖူးကြတယ်မဟုတ်လား. . နိုင်ငံခြားပြန်ဆိုတော့ အင်္ဂလိပ်စကားပြောအသုံးအနှုန်း အလွန်အင်မတန်အဆင့်မြင့်တယ်. . မင်းတို့က အတန်းနည်းနည်းငယ်သေးတယ်. . ဆယ်တန်းရောက်ရင် ဆရာကြီးကိုယ်တိုင် မင်းတို့ကို အင်္ဂလိပ်စာသင်ပေးလိမ့်မယ်. . အဲ့ဒီကျရင် မင်းတို့သိမယ်. . "

ဆရာကြီးဦးအောင်ကိုးက ကျောင်းအုပ်ကြီးဦးပုအကြောင်းကို အဲဒီလိုချီးမွမ်းခမ်းဖွင့်တော့ ကျောင်းသားတွေအားလုံး ဆရာကြီးပြောသလို တို့ဖြင့်အခြားကျောင်းသားတွေ ထက်ကံကောင်းပြီး နေရှင်နယ်ကျောင်းသားဖြစ်ရတယ်။ ဆရာကောင်းတွေနဲ့ သင်ရတယ်။ ပညာရှိကျောင်းအုပ်ကြီးရဲ့ သင်ကြားအုပ်ချုပ်မှုလည်းခံရပြီပေါ့။

ဒါနဲ့ ကျောင်းအုပ်ဆရာကြီးဦးပုရဲ့ အင်္ဂလိပ်စကားအသုံးကြွယ်ပုံတစ်ခုကို ဆရာကြီး ဦးအောင်ကိုးက ဆက်ပြော





ပြန်ပါတယ်။

"တစ်နေ့တော့ကွာ မစ္စတာဖင်ဆန်ဆိုတဲ့ ကုမ္ပဏီအကြီးအကဲတစ်ယောက်က ရေနံချောင်းမှာရှိတဲ့ ရေနံကုမ္ပဏီရဲ့ အခြေအနေကို လေ့လာရအောင်ဆိုပြီး ရောက်လာခဲ့တယ်. . သူကကုမ္ပဏီအမှုထမ်းတွေ ဘယ်လိုအုပ်ချုပ်လုပ်ကိုင်ကြတယ်. . အဆောက်အအုံတွေ ဘယ်လိုဆောက်တယ်. . ငွေကြေးအသုံးအစွဲ ဘယ်လိုသုံးကြတယ်ဆိုတာ သိချင်လို့ လာခဲ့တာပါ. . "

"ဒါနဲ့ အစစ်အဆေးအမေးအမြန်းတွေပြီးလို့ နှုတ်ဆက်ပွဲလုပ်ကြတယ်. . အဲ့ဒီနှုတ်ဆက်ပွဲမှာ မစ္စတာဖင်ဆန်ဆိုတဲ့ပုဂ္ဂိုလ်က ဘာပြောသလဲဆိုရင် ကျွန်တော်အခုလာတာက ကုမ္ပဏီမှာရှယ်ယာဟိုးဒါတွေရဲ့ အကျိုးကျေးဇူးကို ဌာနဆိုင်ရာအမှုထမ်းတွေက ဘယ်လိုဆောင်ရွက်ကြတယ်ဆိုတာ စုံစမ်းတာပါပဲ. . ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အစုရှယ်ယာရှင် တွေရဲ့အကျိုးကိုကြည့်ရမယ်. . ကျွန်တော်အခု သိရသလောက် မြင်ရသလောက်တော့ အစုရှယ်ယာ၀င်တွေဆင်းရဲကြတယ်. . ဒါပေမယ့် ကုမ္ပဏီ၀န်ထမ်းတွေကြတော့ လစာတွေ ထိုက်ထိုက်တန်တန်ရကြတယ်. . အဆောက်အအုံတွေက သိပ်ကြီးကျယ်တော့ဒါတွေဟာ မြန်မာဘုရင် တစ်နေ့နန်းတက်ဖို့ ရည်ရွယ်တာလားဆိုပြီး အပြစ်တွေဖို့တယ်. . အဲဒီတော့ ဒို့ဆရာကြီးဦးပုက ဘယ်လိုပြန်ပြောခဲ့သလဲဆိုတာ ပြောရရင်"

"ဒီနှုတ်ဆက်ပွဲအစည်းအဝေးမှာ ကျွန်တော်တို့က ကျွန်တော်တို့နဲ့ လုပ်ဖော်ကိုင်ဖက် ရေနံကုမ္ပဏီသူဌေးကြီး မစ္စတာဖင်ဆန်ကို ကြိုဆိုပါတယ်. . . စီးပွားရေးအရလည်း ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒလည်းရှိပါတယ်. . ဒီလိုပုဂ္ဂိုလ်ကြီးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ထိုက်တန်တန်လည်း ညည့်ခံကျွေးမွေးချင်ပါတယ်. . ကုမ္ပဏီကိုလည်း များစွာအထောက်အကူ ဖြစ်စေချင် ပါတယ်။ ဒါပေမဲ့ 'The Wish is in our heart, but the means are not in our purse' တဲ့။

"ကဲဆရာကြီး ပြောလိုက်တဲ့အင်္ဂလိပ်စာ အသုံးအနှုန်းဟာ ဘယ်လောက်အဆင့်မြင့် သလဲ အဲဒီတော့ ဘီအိုစီကုမ္ပဏီ သူဌေးကြီးက မစ္စတာဦးပုရဲ့ အင်္ဂလိပ်စာအသုံးအနှုန်းကတော့ ကျွန်တော်တို့ အင်္ဂလိပ်လူကြီးလူကောင်းတွေ ပြောတာထက်တောင် အဆင့်အတန်းမြင့်ပါပေတယ်လို့ ဖြောင် ချီးကျူးသွားခဲ့တာပေါ့ကွာ"

အဲဒီနေ့က ရာဇဝင်သင်ချိန်တစ်ချိန်ဟာ အမျိုးသားကျောင်းနဲ့ ကျောင်းအုပ် ဆရာကြီးဦးပု အကြောင်းကို ပြောရင်းနဲ့ကုန်သွားခဲ့ရပါတော့တယ်။





## တစ်မြို့လုံး အင်္ဂလိပ်လို ရေးကြပြောကြတယ်

ရေနံချောင်းမြို့ဆိုတာ နိုင်ငံခြားသားတွေအများဆုံး ရေနံလာတူးနေကြတာမို့ အင်္ဂလိပ်လိုအများဆုံးသုံးနေကြတဲ့ မြို့ကြီးတစ်မြို့ဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားသားတွေကမြန် မာစာမတတ်၊ မြန်မာစကားမတတ်ကြတော့၊ မြန်မာတွေနဲ့ဆက်သွယ်တဲ့အခါ ရုံးမှာ စာရေး၊ စာချီတွေနဲ့ စကားပြောတဲ့အခါ အခက်အခဲရှိပါတယ်။ ဒီတော့ရေနံချောင်းသားတွေက အင်္ဂလိပ်တွေ နားလည်**အောင်** ပြန်ပြောနိုင်ဖို့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို ကြိုး**စားပြီး** သင်ကြားတတ်မြောက်ထားကြပါတယ်။ အပြင်ပွဲစားကု**န်သည်** လောကမှာတောင် အင်္ဂလိပ် လိုပြောကြပါတယ်။ **ရေနံချောင်းမြို့** အနေနဲ့ အဲဒီခေတ်ကတည်းက နိုင်ငံခြား တိုင်းပြည် **ကြီးတွေလို** စက်မှုမြို့တော်ကြီးဖြစ်လေတော့ အင်္ဂလိပ်စကား**ဆိုတာ မပြောမဖြစ်** သလောက် လူတိုင်းထမင်းစား၊ ရေသောက်**လောက်တော့ ပြောတတ်** အောင် အကျင့်လုပ်ထားကြပါတယ်။ **ကျောင်းတွေမှာကလည်း**



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာတွေကို အထူးဦးစားပေးသင်နေကြပါတယ်။

အင်္ဂလိပ်စာ သင်တဲ့ဆရာတွေဆိုတာ ကျောင်းသားတစ်ဦးချင်းရဲ့ အရည်အသွေး ကို အမြဲတမ်းအကဲခတ်ပါတယ်။ စစ်ဆေးပါတယ်။ မတတ်တာကို တတ်အောင်၊ မတော် တာကို တော်အောင်၊ သင်ပေးနိုင်ခဲ့ကြပါတယ်။ ကျောင်းဆင်းကြပြီဆိုရင် ကျောင်းသားတွေရဲ့လေ့ကျင့်ခန်းအဖြေစာအုပ်တွေ အိမ်မှာစစ်လို့ရအောင် ဆရာတွေက တလွယ်တပိုး ယူသွားတတ်ကြပါတယ်။ အဲဒီအချိန်မှာ စာအုပ်တွေက များလွန်းတော့မနိုင်မနင်း မဖြစ် ရအောင် ကျွန်တော်တို့ကျောင်းသားတွေကလည်း ဝိုင်းကူသယ်ပေးခဲ့ကြရပါတယ်။ တစ်ချို့ ကျောင်းသားတွေဆို အမှန်အမှားတစ်ခါတည်း ပြန်ပြီး ပြင်ဖို့ သင်ဖို့ အိမ်ကို ခေါ်သွားခဲ့ပါ တယ်။ ပုစ္ဆာတစ်ခုမှားတယ်၊ အသုံးအနှုန်းတစ်ခုမှားတယ်ဆိုရင် အမှန်ပြင်ပေးရုံ မှားတယ် ပြောရုံနဲ့မပြီးခဲ့ပါဘူး။ ဘာကြောင့်မှားတယ်၊ ဘယ်လိုရေးရတယ်ဆိုတာ ကအစ နောက်ထပ် ထပ်မမှားအောင် ဂယနဂဏရှင်းပြကြတော့ ကျွန်တော်တို့ဦးနှောက်ထဲ တစ်ခါတည်း စွဲဝင်သွားခဲ့တာပေါ့။

အမျိုးသားကျောင်းမှာ အင်္ဂလိပ်စာတော်အောင်ဆိုပြီး ဝါသနာအရ ပြင်ပဗဟုသုတတွေများများရအောင်ဆိုပြီး အင်္ဂလိပ်စာအုပ်တော်တော်များကို ကျောင်းအုပ်ဆရာကြီး ဦးပုကိုယ်တိုင် ရန်ကုန်ကမှာပေးထားခဲ့ပါတယ်။ အဲဒီစာအုပ်တွေကို ကျောင်းစာကြည့်တိုက်မှာထားပြီး စာသင်ချိန်အားရင် သွားဖတ်လို့ရပါတယ်။ စာအုပ်တွေထဲမှာ ကျွန်တော်တို့ စိတ်အဝင်စားဆုံးစာအုပ်က နတ်သမီးပုံပြင်များဆိုတဲ့စာအုပ်ပါပဲ။ ဒီစာအုပ်တွေက စီးရီး အလိုက် ငါးမျိုးလောက်ထွက်တော့ အုပ်ရေ ၂၅၀ လောက်ရှိပါတယ်။





အင်္ဂလိပ်စာပေ ဗဟုသုတ အသိဉာဏ်အားလုံး **အထူးအဆန်းအများကြီး**ရခဲ့ပါတယ်။ ဒီလိုကျောင်းတွင် ဗဟုသုတ**အဖြစ်နဲ့ဖတ်ရတဲ့**အပြင် ကျောင်းပိတ်ရက်တွေမှာလည်း အိမ်မှာဖတ်နိုင်ဖို့**အတွက် စနစ်တကျ** ငှားရမ်းပေးပါတယ်။ ကျောင်းသားတွေဆိုတာ **ဖတ်ပြီးသမျှ** ကိုယ်ကိုယ်တိုင် ဝါကျဖွဲ့တည်ဆောက်ပြီး ဆရာတွေကို ပြန်**ရေးပြခဲ့ကြ**ရပါတယ်။ ဒါကြောင့်လည်း ရေနံ ချောင်းအမျိုးသားကျောင်းထွက်တွေဆိုရင် အင်္ဂလိပ်စာမှာ တော်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှစ်တန်းနှစ်မှာ အင်္ဂလိပ်စာသင်တဲ့ဆရာကတော့ ဆရာဦးခင်သန်း ဖြစ်ပါတယ်။ ဆရာက အင်္ဂလိပ်စာအသင်အပြ အလွန်ကောင်းပါတယ်။ အင်္ဂလိပ်လို ပြောတော့ ဆိုတော့လည်း မသိတဲ့လူတွေက ကင်းဗရစ်တက္ကသိုလ်ကများ အောင်ခဲ့တာလားလို့ထင်ရအောင် အသံထွက်ကောင်းပါတယ်။ ဆရာက ကျောင်းသားတွေ အင်္ဂလိပ် စာတော်တာညံ့တာဟာ သင်တဲ့ဆရာတွေအပေါ်မှာလည်း မူတည်တယ်လို့ပြောခဲ့ပါတယ်။ ကျွန်တော်တို့ကို အက်ဆေးတစ်ခုရေးခိုင်းရင် အလွတ်ကျက်ရေးတာမျိုး **ဆရာ**ဦးခင်သန်းက ခွင့်မပြုဘူး။ လက်မခံဘူး။ သူကိုယ်တိုင်**ကလည်း** တစ်ပုဒ်လုံးအလွတ်ကျက်ခိုင်းတာမျိုး ဟာ ပြစ်မှုကြီးတစ်ခု**ကျူးလွန်**ခိုင်းတာပဲလို့ သဘောထားခဲ့ဟန်တူပါတယ်။

ကျွန်တော်တို့ နားထဲမှာ ဆရာဦးခင်သန်း**ရဲ့ စူးစူးရှရှနဲ့** သင်တဲ့ အသံလေးကို ခုထက်ထိ ပြန်ကြားနား**စွဲနေခဲ့ပါတယ်။** "Education ဆိုရာမှာ သင်ပြသောဆရာသည် **ကလေး ဦးနှောက်**ထဲတွင်ရှိသော ကိုယ်စွမ်းဉာဏ်စွမ်းများ**အား ဆွဲထုတ်ခြင်းကို** ဆိုလိုပေသည်"လို့ ဆရာကြီးဦးခင်သန်းက **ပညာနဲ့ ပတ်သက်တဲ့**



www.burmeseclassic.com

www.burmeseclassic.com




သဘောတရား မကြာခဏပြောပြတတ်ပါ တယ်။

ဆရာဦးခင်သန်းဟာ ကျွန်တော်တို့မြို့သားမဟုတ်ပေမယ့် ကျွန်တော်တို့မြို့သူနဲ့ အိမ်ထောင်ကျပြီး နေရှင်နယ်ကျောင်းမှာ ကျောင်းဆရာလုပ်ခဲ့တာပါ။ ဆရာကို တပည့် အားလုံးကလည်း ချစ်ခင်၊ ကျောင်းသားမိဘတွေကလည်း လေးစားရိုသေခဲ့ကြပါတယ်။ ဒီအချိန်မှာ ဆရာကြီးဦးခင်သန်းဟာ သူနဲ့စာပေဝါသနာတူလို့ အချစ်ဆုံးကျောင်းသား တစ်ယောက်လည်း ရှိခဲ့ပါတယ် ....။

အဲဒီသူက ကိုအောင်ဆန်းပါပဲ။







ဆရာကြီး ဦးဘဝင်းက "အောင်ဆန်းရ ဆန်ရင်းနာနာဖွပ်ရတယ်ကွ"လို့ ပြောလိုက်သေးတယ်။ အမှန်တော့ ဆရာကြီးဦးဘဝင်းဟာ သူ့ညီကို ချစ်တယ်၊ စာတော်စေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်စာတော်တဲ့ ကိုအောင်သန်း

ကိုအောင်ဆန်းအစ်ကို ကိုအောင်သန်းဟာ ကျွန်တော်တို့ ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းက ဆယ်တန်းအောင်ပြီး တက္ကသိုလ်သွားတက်ခဲ့ရသူပါ။ ကိုအောင် ဆန်းအပြောအရ တစ်နေ့မှာ-

သူအင်္ဂလိပ်လို ရေးထားတဲ့ မှတ်တမ်းစာအုပ်တစ်အုပ်ကို ကိုအောင်သန်းက ယူပြီးကြည့်ခဲ့ဖူးတယ်တဲ့။ သူသင်နေရတဲ့ အင်္ဂလိပ်စာအဆင့်အတန်းကို သိချင်လို့ လို့ပြော ပါတယ်။ သူရေးထားတာတွေကို ကိုအောင်သန်းက တစ်ရွက်ချင်းလှန်လှန်ကြည့် ရင်း တစ်နေရာရောက်တော့ (I sak my debt) ဆိုတဲ့ အဓိပ္ပါယ်ဖော်လို့ မရဘူး ဖြစ်နေသတဲ့။ "ဒါ. . မင်းဘာပြောချင်လို့ ရေးထားတာလဲ"လို့ မေးသတဲ့။

ဒါနဲ့ ကိုအောင်ဆန်းက အကြွေးဆပ်တာကိုရေးတာပါ။ ဆပ်တာကို အင်္ဂလိပ်လို မသိလို့ ဖြစ်သလိုရေးထားတာပါလို့





ပြောတာကို ကိုအောင်သန်းက မင်းသိပ်ရှော်တာပဲ။ အကြွေးဆပ်တာကို တိုက်ရိုက်မသိရင်တောင် ကြံဖန်ပြောစရာစကားရှားသလား (I Pay my debt) ဒါမှမဟုတ် (I clear my delt)လို့ သိပြီးစကားတွေနဲ့တင်ရေးနိုင်တယ်။ ဒါမျိုးမလုပ်နဲ့လို့ သူ့ကိုဆုံးမပြီး (so poor english) မင်းအင်္ဂလိပ်စာ သိပ်ညံ့တယ်လို့ ကြိမ်းမောင်း ခံရဖူးကြောင်း ကိုအောင်ဆန်းက ကျွန်တော့်ကို ရယ်ရွှန်းပတ်ရွှန်းနဲ့ ပြောပြခဲ့ဖူးတယ်။

နောက်တစ်ခုက ကိုအောင်ဆန်းကိုယ်တိုင် သူ့အစ်ကို ကိုအောင်သန်းဟာ အင်္ဂလိပ် စာမှာတော်ကြောင်း ထောက်ခံခဲ့ ဖူးတယ်။ သူကျောင်းပိတ်ရက်အိမ်ပြန်သွားတုန်းက သူ့ အစ်ကို ကိုအောင်သန်းတစ်ယောက် ကောလိပ်ကပြန်လာတာနဲ့ ဆုံခဲ့တယ်လို့ ပြောခဲ့တယ်။ အဲဒီတုန်းက ကိုအောင်သန်းက သူကောလိပ်မှာ ပညာသင်ရတာတွေနဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြတဲ့အခါ (Debate)ဆိုတဲ့အကြောင်း ရောက်သွားသတဲ့။ (Debate society) ဆိုတာ တစ်ယောက်နဲ့တစ်ယောက် အင်္ဂလိပ်လို စကားအခြေအတင် ပြောကြရတဲ့ ပွဲတစ်ခုပေါ့တဲ့။ အဲဒီလို စကားစစ်ထိုးပွဲတွေမှာ အင်္ဂလိပ်လို ပြောတတ်၊ ဆိုတတ် တော်ကြတဲ့ သူတွေ ဘယ်လိုပြော ကြသလိုဆိုပြီး ကိုအောင်သန်းက သူ့ကို ဟန်တွေပန်တွေသုံးပြီး လေသံ ခပ်ကြွားကြွားနဲ့ ပြောပြလိုက်တာ (ဖရူး၊ ဖရူး)နဲ့နေတာပဲလို့ ကိုအောင်ဆန်းက ကျွန်တော့်ကို တစ်ဆင့်ဖောက်သည်ချခဲ့တယ်။ ပြီးတော့ ငါတော့ ဘာတွေမှန်းကိုမသိဘူးလို့လည်း ရှင်းရှင်း ဝန်ခံခဲ့တယ်။

အမှန်တော့ အဲဒီလိုသူဖြစ်ခဲ့ရတာဟာ သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သန်းတစ်ယောက် အင်္ဂလိပ်စာမှာ ဘယ်လောက် တော်သလဲဆိုတာ ပြောပြချင်လို့ပဲဖြစ်ပါတယ်။ အဲဒီကစလို့ သူလည်း သူ့အစ်ကိုကိုအားကျပြီး အင်္ဂလိပ်စာဆို သဲသဲမဲမဲဖတ် မရှက် မကြောက်ပြောတဲ့ အကျင့်ကို စလုပ်တော့တယ်။

အောင်ဆန်း ရှစ်တန်းရောက်တဲ့နှစ် သူ့အစ်ကိုကြီး ဆရာဦးဘဝင်းက အင်္ဂလိပ်စာ တော်အောင် အိုင်ဗင်ဟိုတို့ ဇင်းဒါးက အကျဉ်းသားဆိုတဲ့ စာမျက်နှာ ၉၀၊ ၁၀၀ ပါတဲ့ အင်္ဂလိပ်စာ အုပ်လေးတွေ ဖတ်ရအောင်ဝယ်ပေးတာ အမှတ်ရသေးတယ်။ အထက်တန်း ကျောင်းသားဘဝတွေမှာ အင်္ဂလိပ်စာတွေအတွက် ကိုအောင်ဆန်းအဖို့ ဘာအခက်အခဲမှ မရှိခဲ့ပါဘူး။ သူကိုယ်တိုင်က စာဖတ်ဝါသနာပါတာရယ်၊ သူ့အစ်ကိုကြီးက လိုအပ်မယ် ထင်တဲ့ အင်္ဂလိပ်စာအုပ်တွေ ဝယ်ပေးပြီး ဖတ်ခိုင်းမှတ်ခိုင်းတာရယ်၊ အရေးကျင့် ခိုင်းတာတွေရယ်ဟာ သူ့အတွက် အင်္ဂလိပ်စာ အရည်အသွေး မယုံနိုင်လောက်အောင်ကို တိုးတက်နေတော့ တာပါပဲ။ ကိုအောင်ဆန်းကို သီတင်းကျွတ်ကျောင်းပိတ်ရက်နဲ့ နွေရာသီ ကျောင်းပိတ်ရက်တွေမှာ အစ်ကိုကြီးဦးဘဝင်းနဲ့ အစ်ကိုလတ် ကိုအောင်သန်းတို့ကကြပ်ကြပ် မတ်မတ်လုပ်ပြီး အင်္ဂလိပ်စာတွေ သင်ပေးတယ်။ ဆရာကြီးဦးဘဝင်းကတော့ အစ်ကိုကြီး တစ်ယောက်ပီပီ သူ့ညီငယ်ကိုအောင်ဆန်းကို ဆုံးမတဲ့အခါ အခြား ကျောင်းသား တွေထက်ပိုပြီး ဆုံးမတတ်တယ်။

တစ်ခါက ကျောင်းသားတွေကို ဂျီဩမေတြီဘာသာ သင်ပြချိန် သူ့ညီငယ် ကိုအောင်ဆန်းကို အတန်းရှေ့ခေါ်ပြီး ထောင့် နှစ်ထောင့်မှာ ဒီဂရီအညီအမျှရှိတဲ့ အကြောင်း သက်သေပြခိုင်းတယ်။





ကိုအောင်ဆန်းက အဲဒီမေးခွန်းကို အဆင့်ဆင့် တွက်ရင်းက တစ်နေရာမှာ ဒီဂရီအနည်းငယ်လွဲပြီး တွက်မိတယ်။ အဲဒီလိုတွက်မိ တာ တွက်ရ ကောင်းလားဆိုပြီး ဆရာကြီးဦးဘဝင်းက ကျောင်းသား တွေရှေ့မှာ ကိုအောင်ဆန်း လည်ကုပ်ကိုကိုင်ပြီး ကျောက်သင်ပုန်းနဲ့ နဖူးကို အတော်လေးနာသွားအောင် ဆောင့်ပစ်တယ်။ ဒီတော့ ကိုအောင်ဆန်းနဖူးယောင်သွားတာပေါ့။ ပြီးတော့ ဆရာကြီး ဦးဘဝင်းက "အောင်ဆန်းရ ဆန်ရင်းနာနာဖွပ်ရတယ်ကွ"လို့ ပြောလိုက်သေးတယ်။ အမှန်တော့ ဆရာကြီးဦးဘဝင်းဟာ သူ့ညီကို ချစ်တယ်၊ စာတော်စေချင်တယ်။ ဒါပေမယ့် အလိုတော့မလိုက် ဘူးဆိုတဲ့ သဘောပါ။ ကိုအောင်ဆန်းကိုယ်တိုင်ကလည်း သူ့အစ်ကိုကြီးကို ချစ်ကြောက်ရိုသေတယ်။ ဆုံးမသွန်သင်တာကို အမြဲလေးစားလိုက်နာတယ်။ ဒါကြောင့်လည်း အင်္ဂလိပ်စာနဲ့သင်္ချာမှာ သူတော်တော်ထူးထူးချွန်ချွန်ဖြစ်နေတာ မဆန်းလှပါဘူးလေ။

နောက် ကိုအောင်ဆန်းတစ်ယောက် အင်္ဂလိပ်စာမှာ တော်ရတဲ့အကြောင်းက အင်္ဂလိပ်စာပြဆရာကြီး ဦးကျော်ဇံရဲ့ ကျေးဇူးအများကြီးပါတယ်။ ဆရာကြီးက အင်္ဂလိပ်စာ ရေးရင် စကားကြီးစကားကျယ်သုံးတာ ပိုကြိုက်ပါတယ်။ ဒါပေမယ့် အစ်ကိုကြီးဦးဘဝင်း ကတော့ အင်္ဂလိပ်စာကောင်းတယ်ဆိုတာ ဆယ်တန်းသမားရေးတဲ့စာကို ခုနစ်တန်း ကျောင်းသားဖတ်နိုင်မှ ခုနစ်တန်းကျောင်းသားရေးတဲ့စာကို လေးတန်းကျောင်းသား ဖတ်နိုင်မှလို့ သူ့အမြင်ကို ပြောလေ့ရှိတယ်။

ကျောင်းအုပ်ဆရာကြီးဦးပုကတော့ ကျောင်းသားတွေကို အင်္ဂလိပ်စကားနဲ့ ပြောတဲ့အခါ (You are Now in the Tenth



www.burmeseclassic.com

www.burmeseclassic.com



form. You should write better English)လို့ ပြောလွန်းလို့ ကိုအောင်ဆန်းကတော့ အင်္ဂလိပ်စာစာစီစာကုံးရေးရင် စကားကြီး စကားကျယ် တွေသုံးပြီးရေးတယ်။ ကိုအောင်ဆန်းရေးတဲ့ အင်္ဂလိပ် စာစီစာကုံးဟာ အဆင့်မြင့်လွန်းတော့ စစ်ဆေးတဲ့ဆရာကြီး ဦးကျော်ဇံကတောင် အဓိပ္ပါယ်မရှင်းလို့ ကျောင်းဒရဝမ်ကိုရန်ပြေကို ကျောင်းရုံးခန်းထဲမှာရှိတဲ့ အင်္ဂလိပ်အဘိဓာန်စာအုပ်ကြီး သွားယူခိုင်းပြီး ကိုအောင်ဆန်းရေးတဲ့ အင်္ဂလိပ်စာလုံး ဝေါဟာရကို ရှာကြည့်ရတဲ့အထိ သူဟာ အင်္ဂလိပ်စာအရေး ကောင်းသူ ဖြစ်လာခဲ့တယ်။





## ကိုအောင်ဆန်းတို့အဖေ ကွယ်လွန်ခြင်း

၁၉၃၁-ခုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း မေလ(၁၈) ရက်နေ့မှာ ကို အောင်ဆန်းတို့အဖေ ရှေ့နေကြီး ဦးဖာတစ်ယောက် နှစ်လလောက်နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားခဲ့ရှာတယ်လို့ သိခဲ့ရ ပါတယ်။

ဒီနှစ်နွေရာသီမှာ ကျောင်းစာတွေ ဝန်ထုပ်ဝန်ပိုး ပိုပြီးများ လာတဲ့အတွက် နတ်မောက်ကို မပြန်တော့ဘူးလို့ ဆုံးဖြတ်ထား ရာက အဲဒီလို ဖခင်ကြီးအသည်းအသန်ဖြစ် နေကြောင်း **အကြောင်း** ကြားလာတော့ ကိုအောင်ဆန်းတို့ ညီအစ်ကိုတွေ **ကသုတ်ကရက်** နဲ့ ထပြန်သွားခဲ့ကြပါတယ်။

ဖခင်ကြီးကွယ်လွန်ပြီးလို့ အလောင်းကို **သဂြိုဟ်ပြီးမှ ပြန်လာ** ကြရတဲ့အတွက် ကျောင်းဖွင့်ချိန် မမီကြပါဘူး။ **ဒါကိုမြန်မာစာပြ** ဆရာကြီး ဦးဘသိန်းက "မင်းတို့ဘာလို့ **နောက်ကျနေသလဲ"မေးတော့** "အဖေမမာလို့"လို့ ကိုအောင်ဆန်းက **ဖြေပါတယ်။ဒါနဲ့ ဆရာကြီးက**



www.burmeseclassic.com

www.burmeseclassic.com



အခုမာသွားပြီလား ဆက်မေးတော့ ဆုံးပြီလို့ ကိုအောင်ဆန်းက ပြန်ဖြေ လိုက်ပါတယ်။ တကယ်တော့ အဲဒီတုန်းကဖြေတဲ့ ကိုအောင်ဆန်းရဲ့ အဖြေဟာ အလွန်တိကျ နေပါတယ်။ သူကျောင်း ပြန် အရောက်နောက်ကျတာဟာ ဖခင်ဆုံးသွားလို့မဟုတ်ဘဲ ဖခင်မမာနေလို့ ဖခင်ကိုပြုစုနေလို့ကြာသွားတာ အမှန်ဖြစ်ပါတယ်။ ဆုံးပြီးတဲ့နောက် အလောင်းကို သင်္ဂြိုဟ်တဲ့ကိစ္စက ရက်ကြာတာမှ မဟုတ်တာဘဲလေ။

အဲဒီကတည်းက ကျောင်းပြန်နောက်ကျခြင်းပြဿနာလိုပဲ တခြားပြဿနာကိုလည်း ကိုအောင်ဆန်းက ရှင်းရှင်းပြတ်ပြတ် မြင်တဲ့သူပြောတတ်တဲ့သူ ဖြစ်ခဲ့ပါတယ်။ ဖခင်ကြီးဦးဖာ ကွယ်လွန် တော့ မိခင်ကြီးဒေါ်စုဟာ စီးပွားရေအခြေအနေ တောင့်တောင့် တင်းတင်းနဲ့ကျန်ခဲ့ပါတယ်။ ဒီတော့ အောင်သန်းနဲ့ အောင်ဆန်းတို့ အတွက် ငါတာဝန်ယူနိုင်တယ်ပြောတော့ အစ်ကိုကြီးဖြစ်တဲ့ ဆရာဦးဘဝင်းက လက်မခံဘဲ သူရတဲ့လစာထဲက သုံးပုံတစ်ပုံကို သာသုံးပြီး ကျန်နှစ်ပုံကို တက္ကသိုလ်တက်နေတဲ့ ကိုအောင်သန်း အတွက်ရယ်၊ ရေနံချောင်းနေရှင်နယ်ကျောင်းမှာတက်နေတဲ့ ကိုအောင်ဆန်းအတွက်ရယ် အထောက်အပံ့ ပြုပေးခဲ့တယ်။





## ကိုအောင်ဆန်းနဲ့ ကိုမော်သန်း အင်္ဂလိပ်စာ ပြိုင်ကြခြင်း

ကျွန်တော်တို့ ဆယ်တန်းရောက်တော့ အင်္ဂလိပ်စာအုပ်မျိုးစုံ သင်ရ၊ ဖတ်ရတာတွေ အများကြီးရှိခဲ့တယ်။

သင်ရိုးညွှန်းတန်းအရ The Eastern Lands သင်ခဲ့ရတယ်။ ဒါပေမယ့် ပြင်ပက ယူဖတ်တဲ့ စာအုပ်တွေလည်း မနည်းပါဘူး။ အမေရိကန်သမ္မတကြီး အင်ဗရာဟင်လင်ကွန်း အကြောင်းရေးတဲ့ အင်္ဂလိပ်စာအုပ်ဆိုရင် ကိုအောင်ဆန်းသိပ်ကြိုက်တယ်။ သူအမြဲ ဖတ်နေ တယ်လို့ပြောပြီး အဲဒီစာအုပ်အပြာလေးကို မကြာခဏ ကျွန်တော့်ကို ပြတယ်။

ဖတ်သမျှ အစအဆုံး အပြန်ပြန်အလှန်လှန်ဖြစ်နေလေတော့ အလွတ်နီးပါး လောက်ကို မှတ်မိနေတယ်။ နောက်ထပ် ဖတ်ကောင်းတာက ရှိစ်စပီးယားရဲ့ ပြဇာတ်တွေ၊ ဇာတ်လမ်းခံနဲ့ အရေးအသားကောင်းတော့ စိတ်ဝင်စားမှုရှိခဲ့တယ်။ အတန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာဖတ်ရတာလည်း တစ်ယောက်နဲ့တစ်ယောက် ဖာတ်ကောင်တစ်ယောက်စီရဲ့ ကိုယ်စား ပါဝင်သရုပ်ဆောင်ပြီး ဖတ်ခဲ့ကြတယ်။ အသံထွက်လေယူလေသိမ်းမှန်၊ မမှန်ကို ဆရာတွေက နားထောင်ပြီးပြင်ပေးတယ်။ ဆရာကြီးဦးပုက အင်္ဂလိပ်စာသင်တဲ့ တစ်ချိန်မှာ R.L Stvenson.ရဲ့ Treasure Island (ရတနာသိုက်) စာအုပ်သင်တယ်။

အဲဒီတုန်းက အကောင်းဆုံးဖတ်ပြ၊ သရုပ်ဆောင်ပြနိုင်တဲ့ ကျောင်းသားနှစ်ယောက် ရှိတယ်။ ကိုအောင်ဆန်းနဲ့ ကိုမော်သန်းရယ်၊ ကိုမော်သန်းဆိုတာကလည်း ကိုအောင်ဆန်း လို အင်္ဂလိပ်စာတော်တဲ့ ကျောင်းသားတစ်ယောက်ပဲ။

ဒီတော့ ကိုအောင်ဆန်းနဲ့ ကိုမော်သန်းက ကျောင်းခန်းထဲမှာ အင်္ဂလိပ်စာ ပြိုင် ဖက်တွေ ဖြစ်လာခဲ့ကြတာပေါ့။ ကိုအောင်ဆန်းက ကိုမော်သန်းနဲ့ အင်္ဂလိပ်စာပြိုင်ဖတ်ပြီး အချင်းချင်းအပြန်အလှန် ပြောတဲ့အထဲမှာ ကျောင်းသားတွေ အုန်းအုန်းကျွက်ကျွက်နဲ့ ပွဲကျတာ တစ်ခုရှိခဲ့တယ်။ အဲဒါကတော့ ကိုအောင်ဆန်းဟာ အင်္ဂလိပ်စာကို ဟန်ရမာန်ရ ဖတ်ပြီးတိုင်း ဖတ်ပြီးတိုင်း "ငါ့သား မင်းသိဖို့က ဒါတွေပဲ" (That's all what you are to hear my son)ဆိုတဲ့ အပြောမျိုး ပြောခဲ့ဖူးတာပါပဲ။

ကျွန်တော်တို့ ကိုအောင်ဆန်းတို့ ဆယ်တန်းရောက်တဲ့နှစ်မှာ အမျိုးသားကျောင်း တွေအတွက် ပြဋ္ဌာန်းတဲ့ အင်္ဂလိပ်စာအုပ်ကတော့

အထွေထွေဖတ်ဖို့ Treasure Island မှုရင်းကို Tom Sawyer အစားသင်ရန်၊ စကားပြေ Charles Dickens ရဲ့ Oliver Twist (အကျဉ်း) ကျောင်းသုံးကို Treasure Island အစားသင်ရန်





ကဗျာ Rime of be Ancient Mariner ကို Sohrab and Rustom အစားသင်ရန်

အင်္ဂလိပ်စကားပြေအတွက် King Solomam's Mine အကျဉ်းအစား Robinson Crusoe (အကျဉ်း)ကို သင်ဖို့ ပြဋ္ဌာန်းပါတယ်။ အဲဒီအတန်းမှာ ရှိုးရှိုးမြန်မာစာသာမက စိတ်ကြိုက်အဝို မြန်မာစာ ကိုပါ သင်ရလေတော့ ကိုအောင်ဆန်းအဖို့ အကြိုက်တွေ့နေ တော့တာပေါ့။ သူက အင်္ဂလိပ်စာအပြင်၊ မြန်မာစာမှာလည်း တော်ချင်တဲ့သူကိုး။



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာတွေကို နှိမ်တဲ့ အင်္ဂလိပ်ရာဇဝင်ဆရာတွေ (GE Harvey / S.W Cooks)

ကျွန်တော်တို့ ဆယ်တန်းမှာ အင်္ဂလိပ်စာကို ကျောင်းအုပ်ဆရာကြီးဦးပုကိုယ်တိုင် သင်ခဲ့ပါတယ်။ အရင်ရှစ်တန်းမှာ သင်တဲ့ဆရာ ဦးခင်သန်းက ဆယ်တန်းမှာတော့ ပါဠိကို ပြောင်းသင်ပေးခဲ့ပါတယ်။

ကိုအောင်ဆန်းဟာ သူငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေလာခဲ့ရတော့ ဘုန်းကြီးစာတွေ အခြေခံရခဲ့ပြီး ခုပါဠိဘာသာမှာ သူတော်တော်လေး စိတ်ဝင်တစားနဲ့ လိုက်နိုင်တာ တွေ့ခဲ့ရတယ်။ ထူးချွန်ဆုရနိုင်လောက်တယ်လို့လည်း သူ့စိတ်ထဲမှာ စွဲစွဲမြဲမြဲယုံကြည်ခဲ့တယ်။

ကိုအောင်ဆန်းစိတ်ဝင်စားတဲ့ နောက်ဘာသာရပ်တစ်ခုကတော့ ရာဇဝင်ပါပဲ။ ရာဇဝင်သင်တဲ့ဆရာတွေကလည်း မျိုးချစ်စိတ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေပြောပြီး ကျောင်းသား





တွေရဲ့ စိတ်ဓာတ်ကို နှိုးဆွပေး သင်ပေးနိုင်တဲ့နေရာဆိုလို့ကလည်း အဲဒီအချိန်က ကျွန်တော်တို့လို အမျိုးသားကျောင်းမျိုးမှာပဲ ရှိခဲ့တာပါ။ အစိုးရကျောင်းတွေမှာ သင်ချင်တဲ့စာကိုသင်လို့မရဘူး။ အင်္ဂလိပ်လူမျိုး ရာဇဝင်ဆရာ GE Hervey ရေးတဲ့ **History of Burma** ဆိုတဲ့မြန်မာကို နှိမ်ထားတဲ့ မွန်လူမျိုးတွေကို **ချီးချီးမွမ်းမွမ်းရေးထားတဲ့** မကောင်း တဲ့ရှုထောင့်ကရေးတဲ့ စာအုပ်မျိုးကို **လက်စွဲကိုင်**သင်ကြရတာပါ။

ဒီလိုပဲ ဗြိတိသျှပညာရေးစနစ်အရ **မြန်မာရာဇဝင်ကို** သင်ကြားပုံဟာ တိုင်းရင်း သားအချင်းချင်း ယုံကြည်**ကိုးစား ချစ်ခင်မှု** တွေ လျော့ပါးဖို့ရယ်၊ တိုင်းရင်းသား အချင်းချင်း **အထင်သေးဖို့ရယ်** လုပ်ကြံသင်ကြားပေးတဲ့ပုံစံထဲမှာ ပညာမင်းကြီး **SW Cooks ရေးတဲ့** မြန်မာရာဇဝင်ဆိုရင် မြန်မာတစ်နိုင်ငံလုံးကို **အသရေဖျက်ထား** တာတွေ အများကြီးပါပဲ။ ဗြိတိသျှတွေ နယ်ချဲ့**တွေဆိုတာ ဇာဒိ** တုန်းက လက်နက်ကိုင်ပြီး ကျူးကျော်ခဲ့ရုံမကဘဲ ပညာ**ရေးနဲ့လည်း** ဆက်ပြီးလုပ်ကြံခဲ့တဲ့သူတွေပါပဲ။

ဒါပေမဲ့ ကျွန်တော်တို့ကျောင်းမှာ **အကြိုတန်း၊တွေ** လွန်လာကတည်းက စီးဗစ် (Civics) ဆိုတဲ့ ပြည်**သူ့နီတိကို** စပြီးသင်ကြားခဲ့ရပါပြီ။ စီးဗစ်ဆိုတာ တိုင်းရေးပြည်**ရေး ပညာပေါ့**။ အမျိုးသားပညာရေးစနစ်ရဲ့ အာသီသကတော့ **လွတ်လပ်ရေး** ကြိုးပမ်းမှု အာသီသပါပဲ။ ဒါကြောင့် လူငယ်တွေကို **နိုင်ငံရေးတာသိ** တရားဖြန့်ချိပေးတဲ့အလုပ်ကို အမျိုးသား **ပညာရေးဆိုင်ရာက** လက်တွေ့လုပ်ဆောင်ပေးခဲ့တာပါပဲ။

အမျိုးသားပညာရေးရဲ့ ပေါ်လစီကိုက **"ဇာတိမာန်**



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်စေခြင်းငှာ မြန်မာဘာသာ၊ မြန်မာစာပေ၊ မြန်မာ ရာဇဝင်ကို ဝိသေသပြု၍ သင်ကြား ပေးပါသည်"တဲ့။

မြန်မာစာပေကိုသင်ကြားပေးတဲ့ အဆင့်အတန်းက အလွန်မြင့်သလို မြန်မာရာဇဝင်ကိုသင်ကြားပေးတဲ့စနစ်ကလည်း အမျိုးနဲ့နိုင်ငံကိုချစ်တတ်လာဖို့ ရည်ရွယ်ပါတယ်။

ကျွန်တော်တို့ကျောင်းမှာ မော်လမြိုင်ရှင်မဟာ ဗုဒ္ဓဃောသ တိုင်းရင်းသား တန်းမြင့်ကျောင်း ဆရာကြီးဦးဘသန်း(ဘီအေ) စီစဉ်ရေးသားတဲ့ မြန်မာရာဇဝင်ကို သင်ရတယ်။ ဒီရာဇဝင် စာအုပ်ထဲမှာ ကျောင်းသားမောင်လှရွှေနဲ့ မောင်ဘရင်တို့ရေးဆွဲတဲ့ ရာဇဝင်ဆိုင်ရာမြေပုံတွေလည်းပါတယ်။ ဒီရာဇဝင်စာအုပ်ဟာ မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ သုသောဓိတရာဇဝင်နဲ့ အခြားရာဇဝင်ကျမ်းတွေ ကျောက်စာတွေ၊ မော်ကွန်း တွေအပြင် မြန်မာပြည်သုတေသနအသင်းစာတမ်းတွေ၊ မြန်မာကျောက်စာဌာန အစီရင် ခံစာတွေ ဖရဲဖရိုင်ဆွန်ဆလရက် အင်္ဂလိပ်ဘာသာပြန်ဆိုတဲ့ မှန်နန်းရာဇဝင်အတွက် မြန်မာ ယိုးဒယားအရေးတော်ပုံတွေ၊ ဇင်းမယ်မြို့ အင်္ဂလိပ်အစိုးရတို့နဲ့ ကောင်စစ်ဆိုတာတွေ ဖတ်ရှုညှိနှိုင်းပြီး ကျောင်းသုံးမြန်မာရာဇဝင်ပြဋ္ဌာန်းလေတော့ အကိုး အကားအထောက် အထားတွေကလည်း ခိုင်လုံ၊ ဖတ်ရမှတ်ရ တာလည်း တစ်ချက်မှ ငြီးငွေ့စရာမပါဘူး။ ရာဇဝင်သင်တဲ့အချိန် တွေမှာ ကျောင်းသားတွေအားလုံး စိတ်အားတက်ကြွပြီး ပျော် ခဲ့ရတယ်။

အဲဒီလို ရာဇဝင်တွေ သင်ရတဲ့အပေါ်မှာ ထူးချွန် ထက်မြက်လှတဲ့ အတွေးအခေါ်ကောင်းတစ်ခုကို ကောက်ချက်





ဆွဲပြသွားနိုင်တဲ့သူကတော့ ကိုအောင်ဆန်းပါဘဲ။ အဲဒီတုန်းက ကိုအောင်ဆန်းပြောခဲ့တဲ့ "ရာဇဝင်ကိုသိရုံသာမဟုတ်. . ရာဇဝင်ကို ဖန်တီးစေရမည်" ဆိုတဲ့ စကားတစ်ခွန်းကတော့ တစ်ခွန်းဆို ဆိုသလောက် ကျွန်တော့်တို့အတွက် တကယ့်ကို အသည်း နှလုံးရဲ့နေရာတစ်ခုမှာ စွဲပြီးထင်ကျန်ခဲ့ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com






ပညာသင်ခြင်း ရည်ရွယ်ချက်ကို အသစ်တစ်မျိုး အဓိပ္ပါယ်ကောက် ရမယ်.. ဒီအဓိပ္ပါယ်ဟာ ရာဇဝင်သင်သူသည် ရာဇဝင်အကြောင်း ကို သိနားလည်ရုံသာမက ဖန်တီးသူ (ဝါ) ရာဇဝင် ကို ပြုလုပ်သူ အဖြစ်လည်း ရောက်စေရမယ်"





## ရာဇဝင်ကို ဖန်တီးစေရမည်

အဲဒီစကားက အမျိုးသားကျောင်းရဲ့ ကျောင်းသားသမဂ္ဂ အစည်းအဝေးတစ်ခုမှာ ကိုအောင်ဆန်း ပြောခဲ့တဲ့စကားပါ။

ကျွန်တော်မှတ်မိနေခဲ့တယ်။ အဲဒီနေ့ကကိုအောင်ဆန်းက ရွှေတောင်ပိုးလုံချည် အနီနဲ့ နေကြာပေါ်ပလင်ကို ချုပ်ထားတဲ့ ရှပ်အကျႌအဖြူကို အောက်ခံဝတ်ပြီး အပေါ်က ပင်နီတိုက်ပုံ သပ်သပ်ရပ်ရပ် ဝတ်လာခဲ့ပါတယ်။ ဒီဝတ်စုံကလည်း ကိုအောင်ဆန်း ဦး ဆောင်ပြီး ကျောင်းသားသမဂ္ဂက ကျောင်းသားအချင်းချင်း ညီညွတ်ဖို့နဲ့ အင်္ဂလိပ်ကျောင်းသားတွေလို ကြွားမှာ တူမှာစိုးလို့ (School Dress) လို့ခေါ်တဲ့ အမျိုးသားကျောင်းရဲ့ တူညီဝတ်စုံကို ကိုအောင်ဆန်းနဲ့ အထက်တန်းကျောင်းသားကြီးတွေ **ဦးဆောင်** တိုင်ပင်ကြပြီး ကျောင်းအုပ်ဆရာကြီး ခွင့်ပြုချက်နဲ့ **စတင်တီထွင်** သတ်မှတ်ခဲ့တာပါ။

အဲဒီဝတ်စုံတွေဝတ်ကြရမယ်ပြောတော့ ကန့်ကွက်သူတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပြောသူတော့ ရှိခဲ့ကြပါတယ်။ ရွှေတောင်ပိုးရောလုံချည်ဆိုတော့ အဲဒီခေတ်ကဈေးနဲ့ဆိုရင် သုံးကျပ် လောက်တောင် ပေးဝတ်ကြရတယ်။ ပင်နီကလည်း အနံ့တိုဆိုတော့ လက်နှစ်ဖက်မှာ အဆက်နဲ့ချုပ်ဝတ်ကြရတယ်။ ဒါပေမယ့် ကိုအောင်ဆန်းကတော့ ဘယ်သူဘာပြောပြော သူလုပ်လိုရာအလုပ်ကို မဆုတ်မနစ် မဖြစ်ဖြစ်အောင်လုပ်တတ်တဲ့ အကျင့်ရှိခဲ့လေတော့ သူပါဝင်ဦးဆောင်တီထွင်တဲ့ ဒီကျောင်းဝတ်စုံကို နောက်ဆုံးတော့ အားလုံးလိုက်ဝတ် ခဲ့ကြပါတယ်။

ကိုအောင်ဆန်းက အဲဒီအမျိုးသားကျောင်းဝတ်စုံကိုဝတ်ပြီး ကျောင်းသားသမဂ္ဂ အစည်းအဝေးမှာ တက်ပြီး စကားပြောခဲ့ပါတယ်။ အားလုံးကလည်း သူစကားပြောမှာကို လိုလားကြပါတယ်။ သူပြောတဲ့ စကားဟာအဓိပ္ပါယ်တော်တော်လေးနက်ပြီးတန်ဖိုးရှိတဲ့စကား မို့ နားထောင်ရတဲ့သူတွေဟာ ဝမ်းသာအံ့ဩပြီး သဘောကျလက်ခံ ခဲ့ကြပါတယ်။

ကိုအောင်ဆန်းပြောတဲ့စကားတွေထဲ ကျွန်တော် အကြိုက်ဆုံးကတော့

ကိုအောင်ဆန်းက မျိုးချစ်စိတ်နဲ့ပတ်သက်ပြီး အမြဲဟောပြောတဲ့အခါမှာ မိုင်ပေါင်း များစွာဝေးတဲ့ အင်္ဂလန်က အခုမြန်မာနိုင်ငံကို လာရောက်အုပ်ချုပ်တာကို လက်မခံဘဲ ကျွန်ဘဝက လွတ်အောင် ရုန်းထွက်ဖို့ မြန်မာနိုင်ငံသားတွေရဲ့ တာဝန်ဖြစ်ကြောင်း ထည့်ပြောတတ်ပါတယ်။ ဝံသာနုစိတ်ဓါတ်အပြည့်အဝနဲ့ အခုကျောင်းသားတွေ မြန်မာစာကို အလေးထားသင်ကြားတာ ကောင်းသလို အင်္ဂလိပ်ဘာသာကိုလည်း လျစ်လျူမပြုသင့်ကြောင်း ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်စာဟာ အခုကမ္ဘာသုံးဘာသာဖြစ်လေတော့





ကမ္ဘာ့အကြောင်း ကိုအဲဒီစာကိုဖတ်မှ သိနိုင်မှာဖြစ်ကြောင်း၊ မသိလျှင် တိုးတက်မှုရှိမှာမဟုတ်ကြောင်း၊ မြန်မာနိုင်ငံဆိုတာလည်း ကျွန်ဘဝက လွယ်လွယ်နဲ့ လွတ်နိုင်မှာမဟုတ်ကြောင်း၊ အင်္ဂလိပ်ဘာသာကျွမ်းမှ အခုမြန်မာနိုင်ငံကို အုပ်စိုးနေတဲ့ အင်္ဂလိပ်တွေ ရှေ့ဘာဆက်လုပ်မှာလဲဆိုတာ သိနိုင်မှာဖြစ်ကြောင်း၊ သူတို့အကြံအစည်ကို ရိပ်မိနိုင်မှာဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာကို တတ်ကျွမ်းတာက ကျွန်ဘဝကလွတ်အောင် ရုန်းထွက်နိုင်ဖို့ နည်းလမ်း တစ်ခုဖြစ်ကြောင်း သူ့ရဲ့အယူအဆတွေကို အရွယ်နဲ့မလိုက်အောင် ဟောနိုင်ပြောနိုင်ပါတယ်။

ပြီးတော့ သူက နိုင်ငံရေးခေါင်းဆောင်တွေကို စိတ်ဝင်စားပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အမျိုးသားကျောင်းက ဆရာအများစုဟာ ဂျီစီဘီအေလို့ခေါ်တဲ့ မြန်မာ့ အသင်းချုပ် ၂၁ဦးပါတီကို ထောက်ခံအားပေးကြပါတယ်။ ကျောင်းသားတွေကို နိုင်ငံရေးတရားပွဲတွေသွားပြီး နားထောင်ဖို့ ဆရာတွေကလဲ တိုက်တွန်းပါတယ်။

"ကျွန်တော်တို့ ကျောင်းသားတွေ ကျောင်းစာကို ကုန်းဖတ်နေရုံမျှနဲ့တော့ အမျိုးသားကျောင်းသားတို့ရဲ့ တာဝန်ကျေပွန်တယ်လို့ မဆိုနိုင်ဘူး. . တိုင်းပြည်ကို သံသရာဝဲဩဃထဲက ဘယ်လိုကယ်တင်ရမလဲဆိုတဲ့ ပြဿနာကိုလည်း စဉ်းစားသင့်ပြီဖြစ်တယ်. . ဗိုလ်အပြင် ပညာသင်ခြင်း ရည်ရွယ်ချက်ကို အသစ်တစ်မျိုး အဓိပ္ပါယ်ကောက်ရမယ်. . ဒီအဓိပ္ပါယ်ဟာ ရာဇဝင်သင်သူသည် ရာဇဝင်အကြောင်းကို သိနားလည်ရုံသာမက ဖန်တီးသူ (ဝါ) ရာဇဝင် ကို ပြုလုပ်သူအဖြစ်လည်း ရောက်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက် တောက်လျှောက်ပြောသွားနိုင်တဲ့ ကိုအောင်ဆန်းကို ကျောင်းသားတွေအားလုံး ငေးကြည့်ခဲ့ကြပြီး စကားဆုံးတော့ လက်ခုပ်လက်ဝါးတီးပြီး ချီးကျူးဂုဏ်ပြုခဲ့ကြတယ်။

ကိုအောင်ဆန်းဟာ တစ်ချိန်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဆောင် နိုင်မယ့်သူတစ်ယောက် ဖြစ်လာနိုင်တယ်လို့ ကျွန်တော်တို့မျှော်မှန်းခဲ့ကြသလို ဆရာတွေက လည်း ထင်ကြေးပေးခဲ့ကြဖူးပါတယ်။ သူဟာ ဘယ်သူနဲ့မှ မတူအောင် တမူကွဲပြားအောင် နေထိုင်ရုံမက စကားကိုလည်း အဆစ်အပိုင်းကျကျ တိတိကျကျရွေးပြီးပြောနိုင်ပါတယ်။ အရေးပါတဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တစ်ဦး ဖြစ်လာပြီးနောက်မှာ သူအမြဲတမ်း ပြောလေ့ပြောထရှိတဲ့စကားကတော့

"ကျွန်တော်တော့ ဘယ်သူက မြှောက်လို့လည်း မမြှောက်ဘူး၊ ဘယ်သူက ခြောက်လို့လည်း မကြောက်ဘူး" တဲ့။

ကိုအောင်ဆန်းဟာ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး သေသေသပ်သပ်မရှိလှသော်လည်း အခြားကျောင်းသားများကို နိုင်ငံခြားဖြစ် အဝတ်အထည်များ မမက်မောသင့်ပဲ တိုင်းရင်းဖြစ်ကိုသာ အားပေးဝတ်ကြရန် အမြဲနှိုးဆော် တိုက်တွန်းလေ့ရှိပါတယ်။ ကိုအောင်ဆန်းက ကျွန်တော်တို့အမျိုးသားကျောင်းတွေမှာ ကျောင်းသားအများစုအတွက် လိုအပ်ချက်ရှိရင် သူကိုယ်တိုင် ဦးဆောင်ပြီး ကျောင်းအုပ်ကြီးကိုတောင်း ဆိုလေ့ရှိပါတယ်။ ကိုအောင်ဆန်းဦးဆောင်တောင်းဆိုတာကြောင့် ကျွန်တော်တို့ ကျောင်းမှာ အားကစားကွင်းနဲ့ စာရေးကလပ်ရှိတဲ့ တောင်ခြေမှာ ယောက်ျားလေး၊ မိန်းကလေး ခွဲထားတဲ့အိမ်သာများ ရရှိခဲ့တယ်။ ကျောင်းသားတွေအတွက် သောက်သုံး ရေအိုးစင်တွေလည်း ရလာခဲ့တယ်။





## အမျိုးသားကြေးမုံအယ်ဒီတာ ကိုအောင်ဆန်း

အမျိုးသားကြေးမုံဆိုတဲ့ လက်ရေးမဂ္ဂဇင်းတစ်စောင်ကို ကျွန်တော်တို့ အမျိုးသား ကျောင်းမှာနေစဉ်တုန်းက ထုတ်ခဲ့ဖူးပါတယ်။ အတိုင်ပင်ခံစာတည်းချုပ်ကတော့ ဆရာကြီး ဦးခင်သန်းပါဘဲ။ ဆရာကြီးက ရန်ကုန်တက္ကသိုလ် ပုဂံဟောမှာနေခဲ့ဖူးတယ်။ ပြီးတော့ ပုဂံလက်သီးဆိုတဲ့စာစောင်ကို အယ်ဒီတာလုပ်ပြီး ထုတ်ခဲ့ဖူးတယ်ဆိုတော့ အဲဒီအတွေ့ အကြုံနဲ့ အမျိုးသားကြေးမုံလက်ရေးမဂ္ဂဇင်းကို နေရှင်နယ်ကျောင်းမှာ စထုတ်ခဲ့တာပါ။ ဆရာကြီးက စာတည်းချုပ်လုပ်တော့ စာပေဝါသနာအိုးတွေဖြစ်တဲ့ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ်၊ ကိုမေအောင်ရယ်၊ ဖိုးလှသန်းရယ်၊ မခင်စုရယ်တို့ ပါလာခဲ့ကြတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ နဂါးနီစာအုပ်တိုက်က ထုတ်နေတဲ့စာအုပ်တွေထဲက မှတ်ထား ဖတ်ထားတာတွေအပြင် သိပ်ရေးချင်နေတဲ့ မျိုးချစ်စိတ်ဓာတ်အကြောင်းတွေကို ကလောင်သွေး



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရလေတော့ အရမ်းကိုပျော်ခဲ့ကြတာပေါ့။

ကိုအောင်ဆန်းကတော့ ဆရာကြီးရဲ့ အားအကိုးရဆုံး တပည့်တစ်ယောက်လည်းဖြစ်၊ ဗဟုသုတလည်းရှိ အင်္ဂလိပ်စာ အရေးအသားကလည်း ကောင်းတော့ ဒီမဂ္ဂဇင်းမှာ အင်္ဂလိပ်စာ ကဏ္ဍမှာ အယ်ဒီတာလုပ်ခွင့်ရခဲ့တယ်။ အမျိုးသားမဂ္ဂဇင်းမှာပါမယ့် အင်္ဂလိပ်လို ရေးကြတဲ့ စာတွေအားလုံးကို ကိုအောင်ဆန်းက ဒိုင်ခံပြီး တည်းဖြတ်တယ်။ သူကိုယ်တိုင်လည်း ဝင်ရေးတယ်။ မြန်မာလို ကဏ္ဍကျတော့ လက်ရေးလှတဲ့ ဖိုးလှသန်းနဲ့ ကိုမေအောင်တို့ ကရေးပါတယ်။ ပန်းချီဝါသနာပါပြီး တော်ကြတဲ့ ကျောင်းသား တွေကတော့ သရုပ်ဖော်ပန်းချီတွေ ဝင်ဆွဲခဲ့ကြတာပေါ့လေ။

ကိုအောင်ဆန်းက အင်္ဂလိပ်စာအက်ဆေးရေးရင် သူများ ထက်သာအောင် ရေးနိုင်တယ်။ ဒါပေမယ့် ဒီလိုမဂ္ဂဇင်းတစ်စောင်မှာ စပြီးရေးရမယ်ဆိုတော့ ဘယ်ကစရေးရမှန်း မသိသေးဘူး။ ဒီတော့ ဆရာကြီးဦးခင်သန်းဆီ သွားအကြံဉာဏ်တောင်းခဲ့တာလေးဟာ ကျွန်တော့်ရှေ့မှာမို့ ကျွန်တော်အမှတ်ရနေခဲ့တယ်။

"ကျွန်တော်ဘယ်ကစပြီး ရေးရမှန်း မသိဘူးဆရာ"

"မောင်အောင်ဆန်းရယ်. . . မင်းကတစ်ထွာပြရင် တစ်လံမြင်တတ်ပါတယ်. . ကဲ ဥပမာ ဆရာပြောမယ်ကွာ အဘိုးနဲ့ မြေးတွေစကားပြောတဲ့အခန်းဆိုပါတော့. . မြေးတွေက ဝိုင်းထိုင်ပြီး အဘိုးကျွန်တော်တို့ကို ပုံပြောပါလို့ ပူဆာကြတယ်ပေါ့. . အဘိုးက လည်း အေးကွယ် မင်းတို့ကလည်း ပုံတွေချည်းပြောခိုင်းနေတယ်. . အဘိုးဖြင့် ပြောရလွန်း လို့ ပုံပြင်ဆိုတာ ကုန်သလောက်ရှိနေပြီလို့ ပြန်ပြောမယ်. . ကဲ အဲဒါမျိုးလေး မင်းရေး ကြည့်ခဲ့ပါလား. ."





ဒီတော့ ကိုအောင်ဆန်းက ဆရာကြီးဦးခင်သန်း ပြောလိုက် တာကို သူ့စိတ်ကူး ဉာဏ်ကွန့်ပြီး ရေးခဲ့တယ်။ ခေါင်းစဉ်က ရိုးရိုး လေးပါ။ Grand Pa And His Grand Children "အဘိုးနှင့်သူ၏မြေးများ" ဒါပေမယ့် အောက်မှာရေးထားတဲ့ အင်္ဂလိပ် အသုံး အနှုန်းကတော့ ကိုအောင်ဆန်းရဲ့ ဉာဏ်ရည်ဉာဏ်သွေး ထူးခြားထက်မြက်မှုကို ပေါ်လွင်စေခဲ့တယ်။

Grand Children, "Please tell us stories".

Grand Pa, "I have told you several stories and you have now".

Grand Children "we don't want to hear cock and bull stories".

သူဆိုလိုချင်တာက cock and bull stories အရည်မရ အဖတ်မရ ပုံပြင်တွေ မကြားချင်ပါဘူးတဲ့။ Cock and Bull Stories ဆိုတဲ့စာအုပ်ဟာ ဘာမှအသိပညာမပေး တဲ့ ပုံပြင်စာအုပ်ဖြစ်လို့ အဲဒီစာအုပ်ကိုပုံထားပြီး သူကရေးတာပါ။

"We want to hear stories with model" သင်ခန်းစာပေးတဲ့ ပုံတွေပဲ ကြားချင်ပါတယ်လို့ နောက်ဆက်ပြီးတော့ ရေးခဲ့တာကို ဖတ်ပြီးတော့ ဆရာကြီးဦးခင်သန်းက မင်းလို တော်တဲ့ ကလေး မျိုးမတွေ့သေးဘူးလို့ ချီးကျူးစကားပြောခဲ့ဖူးတာ ကျွန်တော်တို့ နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာပါပဲ။ တကယ်တော့ ဒီလိုတော်ကြရအောင် ခေတ်အခြေအနေ အရကိုက အင်္ဂလိပ်စာ အရေးပေးတဲ့ခေတ်က လည်းဖြစ်နေ၊ ရေနံချောင်းမြို့ ကလည်း အင်္ဂလိပ်လိုအများဆုံး သုံးကြတဲ့မြို့ဖြစ်နေ၊ ဆရာတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကျောင်းဆိုပေမယ့် ကိုယ့်တပည့်တွေကို အင်္ဂလိပ်လူမျိုးတွေနဲ့ ပခုံးချင်းယှဉ်နိုင်အောင် အထူးဦးစားပေးသင်ကြ လေတော့ ကျောင်းသားတိုင်း အင်္ဂလိပ်စာမှာ အညံ့တွေမရှိသလောက်ပါဘဲ။

ဒီအထဲ ကိုအောင်ဆန်းကတော့ ပိုထူးချွန်တာပေါ့။ သူ့အစ်ကိုကြီး ဦးဘဝင်းကိုယ်တိုင်က သူ့ညီတွေဖြစ်တဲ့ ကိုအောင်ဆန်းနဲ့၊ ကိုမေအောင်တို့ကို အင်္ဂလိပ်သတင်းစာ အိမ်မှာ မဖတ်မနေရ ဖတ်ခိုင်းတယ်။ အင်္ဂလိပ်လို အက်ဆေးတွေ မရေးမနေရ ရေးခိုင်းတယ်။ ရေးပြီးရင်လည်း ဆရာကြီးဦးခင်သန်းဆီလွှတ်ပြီး အမှားအမှန်သွားပြခိုင်းတယ်။ တစ်နေ့ အင်္ဂလိပ်စာမီးနင်း အလုံး ၃၀ ရအောင် ကျက်ရတဲ့ကိုအောင်ဆန်းအဖို့ အင်္ဂလိပ်စာဆိုတာ မသင်ချင်လို့မရ၊ မတတ်ချင်လို့မရ၊ မတော်ချင်လို့မရအောင်ကို တတ်ခဲ့တော်ခဲ့ပါတော့ တယ်။





## ဆရာကြီးဦးဘဦး ကိုယ်တိုင်ပြောတဲ့ အမျိုးသားနေ့အကြောင်း

ကျွန်တော်တို့ ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းကို ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ခေါင်းဆောင်လည်း ဖြစ်ခဲ့သူ အမျိုးသားပညာဝန်ဟောင်းလည်း ဖြစ်ခဲ့သူ ပြည်မြို့က အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးလည်းဖြစ်သူ ဦးဘဦး ကိုယ်တိုင် အမျိုးသားနေ့ဖြစ်ပေါ်ပုံကိုလာပြီး တရားဟောပါတယ်။

ဆရာကြီးက ရခိုင်၊ သံတွဲသားဖြစ်ပြီး အမျိုးသားပညာရေးကောင်စီက ကျင်းပတဲ့ ဘီအေစာမေးပွဲကို အောင်ထားသူ ဖြစ်ပါတယ်။ ၁၉၂၃ခုနှစ်က ရန်ကုန်ရေဝန်ရုံးမှာ သယ်ယူပို့ဆောင်ရေးအရာရှိ လုပ်နေရာက အင်္ဂလိပ်လက်အောက် အမှုထမ်း လုပ်ရတာကို စက်ဆုပ်လို့ အလုပ်ကထွက်လာပြီး ပြည်မြို့ အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းအုပ် ကြီးအဖြစ် လုပ်နေသူ မျိုးချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပါတယ်။

ဆရာကြီးရဲ့ ဟောပြောပွဲမှာ ဟောပြောပွဲသဘာပတိအနေနဲ့ ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ဆရာကြီး ဦးပုက ဆောင်ရွက်ပြီး အခမ်းအနားမှူးကို ဆရာကြီးဦးကျော်ဇံက ဆောင်ရွက်ခဲ့ပါတယ်။

ဆရာကြီးဦးဘဦးရဲ့ အောင်မြင်လှတဲ့ အသံဩဇာနဲ့ ထက်သန်လှတဲ့ မျိုးချစ် စိတ်ဓာတ်ကိုအခြေခံပြီး သူ့ရဲ့အတွေ့အကြုံတွေကို ပြောသွားတာကို တစ်ချိန်လုံး အာရုံ ပျံ့နှံ့မသွားတဲ့ ကျွန်တော်တို့ စူးစိုက်နားဆင်ခဲ့ကြရပါတယ်။ ဆရာကြီးဦးဘဦးပြောပုံက "မြန်မာပြည်မှာ ၁၉၂၀ပြည့်နှစ်အထိ တက္ကသိုလ်ဆိုတာတစ်ခုမှ မရှိပါဘူး။ ရန်ကုန် ကောလိပ်နဲ့ ယုဒသန်ကောလိပ်ဆိုတာ ကလကတ္တားတက္ကသိုလ် လက်အောက်ခံ ကျောင်းတွေ ဖြစ်ခဲ့ကြပါတယ်။ အဲဒီတော့ သူတို့ပြဌာန်းတဲ့ ပညာကိုပဲသင်ရတယ်။ သူတို့စစ်တဲ့ စာမေးပွဲကိုပဲ ဖြေရတယ်။ ဒါနဲ့ ၁၉၂၀ခုနှစ်မှာ မြန်မာပြည်မှာ တက္ကသိုလ်တစ်ခုထားမယ်ဆိုပြီး မြန်မာလူမျိုးနဲ့ သင့်တော်မယ့် တက္ကသိုလ်ရဲ့ ဥပဒေကြမ်းကို အင်္ဂလိပ်ဗျူရိုကရက်အစိုးရက ရေးဆွဲတယ်။ ၁၉၂၀ပြည့်နှစ် ဇွန်လမှာ တိုင်းပြည်က ဝေဖန်ဆန်းစစ်နိုင်ဖို့ ကြေညာတယ်။ ဒီဥပဒေမူကြမ်းကို စေ့စေ့စပ်စပ် လေ့လာကြည့်တော့ တို့မြန်မာလူမျိုးတွေ အထက်တန်းပညာသင်ကြားရေးကို အများကြီးချုပ်ချယ်ထားတာတွေ့ရတော့ မကျေနပ်ကြဘူး။ တစ်တိုင်းပြည်လုံးက ကန့်ကွက်ကြတယ်။ ဒါပေမယ့် (သံလက်သီး)လို့ခေါ်တဲ့ အင်္ဂလိပ်လက်ထောက် ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်နဲ့ ဗျူရိုကရက်အစိုးရအဖွဲ့က လုံးဝဂရုမစိုက်ခဲ့ကြဘူး။ မင်းတို့မြန်မာတွေ ပညာရေးဘာနားလည်လို့လဲဆိုတဲ့ သဘောနဲ့





၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ(၁) ရက်နေ့ကစပြီး အဲဒီဥပဒေကြမ်းကို အတည်ပြုတယ်လို့ ကြေညာတယ်။

ဒီဥပဒေဟာ မြန်မာလူမျိုးတွေ **အထက်တန်း**ပညာတတ်မြောက်ဖို့ အလွန်ချုပ်ချယ်ထားတဲ့ ဥပဒေ**ဖြစ်တယ်။ ဒီ**ဥပဒေကို တစ်တိုင်းပြည်လုံးစပြီး ကန့်ကွက်တာတောင် **အရေးမစိုက်ခဲ့တာသိလို့** ဒီရန်ကုန်တက္ကသိုလ်ဥပဒေကို တစ်နည်းနည်းနဲ့ **တိုက်ဖျက်မှ ဖြစ်တော့**မယ်ဆိုပြီး တို့ကောလိပ်ကျောင်းသားကြီး(၁၁)ဦး စ,တိုင်**ပင်ခဲ့ကြ**တယ်။

ဒီကျောင်းသား(၁၁)ဦးရဲ့ နံမည်တွေကို **ဆရာမြန်မြန်ပြောပြ**မယ်။ မင်းတို့ သေသေချာချာမှတ်ထားကြပါ။

၁။ ကိုဘရှင် ဘီအက်စ်စီအထက်တန်း

၂။ ကိုညီပိတ် ဘီအက်စ်စီအထက်တန်း

၃။ ကိုဖိုးကွန်း ဘီအက်စ်စီအထက်တန်း

၄။ ကိုအေး ဘီအက်စ်စီအထက်တန်း

၅။ ကိုလှတင် ဘီအက်စ်စီအထက်တန်း

၆။ ကိုဖေသိန်း အိုင်အေအထက်တန်း

၇။ ကိုထွန်းဝင်း အိုင်အေအထက်တန်း

၈။ ကိုဘရှင် အိုင်အေအထက်တန်း

၉။ ကိုဘခင် အိုင်အေအထက်တန်း

၁၀။ ကိုအောင်ဒင် အိုင်အေအထက်တန်း

၁၁။ ကိုဘဦး ဆိုတဲ့ ဆရာရယ်ပေါ့ကွာ။ **ဆရာက အဲဒီတချိန်က** ဘီအေ အထက်တန်း သင်နေတယ်။

ဆရာတို့ ရွှေတိဂုံကုန်းတော်ပေါ်မှာ **(၂)နာရီကျော်လောက်** သပိတ်မှောက်ဖို့ အရေး စုဝေးဆွေးနွေးတိုင်ပင်ကြတဲ့**အခါ . . .**။



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ပင်ရှိလင့်ကစား ကျောင်းသားမရှိရင် အချည်းနှီးပဲလို့ ယူဆပြီး ကောလိပ်ကျောင်း(၂)ကျောင်းစလုံးက သပိတ်မှောက်ကြမယ်ဆိုတာရယ်။ ဒီဇင်ဘာ (၄)ရက် စနေနေ့မှာ ကောလိပ်ကျောင်း(၂)ကျောင်းက ကျောင်းသားပေါင်းစုံ အစည်းအဝေး တစ်ခုခေါ်ပြီး သပိတ်မှောက်မယ့်အကြောင်း တင်ပြဆုံးဖြတ်ကြမယ်ဆိုတဲ့ သဘောတူညီမှု (၂)ခုကို ပထမဆုံး စရခဲ့ကြတယ်"

"ဒါနဲ့ ကျောင်းသားပေါင်းစုံ အစည်းအဝေးကို ဆုံးဖြတ်ချက်အတိုင်း ၁၉၂၀ပြည့် နှစ် ဒီဇင်ဘာလ(၄)ရက် စနေနေ့ နေ့လယ်(၁)နာရီမှာ ဗဟန်းကျောင်းတိုက် ဆရာတော် ဦးအရိယကျောင်းမှာ ကျင်းပခဲ့တယ်။ ကျောင်းသား ၄၀၀ကျော် တက်ကြတယ်။ အဲဒီအစည်းအဝေးက ဆုံးဖြတ်ချက် (၃)ခုကို ကန့်ကွက်သူမရှိ တစ်ညီတစ်ညွတ်တည်း သဘောတူပြဋ္ဌာန်းလိုက်ကြတယ်။

၁။ ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ(၇)ရက် အင်္ဂါနေ့မှာ မြန်မာပြည်လက်ထောက်ဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းကိုလာပြီး ကျေညာတဲ့အခါ ကောလိပ်ကျောင်း(၂)ကျောင်း မှာရှိတဲ့ ကျောင်းသားတွေအားလုံး မိမိတို့စာအုပ်များကို ပိုက်ပြီး ရန်ကုန်တက္ကသိုလ် ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းများမှ ထွက်လာကြရန်။

၂။ အဲဒီလို သပိတ်မှောက်ပြီးတဲ့ရက်မှာ ရန်ကုန်တက္ကသိုလ်ဥပဒေဟာ မြန်မာများ အထက်တန်းပညာသင်ကြားရေးအတွက် နစ်နာချုပ်ချယ်ပါတယ်ဆိုတဲ့ အချက်တွေကို ပြုပြင်ပေးရန် အင်္ဂလိပ်ဗျူရိုကရက်အစိုးရကို အရေးဆိုရန်နဲ့

၃။ ပြုပြင်ပေးဖို့ တောင်းဆိုတဲ့ အချက်တွေကို ပြုပြင်မပေးသမျှကာလပတ်လုံး ကျောင်းပြန်ပြီး မတက်ကြရန်ဆိုတဲ့ ဆုံးဖြတ်ချက်(၃)





ချက်ကိုချပြီး ရှေ့ဆက်လက်ဆောင် ရွက်သွားဖို့ ဆော်ဩသူအဖြစ်ဆရာ့ကို ရွေးချယ်ခဲ့ကြတယ်။ ပြီးတော့ ကောလိပ် ကျောင်းကကိုယ်စားလှယ်(၂၆)ဦးကို ထပ်ရွေးချယ်ခဲ့ကြတယ်။

ဆရာတို့ (၂၆)ဦးကော်မတီက နောက်တစ်နေ့ ဒီဇင်ဘာလ(၅)ရက် မွန်းလွဲ (၂)ချက်တီးအချိန်မှာ စည်းဝေးကြတော့ ပထမသပိတ်မှောက်ရမယ့် ဒီဇင်ဘာလ(၇)ရက် အင်္ဂါနေ့အထိ စောင့်ဆိုင်းဖို့မဖြစ်တော့ဘဲ အဲဒီ ဒီဇင်ဘာလ(၅)ရက်နေ့ ညနေမှာပဲ ကျောင်း များကိုသပိတ်မှောက်ပြီး ထွက်ကြဖို့ ဆုံးဖြတ်ကြရတယ်။ အဲဒီဆုံးဖြတ်ချက်အတိုင်း အစည်းအဝေးသိမ်းတော့ ရန်ကုန်ကောလိပ်နဲ့ ယုဒသန်ကောလိပ်ကျောင်းသား ကျောင်းအိပ်ကျောင်းစား ကျောင်းသားတွေကိုဗဟန်းရွှေကျင်ကျောင်းတိုက်ထဲမှာရှိတဲ့ ကျောင်းကန်ဇရပ်တွေဆီသွားပြီး စတည်းချစေခဲ့တယ်။ အဲဒီညမှာပဲ ရန်ကုန်တစ်မြို့လုံးနဲ့ အိပ်ပြန်အိပ်စား ကျောင်းသားတွေသိဖို့ မော်တော်ကားနဲ့ လှည့်လည်ကျေညာခဲ့တယ်။ နောက်တစ်နေ့ မနက် ရောက်တော့ သပိတ်မှောက်ကျောင်းသား ၃၀၀လောက် လက်ခံ ရနေပြီ ။

ဘာကြောင့် သပိတ်မှောက်ရတယ် မှောက်ထိုက်တယ်ဆိုတာလည်း မင်းတို့ ဗဟုသုတရအောင် ဆရာဆက်ပြောဦးမယ်။ တကယ်တော့ ရန်ကုန်တက္ကသိုလ်ဥပဒေမှာ တို့မြန်မာလူမျိုးတွေအထက်တန်းပညာ မသင်ကြားနိုင်အောင် အခက်တွေ့အောင် ချုပ်ချယ်ထားတဲ့ အချက်တွေပါတယ်။ သေသေချာချာမှတ်ထားကြနော်။

၁။ မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။
တက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်းတစ်ကျောင်းတည်းသာ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ ထိုတစ်ကျောင်းတည်းသော ကောလိပ်သည် ရန်ကုန်မှာ ရှိရမည်။

၃။ ထိုကောလိပ်တွင် စာသင်လိုသော ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစား ဖြစ်နေရမည်။

၄။ မက်ထရီကျူးလေးရှင်းခေါ် တက္ကသိုလ်ဝင်စာမေးပွဲ မထားဘဲ အစိုးရက ပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို အောင်ရမည်။ သို့ရာတွင် အောင်သောသူများမှာ တက္ကသိုလ်သို့ ဝင်ခွင့်ရရန် အင်္ဂလိပ်ဘာသာနှင့် အခြား ဘာသာတစ်ခုတွင် ထူးချွန်စွာ တက်မြောက်၍ အောင်မြင်ရမည်။

၅။ ဆယ်တန်းအောင်၍ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ ထိုတက္ကသိုလ်ပညာရပ်များကို ကောင်းစွာ လိုက်နိုင်ရန်အတွက် (Preliminary Class)ပြင်ဆင်မှု အတန်းတွင် တစ်နှစ် နေရဦးမည်။

၆။ ထိုပြင်ဆင်မှုအတိုင်းပင် တစ်နှစ်နေသော်လည်း နှစ်ကုန်သည့်အခါ တက္ကသိုလ် ပညာများကို လိုက်နိုင်ရန် အရည်အချင်းမရှိသေးဟုဆိုလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ခွင့်ရပေဦးမည် မဟုတ်သေး။

၇။ ရေးဖြေစာမေးပွဲများအပြင် နှုတ်တိုက်ဖြေဆိုရမည့် စာမေးပွဲများလည်း ဖြေဆိုရ မည်။

၈။ သင်တန်းကို အောင်ပြီး ဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်သော သူမှသာ မဟာဝိဇ္ဇာဘွဲ့စာမေးပွဲကို ဝင်ရောက်





ဖြေဆိုနိုင်ခွင့်ရှိသည်။ ဝိဇ္ဇာဘွဲ့ ရိုးရိုးအောင်ရုံမျှနှင့် မဟာဝိဇ္ဇာဘွဲ့စာမေးပွဲ မဝင်နိုင်။

၉။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်း စာမေးပွဲကို သိပ္ပံတန်းအောင်ပြီး (၃)နှစ်ကြာမှ ဝင်ရမည်။

၁၀။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းကို တစ်ခါဝင်ရောက်ဖြေဆို၍ မအောင်မြင်လျှင် နောက် ထပ် မဝင်ရ။

ကဲ ဒီတားမြစ်ချက်(၁၀)ချက်နဲ့ပဲ သပိတ်မှောက်ထိုက်တယ်ဆိုတာ ထင်ရှားနေပါပြီ။ ဒါတွေကို ဝေဖန်ကြည့်စမ်း (၁)အချက် ကောလိပ်ကျောင်း တစ်ကျောင်းတည်းနဲ့ မြန်မာ အမြောက်အမြားကို အထက်တန်းပညာသင်မပေးနိုင်ပါဘူး။ တက္ကသိုလ်တစ်ခုတည်းနဲ့ ကောလိပ်ကျောင်းတစ်ကျောင်းတည်းရှိရမယ်ဆိုတာ ကျောင်းပြိုင်မရှိတော့လို့ အဲဒီ ကျောင်း တစ်ကျောင်းတည်းနဲ့ အာဏာပိုင်တွေက သူတို့စိမ်ချင်သလို စီမံနိုင်မယ်။ ကျောင်းသားဦးရေ ကန့်သတ်နိုင်မယ်၊ မြန်မာတွေနဲ့ သင့်တော်တဲ့ ပညာရပ်တွေကို မသင်ရအောင် ပိတ်ပင်နိုင်မယ်၊ စာမေးပွဲကို ကျပ်တည်းအောင် လုပ်နိုင်မယ်၊ ချုပ်ချယ်မှုအမျိုးမျိုး လုပ်နိုင်မယ်ပေါ့။

(၂)နဲ့ (၃)အချက်

အဲဒီအချိန်က မြန်မာလူဦးရေရဲ့ ၈၅ရာခိုင်နှုန်းဟာ တောရွာတွေမှာနေကြတဲ့ တောင်သူလယ်သမား ဆင်းရဲသားတွေ ဖြစ်ကြတယ်။ မြို့မှာနေတဲ့ ကုန်သည်ပွဲစား၊ စာရေး စာချီဆိုတာလည်း များသောအားဖြင့်တော့ ဝင်ငွေနည်းသူတွေ ဖြစ်ကြတယ်။ မိမိတို့ မြို့ မိမိတို့ ရွာတွေမှာ (၇)တန်း (၁၀)တန်းကျောင်းတွေမှာတောင်မှ သားသမီးတွေကို မထားနိုင်ကြရင် ငွေကုန်ကြေးကျတများကြီးခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ပညာသင်ကြားဖို့ ဘယ်လိုလုပ်ပြီး လွှတ်လို့ရတော့မှာလဲ။ အဲဒီတုန်းက ကောလိပ်ကျောင်းသွားပြီး ပညာသင်ရတဲ့ စရိတ်ဟာ တစ်လ(၆၀)ကျပ်လောက်ရှိတယ်။ ဒီတော့ (၆၀)ကျပ်လောက် ဝင်ငွေရှိတဲ့ ၈၅ရာခိုင်နှုန်းသော မြန်မာတောင်သူလယ်သမား ဆင်းရဲသားတွေ သူတို့ သားသမီးတွေ အထက်တန်းပညာ သင်နိုင်ဖို့ ဘယ်လိုလုပ် စိတ်ကူးနိုင်ပါ့မလဲ။ အင်္ဂလိပ်ဝါဒအတိုင်း မြန်မာတွေကို သူတို့ နိုင်းကောင်းအောင် ယုတ်ညံ့တဲ့ ကရက်ဒေါက်စီမံကိန်း (Craddock skheme) လို့ခေါ်တဲ့ လက် ထောက်ဘုရင်ခံကရေးဆွဲတဲ့ အုပ်ချုပ်ရေးကိုပေးဖို့ ရည်ရွယ်ခဲ့တယ်။ ဒါကိုမြန်မာတွေက လန်ဒန်ကို ကိုယ်စားလှယ်လွှတ်ပြီး ဒိုင်အာခီအုပ်ချုပ်ရေးပေးဖို့ အရေးဆိုခဲ့တယ်။ ကရက် ဒေါက် စီမံကိန်းအရ ဒိုင်အာခီအုပ်ချုပ်ရေးကိုပေးဖို့ ရည်ရွယ်ချက်မရှိခဲ့တော့ ဆိုင်းငံ့ ထားခဲ့တယ်။ ကောလိပ် ကျောင်းသား ကြီးတွေရဲ့ သပိတ်ပေါ်လာပြီး နိုင်ငံရေး နိုးကြားမှုပေါ်လာတော့ တို့မြန်မာတွေက ဒိုင်အာခီကိုတောင် အလိုမရှိတော့ဘူး (ဟုမ္မရူး) လို့ခေါ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုပဲ အလိုရှိတော့မယ်လို့ ကြွေးကြော်ပြီး လန်ဒန်ကို ကြေးနန်းရိုက် တောင်းဆိုခဲ့တယ်။ အဲဒီအခါ အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေး မပေးဘဲနေလို့မရတော့လို့ ၁၉၂၂ ခုနှစ်မှာ ပေးခဲ့ရတယ်။ ဒါဟာ တို့ကောလိပ်ကျောင်းသား ကြီးတွေရဲ့ အင်္ဂလိပ်ကို ဆန့်ကျင်ပြီး ကျောင်းတွေကို သပိတ်မှောက် တိုက်ပွဲကြောင့်ရတဲ့ အကျိုးကျေးဇူး တစ်ခုပါပဲ။

အင်္ဂလိပ်မြန်မာ (၂)ဘာသာ စာသင်ကျောင်းဆိုတာ အစိုးရက ဖွင့်တဲ့ကျောင်းတွေ အလွန်နည်းပါတယ်။ တစ်ပြည်လုံး (၅၀)ပြည့်အောင်မရှိပါဘူး။ ရန်ကုန်မြို့ကြီး လိုတောင်မှ ဆယ်တန်း





ကျောင်းတစ်ကျောင်းပဲရှိတယ်။ မန္တလေး၊ ရွှေဘို၊ မိတ္ထီလာ၊ မြင်းခြံ၊ ပခုက္ကူဆိုတဲ့ မြို့ကြီးတွေမှာ (၁၀)တန်းကျောင်းဆိုတာ ဝေးလို့ (၇)တန်းကျောင်းတောင်မှ တစ်ကျောင်းမှမရှိဘူး။ မြို့ငယ် တောရွာ တွေဆိုတော့ ထည့်စဉ်းစားလို့မရဘူး။ မြန်မာစာ သက်သက်ကို ဘုန်းကြီးကျောင်းတွေက သင်ပေးရတယ်။ မြန်မာတွေ ပညာသင်ကြားဖို့ အခွင့်အရေး အတော်နည်းတယ်။ အင်္ဂလိပ်သိမ်းစက မြန်မာပြည်မှာ မြန်မာစာကို ရေးတတ် ဖတ်တတ်တဲ့သူ လူတစ်ရာမှာ ၈၅ယောက်ရှိပေမယ့် အင်္ဂလိပ်အုပ်ချုပ်ပြီး ၁၉၂၀ပြည့်နှစ် ရောက်လာတော့ မြန်မာစာကို ရေးတတ် ဖတ်တတ်တဲ့သူ တစ်ရာမှာ ၃၅ယောက်ပဲ ရှိတော့တယ်။ ဒါမြန်မာတွေ ဘယ်လောက်အောက်တန်းကျ သွားသလဲဆိုတာ ထင်ရှားနေတယ်။ ခုလို အမျိုးသားကျောင်း တွေပေါ်လာတော့မှပဲ မြို့ရော တောပါမကျန် အင်္ဂလိပ်စာနဲ့ မြန်မာစာကို အချိန်တိုတို စရိတ်ကျဉ်းကျဉ်းနဲ့ သင်ခွင့်ရကြတော့တယ်။ မြန်မာပြည်မှာ အမျိုးသားကျောင်း (၁၄၅)ကျောင်းတောင် တိုးတက် လာခဲ့ရတယ်။

ကဲ ပြောစရာတွေကတော့ အများကြီးပဲ စီကာပတ်ကုံးဖွဲ့ရင် မင်းတို့ စာသင်ချိန်တွေ ကုန်သွားလိမ့်မယ်။ ဒီတော့ အတိုချုံးပြီး ပြောရရင် ကောလိပ်ကျောင်းသားများ သပိတ်မှောက်ခြင်းနဲ့ အမျိုးသားကျောင်းများ တည်ထောင်ခြင်းဆိုတာတွေကြောင့်

၁။ ကောလိပ်ကျောင်းသားကြီးတွေ သူတို့ရဲ့ ကျောင်းတွေကို သပိတ်မှောက်ပြီး တိုင်းပြည်ကို လှည့်လည်ကျေညာ တရားဟောလှုံ့ဆော်တာတွေကြောင့် ရင်ထဲမှာ ကိန်းကောင်း နေတဲ့ မြန်မာတွေရဲ့ မျိုးချစ်စိတ်ဓာတ်ဟာ မီးတောင်ကြီးလို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲ တဲ့အတိုင်း နိုင်ငံရေးနိုးကြားမှုဖြစ်လာတယ်။

၂။ အဲဒီနိုင်ငံရေးနိုးကြားမှုဖြစ်လာတဲ့အတိုင်း၊ ဒိုင်အာခီလောက်တင် မကျေနပ်ကြတော့ဘဲ ဟုမ္မရူးဆိုတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုတတ်လာခဲ့ကြတယ်။

၃။ လုံးဝလွတ်လပ်ရေးနိုးပါးနဲ့ အခွင့်အရေးရတဲ့ ဟုမ္မရူးကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုတော့မှ အရင်က မပေးချင်လို့ထားခဲ့တဲ့ ဒိုင်အာခီအုပ်ချုပ်ရေးကို ပေးရတော့တယ်။

၄။ ဒိုင်အာခီအုပ်ချုပ်ရေးဆိုတာ အဆင့်အတန်းမြင့်တယ်လို့မဆိုနိုင်ပေမယ့် အရင်လို ဗျူရိုကရက်အုပ်ချုပ်ရေးထက်အဆပေါင်းများစွာသာလို့ တိုင်းပြည်အုပ်ချုပ်ရေးမှာ မြန်မာတွေ အောက်ကအထက်အထိ ဝင်ရောက်အုပ်ချုပ်ပိုင်ခွင့်ရှိတယ်။

၅။ ဒိုင်အာခီအုပ်ချုပ်ရေးရတာနဲ့ အစိုးရလက်အောက်၌ အင်္ဂလိပ်ကုန်သွယ်မှုလုပ်ငန်း အောက်မှာ မြန်မာတွေ ရာထူးကြီးကြီးတွေရတယ်။ မြန်မာလူမျိုးရဲ့ အရည်အချင်းကို နိုင်ငံခြားသားများက အသိအမှတ်ပြုကြတော့တယ်။

၆။ အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာလို့ မြန်မာအမြောက်အမြား ဆင်းရဲ ချမ်းသာမရွေး အချိန်တိုတို စရိတ်ကျဉ်းကျဉ်းနဲ့ ပညာသင်ကြားခွင့် ရကြတယ်။

၇။ အမျိုးသားကျောင်းတွေဟာ ဗုဒ္ဓဘာသာသင်ခန်းစာတွေကို သင်ကြားကြရလို့ ဗုဒ္ဓ သာသနာလည်း ပိုမိုထွန်းကားလာတယ်။

၈။ တို့အမျိုးသားကျောင်းတွေ စတည်ထောင်လာတည်းက





အင်္ဂလိပ်လက်အောက်က လွတ်မြောက်ရေး မြန်မာပြည်လွတ်လပ်ရေးရရေးတွေကို အဓိကထားခဲ့လို့ မင်း တို့ကျောင်းသားတွေကို ဇာတိသွေး ဇာတိမာန် မျိုးချစ်စိတ်တွေမွေးမြူ တက်ကြွလာဖို့ကို ဆရာတွေက စိတ်ရှိလက်ရှိလှူ့ဆော်သင်ကြားပေးခွင့်ရကြ တယ်။

၉။ ဆရာတွေကလည်း သင်ကြားတယ်။ မင်းတို့ ကိုယ်တိုင်ကလည်း စိတ်ဝင်စား တယ်ဆိုရင် နိုင်ငံရေး အမြှုတေဓာတ်တွေရပြီး နိုင်ငံနဲ့ လူမျိုးကို တကယ် ချစ်တဲ့ သားစစ်သားမှန်တွေဖြစ်လာလို့ မြန်မာပြည်ကြီး လွတ်လပ်ရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မယ့်သူတွေ မင်းတို့အထဲက မုချမလွဲပေါ်ပေါက်လာကြ လိမ့်မယ်လို့ ဆရာတို့ ယုံကြည်ပါတယ်။ နောင်တော့် နောင်တော် ကျောင်းသားကြီး တွေရဲ့ထုံးကိုနှလုံးမူပြီးတော့ သူတို့စွန့်စားခဲ့ကြသလို စွန့်စားကြပါ။ သူတို့ အနစ်နာခံသလို အနစ်နာခံကြပါ။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ ဆိုသလို တစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်နဲ့ရခဲ့တဲ့ အမျိုးသားနေ့ကြီးလို့ သတိရ ဂုဏ်ယူရင်းက အမျိုးသားခေါင်းဆောင်ကြီးတွေ ဖြစ်လာကြမယ့်အမျိုးသားကျောင်းသားတွေ ကို ဆရာတို့ မျှော်လင့်အားကိုးလျှက် အမြဲရှိပါတယ်လို့ နိဂုံးချုပ်ပြီး ပြောခဲ့ပါရစေတော့ကွာ"

ဟောပြောပွဲကြီးတစ်လျှောက်လုံး ကျွန်တော်ငေးမောပြီး နားထောင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘေးမှာထိုင်တဲ့ ကိုအောင်ဆန်းကို လှည့်ကြည့်လိုက်တော့ ပြောစကားကို နားထောင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



အပြင် စာအုပ်တစ်အုပ်နဲ့ အမိကအချက်အလက်တွေကို ကျောင်းသားအများစု ထဲမှာ သူတစ်ဦးတည်း မှတ်စုလိုက်သလို လိုက်ပြီးမှတ်နေတာ တွေ့ခဲ့ ရပါတယ်။

ကိုအောင်ဆန်းစိတ်ထဲမှာ တန်ဖိုးရှိလှတဲ့ အကြောင်းတွေမှန်သမျှကို ပွဲပြီး မီးသေသဘောမျိုး မထားဘဲ တစ်သက်လုံးသူ့အတွက် စွဲစွဲမြဲမြဲနဲ့ ဖတ်ရမှတ်ရ ကျင့်ကြံအားထုတ်ရမှာလို့ထားတဲ့ စိတ်ဓာတ်ရှိနေတာ ကျွန်တော်သတိထားခဲ့မိပါတယ်။ အမျိုးသားနေ့အကြောင်း ဟောပြောတဲ့ ပုဂ္ဂိုလ်ကိုယ်တိုင်က ကျောင်းသားသပိတ်ခေါင်းဆောင်လည်းဖြစ်၊ အမျိုးသားပညာဝန်ဟောင်းလည်းဖြစ်၊ အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးလည်း ဖြစ်ပေတော့ ပုဂ္ဂိုလ်ရဲ့တန်ဖိုး၊ ဟောပြောချက် တန်ဖိုးကို နားလည်ထားသူတွေ ထဲမှာ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ထက် ပိုပြီးသာတယ်ဆိုတာတော့ ကျွန်တော့်အနေနဲ့ တစ်သက်လုံး မငြင်းကွယ်နိုင်အောင် ဝန်ခံစရာတစ်ခု ဖြစ်ခဲ့ပါတော့တယ်။

၁၉၃၂ ခုနှစ်၊ ကျွန်တော်တို့ ဆယ်တန်းရောက်တဲ့နှစ်မှာ အိန္ဒိယနဲ့ ဗမာ တွဲရေး ခွဲရေး ပြဿနာက အထွတ်အထိပ်ကိုရောက်နေပါတယ်။ အဲဒီအချိန်က ၂၁ဦးပါတီမှာ ဂျီစီဘီအေခေါင်းဆောင် ဦးဘဖေက ခွဲရေးဘက်ကပါပါတယ်။ ဦးဘဖေ ခွဲရေးကိုစည်းရုံး ဖို့ရေနံချောင်းကိုလာတော့ ကိုအောင်ဆန်းရော၊ ကျွန်တော်ရော တစ်ကျောင်းလုံးနီးပါး သွားပြီး ကြိုဆိုခဲ့ကြပါတယ်။ တကယ်လည်း ရေနံချောင်းမြို့လူထုကရော၊ ရေနံချောင်း ကျောင်းအုပ်ချုပ်ရေးကော်မတီဝင်များကရော အများစုဟာ ၂၁ဦးဝင်များဖြစ်လို့ ဦးဘဖေကို ထောက်ခံကြိုဆိုကြပါတယ်။ ကျွန်တော်တို့ကျောင်းသား





တွေက ဦးဘဖေရဲ့ ကားနောက်မှာ လူအုပ်ကြီးနဲ့အတူ နှစ်ယောက်တစ်တွဲတန်းစီပြီး လိုက်ကြပါတယ်။ ကိုအောင်ဆန်းဆိုရင် နိုင်ငံရေးခေါင်းဆောင်တစ်ဦးကို ဘယ်လောက်များ မြင်ချင်တွေ့ချင်သလဲဆိုရင် လူအုပ်ထဲကို မရမကတိုးပြီး ဦးဘဖေအနီးကို မရောက်ရောက်အောင် သွားကြည့်အကဲခတ်ပါတယ်။

"မြန်မာလူမျိုးများသည် မွေးကတည်းက လူကြီးလူကောင်းများ ဖြစ်ကြသည်" အဲဒီ စကားက ဒေါက်တာဘရင်ပြောတဲ့ အင်္ဂလိပ်စကားပါ။ ဒါကို ကိုအောင်ဆန်း ဘယ်လောက် များသဘောကျသလဲဆိုရင် ဒေါက်တာဘရင်ပြောတဲ့လေသံနဲ့ အတုခိုးပြီး အင်္ဂလိပ်လို မကြာခဏပြောတာ ကျွန်တော်နားနဲ့ ဆတ်ဆတ်ကြားရပေါင်းကို များလှပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားအထက်တန်းကျောင်းနဲ့ အမျိုးသားနေ့အောင်ပွဲ

အမျိုးသားပညာရေးအဖွဲ့ချုပ်က အမျိုးသားကျောင်းတွေကို အမျိုးသားနေ့ကျင်းပရမယ့် အစီအစဉ်ညွှန်ကြားလွှာတွေ ထုတ်ပြန်ပေးခဲ့တယ်။ အဲဒီအထဲမှာ သီတင်းကျွတ် အခါလို ကျောင်းမှာ ညအခါဆီမီးတွေထွန်းကြဖို့၊ ကျောင်းမှာ ဒေါင်းအလံ လွှင့်ဖို့ စီတန်းလှည့်လည်ပြီး ဘုရားကျောင်းကန်တွေကို သွားရောက် ဖူးမြော်ဖို့ မြန်မာစည်တော်ယွန်းပြီး သီချင်း တွေဆိုကြဖို့ ၊ ကပွဲ၊ ခုန်ပွဲ၊ ကစားမြူးထူးပွဲတွေကျင်းပကြဖို့ ကျောင်းရန်ပုံငွေအတွက် အလှူ ငွေများကြိုးစားကောက်ခံဖို့တွေ ပါပါတယ်။

ကျွန်တော်တို့ ကျောင်းက ဒီနှစ်မှာ အမျိုးသား အောင်ပွဲနေ့ကို စည်စည်ကားကားနဲ့ လုပ်ခဲ့တာကို ကျွန်တော်အမှတ်ရ နေမိပါတယ်။ အဲဒီနေ့က ဆရာ၊ ဆရာမတွေဦးဆောင်ပြီး ကျောင်းဝတ်စုံဝတ်ထားတဲ့ ကျောင်းသူကျောင်းသားတွေဟာ မြို့ကိုပတ်ပြီး စီတန်းလှည့် လည်ခဲ့ကြတယ်။ ကျောင်းသားတစ်ချို့ဟာ





ပိုစတာတွေ၊ အလံတွေကိုင်ပြီး အသံကုန်ဟစ် ကြွေးကြော်ကြတယ်။ ပိုစတာတွေထဲမှာဆိုရင် အင်္ဂလိပ်အစိုးရကို ပြတ်ပြတ်သားသား ရှုံ့ချတဲ့ပုံတွေပါပြီး တချို့မှာတော့ မြန်မာသူရဲကောင်းကြီးတွေရဲ့ ပုံတွေရေးလာခဲ့ကြပြီး ဂုဏ်ယူဝင့်ကြွားဟန်နဲ့ ကိုင်မြှောက်ပြသခဲ့ ကြတယ်။ အလံက နှစ်မျိုးကိုင်ရတယ်။ တစ်မျိုးက ဒေါင်းအလံဖြစ်ပြီး၊ တစ်မျိုးက အမျိုးသားကျောင်းရဲ့အလံ၊ နဂါးနှစ်ကောင် အခြေခံပြီး ဒေါင်းပုံဖြစ်ပါတယ်။ အဲဒီအမျိုးသားနေ့ဟာ အစိုးရဂေဇက်ဝင်ဖြစ်လို့ ၁၉၃၀-ပြည့်နှစ်ကစပြီး ရုံးတွေ ကျောင်းတွေ ပိတ်ရပါတယ်။

ကျွန်တော်တို့ အမျိုးသားကျောင်းရဲ့ အမျိုးသားနေ့ ကျင်းပပုံအစီအစဉ်က ကျောင်း ဝိုင်းထဲကို ကျောင်းသားတွေ စုံစုံညီညီ ရောက်လာစုဝေးပြီးတဲ့နောက် ကျောင်းအုပ်ဆရာ ကြီးကစပြီး မိန့်ခွန်းခြွေတယ်။

"ဒီနေ့ဟာ အင်္ဂလိပ်အစိုးရရဲ့ ပညာရေးဥပဒေကို တော်လှန်ပြီး ပထမအောင်လံကို ထူထောင်တဲ့နေ့ ဖြစ်တယ်. . ဒီအောင်လံကို ဂရုပြုကြ"လို့ ဆိုခဲ့တယ်. . .

ပြီးတော့ ကျောင်းသားခေါင်းဆောင်တစ်ယောက်က အောင်လံကို ဖြန့်ချလိုက်တယ်။ ဆရာကြီးဦးအောင်ကိုးက အမျိုးသားအလံတော်ကို အလေးပြုလို့အော်လိုက်တယ်။ ကမ္ဘာမကျေဝမာတွေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါငါတို့မြေသီချင်းကို သံပြိုင်ဆိုကြတယ်။ နောက်မြို့ပတ်ပြီး စီတန်းလှည့်လည်တဲ့ အခမ်းအနားကိုစတယ်။ အမျိုးသားကျောင်းရှိရာ ရွှေကြာဝှင့်အရပ်က နေ ညာဘက်လမ်းကိုချိုးပြီး မြို့ထဲဖြတ်တဲ့လမ်းဆီကို ဦးတည်ခဲ့ကြ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးက စည်တော်ဝိုင်းက စည်တော်ရွှမ်းလို့ ရှေ့ဆုံးက စပြီး ခေါင်းဆောင် ထွက်တယ်။

ဤကမ္ဘာမြေအဝှမ်းမှာလ
ပြည်မြန်မာ နေအသွင်ထွန်းပါလို့
သာသနာဝန်းလျှံတန်ဆောင်
ဝင်းထိန်လို့ပြောင်
ရှည်အခေါင်
ရည်ဆောင်လို့နှောင်ကြိုး၊
မာန်စတက်ကာ မာန်စောင်တင်းတယ်
နင်းရန်ညွန့်ချိုး

စည်တော်သံဟာ ကျက်သရေရှိတယ်။ တဗိန်းဗိန်းနဲ့ ထုလိုက်တဲ့အခါ အသံဟာ ကြားရသူတွေရဲ့ ရင်ညွန့်ကိုစိုက်ပြီး ဝင်လာသလို ခံစားရတယ်။

မင်္ဂလာမြန်မာတိုင်းတွင်ဖြင့်
စာသမိုင်းတစ်ဆူ
ခေတ်ဇမ္ဗူအသစ်ရောက်ပြန်လူတို့
ပြည်တောင်သူအခြေပျိုးတယ်
အိုးဝေမည့်ဒေါင်း

အဲ့ဒီသီချင်းက အမျိုးသားကျောင်းရဲ့ မင်္ဂလာစည်တော်သီချင်းပါ။ ဒီသီချင်းတွေကို အသံကောင်းတဲ့ ကျောင်းသားတွေက စည်တော်ကြီးနောက်က ဝိုင်းလိုက်ပြီး ဆိုခဲ့ကြပါတယ်။

(လွတ်လပ်တော့မည် မြန်မာပြည်
အားခဲ့ပါစို့ အညီ)၂





(မြန်မာပြည်တွင်သည် သာယာစည်ပင်မည်)၂
သည်အခါ ပြည်နဂရာ ကြီးပွားသာတော့မှာ
သဒ္ဒါထားလို့ စောင့်ရှောက်ပါ နောက်နောက်ခါ
ပေါက်မြောက်အောင် ချီးမြှင့်ပါတော့ မကြာ

တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသားအောင်ပွဲနေ့တွေမှာ ဒီစည်တော်သံသီချင်းတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပခဲ့တာလို့ ဆရာတွေက ကျောင်းသားတွေကိုပြောပြခဲ့ကြတယ်။

အဲဒီနောက်မှာ တူရိယာဝိုင်း၊ ဒိုးပတ်ဝိုင်းတွေပါခဲ့တယ်။ ဒိုးပတ်ဝိုင်းက ကျောင်းသားတွေကတော့ သံချပ်တွေကိုထိုးခဲ့ကြတယ်။

လွတ်လပ်ရေးကို ကြိုးစားဆောင်
အမျိုးသားဂုဏ်ရောင်တောက်ပစေသား။
အမျိုးသားနှင့်သာသနာ
ဘာသာပညာထွန်းဖို့ပေပဲ။
သခင်စိတ်နဲ့ တက်လှမ်းရည်
ထက်တန်း မြန်ပြည်ရောက်ဖို့အရေး။
တို့ရွာ တို့မြေ တို့တတွေ
ချစ်စေ ခင်စေ ရှိကြစေသောဝ်။
စာမရိသွေးမို့ လက်ရုံးထောင်
သက်ဆုံးတိုင်အောင် ဆောင်ကြစေသား။
ဟေလာမောင်တို့ဝါး။

အဲဒီနောက်မှာ အမျိုးသားအောင်ပွဲနေ့ကြီးဆိုတဲ့ အဝတ်ပိတ်ဖြူစာတမ်းကြီးကို ကျောင်းသားနှစ်ယောက်က တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်စီ ထောင်ကိုင်ခဲ့ကြတယ်။ အဲဒီနောက်မှာ ကျောင်းသားလေးတွေရဲ့ ကျန်းမာရေး ဒရိမ်းပြတာတွေ ပါလာခဲ့တယ်။

ကျွန်တော်တို့ဟာ မြို့လယ်လမ်းမကြီးအတိုင်း လှည့်ခဲ့ကြပြီး မြို့မတောင်ရပ် ရပ်ကွက်ရောက်တော့ ညာဘက်ကိုချိုးဝင်ကြတယ်။ ရပ်ကွက်ထဲကလူတွေဆိုတာ လမ်း အိမ်ပေါက်စေ့ထွက်ကြည့်ပြီး အားပေးခဲ့ကြတယ်။ နောက် စနေနံဘုရားပေါ်တက်ကြပြီး ဘုရားဝတ်ပြုကြတယ်။ အမျိုးသားပညာရေးတိုးပွားစေကြောင်း နိုင်ငံသားတို့ နိုးကြားညီညွတ်စေကြောင်း ဆုတောင်းကြရတယ်။ တချို့ကျောင်းသားတွေက စုပေါင်းဓာတ်ပုံရိုက်ကြတယ်။

ဘုရားပေါ်က ပြန်ဆင်းပြီးတဲ့နောက် မြို့မရပ်လမ်းမကြီးအတိုင်းလှည့်ခဲ့တယ်။နောက်သွပ်ပြားတွေနဲ့ အမိုးအကာလုပ်ထားတဲ့ ရေနံချောင်း စီနီမာလို့ခေါ်တဲ့(ဘုရင်မ) ရုပ်ရှင်ရုံထဲကို ဝင်ခဲ့ကြတယ်။ အဲဒီရုပ်ရှင်ရုံထဲမှာ အမျိုးသားနေ့အကြောင်း ဟောပြောပွဲ ကျင်းပခဲ့တယ်။

အဲဒီနေ့က အမျိုးသားနေ့အကြောင်း ဟောပြောသူဟာ ကျွန်တော်တို့ကျောင်းသား တွေမျှော်လင့်နေခဲ့ကြတဲ့ ဂျီစီဘီအေသမ္မတကြီး ဦးစိုးသိမ်းဖြစ်ပါတယ်။ ဦးစိုးသိမ်းက ၁၉၂၀-ခု ကျောင်းသားသပိတ်ကြီးအကြောင်း ပထမစပြောပါတော့တယ်။ သူပြောတဲ့အထဲမှာ ဘွိုင်းကောက်နဲ့ သပိတ်အကြောင်းကို ရှင်းရှင်းလင်းလင်း သိခွင့်ရခဲ့တယ်။ ဘွိုင်းကောက်လုပ်တယ်ဆိုတဲ့ စကားဟာ အင်္ဂလိပ်လူမျိုးကပ္ပတိန် ချားလ်ကင်နင်ဟန် ဘွိုင်းကော့ဆိုသူက အိုင်ရာလန်မေယိုနယ်စားရဲ့ နယ်မှာ အခွန်အကောက်တွေ မတရားကောက်လွန်းလို့ ရွာသူရွာသားတွေက ဝိုင်းပယ်ကြတာ ဒုက္ခရောက်အောင်





လုပ်ခဲ့ကြတာကိုယူပြီး ဘွိုင်းကော့ **လုပ်တယ်** **ခေါ်ခဲ့ကြပါတယ်** လို့ဆိုပါတယ်။ မူလကတော့ Strike **လုပ်တယ်လို့** သုံးတယ်။ ၁၉၀၃ခုနှစ်တုန်းကတည်းက Slikoi Strike လို့ **ရန်ကုန်ဟိုက်စကူးမှာ စခေါ်ခဲ့ဖူးပါတယ်တဲ့။** မနက်တိုင်း **ကျောင်းသားတွေ တန်းစီပြီး** အင်္ဂလိပ်အမျိုးသားကျောင်းဆရာကြီးကို **ဆလံပေးရတာပေါ့။** ဆလံပေးပြီးမှ အခန်းထဲကို ဝင်ကြရတယ်။ **နောက်တော့ ဆလံပေးတဲ့ အစား** ရှိခိုးရမယ်လို့ဆိုလာတယ်။ ဒီတော့ **"ငါတို့အင်္ဂလိပ်ကိုတော့** ရှိမခိုးဘူးဆိုပြီး ကျောင်းသားတွေ **ကျောင်းထွက်ကြတယ်"** "အဲဒီအချိန်က ခေါင်းဆောင်လုပ်ခဲ့တဲ့သူဟာ **ဦးဖိုးမျှော့** ဖြစ်ပါသတဲ့. . ကူရှင်ကျောင်းသားတွေလည်း ဗုဒ္ဓဘာသာ**နေ့ကြီးရက်ကြီး**တွေမှာ ကျောင်းမပိတ်လို့ သပိတ်မှောက်ခဲ့ကြတယ်. . **နောက်ပိုင်း** ယူနီဗာစတီသပိတ်နဲ့ ပေါင်းသွားခဲ့တယ်. . **သပိတ်ဆိုတဲ့ အသုံး** အနှုန်းကိုတော့ ရဟန်းတော်တွေရဲ့ ဝိနည်းတော်ထဲက **စကားကို** ယူပြီးသုံးခဲ့ပါတယ်တဲ့. . "

အင်္ဂလိပ်အစိုးရက Anti Boycolt Act **သပိတ်မှောက်** တားမြစ်ရေးအက်ဥပဒေ ထုတ်တယ်။

သပိတ်မမှောက်မီ ပြည်မြို့မှာ ဝိုင်အမ်ဘီ**အေအသင်း** ချုပ်ကြီး အစည်းအဝေးကျင်းပတယ်။ ဒီ**အစည်းအဝေးကြောင့်** General Council of Burmese **Associations** မြန်မာအသင်းချုပ်လို့ခေါ်တဲ့ (GCBA) **အသင်းပေါ်လာတယ်။** နဝမမြောက် ဂျီစီဘီအေ အစည်းအဝေးကို **မန္တလေးမှာကျင်းပတော့** သီပေါမင်းပါတော်မူတဲ့နေ့၊ အရှင်ဦးဥတ္တမ **ကိုယ်တော်ကြီး** ထောင်ကျတဲ့နေ့၊ ယူနီဗာစတီဥပဒေကို **သပိတ်မှောက်တဲ့နေ့ထဲက**



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ဖို့ ရွေးကြတော့ သပိတ်မှောက်ကျောင်းသားတွေရဲ့ ကိုယ်စားလှယ် ဦးမြင့်က

"ကျွန်တော်တို့ဘက်က ခံရတဲ့နေ့ကို ရွေးတာထက် ကျွန်တော်တို့က စတင်တိုက်ရတဲ့ နေ့ကိုရွေးရင် အသင့်တော်ဆုံးပါ"လို့ အကြံပေးတာနဲ့ အားလုံးသဘောတူ မြန်မာသက္ကရာဇ် အရယူတဲ့ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ ရန်ကုန်ကောလိပ် ကျောင်းသားတွေ သပိတ်တိုက်ပွဲစတဲ့နေ့ကို အမျိုးသားနေ့အဖြစ် အစပြုခဲ့ကြတာဖြစ်ပါသတဲ့။

အဲဒီလို အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ဦးစိုးသိမ်းက တိုတိုနဲ့ရှင်းရှင်းဟောပြောခဲ့ ပြီးတဲ့နောက်မှာ အမျိုးသားနေ့ကရတဲ့ ကျေးဇူးတွေကို သူကဆက်ပြောခဲ့ရာမှာ. .

"အမျိုးသားနေ့လို့ အစိုးရက အသိအမှတ်မပြုခင်ကတုန်းက အမျိုးသားကျောင်း က ဆယ်တန်းအဆင့်အောင်တဲ့ ကျောင်းသားတွေ အစိုးရအလုပ်ကိုဝင်ပြီး လုပ်ခွင့်မရကြဘူး. . အမျိုးသားနေ့ကို အသိအမှတ်ပြုတော့မှ ရဲအတတ်သင်ရကျောင်းတွေက အမျိုးသားကျောင်းထွက်တွေကို လက်ခံကြရတယ်။ အမျိုးသားကျောင်းထွက်တွေ အရာရှိကြီးတွေ ဖြစ်လာခဲ့ရတယ်။ အမျိုးသားကောလိပ်ကျောင်းသားတွေကိုလည်း စာမေးပွဲကျင်းပပြီး တက္ကသိုလ်ဝင်ခွင့်ပြုခဲ့ကြရတယ်။ ပထမဆုံးအင်္ဂလိပ်ကို တော်လှန်တာဖြစ်လို့ မျိုးချစ်စိတ်တွေ ရှင်သန်လာခဲ့ကြတယ်။ မြန်မာစာကို ရှေ့တန်းတင်ပြီး အရေးကြီးတဲ့ ဘာသာရပ်အဖြစ် နဲ့သင်ခွင့်ရခဲ့ကြတယ်။ မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မွေးထုတ်ပေးနိုင်ခဲ့တယ်။ မြန်မာစာ မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့ ယူနိုင်တယ်။ မြန်မာစာဌာနကြီးပေါ်လာတယ်။ မြန်မာဘာသာဟာ





ရုံးသုံးဘာသာဖြစ်လာတယ်။ မြန်မာရာဇဝင်ကို မှန်ကန်တဲ့ရှုထောင့်က မြင်လာကြပြီး ဇာတိသွေး. . ဇာတိမာန်တက်ကြွလာခဲ့ကြတယ်. "

အဲဒီနေ့က သမ္မတကြီး ဦးစိုးသိမ်းရဲ့ **အဟောအပြောဟာ** ကျောင်းသားတွေ အားလုံးဗဟုသုတရခဲ့သလို **စိတ်ဓာတ်တွေလည်း** နိုးကြွားတက်ကြွစေခဲ့တယ်။ တကယ်တော့လည်း **ကျွန်တော်တို့** အရွယ် နေရှင်နယ်ကျောင်းသားတွေရဲ့ ရင်ထဲမှာရှိတဲ့ **နိုင်ငံရေးမျိုးစေ့တွေ** ဟာ အညွန့်တက်စပြုနေပြီး ဦးစိုးသိမ်းတို့လို **နိုင်ငံရေးရေလောင်း** ပေါင်းသင်ပေးတဲ့ ဥယျာဉ်မှူးမျိုးတွေနဲ့ တွေ့တဲ့**အခါ ပင်ယံမိုးထိ** ထိုးထွက်မယ့်အင်အားတွေ ရှိလာခဲ့ကြပါတော့တယ်။

ဟောပြောပွဲအပြီးမှာ ကျွန်တော်တို့**ကျောင်းသားတွေ** မတ်တပ်ထပြီး သံပြိုင်သီဆိုခဲ့ကြတဲ့ သီချင်းကတော့ **တို့ဗမာသီချင်း** ပါပဲ။

**အမျိုးသားရေးကြိုးပမ်းကြပါ တို့ဗမာ**
**အရှေ့က နေဝန်းထွက်သည်ပမာ**
**တို့ခေတ်တိုသာ ရောက်မည်မှာမလွဲပါ**
**တို့ဗမာ. . ဟေ့. . ဒို့ဗမာ**
**ဗမာပြည်တဝှမ်းအကုန်**
**တို့အိမ်မှတ်ပါ၊ တို့ယာမှတ်ပါ**
**အဲဒါတို့ဗမာ**
**(ကမ္ဘာမကျေ၊ ဗမာတတွေ)**
**(ဒါဒို့မြေ၊ ဒါတို့မြေ၊ ဒါငါတို့မြေ)**
**တို့ဗမာ တို့ဗမာပြေတို**



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားအကုန်အစင်
တို့ပြေလို့ မှတ်ထင်
တို့ဝတ္ထုရားပင် တို့ဗမာအခင်

ညပိုင်းမှာတော့ အမျိုးသားနေ့ အထိမ်းအမှတ်နဲ့၊ ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းရန်ပုံငွေ ပဒေသာကပွဲကို ရေနံချောင်း စီနီမာရုံမှာကပြတော့ ကျွန်တော် စီစဉ်တဲ့ဖိုးသူတော်ယိမ်းကို ကြည့်ရအောင် ကိုအောင်ဆန်းကို ဖိတ်ခဲ့ဖူးတယ်။

ပဒေသာကပွဲမှာ ဆရာ ဆရာမတွေ ကျောင်းသူ ကျောင်းသားတွေပါဝင်ကြပြီး ပျော်စရာလည်းကောင်း၊ ဂုဏ်ယူစရာလည်းကောင်းပါတယ်။ ကျွန်တော်အတွက် ဒီကပွဲမှာ ပါဝင်တဲ့အခန်းတိုင်းဟာ စိတ်ဝင်စားစရာအကောင်းဆုံးတွေဖြစ်ခဲ့ပြီး တသက်လုံး အမှတ်တရဖြစ်သွားတာကတော့

ဆရာကြီး ဦးခင်သန်းက သိကြားမင်း အဝတ်အစားနဲ့ ပါဝင်သရုပ်ဆောင်ပြီး ဆရာကြီး ဦးအောင်ကိုးက အငြိမ့်ခန်းမှာ လူရွှင်တော်အဖြစ် ပွဲကျအောင် ကပြနိုင်ခဲ့လို့ ပါပဲ။

အဲဒီအတွက် ကျွန်တော်ရော ကိုအောင်ဆန်းပါ မြို့ပေါ် လှည့်ပြီး ကပွဲလက်မှတ်တွေ ရောင်းပေးခဲ့ရပါတယ်။ ပဒေသာကပွဲက ရတဲ့ ငွေစာရင်း ချုပ်လိုက်တော့ ရံပုံငွေ ရှစ်ထောင်ကျပ် ရခဲ့ပါတယ်။








အင်္ဂလိပ်အစိုးရက ဘီအိုစီကုမ္ပဏီ ကို အငှားစာချုပ်ချထားပြီး သွေးစုပ်သူအချင်းချင်း ရှိုင်းပင်းကြလို့၊ သူတော်အချင်းချင်း သီတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကုန်ကြ တော့တယ်..

www.burmeseclassic.com



## ရေနံမြေအလုပ်သမားတိုက်ပွဲများ

"ဒီညဆုံတိုက်လယ်ပေါ်ကျောင်းဝိုင်းထဲမှာ ဦးစိုးသိမ်း တရားပွဲရှိတယ်.. မင်းလာမလား"လို့ ကိုအောင်ဆန်းက ကျွန်တော့်ကိုအဖော်စပ်တယ်။ ကျွန်တော့်စိတ်ထဲ အမျိုးသား အောင်ပွဲနေ့က ဟောတဲ့ဂျီစီဘီအေ ဦးစိုးသိမ်းရဲ့ တရားကို ခုထက်ထိစွဲနေတယ်။ အဟော ကောင်းအပြောကောင်းသလို ဟောတဲ့ပြောတဲ့အကြောင်းအရာက ကျွန်တော်တို့လူငယ်တွေ အကြိုက်တွေ့စရာဖြစ်ခဲ့တယ်။

ကျွန်တော်က "လာခေါ်ရမှာလားမေးတော့.."

"မလာခဲ့နဲ့တဲ့.. သူနဲ့ ကိုမေအောင်နှစ်ယောက် ထွက်ခဲ့မယ်.. ကျောင်းဝိုင်း အရှေ့ပေါက်က ညခုနစ်နာရီမှာ စောင့်နေ" လို့မှာတယ်။ ကျွန်တော်တစ်ခုစိုးရိမ်ခဲ့တယ်။ ဒီတရားပွဲသွားမှာကို သူ့အစ်ကိုကြီး ဆရာဦးဘဝင်း သိမှသိပါလေစေပေါ့လေ။

တကယ် ကိုအောင်ဆန်းတို့ တရားပွဲလာတော့ သူ့အစ်ကို





ဆရာဦးဘဝင်းရော ရွှေနေကြီးဦးဘသက်တို့ ညီအစ်ကိုရော တစ်အိမ်သားလုံးပါလာခဲ့ကြတယ်။ တရားပွဲကျင်းပချိန်ရောက်တော့ လယ်ပေါ်ကျောင်းဝိုင်းထဲက တန်ဆောင်းကြီးထဲမှာ ပရိသတ်က ပြည့်နေပြီ။ ဒါနဲ့ သမ္မတကြီး ဂျီစီဘီအေ ဦးစိုးသိမ်းဟာ အချိန်ကိုက် ရောက်လာတယ်။ ဦးစိုးသိမ်းခေါင်းမှာ အုပ်ပေါင်းပေါင်းထားတယ်။ ပင်နီတိုက်ပုံအကျႌကို အပေါ်ကဝတ်ပြီး အောက်ခံအကျႌနဲ့ ပုဆိုးက အဖြူရောင်ဖြစ်တယ်။

ဦးစိုးသိမ်းရဲ့ ပုံသဏ္ဌာန်က မျက်လုံးမျက်ဖန်ဝိုင်းပြီး စူးရှတဲ့အပြင် ရွှေကိုင်းမျက် မှန်တပ်ထားလေတော့ မီးရောင်အောက်မှာ လင်းလက်တောက်ပနေတယ်။ လက်ထဲက တုတ်ကောက်ကို အချိန်အဆမှန်မှန်ထောက်ပြီး တရားဟော စင်မြင့်ပေါ်တက်လာတဲ့အခါ အလွန်မတန်ခံ့ညားတဲ့ နှုတ်ခမ်းမွေးက သူ့ရဲ့ရင့်ကျက်တဲ့အသွင်ကို ထပ်ပြီးဖန်တီးပေးထားခဲ့သလိုပါပဲ။

"ကျွန်တော်ဒီနေ့ပြောချင်တာက ရေနံချောင်း ရေနံမြေအလုပ်သမားတွေရဲ့ လှုပ်ရှားမှုအကြောင်းပါပဲ" လို့ ဦးစိုးသိမ်းက စပြီးစကားပလ္လင်ခံလိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ သိပ်ပြီးသိချင်နေကြတဲ့ ဗြိတိသျှနယ်ချဲ့အရင်းရှင်ကုမ္ပဏီနဲ့ ရေနံမြေအလုပ်သမားတွေရဲ့ တိုက်ပွဲအကြောင်းတွေဖြစ်နေပါလေရော။

"သက္ကရာဇ် ၁၈၈၅ ခုနှစ်ကစပြီး ကျွန်တော်တို့ရဲ့ အဖိုးတန်သဘာဝပစ္စည်းတွေ ဖြစ်တဲ့ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါးနဲ့ ကျောက်မျက်ရတနာတွေကို လုယူသွေးစုပ်ဖို့ ဗြိတိသျှနယ်ချဲ့ဟာ မြန်မာပြည်ကိုသိမ်းပိုက်ခဲ့တယ်"

"ဗြိတိသျှတို့က ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတစ်ပြည်လုံး အေးချမ်းပြီလို့ ပြည်သူတွေကို လိမ်ပြီး ကြေညာခဲ့တယ်.. တကယ်မအေးချမ်းပါဘူး.. ကျွန်တော်တို့ မြန်မာပြည်သူပြည်သားတွေက ပုံစံအမျိုးမျိုးနဲ့ ဝုပ်ချီပေါ်ချီ ရှုံးချီနိုင်ချီနဲ့ သည်နယ်ချဲ့တွေကို အခွင့်အရေးသာရင် သာသလို ဆန့်ကျင်တိုက်ခိုက်နေခဲ့ကြတာပါပဲ.. အင်္ဂလိပ်နယ်ချဲ့တွေက ကျွန်တော်တို့နိုင်ငံကို သူတို့ကိုလိုနီအဖြစ် သွတ်သွင်းပြီး မြန်မာတစ်မျိုးသားလုံးကို ရက်ရက်စက်စက်ခေါင်းပုံဖြတ် သွေးစုတ်နေတယ်.. ကျွန်တော်တို့နိုင်ငံ ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ဆန်စပါး၊ ရေနံ၊ ကျွန်းသစ်တွေကို သူတို့အကျိုးအတွက် လက်ဝါးကြီးအုပ်ပြီး နှစ်စဉ်တန်ဖိုးမြောက်မြားစွာကို ထုတ်ယူနေကြတယ်.. သူတို့အတွက် အမြတ်အစွန်းပိုရဖို့ စက်ရုံတွေတည်ထောင်ပြီး စက်ရုံအလုပ်သမားတွေကိုလည်း ထိုက်တန်တဲ့အခွင့်အရေး၊ လုပ်ခမပေးဘဲ လူတွေကိုပါ ကုပ်သွေးစုပ် အမြတ်ထုတ်တဲ့ အဆင့်ကို ရောက်လာခဲ့ပါတယ်..”

“၁၈၈၆-ခုနှစ်မှာ မစ္စတာကာဂဲလ်ဟာ သူ့ရဲ့ကိုယ်စားလှယ်အဖြစ် Flemming ဖင်လေဖလင်မင်ကို ခန့်အပ်ပြီး ပထမဆုံးဘီအိုစီကုမ္ပဏီကို တည်ထောင်ခဲ့တယ်.. ကြေးမြင် မိဖုရားပိုင်တွင်း ၁၂၀ နဲ့ ပိုင်ရှင်မဲ့တွင်း ၂၇ တွင်းကို အင်္ဂလိပ်အစိုးရက ဘီအိုစီကုမ္ပဏီကို အငှားစာချုပ်ချုထားပြီး သွေးစုပ်သူအချင်းချင်းရိုင်းပင်းကြလို့ သူတော်အချင်းချင်း သီတင်းလွှေလွှေ ပေါင်းဖက်တွေ့ကုန်ကြတော့တယ်.. ၁၈၉၇-ခုနှစ်က ခိုတောင်ရေနံမြေ မှာ ပေ ၄၀၀၀ ကျော်အထိနက်တဲ့ ရေနံတွင်းတစ်တွင်းကို အဲ့ဒီဒေးဗစ်ကာဂဲလ်က စက်နဲ့ စပြီး တူးခဲ့တယ်.. အာအိုစီကုမ္ပဏီ စတင်တည်ထောင်ခဲ့တဲ့





ဒေးဗစ်ကာဂဲလ်ဟာ အာအိုစီကုမ္ပဏီဘဝက ဘီအိုစီကုမ္ပဏီဘဝကို ကူးပြောင်းချိန်မှာ အရင်းအနှီးပေါင်တစ်သန်း ဘဲရှိပါတယ်.. အဲဒါနဲ့ ရေနံလုပ်ငန်းစခဲ့တာ ၁၉၀၀-ပြည့်နှစ်ရောက်တဲ့အထိ (၄)နှစ်အတွင်း သူ့ကိုပြိုင်မယ့် ပြိုင်ဘက်မရှိခဲ့ဘူး.. နောက်တော့ ဘီအိုစီကုမ္ပဏီရဲ့ အောင်မြင်မှုတွေကို အနောက်နိုင်ငံက ဓနရှင်တွေက ကြားတဲ့အခါ ကျုပ်တို့ရေနံချောင်းရေနံမြေကို စားခွက်လုကြဖို့ တခြားကုမ္ပဏီတွေ အများကြီးရောက်လာခဲ့ကြတယ်..”

“အိုင်ဘီပီ၊ အိုင်အိုစီ၊ ဘီဘီပီစီ ဆိုတာတွေပဲ.. ဒါပေမယ့် စီးပွားရေးလက်ဦးရထားတဲ့ ဘီအိုစီကိုတော့ သူတို့မယှဉ်နိုင်သေးပါဘူး..”

“၁၈၈၈ ခုနှစ်မှာ ဒွပ်ဟတ်စင်ဆိုတဲ့ အမေရိကန်တစ်ယောက် ရေနံချောင်းရေနံမြေကိုရောက်လာပြီး ၇၂၇ ပေနက်တဲ့ ရေနံတွင်းတစ်တွင်းကို တူးဖော်ခဲ့တယ်.. ၁၈၈၉-ခုနှစ် မတ်လ (၅) ရက်နေ့မှာ တွင်းဖောက်လိုက်တော့ အောင်မြင်သွားတယ်။ အဲဒီရေနံ တွင်းတစ်တွင်းထဲကနေ တစ်နေ့ရေနံဂါလံ ၈၀၀ ထိရခဲ့တယ်..”

“၁၉၀၇-ခုနှစ်က ၁၉၀၈ခုနှစ်အထိ တစ်နှစ်နဲ့ပြီးအောင် ရေနံချောင်းရေနံမြေက ရန်ကုန်သံလျင်ချက်စက်ရုံအထိ မိုင် ၃၀၀ ကျော် ၄၀၀ နီးပါးရှည်တဲ့ ရေနံပိုက်လိုင်း တစ်ခုဖောက်တယ်..”

“၁၉၁၉-၁၉၂၀မှာလည်း ရေနံချောင်းရေနံမြေနဲ့ တခြားရေနံလုပ်ငန်းတွေအတွက် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားတွေရဖို့ တစ်သိန်းတစ်သောင်း ငါးထောင်ကီလိုဝပ်အားရှိတဲ့ အရှေ့တောင်အာရှမှာ အကြီးဆုံးဖြစ်တဲ့ လျှပ်စစ်ဓာတ်အား ပေးစက်ရုံကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်တယ်.. ဒီဓာတ်အားတွေကို ချောက်မြို့အထိ လှမ်းပေးပြီး ချောက်ရေနံမြေက ရေနံတွေကို လည်း ထုတ်ယူနေကြတယ်.. တစ်ချို့ကတော့ ဒီအင်္ဂလိပ်တွေ နယ်ချဲ့ပေမဲ့ စေတနာ မခေါင်းပါးပါဘူးလို့ထင်ကြတယ်.. ဒါစေတနာနဲ့ လုပ်ပေးတာ မဟုတ်ဘူး.. သူတို့အကျိုး စီးပွားအတွက်လုပ်တာ ခင်ဗျားတို့ကြည့်နေ တစ်နေ့သူတို့ ဒီရေနံမြေကို စွန့်လွှတ်သွားကြရင် "မစားရတဲ့အမဲသဲနဲ့ပက်" ဆိုသလို အားလုံးဖျက်ဆီးပြီးမှ ထွက်သွားကြမယ့်သူတွေ.."

"၁၉၁၇-ခုနှစ်တုန်းက ရေနံချောင်းရေနံမြေမှာ အမေရိကန်တွင်းတူးပိုက်တွေ သပိတ်မှောက်မှုဖြစ်ပွားခဲ့ဖူးတယ်.. ဘာကြောင့်လည်းဆိုတော့ ဘီအိုစီကုမ္ပဏီက လုပ်ခတွေ လျှော့ချလို့ရယ်၊ အင်္ဂလိပ်လူမျိုးတွင်းတူးဗိုလ်တွေ အစားထိုးလာလို့ရယ်ကြောင့် သပိတ်တိုက်ပွဲပေါ်ခဲ့ရတာ၊ ဒါကျွန်တော်တို့အတွက်လမ်းစပဲ.. လက်နက်ကိုင်တော်လှန်လို့မရလည်း စိတ်ဓာတ်ရေးရာအရ သပိတ်တိုက်ပွဲနဲ့တိုက်ရင် ရတယ်ဆိုတဲ့သာဓကတစ်ခုပဲ"

"၁၉၁၉-ခုနှစ်မှာ နောက်ထပ် ရေနံချောင်းဘီအိုစီ စာရေး ၂၀၀ လောက်ဟာ လစာတိုးပေးရေး၊ လစာမပျက်လုပ်သက်ခွင့်ရရေးအတွက် ပထမဆုံး သပိတ်လက်နက်နဲ့ တိုက်ပွဲဝင်ခဲ့ကြတယ်.. ဒါတွေဟာ အချည်းအနှီးမဟုတ်ဘူး.. ကျွန်တော်တို့အလုပ်သမားတွေ မကျေနပ်ရင် သပိတ်မှောက်ခွင့်ရှိတယ်ဆိုတဲ့ အသိကိုရအောင်ပေးခဲ့တာပဲ.. ၁၉၂၀-ပြည့်နှစ်မှာ အဲဒီ အကျိုးဆက်နဲ့ ယူနီဗာစတီအက်ဥပဒေကို သပိတ်မှောက်တဲ့ ရန်ကုန်ကောလိပ်က စတဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေ





သပိတ်မှောက်ကုန်ကြ တာပဲမဟုတ်လား.. ကိုလိုနီကျွန်ပညာရေးကိုသခင်ပညာရေး အမျိုးသားပညာရေးနဲ့ အစားထိုးလို့ရတဲ့သာဓကတွေ ရရှိလာခဲ့ကြတယ်.."

"ဒီလိုပဲ ရေနံချောင်းရေနံမြေမှာ ဥပဒေပုဒ်မ **နည်းမျိုးစုံနဲ့** ဖိနှိပ်ချုပ်ခြယ်ခဲ့တဲ့ ဗြိတိသျှနယ်ချဲ့အရင်းရှင်ကို **တော်လှန်ဖို့** ရေနံမြေအလုပ်သမားအဖွဲ့ကြီး တစ်ဖွဲ့ပေါ် **ပေါက်လာခဲ့တယ်..** ဒီအဖွဲ့က The Burma Oil Field Labourer's Union **မြန်မာပြည်** ရေနံမြေအလုပ်သမားများအသင်းကြီးပဲ.. ဒါလည်း**ကျွန်တော်တို့** ဂျီစီဘီအေအသင်းကြီးရဲ့ ကျောထောက်နောက်**ခံပေးခဲ့မှုပါ..** ကျွန်တော်တို့ ရှေ့ဆောင်လမ်းညွှန်ကူညီမှုကြောင့်ပါ.. **ကျွန်တော့်**ကိုတော့ ဗြိတိသျှနယ်ချဲ့တွေက မျက်စေ့စပါးမွေးစူးပြီး **ရှုံ့ချတဲ့စကား**တွေပြောကြ တာကြားပါတယ်.. ဒါတွေကို **ကျွန်တော်မမှုပါဘူး..** ဂရုလည်းမစိုက်ပါဘူး.."

"လေဘာယူနီယံ ရေနံမြေအလုပ်သမားအ**သင်းကို ၁၉၂၁-**ခုနှစ် ဧပြီလ ၃ ရက်မှ စတင်တည်ထောင်တော့ **ဥက္ကဋ္ဌဆိုတာ** ရေနံအလုပ်သမားတွေရဲ့ အရေးကို တကယ် **စိတ်ဝင်စားတဲ့** ဦးမျိုးညွန့်ဖြစ်တယ်.. အတွင်းရေးမှူးဆိုတာလည်း **အခြားသူမှမဟုတ်**ဘဲ.. ရေနံချောင်းနေရှင်နယ်ကျောင်းမှာ ကျောင်းအုပ်**ဆရာကြီး**လုပ်ခဲ့ဖူးတဲ့ ဦးအေးမောင် ပဲ.."

"၁၉၂၂-ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်**နေ့ ရေနံချောင်း** ရေနံမြေအလုပ်သမား ၂၀၀၀-ကျော်တို့ဟာ **ထီးဖြူရုံထိုးပြီး** ပထမဆုံးအလုပ်သမားကွန်ဖရင့်တစ်ရပ်ကျင်း**ပခဲ့ တယ်.. ခင်ဗျား** သိဖူး ကြားဖူးပြီးဖြစ်တဲ့ ထီးဖြူရုံကွန်ဖ**ရင့်ပါဘဲ.. ဒီကွန်ဖရင့်မှာ**



www.burmeseclassic.com

www.burmeseclassic.com



အလုပ် သမားတွေဘက်က အဆိုပေါင်း ၁၃၀-ကျော် တောင်းဆို ဆုံးဖြတ်ကြတာကို ကြည့်ရင် အလုပ်သမားတွေရဲ့ နစ်နာချက်နဲ့ လိုလားချက်တွေဟာ ဘယ်လောက်များနေသလဲဆိုတာ သိသာ ထင်ရှားနေတယ်.. တောင်းဆိုချက်တွေထဲမှာ အလုပ်သမားအခွင့် အရေးသာမက နိုင်ငံ့အရေးအခင်းဖြစ်တဲ့ ~ဘုရင်ခံ့ဒကာ ~~ တိုက်ဖျက်ရေး အဆိုတွေပါပါခဲ့တယ်.. ဒီ ထီးဖြူရုံကွန်ဖရင့်မှာ လေဘာ့ယူနီယံအလုပ်သမားအသင်းဥက္ကဋ္ဌ ဦးမျိုးညွန့်က ကမ္ဘာ့ အလုပ်သမားနဲ့ မြန်မာနိုင်ငံအလုပ်သမားများကို နှိုင်းယှဉ်ပြီး ရဲရဲတောက်မိန့်ခွန်းတွေ ပြောခဲ့တာ.. ခင်ဗျားတို့ထဲက တစ်ချို့ တစ်လေ နားထောင်ခဲ့ကြဖူးမှာပဲလို့ ကျွန်တော် ထင်ပါတယ်.."

"ဒါပေမယ့် အရင်းရှင်ကုမ္ပဏီတွေက ထီးဖြူရုံကွန်ဖရင့်ရဲ့ တောင်းဆိုချက်တွေကို နည်းနည်းမှ ဂရုမစိုက်ခဲ့ဘူး.. ဒီတော့၁၉၂၃ ခု မတ်လ (၁၈) ရက်နေ့မှာ လုပ်သားအစည်းအဝေးထပ်ပြီး ကျင်းပတာကို မကွေးဒိစတြိတ် ရာဇဝတ်တရားသူကြီး တီလစ်စတာ ကလက်မှတ်ထိုးပြီး ပုဒ်မ ၁၄၄ အမိန့်ထုတ်ခဲ့တယ်.."

"ဒါပေမယ့် ရေနံမြေအလုပ်သမားတွေက နည်းနည်းမှ မဖြုံကြဘဲ၊ ၁၉၂၃ ခု မတ်လ(၁၈) ရက်နေ့မှာ အစည်းအဝေး ကျင်းပပြီး ၁၉၂၃ ခု မတ်လ (၁၉) ရက်နေ့မှာ ပထမဆုံးအကြိမ် ရေနံချောင်း ရေနံမြေအလုပ်သမားများရဲ့ မီးခိုးတိတ်သပိတ်မှောက် တိုက်ပွဲဝင်ခဲ့ကြတယ်.. ဒါကို အင်္ဂလိပ်စကားနဲ့ပြောရရင် Strike လုပ်တယ်ပေါ့ဗျာ.. ကျွန်တော်တို့ မြန်မာအလုပ်သမားတွေကတော့ (ဇဒိုက်)လို့ခေါ်တာပေါ့ ဒီသပိတ်တိုက်ပွဲဟာ သိပ်ပြီးကျယ်ခဲ့တာပေါ့.. ရေနံချောင်း ရေနံမြေ အလုပ်သမားတွေသာမက ချောက်၊ စဉ့်ကူး





ရေနံမြေကပါ ပါလာလို့ အလုပ်သမားတစ်သောင်းကျော်သွားတယ်.. (ဇဒိုက်ကြီး) လုပ်ခဲ့ကြတာတွေကို မှတ်မိကြပါလိမ့်မယ်"

"အဲ့ဒီ ပထမရေနံမြေသပိတ်ကြောင့် ၁၉၂၃ ခု ဩဂုတ်လမှာ အလုပ်သမားလျော်ကြေးတွေရတယ်.. ဘာသာရက် များ အားလပ်ခွင့်ရတယ်.. လစာတိုးတယ်.. အလုပ်သမားနေဖို့ တန်းလျားတွေ ဆောက်ပေးရတယ်.. ဓမ္မာရုံရှိလာတယ်.. သားဖွားခန်း၊ ဆေးပေးခန်းနဲ့ စာသင်ကျောင်းတွေဖြစ်လာခဲ့တယ်.. ရေ၊ မီးနဲ့ အလုပ်ချိန် တစ်နေ့ ၈ နာရီအခွင့်အရေးတွေ ရခဲ့ကြတယ်.. အလုပ်သမားသပိတ်တိုက်ပွဲမှာတော့ အလုပ်သမား ခေါင်းဆောင် ဦးမျိုးညွန့်၊ ဦးဘသီ၊ ဦးပွကြီးတို့ သုံးယောက်ကို ရေနံ့ဝန် (FB Pearoe) ပီးယာစ်ရဲ့ အမိန့်နဲ့ ရေနံမြေဥပဒေပုဒ်မ ၆၈အရ ရေနံမြေနယ်က နှင်ထုတ်ခံခဲ့ရတယ်.."

"၁၉၂၄-ခုနှစ်၊ ဥပဒေပြုလွှတ်တော် ဘတ်ဂျက်အစည်း အဝေးမှာ ဦးဘဖေရဲ့ တင်သွင်းချက်ကို မဲခွဲဆုံးဖြတ်လို့ မဲအနိုင်ရပြီး အလုပ်သမားခေါင်းဆောင် ဦးမျိုးညွန့်တို့အဖွဲ့ ရေနံမြေကို ပြန်နင်းခွင့်ရရှိခဲ့ကြတယ်.."

"အဲ့ဒီရေနံချောင်း ရေနံလုပ်သားသပိတ်ကြောင့် အလုပ်သမားများဘက်က နစ်နာမှု ကျပ်ငွေတစ်သိန်းလောက်ရှိပေမဲ့ အစိုးရဘက်မှာတော့ စစ်သားစားရိတ်တွေ အခွန်ငွေ တွေလျော့ပြီး ခြောက်သိန်းငါးသောင်းခုနစ်ထောင် (၆၅၇၀၀၀) လောက်နစ်နာဆုံး ရှုံးခဲ့ကြတယ်.. ရေနံကုမ္ပဏီတွေဘက်ကလည်း ရေနံဂါလံပေါင်း ၉၉၂၇၆၇၇ ဂါလံမထုတ် ရလို့ ငွေပေါင်း ၂၇၉၂၁၅၉ကျပ်နဲ့ ၁၀ပြား ဆုံးရှုံးရတယ်လို့ ၁၉၂၃-ခု မြန်မာနိုင်ငံ ဓာတ်သတ္တုထွက်ခြင်းမှတ်စု



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ၅-မှာ အတိအလင်း ဖော်ပြခဲ့တယ်..."

"၁၉၂၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှာ ဘီအိုစီကုမ္ပဏီက လခစားအလုပ် သမားတွေကို နေ့စားအလုပ်သမားအဖြစ် ပြောင်းလိုက်လို့ ဒုတိယအကြိမ်ရေနံမြေသပိတ် ကြီး ပေါ်ပေါက်ခဲ့ပြန်တယ်.. ဒီတစ်ကြိမ်မှာလည်း ပထမအကြိမ်ကထက် တိုးတက်တဲ့ အာမခံချက်တွေပါဝင်တဲ့ တောင်းဆိုချက်တွေပါခဲ့တယ်.. ကုမ္ပဏီက စည်းရုံးလို့ အလုပ်ဆင်းဖို့ကြိုးစားကြတဲ့ ရေနံမြေအလုပ်သမားတွေကို သပိတ်မှောက်အလုပ်သမား တွေက အလုပ်မဆင်းကြဘို့ ငှက်ပျောပွဲနဲ့ မြန်မာ့ရိုးရာစရိုက်နဲ့အညီ ကန်တော့ပြီး သပိတ်တားကြတယ်.. မဏ္ဍပ်တွေထိုးပြီး စတုဒိသာအကျွေးအမွေးတွေနဲ့လည်း သပိတ်တားကြတယ်.. ရေနံတွင်းတစ်ချို့ကို ဒေါသဖြစ်နေတဲ့ အလုပ်သမားတွေက မီးရှို့ပစ်ကြ တယ်.. ၁၉၂၆ ခုနှစ်က တစ်နှစ်လုံးအတွင်း ရေနံချောင်း ရေနံမြေမှာ မီးလောင်တဲ့ အကြိမ်ပေါင်း ၅၄ ကြိမ်ရှိတဲ့အနက် သပိတ်မှောက်အလုပ်သမားတွေ ရှို့တဲ့မီးလောင်မှုက ၃၃ ကြိမ်တောင်ရှိတယ်.."

"လေဘာယူနီယံရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ရေနံလုပ်သားထုတွေကို မျက်ဝါးထင်ထင် လက်တွေ့ခံစားမြင်တွေ့ရတဲ့ ဗြိတိသျှနယ်ချဲ့အစိုးရဟာ ၁၉၂၉ ခုနှစ်မှာ ဝါကျိဇ္ဇ ပဋိပက္ခ ဥပဒေကိုပြဋ္ဌာန်းပေးခဲ့ရတယ်.. အလုပ်သမားထုကြီးရဲ့ ညီညွတ်မှုအင်အားကို သွေးလန့်ပြီး အလုပ်သမားနဲ့ အရင်းရှင်တွေရဲ့ ကြားကိုဝင်ပြီး စေ့စပ်ဖျန်ဖြေမှုတွေ အစိုးရက လုပ်ပေးခဲ့တယ်.. အလုပ်သမားရေးရာဌာနတွေ ဖွင့်ရတယ်.. အလုပ်သမား လျော်ကြေးမင်းကြီးခန့်ပြီး ထိခိုက်ဒဏ်ရာရရှိသူ သေဆုံးသူ ဖျားနာသူအတွက် အရင်းရှင်





တွေဆီက လျော်ကြေးတွေ တောင်းပေးခဲ့ရတယ်.. အရင်ကလို ပုလင်းတူ ဘူးဆို့ လုပ်လို့ မရတော့ဘူး.. ဒါတွေအားလုံး မျက်ခြေမပြတ် ဆော်ဩအကြံပေးနေတာ ထောက်ခံအား ပေးနေတာ ကိုယ်တိုင်ပါဝင်ဆင်နွှဲနေတဲ့သူတွေကတော့ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ ဂျီစီဘီအေအသင်းကြီးပါပဲ.. စိုးသိမ်း၊ စိုးသိမ်း၊ စိုးသိမ်းကို ဂျာနယ်တစ်စောင်က ရေနံသည်သားလို့ခေါ်တယ်.. ဒါပေမယ့် ရေနံသည်ဆိုတဲ့ အလုပ်ဟာ သမ္မာအာဇီဝဖြစ်တယ်ဆိုတာ သူတို့နားမလည်ဘူး.."


အဲ့ဒီညက တရားပွဲအသိမ်းမှာ ပြောခဲ့တဲ့ ဦးစိုးသိမ်းရဲ့ လေသံအမူအရာကို ဘယ်လောက်များ စွဲမက်စရာကောင်းခဲ့ သလဲဆိုရင် ကိုအောင်ဆန်းတစ်ယောက် အိမ်ပြန် ရောက်တာနဲ့ စားပွဲကိုတူတစ်ချောင်းနဲ့ ထုကာ ထုကာလုပ်ပြီး "စိုးသိမ်း စိုးသိမ်း စိုးသိမ်း ကို ဂျာနယ်တစ်စောင်က ရေနံသည်သားလို့ခေါ်တယ်၊ ဒါပေမယ့် ရေနံသည်ဆိုတဲ့အလုပ်ဟာ သမ္မာအာဇီဝဖြစ်တယ်ဆိုတာ သူတို့နားမလည်ဘူး" လို့ ဦးစိုးသိမ်း ဂိုက်မျိုးနဲ့ မိန့်ခွန်းခြွေပြတဲ့အကြောင်း နောက်တစ်နေ့ကျတော့ ဦးဘသက်က ကျွန်တော့်ကို ပြန်ပြောပြ လို့ သိရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com





ကျောင်းသူ၊ ကျောင်းသားတွေကို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တွေ သွင်းပေးနေတယ်။ ဝံသာနု ရက္ခိတ တရားကို တိုးပွားစေခဲ့ တယ်။ ဇာတိသွေး၊ ဇာတိမာန် သွေးတွေထိုးပေးနေတယ်။ ဂါရဝ တရားကို စိမ့်ဝင်စေတယ်လို့ အစိုးရက သဘောပေါက်လေတော့ အမျိုးမျိုး အပြစ်ရှာကြတယ်။





## အမျိုးသားကျောင်းများနဲ့ မငြိမ်းသေးသောမီးများ

၁၉၂၀-ပြည့်၊ အမျိုးသားပညာရေးကို အကြောင်းပြုပြီး အားလုံးပြန်လည်ပေါင်းစည်းခဲ့တဲ့ ဂျီစီဘီအေဟာ ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်ခံသင့်မခံသင့် သဘောထားပေးကြ ရာကစပြီး ဦးချစ်လှိုင်နဲ့ဦးဘဘေတို့အုပ်စုနှစ်စု ကွဲခဲ့ရာက နောက်ပိုင်း အကွဲပေါင်းများစွာနဲ့ အဆုံးမသတ်အောင်ရှိခဲ့တော့တယ်။

ဒီတော့ အမျိုးသားကျောင်းဆရာတွေနဲ့ ကျောင်းသားတွေဟာ ဘယ်ခေါင်းဆောင် ဘက်လိုက်ရမှန်းမသိတော့ဘဲ အကွဲအပြဲတွေကြားမှာ ဒုက္ခရောက်ခဲ့ကြရတယ်။ ဒီအထဲ အစိုးရကလည်း အမျိုးသားကျောင်းတွေကို အမျိုးမျိုးနှောက်ယှက်နေပါတော့တယ်။

ဘာကြောင့်နှောက်ယှက်ရသလဲဆိုရင် အမျိုးသားကျောင်းတွေက ကျောင်းသူ၊ ကျောင်းသားတွေကို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တွေ သွင်းပေးနေတယ်။ ဝံသာနု ရက္ခိတ တရားကို တိုးပွားစေခဲ့တယ်။ ဇာတိသွေး၊ ဇာတိမာန် သွေးတွေထိုးပေးနေတယ်။ ဂါရဝ



www.burmeseclassic.com

www.burmeseclassic.com



တရားကို စိမ့်ဝင်စေတယ်လို့ အစိုးရက သဘောပေါက်လေတော့ အမျိုးမျိုးအပြစ်ရှာကြတယ်။

ပညာမင်းကြီးက အမျိုးသားကျောင်းတစ်ကျောင်းရဲ့ ကျောင်းအုပ်ကြီးဆီကို အထောက်အပံ့ပေးရာမှာ ကျောင်းအုပ်ကြီးက "ကျောင်းဆရာတွေထံက အလှူငွေမယူပါ" လို့ အာမခံဖို့အတွက် အမိန့်စာကို ၁၉၂၆-ခုနှစ်က ပို့ခဲ့ဖူးတယ်။

ဒါဟာ လူတစ်ဦးတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ပိတ်ပင်တာမျိုးဖြစ်တယ်။ အမျိုးသားကျောင်းဆရာတွေက ကိုယ့်ကိုယ်ကို ကိုယ်ကျိုးစွန့်လုပ်နေကြတယ်။ ကိုယ့်ရတဲ့ငွေ ကိုယ်ထည့်ဝင်ပြီး အမျိုးသား ပညာရေးကြီးပွားအောင် လုပ်နေကြတာကို တကယ်ဆို အစိုးရအနေနဲ့ အားပေးဖို့တောင် ကောင်းတယ်။ ဒီလိုသဘောထားမရှိခဲ့ဘူး။ စာရင်းစစ်တွေ လွှတ်ပြီး နှောက်ယှက်ခဲ့တယ်။ အဲ့ဒါကို အမျိုးသားပညာရေးကွန်ဖရင့်က ၁၉၃၀-ပြည့်နှစ်မှာ ကန့်ကွက်ခဲ့ဖူးတယ်။ ဒေသန္တရ စာရင်းစစ်ဌာန၊ စာရင်းအရာရှိတွေ အမျိုးသား ကျောင်းတွေရဲ့ စာရင်းအင်းကို စစ်ဆေးတာဟာ ၁၉၂၃-ခု ဧပြီလမှာ ကျင်းပပြီးခဲ့တဲ့ အမျိုးသား ပညာရေးအဖွဲ့ချုပ်နဲ့ နှစ်ဦးနှစ်ဖက်ပြုလုပ် သဘောတူညီချက်မှာ ရထားတဲ့ အခွင့်အရေးတွေကို ကျော်နင်းရာရောက်တယ်လို့ အားလုံးက လေးလေးနက်နက်နဲ့ ဆုံးဖြတ် ခဲ့တယ်။

၁၉၂၈-ခုနှစ်က အစိုးရပညာဝန်ဦးချုပ်ရဲ့ စစ်ဆေးချက်တွေမှာ

- အမျိုးသားကျောင်းက ကျောင်းသားတွေကို အရမ်းကာရော အတန်းတင်ပေးတယ်။





- အရည်အချင်းမရှိတဲ့ဆရာတွေကို ခန့်တယ်။

- ကျောင်းအဆောက်အအုံကို မက်လုံးပြပြီး ရန်ပုံငွေ ဘယ်လိုရှာတယ်။

- အုပ်ချုပ်ပုံကဘယ်လို ဘယ်ညာဖြစ်တယ်နဲ့ ဆီလိုအပေါက် ရှာပြီး အပြစ်ဖို့ခဲ့တယ်။ တကယ်တော့ အမျိုးသားကျောင်းတွေဆိုတာ ၁၉၂၀-ပြည့်နှစ်ကမှ စတည်ထောင်ရလို့ သက်တမ်းအားဖြင့် အတော်နု နေပါသေးတယ်။ ဒါကို အနှစ်လေးငါးဆယ်ကြာပြီး အရှိန်ကောင်း နေတဲ့ အစိုးရကျောင်းတွေနဲ့နှိုင်းယှဉ်ပြီး၊ အမျိုးမျိုး ဖိနှိပ်တယ်။ မညာမတာ အစီရင်ခံတွေ ရေးခဲ့တယ်။ နောက်ဆုံး အမျိုးသား ကျောင်းတွေ ပျက်စီးသွားအောင်အထိ ရည်ရွယ်ခဲ့တယ်။

အမျိုးသားကျောင်းက ဆရာတွေ ဆရာဖြစ်မအောင်ရင် အထောက်အပံ့ရပ်စဲရမယ်။ ဒါကလည်း ဆရာဖြစ်အောင် လက်မှတ်ရ ဆရာတွေနည်းတဲ့ အပေါ်မှာ အခွင့် ကောင်းယူပြောခဲ့တာပါပဲ။ အမှန်ဆို သူတို့အစိုးရကျောင်းတွေ ခရစ်ယာန်သာသနာပြု ကျောင်းတွေက ဆရာတွေကိုယ်တိုင်ကလည်း တော်တော်များများဟာ ဆရာဖြစ်လက်မှတ် ရထားတဲ့သူတွေ မဟုတ်ခဲ့ကြဘူး။ အမျိုးသား ကျောင်းကို ကျောင်းသားတွေ ပြောင်းချင်ရင် ကျောင်းပြောင်း လက်မှတ်ကို ခက်ခဲအောင် စည်းကမ်းချက်တွေထုတ်ခဲ့တယ်။

၁၉၃၂-ခုနှစ်မှာ မြို့မအမျိုးသားကျောင်းသားတွေနဲ့ မီးရထားပုလိပ်တွေ ရန်ပွဲ ဖြစ်ပြီး ရိုက်ကြနှက်ကြတာ တွေ့ရတယ်။ ဒါဟာ ဆရာစံအရေးတော်ပုံပြီးတဲ့နောက် မျက်နှာဖြူအစိုးရက အမျိုးသားကျောင်းတွေထဲမှာ အအောင်မြင်ဆုံးဖြစ်တဲ့ ရန်ကုန်မြို့မ အမျိုးသားကျောင်းကို ပျက်စီးရာပျက်စီးကြောင်းနဲ့ အပြစ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲခဲ့တဲ့ လုပ်ရပ်တစ်ခုပဲ။

အဲဒီနှစ်မှာပဲ သုံးခွအမျိုးသားကျောင်းကို အဲဒီမြို့မှာရှိတဲ့ ခရစ်ယာန်သာသနာပြု ကျောင်းထက် အဖက်ဖက်မှာသာနေလို့ အထောက်အပံ့ရပ်စဲပစ်ခဲ့တယ်။

အဲဒီလို မငြိမ်းနိုင်တဲ့မီးပွားတွေကို အမျိုးသားပညာရေး အဖွဲ့ချုပ်ကလိုက်ငြိမ်းနေ ကြရတယ်။ ကျောင်းတွေကိုလည်း သားပိုက် ကောင်လို ရင်မှာပိုက်ပြီး အနှောက်အယှက် တွေကလွတ်ကင်းအောင် ခုခံကာကွယ်ပေးနေကြရတယ်။ နိုင်ငံရေးမှာ အယူအဆ အမျိုးမျိုး တွေရှိပေမဲ့ ပညာရေးမှာတော့ ဥမကွဲသိုက်မပျက် ကိုယ်ကျိုးစွန့်ပြီး စုပေါင်းလုပ်ခဲ့ကြတယ်။

အစိုးရပညာဝန်က အမျိုးသားကျောင်းတွေကို အပြစ်ရှာတာ များလာတော့ နောက်ဆုံး အမျိုးသားကျောင်းတွေကိုစစ်ဖို့ အမျိုးသားပညာဝန်ခန့်ရတော့တယ်။ ပထမဆုံး အမျိုးသားပညာဝန် ကတော့ ဦးဖိုးကျားဖြစ်ခဲ့ပါတော့တယ်။








ရေနံချောင်း ရေနံမြေဆိုတာ ဘီအိုစီကုမ္ပဏီ တစ်ခုတည်းကပဲ လက်ဝါးကြီးအုပ် ထားတယ်ဆိုပေမယ့် ရေနံတူးဖော်နေကြတဲ့ အထဲမှာ တစ်ခြားအဖွဲ့အစည်းကုမ္ပဏီလေးတွေ လည်းရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ရင်ထဲမှာတော့ အနာဂတ်အတွက် အလင်းရောင်

ရေနံချောင်းမြို့ ဒိုင်နယ်(၁၇)ဒိုင်နယ်မှာ ဘုရားပုထိုး (၁၉)ဆူတောင်ရှိပါ တယ်။ စနေနံဘုရားပေါ်ကနေ တောင်ဘက်ကိုပဲ ကြည့်ကြည့်၊ အရှေ့ဘက်ကိုပဲကြည့်ကြည့်၊ မြောက်ဘက်ကိုပဲကြည့်ကြည့် လက်ညှိုးထိုးရင်တောင် မလွဲတဲ့ ပုဂံဘုရားတွေ ဖူးမြင်ရသလို မြင်ရပါတယ်။ တောင်ကုန်းအနိမ့်အမြင့်တွေလည်းပေါတာကြောင့် ဘုရားအဆူဆူဟာ တောင်ကုန်းမြင့်မြင့်တွေမှာ စံပယ်တော်မူနေတာကို ကြည်ညိုစွာနဲ့ ဖူးတွေ့ရပါလိမ့်မယ်။ ဒါလည်းစီးပွားရေးလုပ်ငန်းတွေ ကောင်းတဲ့မြို့တစ်မြို့မို့ လူချမ်းသာ မြန်မာဗုဒ္ဓဘာသာဝင် တွေရဲ့ အလှူအတန်းရက်ရောမှုကို ပြနေသလိုပါပဲ။ အဲဒီလို ဘုရားပုထိုးတွေ များသလောက် ကိုယ့်ရပ်ကွက်နဲ့ ကိုယ်လုပ်ကြတဲ့ ရပ်ကွက်ဘုရားပွဲ၊ ဆွမ်းသိမ်းပွဲတွေဆိုတာလည်း (၁၂)လ ရာသီလုံး စည်သံဗျောသံ ခြိမ့်ခြိမ့်ညံအောင် ကျင်းပနေကြတော့တာပါပဲ။

မြို့ပေါ်မှာတော့ အစည်ကားဆုံးဘုရားပွဲတော်ကြီးဆိုရင်





နတ်တော်လထဲမှာ ကျင်း ပတဲ့ စနေနံဘုရားပွဲတော်ကြီး ဖြစ်ပါတယ်။

ရောဝတီမြစ်ရေကျတဲ့ ရာသီလည်း ဖြစ်လေတော့ ပေါ်လာတဲ့ သောင်ပြင်ကျယ်ကြီးအပေါ်မှာ ပွဲဈေးတန်းကြီးတွေ မြို့ဦးကို မေးတင်ပြီး ရောင်းကြဝယ်ကြပါတယ်။ ဂရိတ် ဖိုးစိန်တို့ မင်္ဂလာအောင်မောင်းတို့ နှစ်စဉ်အပြိုင်ကတဲ့ ဇာတ်ရုံကြီး(၂)ရုံလည်း ချောင်းတိမ် ဘက်မှာ တစ်ရုံ၊ သောင်ပြင်မှာ တစ်ရုံရှိခဲ့ပါတယ်။ ရေနံချောင်းသူ ရေနံချောင်းသားတွေ ပွဲမက်ကြတဲ့အထဲမှာ တွင်းရိုး တွင်းစား လူချမ်းသာတွေဟာ ကတ္တီပါကောဇောကြီးတွေ ရှေ့ဆုံးက တန်းစီခင်းပြီး ညတိုင်းနေရာယူခဲ့ကြသူတွေပေါ့။ ဖိုးစိန်အတွက် ဖက်ဆေးပေါ့လိပ်ထဲ ရွှေဒင်္ဂါးထည့်ပြီး လက်ဆောင်ပေးတယ် ဆိုတာလည်း သူတို့တတွေပါပဲ။ အနုပညာရှင်တွေကို ပုဂ္ဂိုလ်စွဲကြီး ခဲ့ကြတာ အသေအလဲ ကြိုက်ခဲ့ကြတာတော့ အံ့သြယူရလောက်ပါ တယ်။

ဖိုးစိန်က နုသလောက် အောင်မောင်းဆိုတဲ့ မင်းသားကတော့ ခပ်ကြမ်းကြမ်းပဲ။ နေ့လယ်နေ့ခင်းဆိုရင် သူ့ဇာတ်ရုံထဲက သူကိုယ်တိုင်တိုက်တဲ့ ကြက်ပွဲတွေဆိုတာ ပွဲခင်းကြီး တစ်ခုလိုဖြစ်ပြီး ခြိမ့်ခြိမ့်သဲသဲ စည်ကားလိုက်သပ။ အဲညနှစ်ပါးသွားထွက်တော့လည်း သေနတ်တွေ တစ်ဒိုင်းဒိုင်းပစ်ဖောက်ပြီး ခပ်ကြမ်းကြမ်းထွက်တဲ့ မင်းသားမို့ သူ့ရဲ့ ခပ်ကြမ်းကြမ်းအနုပညာမျိုးကိုလည်း ကြိုက်တဲ့သူ များခဲ့ပါတယ်။ ကျွန်တော်ကြိုက်တာတော့ သူခြေထိုးပြီး ကတာပဲ. ဇာတ်ခုံ ထောင့်တစ်ထောင့်က ဇာတ်ခုံထောင့်တစ်ထောင့်ကို 'လျှောခနဲ' ထိုးသွားလိုက်တဲ့ သူ့ခြေထိုးပုံမျိုး ဘယ်မင်းသားမှ လိုက်မလုပ်နိုင်ခဲ့ပါဘူး။ ဒါ့ကြောင့်လည်း သူ့ခေတ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



'အောင်မောင်း ခြေထိုး' 'အောင်မောင်း တောင့်ထား' ဆိုတဲ့ စကားတွေတောင် ပေါ်ခဲ့ဖူးတော့ သူလည်း တစ်တိုင်းပြည်လုံးက စိတ်ဝင်စားတဲ့ မင်းသားပါ။ ပြီးတော့ သူက မျိုးချစ်စိတ်ရှိတဲ့ မင်းသားဆိုတော့ ပရိသတ်ကပိုပြီး အားပေးခဲ့ကြပါတယ်။

ရှေးတုန်းကတော့ စနေနံဘုရားပေါ်မှာ ခုလိုတန်ဆောင်းတွေ မများသေးပါဘူးလို့ အမေက ပြောပြဖူးပါတယ်။ ဘုရားပေါ်ကို တက်ဖို့ဆိုတာလည်း မြောက်ဘက်မှာ မတ်စောက် လှတဲ့ အုတ်လှေကားကြီး တစ်စင်းပဲရှိခဲ့သေးတယ်တဲ့။ စေတီကို မြန်မာမင်းအဆက်ဆက် ပြုပြင် မွမ်းမံပူဇော်ခဲ့ရာမှာ သက္ကရာဇ် ၁၂၇၀ပြည့်ရောက်တော့ မူလကုန်းတော်ရဲ့ အကျယ် အဝန်းကို တိုးချဲ့ပြီး အတွင်းဘက်မှာ လိုဏ်ဂူကြီးတွေဖောက်ခဲ့တယ်။ လိုဏ်ဂူတွေဟာ ဘုရားမြောက်ဘက်က တောင်ဘက်ထိ အဆုံးပေါက်တယ်။ ဘုရားပတ်လည်မှာလည်း ကျောက်ရိုးတွေနဲ့ကာလို့ ရင်ပြင်တော်ကို ကျယ်ကျယ်ဝန်းဝန်း ဖြစ်အောင် လုပ်ခဲ့ကြတယ်။ ပြီးတော့ စေတီတော်ကိုဝိုက် ပတ်ပြီး သုံးထပ်ပန်းရုပ်စုံတွေနဲ့ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်လုံးပေါ် သစ်သားပန်းပုတွေ ကျွန်းပြာသာဒ် တန်ဆောင်းကြီးတွေ ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။ အဲဒီလို အလှူအတန်းရက်ရက်ရောရောနဲ့ လုပ်ခဲ့ကြသူတွေကတော့ တွင်းရိုးတွင်းစား အများဆုံးပါပဲ။ နောက်တော့ စနေနံဘုရားဆိုတာ တွင်းရိုးတွင်းစားတွေရဲ့ ဘုရားဖြစ်သွားပါတော့တယ်။ ဝါတွင်းအဖိတ် ဥပုသ်တိုင်း တွင်းရိုးတွင်းစားတွေဟာ အလှည့်ကျ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆွမ်းလောင်းပွဲတွေ လုပ်ကြပါတယ်။ ဒါကို 'အရုဏ်ခံအလှူ'လို့ ခေါ်ခဲ့ကြပါတယ်။ အဖိတ်နေ့ ညနေကတည်းက အတီးအမှုတ်တွေနဲ့ ဘုရားပေါ်မှာ စည်ကားနေပါပြီ။





ဖိတ်ကြားခံရတဲ့ ဧည့်သည်တွေကလည်း ဘုရားကပ်ဖို့ သစ်သီးဆွမ်းတွေ၊ မုန့်တွေ၊ ပန်းတွေယူလာခဲ့ကြပါတယ်။ ဥပုသ်နေ့မနက် အရုဏ် ရောက်ရင်တော့ ရေနံချောင်းမြို့ မှာရှိတဲ့ သံဃာကုန် ဆွမ်းလောင်း လှူကြပါတယ်။ အဲဒီကို နိစ္စပါတ်မပျက် ဆောင်ရွက်နိုင်ဖို့ အတွက် သာသနိဟိက စတုပစ္စယ(ရိုးမ) အသင်းဆိုတာ ဘုရားကြီးရဲ့ တောင်ဘက် စောင်းတန်းခြေရင်းမှာရှိပါတယ်။ ဒီအသင်းကို မူလတွင်းစားရိုး (၂၄)ဦးက မတည် လှူဒါန်းခဲ့တာပါ။ ဗြိတိသျှအစိုးရက တွင်းရာတွေ ခွဲဝေပေးတော့ အစိုးရဂရံ နံပါတ်(၃၉၅၅)၊ ဘီဘိုဝီစီ စက်ရုံ နံပါတ်(၄၄)နဲ့ ရေနံတွင်းရာတစ်ခုရလို့(ရိုးမ)အမည်တပ်ပြီး လှူခဲ့ကြတာပါပဲ။

တစ်နှစ်တစ်ခါ ကျင်းပတဲ့ ဘုရားပွဲတော်တွေထဲမှာ ပျော်စရာ အကောင်းဆုံးပွဲတော် တစ်ခုရှိပါသေးတယ်။ အဲဒီပွဲတော်က ရေနံချောင်းမြို့ရဲ့ မြောက်ဘက် ပင်းချောင်းဝမှာ ကျင်းပတဲ့ ပင်းဘုရားပွဲတော်ကြီးပါပဲ။ ဘုရားပွဲကို သီတင်းကျွတ်လပြည့်ကျော်(၁) ရက်နေ့က (၁၀)ရက်နေ့အထိ ကျင်းပပါတယ်။ အနော်ရထာမင်းကြီးဟာ သထုံက မာတ်တော်မွေတော် ပိဋကတ်တော်တွေကို ပင့်ဆောင်ပြီး အပြန်မှာ ရေနံချောင်းမြို့အထက် ပင်းချောင်းဝမှာ စေတီတည်တယ်လို့ ကျောက်စာ ကမ္ပည်းရေးထိုးခဲ့တာရှိပါတယ်။

တစ်နှစ်တော့ ပင်းဘုရားပွဲကို သွားခဲ့ရတာကို တစ်သက်မေ့လို့ မရတော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကိုအောင်ဆန်းကို ညီအကိုနှစ်ယောက်နဲ့အတူ သွားခဲ့ကြရလို့ပါပဲ။ ဒီဘုရားပွဲဟာ နှစ်တိုင်းသွားခဲ့ရပေမဲ့ ရိုးတယ်ရယ်လို့ မရှိခဲ့ပါဘူး။ မြို့ပေါ်က လူတွေ ရွာနီးချုပ်စပ်က လူတွေ ဘုရားပွဲချိန်ရောက်လာရင် မသွားဘဲမနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါဘူး။ ဘုရားဖူးရင်းနဲ့ပဲ လုပ်ငန်းအတွက်၊ အိမ်အတွက် လိုတာဝယ်လို့ရတဲ့အပြင် သွားရတဲ့ ခရီးကသာတောင့် သာယာရှိသလို ပျော်စရာလည်းကောင်းလွန်းလှလို့ပါ။

မြို့ပေါ်က ဘုရားကိုသွားရင် ဧရာဝတီမြစ်ရိုးဘေးက လမ်းအတိုင်း ခြေကျင်လျှောက် ရပါတယ်။ တစ်ချို့လည်း လှည်းတွေနဲ့ သွားကြတယ်။ သီတင်းကျွတ်ဆိုတော့ အညာမှာ တော်တော်အေးပါ သေးတယ်။ ဝေလီဝေလင်းနှင်းမှုံကြားမှာ ဘုရားသွားတဲ့သူတွေရဲ့ အသံတွေ စီစီညံလို့ပါပဲ။ အဲဒီလို သဘာဝအတိုင်းဖြစ်နေတဲ့ ရေမြေတောတောင်တွေကိုဖြတ်ပြီး သာယာလှတဲ့ ရှုခင်းတွေ ကြည့်ရမြင်ရတာ ကိုအောင်ဆန်းတို့ စိတ်ထဲ တော်တော်ကြည်နူး ပျော်ရွှင်ခဲ့ကြပုံပါပဲ။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ဟာ တစ်ဘက်က ကြည်လင်းစိမ်း မြနေတဲ့ ဧရာဝတီမြစ်ကြီးနဲ့ တစ်ဘက်က ပေလေးငါးဆယ်လောက်မြင့်တဲ့ တောင်ကမ်းပါးယံကြီးတွေရဲ့ ကြားမှာရှိတဲ့ လူသွားလမ်းကြောအတိုင်း မမောနိုင်မပန်းနိုင်သွား ခဲ့ကြတာ ဘုရား ရောက်ဖို့ အချိန်(၂)နာရီလောက်ယူခဲ့ကြရပါတယ်။ မြို့နဲ့ ဘုရားက (၄)မိုင်လောက်ဝေးပါတယ်။ လမ်းမှာ ဖောင်က တောရွာ၊ ညောင်ပင်သာရွာတွေကို ဖြတ်ကြရပါတယ်။ နားစရာ ညောင်ညိုပင်ရိပ်ကြီးတွေ၊ မန်ကျည်းပင်ရိပ်ကြီးတွေ ဝေဝေ ဆာဆာရှိလှပါတယ်။ အဲဒီပင်ရိပ် တွေအောက်မှာ အဆာပြေ စားစရာ အကြော်ဆိုင်လေးတွေရှိကြပါတယ်။ ကျွန်တော်တို့က တော့ လူငယ်လူရွယ်တို့ သဘာဝ လွတ်လွတ်လပ်လပ်ရှိတာကြောင့် ပါးစပ်ထဲမှာ ရရာသီချင်းတွေ အော်အော်ဆိုခဲ့ကြပါသေးတယ်။ ကျွန်တော်တို့ဆိုလိုက်တဲ့ အသံတွေကလည်း တောင်နံ့ရံ ကို





ရိုက်ပြီးလိုက်သံ ပြန်ထွက်လာလေတော့ ကိုယ့်အသံကိုယ် ပြန်ကြားပြီး ကျေနပ်ပီတိတွေ ဖြစ်နေခဲ့ကြတာပေါ့လေ။

ဘုရားကုန်းရွာကြီးကို ဖြတ်ခဲ့ပြီးရင်တော့ ဘုရားကုန်းတော် ဝိုင်းထဲကို ရောက်ပြီး ကရေကရာရောင်းတဲ့ ဈေးသည်တွေပြည့်နေတဲ့ ပွဲဈေးခင်းကို စတွေ့ရတော့တာပါပဲ။ ကရေကရာဆိုတာ မုန့်တစ်မျိုးပါ။ ဒီပင်း ဘုရားပွဲတော်မှာပဲ ရပါတယ်။ ဆံကြမ်းကောက်ညှင်းနဲ့ ထန်းလျက်ကို ရောစပ်လုပ်ထားပြီး မုန့်ပေါ်မှာ ဆံလျှော်မှုန့် ဖြူးထားတာကြောင့် စားရတာ ချိုချိုဆိမ့်ဆိမ့် ရှိလှပါတယ်။ ရိုးရာ ဒေသမုန့်မို့ ကိုအောင်ဆန်းတို့အတွက်တော့ အထူးအဆန်း ဖြစ်နေ ပါတယ်။ ကျွန်တော်က ဝယ်ကျွေးတော့ "ကောင်းတယ် ကြိုက်တယ်" ပြောပါတယ်။

ဘုရားရဲ့ မြောက်ဘက်မှာတော့ ရေတသွင်သွင်စီးနေတဲ့ ပင်းချောင်းကြီးရှိပါတယ်။ ချောင်းရေဆိုပေမယ့် ညစ်ထေးထေးရွှံ့ နှစ်ရေတွေ မဟုတ်လေဘဲ သဲချောင်းပေါ်မှာ စီးရတဲ့ ရေမို့ ကြည်ပြီး အေးစက်နေပါတယ်။ သူငယ်ချင်း(၃)ယောက် ရင်ပြင်တော်ပေါ် တက်ပြီး ပင်းစက္ကလံဘုရားကြီးကို ဖူးကြပါတယ်။ ပင်းချောင်းထဲ ဆင်းပြီး ရေချိုးခဲ့ကြပါတယ်။ အမောလည်းပြေ ပျော်လည်း ပျော်စရာကောင်းလိုက်တာဖြင့် လွန်ပါရော။

အပြန်မှာ လာလမ်းအတိုင်း မပြန်ချင်ဘူး။ တွင်းကုန်းဘက်က ရေနံတွင်းတွေ ကြည့်ရအောင်လို့ ကိုအောင်ဆန်းကပြောတော့ ပင်းချောင်းရိုးအတိုင်း သဲပြင်ကြီးကို ရှန်းပြီး ပြန်ခဲ့ကြတယ်။ နေပူတော့ အရိပ်တွေရှာရှာ နားခဲ့ရတယ်။ ပင်ပန်းတော့ ရေဆာ ဓာတဓာတဆာ တယ်။ အဲဒီတော့ သဲတွေကို ယက်ပြီး လက်ယက်တွင်းလေးတွေ

www.burmeseclassic.com



ဖွဲ့ကြတယ်။ ရေကြည်သန့်သန့်လေး စိမ့်ထွက်လာရင် လက်ခုပ်ကလေးနဲ့ ခပ်ပြီး သောက်ခဲ့ကြရတယ်။ လက်ယက်တွင်းရေ ဆိုတာ အဲဒီပင်းချောင်းတစ်ဝိုက်က ရွာတွေ လူတွေ သောက်နေကြတာပါ။ ကျောက်စက်ရေလို သဘာဝကိုက အေးပြီးကြည်နေစေပါတယ်။

ဒါနဲ့ သပြေပင်ဂျုပ်ပင်ရွာတွေကို ကျော်လို့ ချောင်းရိုးအတိုင်းလျှောက်လာကြရင်း သုံးဆယ်ခြောက်ရွာကနေ ညာဘက်ကို ချိုးတက်လိုက်တာနဲ့ ရေနံမြေထဲကို ရောက် ခဲ့ကြပါတယ်။ တွင်းကုန်းဆိုတာ ရေနံတွင်းတွေ အများကြီးရှိတဲ့ ရေနံမြေရပ်ကွက်ကြီးပါပဲ။ အဲဒီနေရာရောက်ပြန်တော့လည်း ဘယ်နေရာပဲ ကြည့်ကြည့် ရေနံစင်ကြီးတွေကိုပဲ တွေ့နေရတော့တာပါ။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း နေပူကျဲကျဲကြီးအောက်မှာ ညစ်ထေးထေးနဲ့ ရေနံရောင်တွေ တလျှပ်လျှပ်တောက်နေတော့တာပါပဲ။ ကျွန်တော့်စိတ်ထဲ အဖေခဏ ခဏပြောတဲ့ ရေနံချောင်းအောက်မှာရှိတဲ့ မီးဖိုကြီးဆိုတာ ဒီနေရာပြောတာကိုးလို့ အမှတ်သတိ ထားလိုက်မိပါတယ်။ ကျွန်တော်တို့ သုံးယောက်စလုံးက ပွဲဈေးတန်းက ဝယ်လာတဲ့ ထန်းဖူးဦးထုပ်တွေ ဆောင်းထားကြလေတော့ တော်တော့ နေပူ ခံသာရုံတော့ ရှိခဲ့ကြပါတယ်။

"ဒါတွေအားလုံး ဘီအိုစီက ပိုင်တာတွေချည်းလား"လို့ ကိုမေအောင်က မေးတော့ ကျွန်တော် မှတ်ထားခဲ့တာလေးကို သူတို့ကို ပြန်ပြောပြခဲ့မိပါတယ်။

"ရေနံချောင်း ရေနံမြေဆိုတာ ဘီအိုစီကုမ္ပဏီတစ်ခုတည်းကပဲ လက်ဝါးကြီးအုပ် ထားတယ်ဆိုပေမယ့် ရေနံတူးဖော်နေကြတဲ့ အထဲမှာ တစ်ခြားအဖွဲ့အစည်းကုမ္ပဏီလေးတွေ လည်းရှိပါတယ်။





ဘီအိုစီကတော့ မင်းတုန်းမင်းမိုင်တဲ့ ရောက်တွင်းတွေအပါအဝင် တွင်းပေါင်း (၁၆၄)တွင်းကို လုပ်ကိုင်ခွင့်ရအောင် အင်္ဂလိပ်အစိုးရဆီက တောင်းလို့ရခဲ့တာကြောင့် အင်အားအတော်တောင့်တင်းဆုံးနဲ့ ရေနံထွက်နှုန်း အများဆုံးရှိတဲ့ ကုမ္ပဏီကြီးပေါ့ဗျာ"

"ဒီကုမ္ပဏီက တစ်နေ့ ရေနံဘယ်နှစ်ပီပါလောက် ထုတ်ယူနိုင်သလဲ"လို့ ကိုအောင်ဆန်းက တစ်ခါမေးပြန်တယ်။

"ရေနံတွင်းပေါင်း (၄၀၀၀)ကျော်က တစ်နေ့ ရေနံပီပါ (၁၅၉၅၃)လောက်ထိ ထုတ်နေကြတာပေါ့။ ဒီအထဲမှာ ရေတွင်းလို တူးပြီး ရေနံခပ်ယူတဲ့ မြန်မာ့လက်တွင်းတွေလည်း အများကြီး ရှိပါတယ်... စက်မှုခေတ်ကို အမီမလိုက်နိုင်ကြရှာတော့ ခေတ်မမီတဲ့ နည်းစနစ်တွေနဲ့ လုပ်နေရတဲ့ မြန်မာ့စီးပွားရေးတွင်းခွင်ပေါ့ ကိုအောင်ဆန်းရေ... အဲဒီလို တွင်းရိုးတွင်းစား ဆိုတဲ့ ရေနံတွင်းပိုင် မြန်မာတွေထက် အဲဒီရေနံမြေမှာ အလုပ်လုပ်ကြရတဲ့ မြန်မာအလုပ်သမားတွေကိုမြင်ရင် ခင်ဗျားတို့ရင်ထဲ နင့်သွားမယ်... ဆင်းရဲကြတာ... ထမင်း တစ်လုပ်အတွက် အန္တရာယ်ကို မမှုနိုင်ဘဲ လုပ်နေကြရတာ"

"ဒါဖြင့် မြန်မာ့လက်တွင်းတွေမှာ ရေနံ ဘယ်လောက်ထွက် ရမှာလဲ"

"သိပ်ရလှရယ်လို့တော့ မဟုတ်ပါဘူး... တွင်းပေါင်း(၂၁၄) တွင်းမှ တစ်လလုံး ရေနံ ပီပါ(၁၆)သိန်းသာ ထွက်ပါတယ်... အင်း ဘီအိုစီပိုင် စက်တူးတွင်းတွေကတော့ ဒါနဲ့ ယှဉ်မယ်ဆို ကွာချက်ရှိ ထွက်တယ်ဗျ"

"တို့ဝင်ကြည့်ရင်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မရဘူးထင်တယ်. . ရေနံမြေလုံခြုံရေးတွေ ရှိတယ်. . ဘီအိုစီက သူတို့တွင်းတွေ မကြာခဏ မီးရှို့ခံနေရတော့ လုံခြုံရေးကို တော်တော် တင်းတင်းကြပ်ကြပ်လုပ်ထား တယ်. . မထူးပါဘူး။ ဒီတွင်းတွေထဲက ရေနံတွေကို မောင်းတံကြီးတွေ တပ်ပြီး ငင်နေကြတာ ပဲ. . အင်္ဂလိပ်တွေ တို့မြန်မာပြည်ကနေ မောင်းမထုတ်နိုင်သေးသ၍ အဲဒီမောင်းတံကြီး တွေဟာ တို့မြေကြီးထဲက အဖိုးတန်ရွှေရည်တွေကို ရနိုင်သလောက် တအားကျုံးထုတ်နေကြ ဦးမှာပဲ. . ."

စကားတပြောပြောနဲ့ လျှောက်ခဲ့ရာက နေအတော်စောင်းတော့ ဘေးမဲ့ရေနံမြေ ဘက်ကို ရောက်ခဲ့ကြပါတယ်။ ရေနံစင်ကြီးတွေ မိုးမိုးမတ်မတ်ထောင်ပြီး ပူပြင်းတောက် လောင်နေတဲ့ ရေနံမြေကို ရောက်ဖူးတော့မှပဲ ဆရာကြီး ဦးခင်သန်းပြောလေ့ရှိတဲ့ "မြေကြီး က ရွှေသီးတဲ့ ရေနံချောင်း"ဆိုတာကို ပို့ပြီးသဘော ပေါက်တော့တယ်။ ကျိကျိတက် ချမ်းသာ ချင်တဲ့ နယ်ချဲ့တွေ ရေနံချောင်း ရေနံမြေကို အာသာငမ်းငမ်းတက်ရှိကြတာ မဆန်းတော့ပါ ဘူး။ ခပ်တိုင်းရနေတော့လည်း လောဘဇောတိုက်ချင်တိုင်းတိုက်လို့ ရနေပေသကိုး။ သံကန့်ကုန်းအလွန် လက်မှတ်ကုန်းတို့ ရောက်တော့ မှောင်စပြုနေပါပြီ။ အရှေ့ဘက် ဝေးဝေးမှာတော့ ဓာတ်ငွေ့မီးတိုင်ကြီးတွေနဲ့ လင်းထိန်နေတဲ့ရေနံမြေတစ်ခုကို တွေ့ရပြန် တယ်။

"အဲဒါ ဘာရေနံမြေလဲ" လို့ ကိုမေအောင်က မေးတော့

"ခိုတောင် ရေနံမြေဆိုတာ အဲဒါပေါ့. . အဲဒီမှာ ဘီအိုစီကုမ္ပဏီက ဒေးဗစ်ကာဂဲလ် တူးတဲ့ ပထမဆုံး စက်တူးရေနံတွင်း ရှိတယ်. . . အဝေးကြီးပါ သွားမနေပါနဲ့တော့. . "ဆိုပြီး မြေနီခင်ဘက်ကို ဆက်ဆင်းလာခဲ့ကြတော့တယ်။





"ဒီလူတွေဟာ တို့တိုင်းပြည်ထဲမှာရှိတဲ့ တို့ပိုင်တဲ့ အမွေအနှစ်တွေကို အခုလို မတရား သိမ်းပိုက်ပြီးယူရလို့ တို့အတွက် ဘာအကျိုးကျေးဇူး ခံစားခွင့်ရအောင်လုပ် ပေးခဲ့မယ်လို့ ထင်သလဲ"

"ကျွန်တော် ထင်တယ် . . ကိုအောင်ဆန်း . . . ကိုလိုနီနယ်ချဲ့ဆိုတာ သူတို့ သိမ်းပိုက်တဲ့ နယ်မြေအပေါ်မှာ အကျိုးကျေးဇူးရှိအောင်လုပ်ပေးဖို့ ဆန္ဒတစ်စက် တောင်ရှိမယ့်သူတွေ မဟုတ်ဘူး. . ရသလောက် အိတ်ထဲ အကုန်ထည့်မယ့်သူတွေပဲ မတတ်သာလို့ ပေးရတာတောင် စေတနာ မပါဘူး. . . ဦးစိုးသိန်း ပြောတဲ့ တရားထဲကလို နောက်ဆုံးတစ်နေ့ သူတို့ ဒီရေနံမြေကို လက်လွှတ်ခဲ့ရရင် မစားရတဲ့အမဲ သဲနဲ့ပက်ပြီး ပြေးကြမယ့် အကောင်တွေဗျ မြေလှန်ပြေးမယ့် လူတွေ . . ."

"ခုတောင် ပြောနိုင် တောင်းနိုင်လွန်းလို့ ကျောင်းတွေ. . ဆေးရုံတွေရှိလာတယ်. . မီးတွေလင်းလာတယ်. . အဲ မီးလင်းလာတယ်ဆိုလို့ ဟို ညောင်လှကဓာတ်အားပေးစက်ရုံကြီးကို သိတယ် မဟုတ်လား. . ကီလိုဝပ် တစ်သိန်းတစ်သောင်းငါးထောင်ရှိပြီး အရှေ့တောင် အာရှမှာအကြီးဆုံး ဓာတ်အားပေး စက်ရုံကြီးလေ. . ဒါကလည်း သူတို့ အကျိုးအတွက် တည်တာပဲဗျ. . ကျွန်တော်တို့ ရေနံသိုက်ထဲက ရတနာတွေကို မြန်မြန်ထုတ်ယူနိုင်အောင် နောက်ထပ်တွင်းသစ်တွေ မြန်မြန်ဖောက်နိုင်အောင် ထွက်လာတဲ့ ရေနံတွေ သူတို့လိုချင် တဲ့ နေရာအရောက်မြန်မြန်စီးဆင်းနိုင်အောင် လုပ်တာ. . ကြည့်. . ဒီဓာတ်အားပေးစက်ရုံက အင်အားနဲ့ ဟိုး. . . မိုင် (၄၀) လောက်ဝေးတဲ့ ချောက်ရေနံမြေက ရေနံတွေကိုတောင် ရအောင် လှမ်းယူ လိုက်သေး . . . ဘီအိုစီကုမ္ပဏီဆိုတာ အလှမ်းတကယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်တယ်. . မြန်မာပြည်က လုပ်ငန်းကို စတာလင်ပေါင်တစ်သန်းခွဲနဲ့ ရင်းနှီးခဲ့တဲ့ ဘာကြောင့်ကြီးထွားလိုက်သလဲ အချိန်တိုတိုနဲ့ ပေါင်(၁၈)သန်းခွဲအထိ တိုးချဲ့လာနိုင်ပြီ. . အင်း. . တကယ်တော့ ဒုရင်းက ဒုရှင်းပါပဲဆို တာကတော့ ဖွတ်ကျောပြာစု ခံရှုံးကျွတ်နေတဲ့ ကျုပ်တို့ ရေနံမြေက အလုပ်သမားတွေ ချွေးနဲ့ ပြည်သွေးနဲ့ ရင်းနေကြရတဲ့ အလုပ်သမား တွေ. .

ကျွန်တော့်စကားဆုံးတော့ ကိုအောင်ဆန်းက "ခင်ဗျား အလုပ်သမားတွေရဲ့ ရှေ့နေလုပ်စားဖို့ ကောင်းတယ်. . တော်တော် လည်း ပြောတတ်တယ်. အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေ လုပ်ပိုင် ခွင့်တွေ. . အကျိုးခံစားခွင့်တွေ အတွက် တိုက်ပွဲဝင်ဖို့ အတွက် ဘယ်တော့မှ မျက်ခြေမပြတ်စေနဲ့နော်"လို့ ပြောခဲ့တာကို အမှတ်ရ နေဆဲ ဖြစ်ပါတယ်။

"ကြီးတော်ပျာ ရေနံချောင်းသားတစ်ယောက်အနေနဲ့ ရေနံမြေ အလုပ်သမားထု တစ်ရပ်လုံးအတွက် လက်ရွေးစင် ခေါင်းဆောင် ကောင်းတစ်ယောက်ဖြစ်ဖို့ အခွင့်အရေး ရှိသလို တယ်. . ရှိလည်း ရှိလိမ့်မယ်လို့. ." ကိုအောင်ဆန်းက ပြောလေတော့ ကျွန်တော် ကလည်း. .

"အဲဒီလိုဆိုရင်တော့ နတ်မောက်သားဖြစ်တဲ့ ခင်ဗျားရော နယ်ချဲ့ကို တော်လှန်ခဲ့တဲ့ ခင်ဗျားအဘိုး ရွှေလရောင်တို့လို တိုင်းပြည်နဲ့ လူမျိုးတစ်မျိုးလုံး သူ့ကျွန်ဘဝက လွတ်မြောက်ဖို့အတွက် သူ့ရဲကောင်း တွေရဲ့ နှလုံးသွေး မပါနိုင်ဘူးလား. . မရှိနိုင်ဘူးလား" လို့ မြန်မေး လိုက်တော့. . ကိုအောင်ဆန်းက ရယ်ကျဲကျဲနဲ့. .

"ဒါတော့ဗျာ. . နတ်မောက်သားတို့ ရွှေလရောင်တို့ဆိုတာ





တွေထက် ကျွန်တော်တို့ ဆိုတာ အမျိုးသားအထက်တန်း ကျောင်းက ကျောင်းသားတွေ မဟုတ်လား. . ကျွန်တော်တို့ ဆရာတွေ့ရဲ့ သွန်သင်ဆုံးမလမ်းညွှန်တာတွေကို တသွေမသိမ်း လိုက်နာ ရမယ်. . . ကျွန်တော်တို့ အမျိုးသားကျောင်းရဲ့ ဂုဏ်အပြင်. . တစ်မျိုးသားလုံးဂုဏ်. . ကျွန်တော်တို့ လုပ်ရလိမ့် မယ်. . တိုင်းပြည်ရဲ့ အနာဂတ် အခွင့်အလန်းတွေဟာ ကျွန်တော်တို့ လက်ထဲမလွဲမသွေ ရောက်လာလိမ့်မယ်။ အဲဒီအခါမှာ အားလုံးဝိုင်းပြီး သူ့ကျွန်ဘဝက လွတ်အောင်. . လွတ် လပ်ရေးရအောင်။ မဆုတ်မနစ်တဲ့ သန္နိဋ္ဌာန် တွေချပြီး တိုက်ပွဲတစ်ရာရှိရင် အောင်ပွဲ တစ်ရာလုံးရအောင် တိုက်ယူရ မှာပေါ့. . ဒါလည်း မြန်မာတစ်မျိုးသားလုံးရဲ့ တာဝန်မို့ အရင် က ဆုံးရှုံးခံခဲ့ရတာတွေကို သင်ခန်းစာယူတတ်ရမယ် . . အချင်းချင်း ညီညွတ်ရမယ်. . အတွေးအခေါ် ဆုံးဖြတ်ချက် မှန်ရမယ်. . တစ်ယောက်ကို တစ်ယောက် အပြစ်ဖို့နေတာ ဆန်ရင်းနာ နာဖွပ် နေတာ. . မလိုချင်ဘူး. . ဒီမှာ အမှောင်ဆိုတာ အမြဲမရှိ ပါဘူး. . အလင်းရောင်ဆိုတဲ့ မျှော်လင့်ချက်ရှိပါတယ်. . ကျွန်တော် တိုင်းပြည်အတွက် အခွင့်အရေးတွေပေါ်လာ မယ်. . ဒီအချိန်အတွက် ကျွန်တော်တို့ တိုင်းပြည်ကလူတွေ ခုကတည်းက အင်အားမွေး ထားကြရမယ်. . ပြင်ဆင်ထားရမယ်. . ပညာတွေတတ်ဖို့အပြင် ထူးချွန်အောင်သင်ကြား ထားရမယ်. . ဒါမှ အတွေးအခေါ်ကောင်း အကြံဉာဏ်ကောင်းတွေရမယ်. . ခု. . ကျွန်တော် စာလာသင်တာ အဲဒီရည်ရွယ်ချက်ပဲ"

ကိုအောင်ဆန်းက အဲဒီလိုပြောလိုက်တော့ ကျွန်တော့ရင်ထဲ တုန်ခါသွားတယ်။ ကိုအောင်ဆန်းရဲ့ ရည်မှန်းချက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသားမြင်လာတယ်။

"ဟုတ်တယ် ကိုအောင်ဆန်း. . ခု. . ကျွန်တော်တို့ ရေနံမြေပေါ်မှာ လင်းနေတဲ့ နယ်ချဲ့ကပေးတဲ့ မဝရေစာ အလင်းရောင်ထက် စူးရှတောက်ပြောင်တဲ့ အလင်းရောင်တွေကို တစ်နေ့ ကျွန်တော် ထွန်းပေးနိုင်အောင် ကြိုးစားမယ်. . ခင်ဗျားပြောသလို ရေနံချောင်းသား တစ်ယောက်အနေနဲ့ ကိုယ့်ရေနံမြေက အလုပ်သမားတွေအတွက် ရှေ့ဆောင်ရှေ့ရွက်ပြု နိုင်ဖို့ အခွင့်အရေးတွေရအောင် ရည်မှန်းချက်ထားပြီး ကျွန်တော်ကြိုးစားမယ်ဗျာ"

တဖြည်းဖြည်းလျှောက်ကြရင်းက ရွှေကြာငုံအဝင် မြစိမ်းရောင်ကိုရောက်လာခဲ့ကြပါ တယ်။

"ကဲ နောက်ဆုံးတစ်ခုကျွန်တော်မေးချင်တယ်။ အခု ကျွန်တော်တို့ တစ်တိုင်းပြည်လုံးက မျှော်လင့်နေကြတာဘာလဲ"

"ဟာ ဒါတော့ ရှင်းပါတယ် ကိုအောင်ဆန်း။ အခုကျွန်ဘဝက လွတ်ချင်နေကြတယ်။ လွတ်လပ်ရေးလိုချင်နေကြတယ်"

"ဟုတ်ပြီ။ အဲဒီလွတ်လပ်ရေးဆိုတာကရော လိုချင်ရုံနဲ့တင် ရမတဲ့လား"

"အင်း ဒါတော့ ဘယ်ရနိုင်မှာလဲ။ အင်္ဂလိပ်ကလည်း ရှေ့အင့် ပြန်ယူတော့လို့ အသာ တကြည်ဘယ်ပြန်ပေးမှာလဲ"

"ဟုတ်တယ်။ ကျွန်တော်တို့အတွက် လွတ်လပ်ရေးဆိုတာ မလွဲမသွေတိုက်တော့ ယူကြရမှာပဲ။ အဲဒီအချိန်မှာ ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးအကြီးဆုံးအဓိကလို အပ်ချက်ဆိုတာ ဘာဖြစ်မလဲ ခင်ဗျားစဉ်းစားမိရဲ့လား"

အဲဒီလို ကိုအောင်ဆန်းက အဓိပ္ပါယ်နက်နဲတဲ့ မေးခွန်း





တစ်ခုကိုမေးတော့ ကျွန်တော် လွယ်လွယ်နဲ့ပြန်မဖြေနိုင်ခဲ့ဘူး။ ဒီတော့ ကိုအောင်ဆန်းကပဲ ဆက်ပြီးပြောပါတယ်။

"ခင်ဗျားအသည်းထဲမှာ စွဲနေအောင်သာမှတ်ထား လိုက်ပေတော့။ ကျွန်တော်တို့ တိုင်းပြည်ကြီး သူ့ကျွန်ဘဝကလွတ်မြောက်အောင် ကိုယ့်မင်းကိုယ့်ချင်းနဲ့ ကိုယ်ပိုင်လွတ်လပ် ရေးရအောင် အဓိက လိုအပ်ဆုံးဟာ တပ်မတော်ပဲ"

"ဗျာ"

"ဟုတ်တယ်. . စစ်သွေးစစ်ရည်ဝတဲ့ခေါင်းဆောင်တွေ လိုတယ်၊ စည်းကမ်းစံနစ်ရှိတဲ့ သစ္စာရှိတဲ့ ရဲဘော်ရဲဘက်တွေလိုတယ်၊ မျိုးချစ်စိတ်ပြင်းထန်တဲ့ ကိုယ်ကျိုးစွန့်မယ့် တိုင်း ရင်းသားလူမျိုးစုတွေလိုတယ်၊ အားလုံးစည်းလုံးညီညွတ်မှု၊ တစ်သွေးတစ်သံတစ်မိန့်နဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်တစ်ရပ်ဆိုတာ ပေါ်ကိုပေါ်ပေါက်မှ၊ ရှိကိုရှိမှ ကျွန်တော်တို့ နိုင်ငံကို မတရားသိမ်းပိုက်ထားတဲ့ နယ်ချဲ့တွေကို အပြတ်မောင်းထုတ်လို့ရမယ်"

"ဟာ. . ဟုတ်တယ်. . တပ်မတော်မှမရှိရင် လွတ်လပ်ရေး ရလည်း အဲဒီလွတ်လပ်ရေးဆိုတာ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ပြီး ခဏလေးနဲ့ သူများလက်ထဲပြန်ပါသွားနိုင်တာပဲ"

"ဒါပေါ့. . တိုင်းပြည်အင်အားရှိဖို့ဆိုရင် တပ်မတော်ရှိဖို့၊ အဲဒီတပ်မတော်ကြီးလည်း အင်အားရှိဖို့လိုတာပေါ့ဗျာ"

အဲဒီနေ့က ကိုအောင်ဆန်းတို့ညီအကိုနှစ်ယောက်နဲ့ လူချင်းခွဲခဲတဲ့အချိန်ဟာ မိုးကြီး စုန်းစုန်းချုပ်နေပါပြီ။

ရေနံချောင်းတစ်မြို့လုံးမှောင်ကျနေပါပြီ။

ဒါပေမဲ့ ကိုအောင်ဆန်းရဲ့ တိုင်းပြည်လွတ်လပ်ရေးရဖို့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ရှိမှ တိုင်းပြည်အင်အားရှိဖို့ဆိုရင် တပ်မတော်အင်အားရှိမှ ဆိုတဲ့စကားတွေကတော့ ကျွန်တော့် ရင်ထဲမှာ မှောင်အတိကျ နေတဲ့အဖြစ်ကို အလင်းရောင်မီးမောင်းတစ်ခုထိုးပြသလို ထာဝရ လင်းလက်တောက်ပလျက်ရှိနေပါတော့တယ်။








နိုင်ငံခြားကလာတဲ့အဝတ်ဆိုလို့ ကျွန်တော့် ကိုယ်ပေါ်မှာ ဘာမှမရှိပါဘူး”လို့ ပြောပြော ဆိုဆို အပေါ်အကျႌကို ချွတ်ပြလိုက်တဲ့အခါ မှာတော့ ပုဆိုးချက်ပြုတ်၊ ခေါင်းတုံးဆံတောက် နဲ့ နံရိုးပြိုင်းပြိုင်း ပိန်တာရိုးလေးဖြစ်နေတဲ့ ကိုအောင်ဆန်းကို အားလုံးဝိုင်းရယ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## စကားရည်လုပွဲများ

ကျွန်တော်တို့ အမျိုးသားကျောင်းမှာ ဗုဒ္ဓဘာသာအသင်း ဝုဇ်ကောက်အသင်း (၁၂) နှစ်အောက်၊ ဘွိုင်းကောက်အသင်း (၁၂)နှစ်အထက် အမျိုးသမီးရဲတပ်ဖွဲ့ အမျိုးသား ရဲတပ်ဖွဲ့ (အပျော်တမ်းရဲတပ်ဖွဲ့)နဲ့ စကားရည်လုပွဲအသင်းတွေရှိခဲ့ပါတယ်။

ကျွန်တော်နဲ့ ကိုအောင်ဆန်းဟာ အဲဒီတုန်းက စကားရည်လုပွဲ အသင်းဝင်တွေ ဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်ရော သူရော အပြောအပြောတွေ အလွန်ဝါသနာပါပါတယ်။ ကျောင်းစာကြည့်တိုက်က ဖတ်ထားတာတွေ အပြင်မှာဖတ်ရမှတ်ရတာတွေ ၁၉၂၉-ခုနှစ်က စထုတ်ခဲ့တဲ့ အမျိုးသားရေးပညာမဂ္ဂဇင်းထဲကပါတဲ့စာတွေ အင်္ဂလိပ်သတင်းစာတွေ မြန်မာ သတင်းစာတွေနဲ့ ဗဟုသုတ ဟင်းလေးအိုးကြီးတွေဖြစ်လေတော့ ကိုယ်ဖတ်တာ ကိုယ်မှတ်တာ၊ ကိုယ်သိတာ၊ ကိုယ်နားလည်တာကို အလွန်ပြောချင်ဟောချင်နေခဲ့ကြတာကိုး . . .။





ကျွန်တော်တို့ အသင်းရဲ့ခေါင်းဆောင်ကတော့ ဆရာဦးခင်သန်းပါပဲ။ ဒီလိုပဲ တစ်ဘက်မှာ ဆရာကြီးဦးအောင်ကိုး ခေါင်းဆောင်တဲ့အသင်းနဲ့ တခြားဆရာတွေခေါင်း ဆောင်တဲ့အသင်းတွေလည်း အများကြီးရှိခဲ့ပါတယ်။

စကားရည်လုပွဲတွေကျင်းပခဲ့တာ ကျွန်တော်တို့နေခဲ့ရတဲ့ နောက်ဆုံး (၁၀)တန်း နှစ်မှာ အတော်ကလေးစိပ်ခဲ့ပါတယ်။ စကားရည်လုပွဲ တစ်ပွဲလုပ်မယ်ဆိုရင် အဲဒီပွဲရဲ့ ခေါင်းစဉ်ကို ကျောင်းအုပ်ဆရာကြီးဦးပုကိုယ်တိုင် ရွေးချယ်ချပေးတတ်ပါတယ်။ တစ်ခါတလေတော့ ဆရာကြီးဦးကျော်ဇံက ရွေးပေးပါတယ်။ စကားရည်လုပွဲရဲ့ အစဉ်အလာအရ အဆိုဖက်အချေဖက်လို့ရှိရာမှာ တစ်ဘက်ကို (၂)ဦး ဒါမှမဟုတ် (၃)ဦး ရှိခဲ့ကြပါတယ်။ အဲဒီနှစ်ဖက်ရဲ့ ခေါင်းဆောင်ကတော့ ဆရာတွေပါပဲ။

ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် ဆရာဦးခင်သန်း အမြဲပါသလို ကျောင်းသားထဲကတော့ ကိုအောင်ဆန်းနဲ့ ကျွန်တော်ဟာ အများဆုံးပါခဲ့ဖူးပါတယ်။ ဆရာကလည်း အာစ လျှာစရှိပြီး ပြောရဲဆိုရဲ ပြောတတ်ဆိုတတ်တဲ့ ကျွန်တော်တို့နှစ်ယောက်ကို အများကြီး အားကိုးပြုခဲ့တာ များခဲ့ပါတယ်။

ကျွန်တော်မှတ်မိသမျှနဲ့ မှတ်မိလောက်အောင် စွဲကျန်ရစ်ခဲ့ရတဲ့ စကားရည်လုပွဲ တွေအကြောင်းကို ပြန်ပြောချင်ပါတယ်။

**တောကမြို့ထက်သာတယ်**

ဒီပွဲမှာ ကိုအောင်ဆန်းက အဆိုဘက်ကပြောခဲ့ဖူးပါတယ်။ သူပြောပုံက-



www.burmeseclassic.com

www.burmeseclassic.com



မြို့ထက်သာတယ်ဆိုတဲ့အကြောင်းကတော့ အထူးပြောစရာလိုမယ် တောင်မထင်ပါဘူး.. အခုပြောမဲ့ (Subject)ကိုကဒ် (Board)မှာ ရေးထားတဲ့အတိုင်း တောမှာ နေထိုင်ရခြင်းသည် မြို့မှာနေထိုင်ရခြင်းထက်သာလွန် ကောင်းမွန်သည်လို့ဆိုထားပါတယ်.. ဒါတွင်ထင်ရှားနေပါတယ်.."

ကိုအောင်ဆန်းက အဲဒီလိုပြောတဲ့အခါ ညာဘက်မှာ စာရွက်တွေကိုင်ထားပြီး ဘယ်ဘက်က ကျောက်သင်ပုန်းကြီးကို လက်ညှိုးထိုးထိုးပြပြီး၊ မျက်နှာက အသားမသေအချိုး မကျ ရှက်သွေးဖျန်းလို့နေပါတယ်။ အဲဒီလိုပြောရင်းပြောရင်းက အားကြွလာပြီး ပြောတဲ့ အကြောင်းတွေဟာ ယဉ်ကျေးထယ်ဝါတာကို ပဓာနမပြုပဲ ပြောချင်တဲ့စကားပေါ်အောင်ပဲ ဒိုးဒိုးဒေါက်ဒေါက်နဲ့ပြောခဲ့ပါတယ်။ သူ့ကိုယ်ဟန် အမူအယာမျက်နှာပေးတွေကြည့်ရတာ လည်း နာမည်ကောင်းရဖို့ အသားယူချင်ဖို့ဝေးပြီး သူပြောရမယ့်အကြောင်းအရာရဲ့ဘောင်ထဲက လွတ်မသွားအောင်စကားထဲမှာ အာရုံသွင်းပြီးနေတာကို မြင်တွေ့ခဲ့ရပါတယ်။ တစ်ခါတစ်ရံတော့ ပြောချင်ရာပြောပြီး ထစ်သွားတဲ့အခါ ဝိုင်းအရယ်ခံရပါတယ်။ ဒါကို သူနည်းနည်းမှဂရုမစိုက်ပါဘူး။ ရှက်တာတို့ ကြောင်သွားတာတို့လုံးဝမရှိပဲ ရှေ့ကိုပဲတစိုက်မတ်မတ်ဆက်ပြောတာပဲ။ ပြောတဲ့အခါလည်း ဝတ်ကြေတန်းကြေပြီးပြီးရော ပြောလိုက်တာမျိုးမဟုတ်ပါဘူး။ ကြားကောင်းအောင်ပြောလိုက်တာမျိုးမဟုတ်ဘဲ သူ့ရဲ့ (Convition)ကို အပြည့်အဝယုံကြည်စိတ် ရှိထားသူဖြစ်ပါတယ်။ အဲဒီနေ့က ပြောတဲ့အကြောင်းအရာကလည်း သူ့အတွက်အကြိုက်ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူ ကိုယ်သူ နတ်မောက်က တောသားလို့





ခံယူထားလေတော့ တောသားပီပီ တောသားတွေကို အညွန့်တက်ချင်သလောက်တက်လို့ရနေတော့တာကိုး။

"ကျွန်တော်တို့ မြန်မာပြည်တစ်ခွင် ရာဇဝင်အဆက်ဆက်မှာ ပေါ်လွင်ထင်ရှားတဲ့ ရဟန်းပညာရှိ လူပညာရှိ ကဝိသုခမိန်ဆိုတာ ကျေးလက်ကသာထွန်းကား ပေါ်ပေါက်ပါတယ် ရပ်ကြီးပြည်ကြီး ရာဇဌာနီမင်းနေပြည်စတဲ့ မြို့ကြီးများမှာတော့ ယေဘုယျ အားဖြင့် လူနပ်လူပါး ဉာဏ်သမားလို့ဆိုရမယ့် ဉာဏဗလသမားများသာ ထွန်းကား ပေါ်ပေါက်ကြပါတယ်။ အင်္ဂလိပ်ရာဇဝင်နဲ့ (Industrial rovolution)မီးရထားကို စတင်ထွင်တဲ့ ဂျော့စတီဗင်ဆင် သင်္ဘောကိုစထွင်တဲ့ ဂျိမ်းဝပ်၊ နိုင်ငံ့ခေါင်းဆောင်တွေကဆိုရင် ဒေါက်တာမာဒင်နဲ့ အီဗရာဟင်လင်ကွန်း အဲဒီပုဂ္ဂိုလ်အကျော်အမော် တွေဟာ တောသားတွေထဲက ပေါ်ပေါက်ခဲ့တာ၊ မြို့သားတွေမဟုတ်ဘူး။ တောသားတွေပါ။ ကမ္ဘာကြီး တစ်ခုလုံး အခုလိုတိုးတက်ဖို့ ကြိုးစားခဲ့ကြတာ တောသားတွေပါပဲ။ မြို့သားချည်းသာ ဆိုရင် တိုးတက်ဖို့ အဝေးကြီး အဝေးကြီး..အဝေးကြီး.."

ကိုအောင်ဆန်းက "အဝေးကြီး"ဆိုတဲ့ စကားကို ဘယ်လက်ကိုအထက်တအား မြှောက်ပြီး ဟစ်ဇော်ပြောလိုက်တဲ့အခါ နားထောင်တဲ့ ပရိသတ်တွေသဘောကျပြီး ဝိုင်းဝန်း၊ ဆီးကျူးခဲ့ကြပါတယ်။

ဒါပေမယ့် ကိုအောင်ဆန်းတစ်ယောက်ကတော့ သွေးကြွမြောက်တက်တာမျိုး အလျဉ်းမရှိဘဲ သူ့ကိုယ်သူလည်း နားထင်သွေးရောက်တာမျိုးဖြစ်မသွားဘဲ အဲဒီနေ့ စကားရည်လုပွဲမှာ ပြောပြီးတာနဲ့ ကျွန်တော်တို့ကိုတောင် နှုတ်မဆက်ပဲ အပြင်ကိုထွက်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**မြန်မာရဟန်းတော်များ အင်္ဂလိပ်စာသင်သင့်ကြောင်း**

ဒီကစားရည်လုပွဲမှာတော့ ဆရာဦးခင်သန်းခေါင်းဆောင်ပြီး ကိုအောင်ဆန်း၊ ကိုမေအောင်ရယ်ပါကြပါတယ်။ အခြားဘက်ကတော့ ပွဲတိုင်းကျော်တဲ့ ဆရာကြီးဦးအောင် ကိုးရဲ့အဖွဲ့ပါ။

ဒီစကားရည်လုပွဲအတွက် အဆိုသွင်းရမယ်ဆိုတဲ့အခါ ခေါင်းစဉ်က အလွန်မြင့်နေပါတယ်။ မြန်မာရဟန်းတော်များ အင်္ဂလိပ်စာ သင်သင့်ကြောင်း။

အဆိုပြုဖို့ အကိုးအကား ခိုင်မာဖို့လိုအပ်နေပါတယ်။ ဒီစကားဟာ ဘုရားဟောကျမ်းဂန်ထဲမှာလည်း မပါလေတော့ ကိုယ့်ဘက်ကို သိမ်းသွင်းဆွဲဆောင်ပြောဆိုဖို့ အတော် ခက်နေပါတယ်။ ဒီတော့ ဆရာကြီး ဦးခင်သန်းနဲ့ ကိုအောင်ဆန်းတို့ ဘယ်လိုလုပ်ရမလဲလို့ ခေါင်းချင်းဆိုင် တိုင်ပင်နေတာကို တွေ့ရတော့. .

ကျွန်တော်က "ဒီလိုလုပ်ပါလားဆရာတို့ရယ် ကျွန်တော်တို့မြို့မှာ ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ်။ ထေရ်ကြီးဝါကြီး စာတတ်ပေတတ်ဆရာတော်ကြီးတွေလည်း အများကြီးရှိတယ်။ အဲဒီတော့ ဆရာတော်ကြီးတွေဆီ အကြံဉာဏ်ကောင်းရအောင် လျှောက်ထားကြည့်ရင် မကောင်းဘူးလား"လို့ ပြောလိုက်တော့မှ ဆရာဦးခင်သန်း ခေါင်းဆောင်ပြီး ကျွန်တော်တို့ ရွှေတောင်ပါဠိ တက္ကသိုလ် စာသင်တိုက် ဘုန်းကြီးကျောင်းကိုရောက်ခဲ့ကြတော့တယ်။

ဆရာတော်ကြီးတွေက ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ရဟန်းတော်ကြီးများဖြစ်နေတော့ ဝိနည်းသိက္ခာနဲ့အညီ ကျိုးကြောင်းဆင်ခြင်ပြီး ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်းနဲ့ ညီညွတ်တဲ့သွန်သင်ဆုံးမမှုမျိုးပေးပြီး အကြံကောင်းတွေပေးခဲ့ပုံကတော့-





ဆိုတာရှိတယ်. . အသင့် အတင့်နှလုံးသွင်းချင်းသည် မရှိမပဋိပက္ခ ပါပဲ. . ရဟန်းတော်များ အင်္ဂလိပ်စာသင်ကြားတာလည်း အသင့်အတင့်နှလုံးသွင်းခြင်းဖြင့် တရားတော်နဲ့အညီဆောင်ရွက်လို့ရပါတယ်. . တရားတော်နဲ့မဆန့်ကျင်ဘူး. . ကိုယ်ကျင့်တရားနဲ့ ညီညွတ်ရင်ဖြင့် ဒီဟာတော့ မသင်သင့်ဘူး ဘယ်ဟာတော့သင်သင့်တယ်လို့ ကျမ်းဂန်အလာမှာမဆိုပါဘူး. . ဘာသာမျိုးခြား စာစကားသင်ကြားသင့်သည်မှတ်တဲ့. . အဲဒီတော့ ဘာပဲလုပ်လုပ် ယောနိသောမနသိကာယလုပ်ထိုက်ပေတယ်. . "လို့ ဆရာတော်ကြီး တစ်ပါးကမြွက်လိုက်တော့ ကျွန်တော်တို့ ဝမ်းသာပြီးပြန်လာခဲ့ကြတယ်။

တကယ့်စကားရည်လုပွဲကြီး ပွဲဝင်စလိုက်တော့ ဆရာကြီး ဦးခင်သန်းက ပထမဆုံး စပြီး. . . .

"စာပေဆိုတာ သင်ထိုက်တာချည်းပါပဲ. . ရဟန်းတော်များ ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဒသာသနာသုံးရပ်ကို ထမ်းဆောင်နေကြရတာမှာ ပရိယတ္တိဆိုတဲ့ စာပေကျမ်းဂန်ဟာလည်း အဓိကကျတယ်လို့ မြတ်စွာဘုရားဟောတဲ့ တရားတော်များမှာရှိပါတယ်. . အထောက်အထားတွေလည်းရှိပါတယ်. . သင်အံ့ကျက်မှတ်ခြင်းသည် မြတ်သော ဓမ္မဒါန ဖြစ်ပါတယ်. . ဒါကြောင့် စာပေသင်ကြားတဲ့နေရာမှာ အင်္ဂလိပ်စာပေဟာ နိုင်ငံခြား စာပေဖြစ်ပေမယ့် ပါဠိဘာသာရဲ့ အထောက်အကူအဖြစ် မြတ်စွာဘုရားရဲ့အဆုံးအမများကို အထောက်အကူအဖြစ်သင်မယ်ဆို သင်ထိုက်ပါတယ်. . အသင့်အတင့်နှလုံးသွင်းလို့ ယောနိသော မနသိကာယဖြစ်**အောင်** သင်မယ်ဆိုရင် သင်ထိုက်ပါတယ်. . "လို့ အဆိုတင်လို**က်ပါတယ်. .**။

အဲဒီလိုပြောပြီး **စင်အောက်ပြန်ဆင်းလာတဲ့ ဆရာကြီးရဲ့**



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်ကို အခုထက်ထိ မျက်စိထဲကမထွက်ပါဘူး။ ဆရာကြီးက လူကသေးသေးညှက်ညှက်ပေမယ့် အသံက အောင်မြင်-စူးရှလွန်းလှပါတယ်။

အချေဘက်ကတော့ ဆရာကြီးဦးအောင်ကိုးပါပဲ အရပ်ကြီး ကိုင်းကိုင်း ကိုင်းကိုင်း နဲ့ စင်ပေါ် တက်လာပြီး. .

"ပရိသတ်အပေါင်းတို့ခင်ဗျား အဆိုဘက်က ဦးခင်သန်းတို့ ကတော့ မြန်မာဗုဒ္ဓ ဘာသာဘုန်းတော်ကြီးများ အင်္ဂလိပ်စာသင်သင့် ကြောင်း အဆိုကို တင်သွင်းသွားပါတယ်. . ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ. . ဒီလိုသာအင်္ဂလိပ်စာသင်ပြီး တတ်သွားကြလို့ ဘုန်းတော်ကြီးတစ်ပါးနဲ့တစ်ပါး လမ်းမှာတွေ့ပြီဆိုပါတော့. . ."

"ဟဲလို"

"ဟဲလို"

"ဟောင်းဒူးယူဒူး ကေလာသ"

"အိုး မစ္စတာ ဩဘာသ အိုင် အမ်ကွိုက်ဝဲ ဖိုင်းဖိုင်း အိုင်ဆေး အာယူဝဲ"လို့ ပြောလိုက်တဲ့အခါ ကျောင်းသားတွေရဲ့ ရယ်သံဟာ ပတ်တုပ်လို့ကိုမရတော့ပါဘူး။

ဆရာကြီး ဦးအောင်ကိုးအပြောကောင်းလို့ ဒီပွဲမှာတော့ ကိုအောင်ဆန်းတို့ဘက်က အရှုံးပေးလိုက်ရပါတယ်။ ဒါပေမယ့် ကိုအောင်ဆန်းအတွက်ကတော့ ယောနိသော မနသိကာယဆိုတဲ့ စကားဟာ တစ်သက်လုံးမှတ်စရာအမြွတ်ဖြစ်သွားပါတယ်။

မြန်မာတိုင်း မြန်မာတိုင်း တိုင်းရင်းဖြစ်တို ဝတ်ဆင်သင့်သည်

ဒီစကားရည်လုပွဲရဲ့ အဆိုကိုလည်း ကိုအောင်ဆန်းကပဲ စတင်တင်သွင်းခွင့်ရခဲ့ ပါတယ်။ ကိုအောင်ဆန်းက အဲဒီအချိန်





တတည်းက စကားပြောရင် ရိုးရိုးစင်းစင်းနဲ့ ပြတ်ပြတ်သားသား ပြောပါတယ်။ သင်ထားသလို ကြက်တူရွေးစာအံသလို ရွတ်နေတာမျိုး မဟုတ်ဘဲ စကားအဓိပ္ပာယ်ကို သူကိုယ်ပိုင်ဉာဏ်နဲ့ နားထောင်တဲ့ သူတွေ ရှင်းအောင် ပြောတတ်ပါတယ်။ ရှေ့ကိုကြို့ပြီး လာဘ်မြင် တယ်။ ဆရာကြီး ဦးကျော်ဇံက ကိုအောင်ဆန်းကို (Eloquent speaker)လို့ ကျောင်းသားရှေ့မှာ ချီးကျူးခဲ့တယ်။

ဒီနေ့ပွဲမှာတော့ ကိုအောင်ဆန်းရဲ့ရိုးသားမှုတွေကို အခွင့်ကောင်းယူပြီး တစ်ဖက်အသင်းက အခြေရှင်တွေ ကြိတ်ကြံ နေကြတယ်။ လူပုံအလယ်မှာ မရှုမလှဖြစ်အောင် အပြတ်နှိမယ်လို့ ကြိမ်းဝါးခဲ့ကြတယ်။

ကိုအောင်ဆန်းကတော့ ရိုးရိုးပါပဲ။ ကျောင်းဝတ်စုံ ရွှေတောင်လုံချည်အနီရောင်နဲ့ ပင်နီဖျင်ရှပ်အင်္ကျီလေးဝတ်ပြီး တက်ပြောပါတယ်။ အဲဒီအချိန်မှာ တစ်ဖက်အသင်းကပါတဲ့ လူတွေက ကိုအောင်ဆန်းဝတ်ထားတဲ့ အင်္ကျီအောက်ခံမှာ စွပ်ကျယ်တော့ ဘယ်လိုပဲဖြစ်ဖြစ် ရှိကိုရှိရမယ်လို့ အပိုင်တွက်ထားတာပေါ့။ အဲဒီခေတ်က စွပ်ကျယ်ဆိုတာ အိန္ဒိယလာတာပါ။ တယော တံဆိပ်စွပ်ကျယ်ကို အဝတ်များကြပါတယ်။ အဲဒီစွပ်ကျယ်ကို သက်သေခံထားပြီး ကိုအောင်ဆန်းကို ဝိုင်းပြီးချေမှုန်းကြမယ်လို့ မောင်းတင်ထားကြတာပေါ့။

စကားရည်လုပွဲစတော့ ကိုအောင်ဆန်းက အဆိုရှင်ပီပီ ပြည်တွင်းဖြစ်ကိုဝတ်ကြဖို့ အားပေးကြဖို့ စိတ်ရောကိုယ်ပါတိုက်တွန်း တာမှာ-

"စားချင်းစားရရင် ကိုယ့်တိုင်းရင်းသားတွေ စားရအောင်



www.burmeseclassic.com

www.burmeseclassic.com



"စားချင်းစားရရင် ကိုယ့်တိုင်းရင်းသားတွေ စားရအောင် အလုပ်လည်းရအောင် နိုင်ငံခြားကလာတဲ့ အဝတ်တွေကိုရှောင်ပြီး တိုင်းရင်းဖြစ်တွေကို ဝတ်ကြပါ. . "လို့ ဆိုတဲ့ စကားပါသွားတယ်။

ဒါကို အခွင့်ကောင်းစောင့်နေတဲ့ အချေရှင်ဖက်က ကျောင်းသားတစ်ယောက်က တက်လာပြီး "ဆြည့်ပရိသတ်ကြီးခင်ဗျား တဖက်အဆိုရှင်ကိုအောင်ဆန်းဟာ တိုင်းရင်းသား တွေစားရအောင် အလုပ်ရအောင်လို့သာ ဆိုပါတယ်. . သူကိုယ်တိုင်ကတော့ နိုင်ငံခြားဖြစ်ကြီးကို အားပေးနေပါတယ်. . မယုံရင်သူ့အကျီကို ချွတ်ခိုင်းကြည့်ပါ ခင်ဗျား" လို့ ပြောလိုက်ရော. .


ကိုအောင်ဆန်းက စင်ပေါ်ပြန်ပြေးတက်လာပြီး "ကြည့်ကြပါဗျာ. . ကြည့်ကြပါ ကျွန်တော်က တိုင်းရင်းဖြစ်ကိုပဲ ဝတ်ပါတယ်. . နိုင်ငံခြားကလာတဲ့အဝတ်ဆိုလို့ ကျွန်တော့် ကိုယ်ပေါ်မှာ ဘာမှမရှိပါဘူး"လို့ ပြောပြောဆိုဆို အပေါ်အကျီကို ချွတ်ပြလိုက်တဲ့အခါ မှာတော့ ပုဆိုးချက်ပြုတ်၊ ခေါင်းတုံးဆံတောက်နဲ့ နံရိုးပြိုင်းပြိုင်း ပိန်တာရိုးလေးဖြစ်နေတဲ့ ကိုအောင်ဆန်းကို အားလုံးဝိုင်းရယ်ခဲ့ကြတယ်။ အဲဒီလိုရယ်လေ ကိုအောင်ဆန်းက လက်နှစ်ဖက်ကို ခါးမှာထောက်ပြီး ပရိသတ်မြင်အောင် ဟိုဖက်လှည့် ပြလိုက် ဒီဖက်လှည့်ပြလိုက် လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ပြလေ ပရိသတ်က အတောမသတ်နိုင်အောင် "ဝေါခနဲ" "ဝေါခနဲ" ရယ်ကြလေပါပဲ။

ကျွန်တော့်စိတ်ထဲမှာ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ အားလုံးကို နောက်ဆုံး အမှတ်တရဖြစ်အောင် လုပ်ပြခဲ့တယ်လို့ ထင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီစကားရည်လုပွဲဟာ





နောက်ဆုံးပွဲတစ်ခုလည်းဖြစ်ခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ဟာ အမျိုးသားကျောင်းမှာနေကြတဲ့ ကျောင်းသားတွေထဲမှာ ဆယ်တန်းဖြေကြမယ့် နောက်ဆုံးကျောင်းသား တွေဖြစ်ခဲ့ကြတယ်။ အမျိုးသားကျောင်းကထွက်ခဲ့ပြီးရင် တစ်ယောက်နဲ့တစ်ယောက် ပြန်ဆုံခွင့်ဆိုတာ အတော်ဝေးသွားပါပြီ အဲဒီလိုဝေးကြရမယ့်သူတွေထဲမှာ တစ်မြို့တစ်ရွာက လာနေတဲ့ ကိုအောင်ဆန်းကို ကျွန်တော်ပြန်မှတွေ့ရပါတော့မလားဆိုတဲ့ အတွေးနဲ့ ဝမ်းနည်း စိတ်တွေဖြစ်ပေါ်ခံစားရဖူးပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





"မင်းတို့ ကိုးနာရီမှာ စာမေးပွဲစဖြေရမယ်ဆိုတာ မသိဘူးလား၊ အခုဆယ်နာရီ ထိုးကာနီးနေပြီဆိုတော့ တစ်နာရီ လောက်တောင် နောက်ကျနေပြီ။ ဒီတော့ စာမေးပွဲခန်းထဲ ဝင်ခွင့်မပြုနိုင်ဘူး"





## နောက်ဆုံးနှုတ်ဆက်ပွဲ

ပူပြင်းခြောက်သွေ့သွေ့လေးရှိပြီး လေရူးကလေးတွေက တစ်ချက်တစ်ချက် ဝှေ့ဝှေ့ပြီး တိုက်နေပါတယ်။

အဲဒီ တိုက်လိုက်တဲ့လေထဲမှာ သဲမှုန်လေးတွေ တရှပ်ရှပ်နဲ့ ပါလာပြီး တစ်ခါတစ်လေ လေရူးလေးတွေဟာ ကတော့ထိုးပြီး လေပွေလေးတွေ ဖြစ်သွားပါတယ်။

အဲဒီလေပွေတွေထဲမှာတော့ သစ်ရွက်ကလေးတွေ ဝဲပြီးဝဲပြီး ပါသွားကြတော့ပေါ့။

ကျွန်တော်တို့ ကျောင်းရှေ့က တမာပင်ကြီးတွေဆိုရင် ရွက်ရင့်တွေ တဖွဲဖွဲကြွေလို့။

နွေဥသြလေးတွေကလည်း အဲဒီတမာရိပ်တကိုင်း အမြင့်ကြီးပေါ်ကနေပြီး "ဥသြ ဥသြ"နဲ့ တွန်လိုက်ကြတာ တကယ်ကို လွမ်းစရာဆွေးစရာ ချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနောက်က လက်ပံပင်ကြီးကတော့ လက်ပံပွင့်အနီရဲရဲကြီးတွေနဲ့ အလှ ဆင်နေတာပေါ့လေ။ ပြီးတော့ အဲဒီအပင်ပေါ်က တစာစာအော်နေတဲ့ ဆက်ရက်ကလေးတွေလို ကျောင်းသားတွေရဲ့ စာအော်ကျက်သံတွေကလည်း တစာစာနဲ့ပါပဲ. . ။

ကျွန်တော်တို့ ဆယ်တန်းကျောင်းသားတွေရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲ လုပ်ရမယ့် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းကြီးကို ငေးပြီးကြည့်နေမိတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ ဆယ်တန်းစာမေးပွဲကို ဖြေဖို့ မင်းဘူးကို သွားရတော့မှာ ဖြစ်တယ်။

စာမေးပွဲကို အမျိုးသားပညာရေးကောင်စီက ကျင်းပပေးတာဖြစ်လို့ စာမေးပွဲ ဝင်ကြေး (၆)ကျပ်သွင်းပြီး လျှောက်လွှာတင်ခဲ့ကြရပါတယ်။

ကျွန်တော်တို့ ကျောင်းမှကျင်းပတဲ့ စာမေးပွဲကို မြို့ပေါ်တအလွတ်ပညာသင် ကျောင်းတွေက ကျောင်းသားတွေလည်း လာပြီးဝင်ဖြေခဲ့ကြတယ်။

ကျောင်းသားတစ်ယောက်ဟာ (၈)တန်းစာမေးပွဲအောင်ခဲ့ပြီးတစ်နှစ်ထက်မနည်း သင်ကြားခဲ့ပြီး (၁၀)တန်းစာမေးပွဲကို အောင်နိုင်လောက်တဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံပါတယ်လို့ အမျိုးသားအထက်တန်းကျောင်းအုပ်ကြီးက ထောက်ခံရင် ဖြေလို့ရတယ်။

အမျိုးသားကျောင်းက ကျောင်းဆရာတစ်ယောက်ဟာ (၂)နှစ်ထက်မနည်း (၇)တန်းအောင်မြင်ထားပြီး ကျောင်းအုပ်ကြီးကဖြစ်ဖြစ် အမျိုးသားပညာရေးဆိုင်ရာ ဆင်ဒီကိတ်အဖွဲ့ လူကြီးတစ်ဦးဦးကဖြစ်ဖြစ်၊ ထောက်ခံရင်လည်း (၁၀)တန်းကို ဖြေလို့ရကြတယ်။





အဲဒီလိုအခွင့်သာတဲ့ အမျိုးသားပညာရေး ကောင်စီကကျင်းပတဲ့ စာမေးပွဲတွေ ကြောင့်လည်း အစိုးရကျောင်းမှာစစ်တဲ့စာမေးပွဲကို ဖြေတဲ့သူတွေနည်းသွားခဲ့ပါတယ်။

တကယ်တော့ ကိုလိုနီစနစ်အောက်ကရှိတဲ့ အစိုးရစာမေးပွဲတွေဆိုတာ ကျောင်းသားတွေရဲ့ စိတ်ဓာတ်ရေးရာကို မွမ်းမံပေးရာမဟုတ်ဘဲ၊ မှတ်ဉာဏ်ကောင်းရုံလောက်သာ လေ့ကျင့်ပေးတာဖြစ်တယ်။ ဒါကလည်း စာရေးစာချီဖြစ်ဖို့ ထုတ်လုပ်ပေးတဲ့ စက်ရုံကြီးသဘောပါပဲ။

အမျိုးသားကျောင်းက စာမေးပွဲတွေကတော့ မှတ်ဉာဏ်ကောင်းဖို့အပြင် စိတ်ဓာတ်ရေးရာတွေပါ လေ့ကျင့်ပေးပါတယ်။ ဉာဏ်ရည်ထက်သူတွေဆိုရင် တစ်နှစ် နှစ်ကြိမ် စာမေးပွဲစစ်ပြီးအတန်းတင်ပေးခဲ့တာ အတော်ဆုံးကျောင်းသားမှန်ရင် (၄)နှစ်နဲ့ (၁၀) တန်းကို အောင်ခဲ့ကြတယ်။

ကျွန်တော်တို့ ဒီအတန်းအောင်ပြီးရင် တက္ကသိုလ်ကိုသွားရတော့မယ်။ ဒါပေမယ့် တက္ကသိုလ်သွားဖို့အတွက် ဒီတံခါးပေါက်ကလွယ်လွယ်နဲ့တော့ ဖွင့်လို့ရမယ်မဟုတ်ဘူး။

မြန်မာတစ်ပြည်လုံး ရာခိုင်နှုန်းအနည်းဆုံးနဲ့ **အောင်ပန်း**ဆင်ကြရတဲ့အတန်းဟာ ဒီအတန်းပါပဲ။

တကယ်တတ်မှ တကယ်ရမယ်
တကယ်တော်မှ တကယ်အောင်မယ်
တကယ်ထူးချွန်မှ တကယ်ကျော်နိုင်မယ်

သင်ရ၊ ကျက်ရ၊ ဖတ်ရ မှတ်ရ၊ **တွက်ရ ချက်ရ**တဲ့ဟာတွေဆိုတာလည်း လွယ် အိတ်ကြီးနဲ့ တနင့်တပိုးရှိခဲ့သလို ခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မမေ့အောင်ထည့်ထားရတာလည်း မဆန်းမပြန့်ပါပဲ။

ဒီနောက်ဆုံးအချိန်တွေမှာ ကျောင်းသားတွေအတွက် တခြားဘာကိုမှ စိတ်အာရုံ မဝင်စားနိုင်သလို၊ ဆရာတွေဆိုတာကလည်း ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို အိမ် မှာရှိတဲ့ မိဘတွေထက်ပိုပြီး နေ့ရောညပါ နာရီမလပ်စောင့်ကြပ် ဖြည့်ဆည်းပေးခဲ့ ကြပါတယ်။

ဖြေရမယ့်ဘာသာတွေအတွက် သင်ခဲ့ရတဲ့ စာတွေကများလေတော့ တစ်ယောက်နဲ့ တစ်ယောက် စာနွှေးရတဲ့ အလုပ်ဟာ ကျောင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုရှိလာ ခဲ့တဲ့အပြင်၊ ရဲဘော်ရဲဘက် စိတ်ဆိုတာလည်း အဲဒီမှာ ပိုပြီးမြင်တွေ့ခဲ့ရပါတယ်။

“ကြည့်နေ.. မောင်အောင်ဆန်း ပါဠိနဲ့ မြန်မာစာမှာ ဂုဏ်ထူးထွက်လိမ့်မယ်..”

ပါဠိသင်ခဲ့တဲ့ ဆရာကြီး ဦးခင်သန်းကိုယ်တိုင် စာမေးပွဲမဖြေခင်ကတည်းက တင်ကြိုခန့်မှန်းချက်ပေးခဲ့ပါတယ်။ တကယ်လည်း ကိုအောင်ဆန်းက ပါဠိမှာ ထူးထူးချွန်ချွန် တော်ပါတယ်။ ဇာတကတွေ၊ ဂါထာတွေ၊ သုတ္တံတွေ၊ သဒ္ဒါဘာသာပြန်တွေမှာ တော်တဲ့အပြင် ပါဠိပုံဝတ္ထုတွေကို သူ့ဉာဏ်နဲ့ရေးနိုင်ပါတယ်။ ဗုဒ္ဓဖြစ်စဉ်နဲ့ ဗုဒ္ဓအဘိဓမ္မာတွေဆို တော်တော့ ကျောင်းသားလိုက်မမီခဲ့ပေမဲ့ ကိုအောင်ဆန်းကတော့ အဲဒီအကြောင်းတွေ ပြန်ပြောတဲ့ အခါ ပါဠိပါဒ်သားတွေနဲ့ကိုးကားပြီး အမြဲရွတ်ဆိုပြောတတ်ခဲ့လို့ပါပဲ။ ပြီးတော့ မြန်မာစာ မှာလည်း အရမ်းတော်တော့ ကျွန်တော့်အထင် မြန်မာစာမှာလည်း သူဂုဏ်ထူးထွက် နိုင်တယ်။

အမှန်တော့ တခြားဘာသာတွေဖြစ်တဲ့ အင်္ဂလိပ်စာမှာလည်း





တော်တယ်၊ ရာဇဝင်မှာလည်း တော်တယ်၊ တကယ်တော့ ဘာသာစုံတော်တဲ့ ကိုအောင်ဆန်းအတွက် ကတော့ ဒီစာမေးပွဲဟာ မျက်စေ့မှိတ်ဖြေရင်တောင် အောင်မယ့်စာမေးပွဲဖြစ်မှာပါပဲလေ။

မင်းဘူးကိုသွားပြီး စာမေးပွဲဖြေကြတော့ မထင်မှတ်တာတွေ ဖြစ်ကုန်ပါတယ်။

ကျွန်တော်တို့ ဆယ်တန်းစာမေးပွဲကို အင်္ဂလိပ်စာမေးခွန်းက စဖြေရမှာဖြစ်တယ်။ ရေနံချောင်းက စာဖြေသွားမယ့် ကျောင်းသားတွေကို စာမေးပွဲနဲ့ပတ်သက်ပြီး လိုလေသေး မရှိ စီစဉ်ပေးလိုက်တာပါ။ ဒါပေမယ့် လွဲချင်တော့ စာဖြေချိန် အချိန်စာရင်းပြောင်းတဲ့ စာက အချိန်မီမရတော့ အချိန်စာရင်းဟောင်းနဲ့ မနက်ဆယ်နာရီကနာရီပြန်တစ်ချက်တီး အထိကိုပဲ ပြောလိုက်တော့ ကျောင်းသားတွေ အားလုံးဟာ အဲဒီအချိန်ကိုပဲ ခေါင်းထဲမှာ စွဲထားကြတယ်။ တကယ်တော့ စာဖြေဖို့ အချိန်စာရင်းသစ်က မနက်ကိုးနာရီကဆယ်နှစ်နာရီအထိ ဆိုပါတယ်။ ကျွန်တော်တို့ရောက်သွားတော့ ဆယ်နာရီထိုးခါနီးနေပြီ။ စာမေးပွဲစတာက တစ်နာရီနီးပါးတောင် ရှိနေပြီပေါ့လေ။ အဲဒီမှာ ပြဿနာဖြစ်ကြတာပေါ့။

“မင်းတို့ ကိုးနာရီမှာ စာမေးပွဲစဖြေရမယ်ဆိုတာ မသိဘူးလား၊ အခုဆယ်နာရီ ထိုးကာနီးနေပြီ”ဆိုတော့ **တစ်နာရီ**လောက်တောင် နောက်ကျနေပြီ။ ဒီတော့ စာမေးပွဲခန်း **ထဲဝင်ခွင့်** မပြုနိုင်ဘူး”

“တစ်နာရီနောက်ကျလည်း ကျွန်**တော်တို့**ဖြေမှာပဲ၊ ကျွန်တော်တို့ ဒီစာတွေကို တစ်နှစ်လုံး **ကြိုးစားသင်လာခဲ့ရတာ** အဲဒီတစ်နာရီလောက်နဲ့ အဆုံးရှုံးမခံနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ကိုအောင်ဆန်းကပြောတော့ စာမေးပွဲကြီးကြပ်သူက မရဘူး၊ မရဘူး ချည်းပဲ ငြင်းနေတယ်"

"မင်းတို့ကျောင်းကို စာပို့ထားတာပဲ။ စာမေးပွဲစစ်တယ်ဆိုတာ စည်းနဲ့ဘောင်နဲ့ လုပ်ရတာ"

"ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမယ့် ကျောင်းက ကျွန်တော်တို့ကို ဆယ်နာရီက တစ်နာရီအထိ ဖြေရမယ်ဆိုတဲ့ အချိန်စာရင်းပဲ ပေးလိုက်တာပါ"

ဒါပေမယ့် ပြဿနာက မပြေလည်ပါ။ အဲဒီအချိန်မှာ ကံကောင်းချင်တော့ ရေနံချောင်းက အထက်တန်းပြဆရာတစ်ယောက် တာဝန်အရ မင်းဘူးစာစစ်ဌာနကို ရောက်လာတယ်။

ဒီကလေးတွေနဲ့ ဘယ်လိုပြဿနာတွေ ဖြစ်နေကြတာလဲ၊

"ခင်ဗျားတို့ ရေနံချောင်းက ကလေးတွေ စာမေးပွဲစည်းကမ်းကို မလေးစားဘူး။ စာဖြေချိန် တစ်နာရီလောက်အထိ နောက်ကျပြီးရောက်လာလို့ ဝင်ခွင့်မပေးနိုင်တော့ဘူး"

"နေပါဦး ဆရာကြီး၊ စာဖြေချိန်က ဆယ်နာရီမှ စတာမဟုတ်ဘူးလား'

"မဟုတ်ဘူး စာမေးပွဲအချိန်ဇယားပြောင်းသွားတာ ဆရာတို့ မသိဘူးလား'

"ဟာ မရဘူးဆရာ၊ ဆရာတို့ပို့တဲ့စာ ကျွန်တော်တို့မြို့ကို အချိန်မီမရောက် လာဘူး၊ အဲဒါ အမှန်ပါပဲ ကျွန်တော်ကိုယ်တိုင် နောက်ကျပြီး ရောက်လာတာသာ ကြည့်တော့"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှ လုပ်မနေပါနဲ့၊ ဖြေခွင့်တော့ပေးပါ။ ဖြေဆိုချိန်





လောက်မလောက်တော့ ဒီကျောင်းသားတွေအပေါ်မှာ မူတည်ပါတယ်"

"အေးဗျာ၊ စိတ်တော့မကောင်းပါဘူး၊ သူတို့ကံပဲပေါ့"

အဲဒီနောက် ကျွန်တော်တို့တတွေ စာမေးပွဲခန်းထဲကို ကမန်းကတမ်းပြေးဝင်ကြပြီး မေးခွန်းတွေကို အမြန်ဆုံးဖတ်၊ အသွက်လက်ဆုံးလက်ရေးတွေနဲ့ မေးသမျှမေးခွန်းတွေကို တစ်ပုဒ်မကျန် အချိန်မီပြီးအောင် ကြိုးစားဖြေကြရပါတော့တယ်။

ဆယ့်နှစ်နာရီဒေါင်ကနဲထိုးလိုက်တဲ့ အသံနဲ့အတူ

အောင်ပြီကွ၊ အောင်ပြီ၊ ကျွန်တော်တို့ ရေနံချောင်းကျောင်းက လာဖြေတဲ့ ကျောင်းသားတွေရဲ့ အသံဟာ မိုးပြိုသွားမတတ် ပေါက်ကွဲထွက်လာပါတော့တယ်။

တစ်နေ့ပြီး တစ်နေ့ တစ်ဘာသာပြီးတစ်ဘာသာ ဖြေလို့ပြီးတဲ့ နောက်ဆုံးရက် မှာတော့

"ကိုအောင်ဆန်း.. ဖြေခဲ့ရတာ အားရခဲ့ရဲ့လား"

စာမေးပွဲနောက်ဆုံးနေ့က အခန်းပြင်ရောက်တော့ ကျွန်တော်ကမေးကြည့်တယ်။

ကိုအောင်ဆန်းက "ဘာလို့အားမရရမှာလဲဗျာ.. သင်တာတွေ ပြန်မေးတာပဲ.. တစ်အုပ်လုံးမေးတောင် တစ်အုပ်လုံးဖြေနိုင်တယ်.. မခက်ပါဘူး.."

"ဒါဖြင့် ဘာသာတွေအားလုံးထဲမှာ ခင်ဗျား **အားအရဆုံး** ဘာသာတော့ရှိမှာပေါ့"

"ကျွန်တော့်အထင်တော့ မြန်မာစာနဲ့ ပါဠိမှာတော့ ကျိန်းသေပေါက် ဂုဏ်ထူးထွက်မယ် ထင်တယ်..အင်္ဂလိပ်စာကတော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဖြေခဲ့ပေမယ့် အချိန်မီ ပြီးအောင်ဖြေရလို့ ဂုဏ်ထူးမသေချာဘူး"

ဒါနဲ့ ကိုအောင်ဆန်းနဲ့ ကျွန်တော် နောက်ဆုံးပြောကြတဲ့ စကားတွေထဲမှာ တစ်သက်မမေ့စရာမရှိလို့ သတိရတိုင်း ပြန်ပြန်အောက်မေ့ကြည့်တဲ့အခါ. . .

"ကိုအောင်ဆန်း (၁၀)တန်းအောင်ရင် ဘာလုပ်မလဲ"

"ဟာ. . ဘာလုပ်ရမလဲဗျ. . တက္ကသိုလ်သွားတက်မှာပေါ့. . ဟိုရောက်ရင် လုပ်စရာတွေအများကြီးရှိတယ်. . လုပ်ခွင့်တွေလည်း အများကြီးရမယ်. . အထက်တန်း ကျောင်းသားနဲ့ ကောလိပ်ကျောင်းသားဆိုတာ အတော်ကွာသွားပြီဗျ ရန်ကုန်တက္ကသိုလ်ကို တက်ကြရအောင်ဗျာ. . တိုင်းပြည်နဲ့ လူမျိုးအတွက် ကျုပ်တို့လက်တွဲပြီး လုပ်စရာတွေ အများကြီးရှိသေးတယ်. . ဆက်ဆက်လာခဲ့နော်"

"ခင်ဗျားအတွက် လုပ်စရာဆိုတာ နိုင်ငံရေးတွေလား"

"နိုင်ငံသားတိုင်း ဒီအချိန်မှာ နိုင်ငံရေးလုပ်ရတာ ဘာဆန်းလဲဗျ. . . နယ်ချဲ့ကို ဆန့်ကျင်မယ့်နိုင်ငံရေး၊ လွတ်လပ်ရေးရဖို့အတွက် လုပ်တဲ့နိုင်ငံရေး၊ တစ်မျိုးသားလုံးအ တွက်ဆောင်ရွက်တဲ့ အမျိုးသားနိုင်ငံရေးဆိုတာ လုပ်ကိုလုပ်ရလိမ့်မယ်။ ဘာလဲ. . ခင်ဗျားကရော နိုင်ငံရေးမလုပ်ပဲ ဇာတ်ထောင်ဆရာပဲလုပ်တော့မှာလား"

"ကျွန်တော်လည်း နိုင်ငံရေးလုပ်မှာပါပဲ ကိုအောင်ဆန်းရာ။ ဒါပေမယ့် ကျွန်တော်လုပ်ချင်တဲ့ နိုင်ငံရေးက ကျွန်တော်တို့မြို့က ရေနံမြေအလုပ်သမားတွေရဲ့ အခွင့်အရေးကို တိုက်ပွဲဝင်ပေးချင်တဲ့





နိုင်ငံရေး. . ပြီးတော့ ကျွန်တော်ဝါသနာပါတဲ့ ဇာတ်ထောင်ဆရာလည်း လုပ်မှာပဲ အဲဒီကျရင် ခင်ဗျားက ဆိုင်းဆရာ. ."

"ဟိုး ဟိုး တော်ပြီ တော်ပြီ ဒါက ကျွန်တော်ငယ်ငယ်က ဝါသနာစွဲခဲ့တာ. . . ရှေ့လျှောက် တိုင်းရေးပြည်ရေးတွေနဲ့ လေတောင်ချွန်ဖို့ အားပါ့မလား မသိဘူး. . အင်း တစ်ခါတစ်လေတော့ စိတ်လိုလက်ရ ကြည်နူးဝမ်းသာတဲ့ အခါလေးများဆိုရင် သီချင်းတွေ ဆိုကြည့်ဖြစ်ချင်တော့ ဖြစ်မှာပါဗျာ ဒါလေးတစ်ခုတော့ ကိုယ့်အတွက် ဖြေဖျော်စရာ ကျန်ကောင်းပါရဲ့"

"စာမေးပွဲလည်း ပြီးသွားပြီဆိုတော့ ကိုအောင်ဆန်းနဲ့ ကျွန်တော်တို့ ခွဲကြရတော့မှာလေ၊ ဘာပြုလို့လဲဆိုတော့ ကိုအောင်ဆန်းက မင်းဘူးကနေ မကွေးကိုကူးပြီး နတ်မောက်ကိုပြန်ရမယ်။ ကျွန်တော်တို့က ရေနံချောင်းကို ပြန်ကြရမယ်။ ဒီတော့ ကိုအောင်ဆန်း တစ်ယောက် ရေနံချောင်းကို ဘယ်တော့များမှာ ပြန်ရောက်မယ်ဆိုတာ မသိတော့ပါဘူး။ နှစ်ယောက်စလုံး နောက်ဆုံးခွဲခွာရမယ်ဆိုတော့ ဝမ်းနည်းမျက်ရည်လည်နေကြတာပေါ့လေ။

ကျွန်တော်တို့နှစ်ယောက် ခွဲခွာပေမယ့် တူညီတဲ့ အကြောင်းကရှိတယ်။ အဲဒါက ကျွန်တော်တို့ရဲ့ သံယောဇဉ်အရှိဆုံး အမျိုးသား အထက်တန်းကျောင်းကြီးပေါ့။

သူငယ်တန်းကျောင်းသားကလေးအရွယ်ကစပြီး အခုအထက်တန်းပညာတွေ သင်ပြီးတဲ့ လူရွယ်ဘဝအထိ ခလုပ်မထိဆူးမငြိအောင် စောင့်ရှောက်ခဲ့တဲ့ကျေးဇူး . . .။

တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်အောင် သင်ပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝံသာနုရက္ခိတတရားနဲ့ ကိုယ်ကျိုးစွန့်လွှတ်နိုင်အောင် သွန်သင်ဆုံးမပေးခဲ့တဲ့ ကျေးဇူး...။

တရားမျှတမှုကို လိုလားပြီး နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တွေ အသည်းထဲမှာ ထည့်ပေးခဲ့တဲ့ကျေးဇူး...။

အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တွေနဲ့ ယှဉ်ပြောနိုင်အောင် စကားတွေ သင်ပေးခဲ့တဲ့ ကျေးဇူး...။

ဂါရဝတရားနဲ့ (အတ္တဟိ အတ္တနောနာထော)ဆိုတဲ့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်တွေ သွန်သင်ပေးခဲ့တဲ့ ကျေးဇူး...။

လွတ်လပ်ရေးတိုက်ပွဲတွေမှာ ပြည်ထောင်စုတစ်မျိုးသားလုံးကို စည်းရုံးပြီး အမျိုးသားရေးခေါင်းဆောင်တွေ ဖြစ်လာအောင် လမ်းညွှန်ပေးမယ့် ကျေးဇူး...။

ပန်းတိုင်းပွင့်အောင် ဥယျာဉ်မှူးကြီးလို တာဝန်ယူပြီး ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျေးဇူး...။

ပြောရရင် မကုန်ခန်းနိုင်တဲ့ ကျေးဇူးတော်အနန္တတွေဟာ မာတာမိခင်တစ်ယောက်ရဲ့ ရင်အုံကထွက်လာတဲ့ နို့ရည်စက်ပေါင်းများစွာလိုပါပဲ။

ဒီနို့ရည်တွေကို ကျွန်တော်တို့ သောက်စို့ခဲ့ရပြီ...

ဒီနို့ရည်များကြောင့် ကျွန်တော်တို့ လူလားမြောက်ခဲ့ရပြီ...

ဒီနို့ရည်များနဲ့ ကျွန်တော်တို့ အသိဉာဏ်တွေ ပွင့်လင်းခဲ့ရပြီ...

ဒီနို့ရည်များအတွက် ပေးဆပ်ရမယ့် တန်ဖိုးတွေ





ကျွန်တော်တို့အပေါ်မှာ အများ ကြီးတင်ရှိခဲ့ပြီ...။

ဒီလိုမြင့်မြတ်တဲ့ မိခင်ကောင်းတစ်ယောက်နဲ့တူတဲ့ ရေနံချောင်းအမျိုးသားအထက် တန်းကျောင်းတော်ကြီးက (ကျွန်တော်တို့လို တက်လူတွေ)ကို မွေးဖွားပေးခဲ့ပါပြီ။ ကျွန်တော်ကတော့ အမျိုးသားအထက်တန်းကျောင်းကြီးနဲ့အတူ ကိုအောင်ဆန်းကိုလည်း အမြဲ သတိရနေမှာ ဖြစ်ပါတယ်။

အမိကကတော့ ကိုအောင်ဆန်းရဲ့ ဇွဲသတ္တိတွေအပြင် ကိုအောင်ဆန်းဟာ အမျိုးသား ကျောင်းသားဘဝမှာ မိဘဆီကငွေကို အဆင်သင့်ရနေပေမယ့် စည်းမဲ့ကမ်းမဲ့ ဘယ်တော့မှ မသုံးခဲ့ဘူး။ ကိုအောင်ဆန်းဟာ ကလေးဘဝထဲက ကိုယ်အမူအရာကြမ်းတယ်၊ စိတ်မြန်ကိုယ်မြန်ရှိတယ်။ အပြောအဆို မယဉ်ကျေးဘူး။ ပြောချင်တာစွတ်ပြော၊ စွတ်လုပ် တတ်တယ်ဆိုပေမယ့် သူတစ်ဘက်သားကို ဒုက္ခပေးတဲ့စိတ်မရှိခဲ့ဘူး။ မတရားလုပ်တာမရှိခဲ့ဘူး။ အမှန်ကိုပဲလုပ်ပြီး သူများအကျိုးကို လုပ်ဆောင်ပေးချင်တဲ့စိတ်ပဲရှိခဲ့တယ်။ ရိုးသားဖြောင့်မတ်တည်ကြည်တယ်။ သူ့အစ်ကိုတွေနဲ့ ဆရာသမားတွေရဲ့စကားကို အမြဲ လေးစားလိုက်နာတယ်။ လူတော်လူကောင်းတွေကို ချစ်ခင်ကြည်ညိုလေးစားတတ်တယ်။ မြန်မာ့ အရေးအတွက် ကမ္ဘာ့အရေးနဲ့ယှဉ်ပြီးကြည့်တတ်တယ်။ အမြော်အမြင်စိတ်ရှိတယ်။ မြန်မာ နိုင်ငံကိုချစ်တယ်။ မြန်မာနိုင်ငံကြီး ကျွန်ဘဝကလွတ်ပြီး လွတ်လပ်ရေးကို ရစေချင်တယ်။ ပြီးတော့ စာပေကိုလည်း ချစ်မြတ်နိုးတယ်။ စာတတ်မှ **အသိဉာဏ်ရှိမယ်**။ စာတတ်တဲ့ လူတွေ၊ အသိဉာဏ်ရှိတဲ့သူတွေများမှ **တိုင်းပြည်အတွက်** လွတ်လပ်ရေးရအောင် စွမ်းဆောင် **နိုင်မယ်လို့** သူယုံကြည်တယ်။

www.burmeseclassic.com



ဒါကြောင့်လည်း လေးတန်းက ဆယ်တန်းအထိကို လေးနှစ်နဲ့ရောက်အောင် ကြိုးစားခဲ့တယ်။ အတန်းတိုင်းထူးချွန်လို့ဆုတွေလည်းရခဲ့တယ်။ သူဆယ်တန်းမှာလည်း သူအောင်မှာပဲ အောင်ရင်လည်း သူပြောသလို ဂုဏ်ထူးတွေ ပါလာအုံးမှာပဲ။ ပြီးတော့ သူအမျှော်မှန်းဆုံးပန်းတိုင်

အဲဒါ တိုင်းပြည်ရဲ့ လွတ်လပ်ရေးပဲ။ သူ့ရင်ထဲအသည်းထဲက လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယလို့ပဲ တစာစာ ဟစ်အော် ကြွေးကြော်နေမှုကိုတော့ ကျွန်တော်ကြားပြီး ကြားယောင်နေမိပါတော့တယ်။

ကျွန်တော့်စိတ်ထဲမှာ အမျိုးသားကျောင်းကြီးနဲ့ ကိုအောင်ဆန်းကို ယှဉ်တွဲပြီး အမြဲတမ်းရှင်သန်နေတဲ့ နေနဲ့လလို ကျွန်တော်တို့မြန်မာပြည်ကြီးမှာ ထာဝရထွန်းလင်းတောက်ပနေစေချင်တာကတော့ အမှန်တကယ်ပဲ ဖြစ်ပါတော့တယ်။

ရေနံ့သာဝင်းမောင်

စာစနှစ်- ၄-၁-၁၉၉၂ ခုနှစ်

စာပြီးနှစ်- ၄-၁-၂၀၀၂ ခုနှစ်





## နောက်ဆက်တွဲ(၁)

### ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းတွင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော ဆရာ/ဆရာမများ ၁၉၂၀ပြည့်နှစ်မှ ၂၀၀၂ခုနှစ်အထိ

ကျောင်းအုပ်ဆရာကြီးများ

၁။ ဦးအောင်ကိုး

၂။ ဦးအေးမောင်

၃။ ဦးပု

၄။ ဦးဘခင်

၅။ ဦးကျော်ဇံ

၆။ ဦးဘဦး (ပထမကျောင်းသားသပိတ်ခေါင်းဆောင်)

၇။ ဦးစိုးဝင်း (အမျိုးသားပညာဝန်ထောက်)

၈။ ဦးသံဗျင် (ဂျပန်ခေတ်)

၉။ ဦးကံတင် (စစ်ပြီးခေတ်) (မူလတန်းကျောင်း)အဆင့်

၁၀။ ဒေါ်အေးမြင့်ခင် (အမက (၈) ဗိုလ်ချုပ်ကျောင်း၊ ရွှေကြာငုံရပ်)

(က) အထက်တန်းပြဆရာများ

| | | |
|---|---|---|
| ၁။ | ဦးပု | B.Sc ကာလကတ္တား ARSM လန်ဒန် (အင်္ဂလိပ်စာ၊ သင်္ချာ) |
| ၂။ | ဦးကျော်ဇံ | BA အမ်တီဟောင်း၊ ရာဇဝင် |



www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးဘဝင်း B. Sc သချ်ာ

၄။ ဦးဘသန်း (သျှင်သန်းမေ) မြန်မာစာ

၅။ ဦးခင်သန်း (အငြိမ်းစားတိုင်း ပညာဝန်) ၇တန်း အင်္ဂလိပ်စာ၊ ၁၀တန်းပါဠိ

၆။ ဦးဘသိန်း (မြန်မာစာ) (မဲဇာတောင်ခြေ ပြဿနာ အရှင်းကောင်းသူ)

၇။ ဦးသိန်းဖေ မင်းဘူး

၈။ ဦးအုံး ပထဝီ၊ ပါဠိ၊ အင်္ဂလိပ်

၉။ ဦးဘမွန် သချ်ာ၊ အင်္ဂလိပ်စာ

၁၀။ ဦးထွန်းဖေ သချ်ာ

၁၁။ ဦးဌေး

၁၂။ ဦးစိမ်းမောင် သချ်ာ

၁၃။ ဦးစိန်လှဦး သချ်ာ

၁၄။ ဒေါ်နှင်းရီ ပထဝီ

၁၅။ ဦးဘအုန်း ကျောင်းတက်အစအဆုံး တာဝန် ထမ်းခဲ့သူ

(ခ) အလယ်တန်းပြများ

၁။ ဦးအောင်ကိုး ပထမဆုံးဖွင့်သည့်ဆရာကြီး အင်္ဂလိပ်၊ ပထဝီ

၂။ ဦးအေးမောင် ပညာရေး ဒုအရာရှိ

၃။ ဦးမောင်ဦး ၅-တန်း

၄။ ဦးကြည် ၇-တန်း





၅။ ဦးငွေခက် ၆၊ ၇-တန်း

၆။ ဦးကြည်အေး ၆-တန်း

၇။ ဦးညီလေး ၆-တန်း

၈။ ဦးထွန်းရှင်လေး ၅-တန်း

၉။ ဦးဘဝင်း ၅-တန်း

၁၀။ ဦးချင်း ၅-တန်းဘာသာစုံ

၁၁။ ဦးဘသန်း ၅-တန်း

၁၂။ ဦးအုန်းဖေ ကျောင်းတက်အစအဆုံးတာဝန် ထမ်းသူ

(ဂ) မူလတန်းပြများ

၁။ ဦးဘသောင်း ကျောင်းအစအဆုံးတာဝန်ထမ်းသူ

၂။ ဦးနိုင် တွင်းစားရိုး အမျိုးသားကျောင်း သမိုင်းလေ့လာ ရေးပညာရှင်

၃။ ဒေါ်ကြာနု အငြိမ်းစား အလက ကျောင်းအုပ်

၄။ ဒေါ်ထားခင်

၅။ ဒေါ်ခင်မေ

၆။ ဒေါ်လှတင့်

၇။ ဦးအေး

၈။ ဒေါ်မြမြ



www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆက်တွဲ (၂)

## ရေနံချောင်းအမျိုးသားကျောင်းထွက်
## ကျောင်းသူကျောင်းသားများ

| | | |
|---|---|---|
| ၁။ | ဦးဘသိုက် | ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်သမက် |
| ၂။ | ဗိုလ်ပု | အလံဖြူကွန်မြူနစ်ပါတီ တောတွင်းကျဆုံး |
| ၃။ | ဦးမေအောင် | ဗိုလ်ချုပ်နှင့် ညီအစ်ကိုဝမ်းကွဲ |
| ၄။ | ဦးအောင်ကိုး | (စာရေးဆရာ မင်းကျော်၏ ကျွန်တော်ဆရာများမှ) |
| ၅။ | ဦးနိုင် | (ရေနံတွင်းစား) သာသနာ့ အကျိုးဆောင်(ကွယ်လွန်) |
| ၆။ | ဦးနွဲ့ | ဗုဒ္ဓသာသနာ့(အကျိုးဆောင်၊ ရေနံချောင်း) |
| ၇။ | ဦးတင်ဦး | သတင်းထောက်နှင့် နုယဉ်ဓာတ်ပုံ တိုက်ပိုင်ရှင် |
| ၈။ | သခင်ခင်ဖော် | နိုင်ငံတော်ကောင်စီဝင်-အငြိမ်းစား |
| ၉။ | ဦးထွန်းရှင် | ရွှေကြာငုံသူကြီး |
| ၁၀။ | ဦးသိန်းမောင် | ရေနံချောင်း စံပြပဲကြော်၊ ပဲလှော် |
| ၁၁။ | ဦးတင်ဖေ | စန္ဒာဝင်းစားသောက်ဆိုင် |
| ၁၂။ | ဦးဟုတ်လှိုင် | ညောင်လှ |
| ၁၃။ | ဦးလှဖေ | အငြိမ်းစားအလယ်တန်းပြဆရာ |





| | | |
|---|---|---|
| ၁၄။ | ဦးထွန်းအုံ | အငြိမ်းစားအထက်တန်းပြဆရာ |
| ၁၅။ | ဒေါ်သန့်ထူး | အမျိုးသားကျောင်းဆရာမကြီး |
| ၁၆။ | ဒေါ်ခင်လှ | တယ်လီဖုန်းအော်ပရေတာ |
| ၁၇။ | ဦးဩမောင် | ဆရာကြီးဦးအောင်ကိုးညီ |
| ၁၈။ | ဦးတင်မောင် | ဆရာကြီးဦးအောင်ကိုးညီ |
| ၁၉။ | ဦးစိမ်းမောင် | ဆရာကြီးဦးအောင်ကိုးညီ |
| ၂၀။ | ဦးသန်းဖေ | (ကုန်းဇောင်း) ဆရာကြီးဦးအောင်ကိုးသား |
| ၂၁။ | ဦးအောင်ခင် | ရေနံတွင်းစား ကွယ်လွန် |
| ၂၂။ | ဦးတိုက်အေး | ရေနံတွင်းစား ကွယ်လွန် |
| ၂၃။ | ဦးအုံးသောင်း | ကွယ်လွန် |
| ၂၄။ | ဦးထွန်းအောင်ကျော် | ရေနံချောင်း |
| ၂၅။ | ဦးဘဖေ | ရေနံမြေဘဖေ (စာရေးဆရာ) |
| ၂၆။ | ဦးတင်မြင့်မင်း | အငြိမ်းစားတိုင်းပညာအုပ် |
| ၂၇။ | ဦးသိန်း | မြို့နယ်ကောင်စီ |
| ၂၈။ | ဦးရွှေထူး | အမေရိကန်နိုင်ငံသားခံယူသူ |
| ၂၉။ | ဦးတင်ဦး | ဒုတိယဗိုလ်မှူးကြီး အငြိမ်းစား |
| ၃၀။ | ဦးငွေဆိုင် | အလကဆရာ(ကွယ်လွန်) |
| ၃၁။ | ဦးသိန်းအောင် | ကွယ်လွန် |
| ၃၂။ | ဒေါ်သိန်းရွှေ | အလက ဆရာမ |
| ၃၃။ | ဒေါ်သစ်သစ် | ရွှေကြာငုံ ရေနံချောင်း |
| ၃၄။ | ဦးဘမှန်း | အမျိုးသားကျောင်းဆရာ |
| ၃၅။ | ဦးမျိုးမြင့် | အငြိမ်းစားကျောင်းအုပ်ကြီး |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၆။ | ဦးမျိုးအေး | (ရွှေကြာင့်) |
| ၃၇။ | ဦးမောင်မောင်ထွေး | (ရွှေကြာင့်) |
| ၃၈။ | ဒေါ်ခင်မမ | (ရွှေကြာင့်) |
| ၃၉။ | ဦးပြား | (မြေနီခင်) |
| ၄၀။ | ဦးမောင်ကို | (ကြယ်နီရောင်ပွဲရုံ) |
| ၄၁။ | ဦးကိုကြီး | စိန်ပန်းရပ် |
| ၄၂။ | ဦးဗလ | ရွှေကြာင့် |
| ၄၃။ | ဦးအောင်သန်း | တေးရဂုံတေးသံသွင်း |
| ၄၄။ | ဦးသန်းထွန်း | သဘာဝလက္ခဏာပညာရှင် |
| ၄၅။ | ဦးတင်ဖေ | တွင်းကုန်း |
| ၄၆။ | ဦးမြဖေ | သူဌေးကုန်း |
| ၄၇။ | ဦးမြဇင် | သံကံကုန်း |
| ၄၈။ | ဒေါ်လှမြိုင် | ပျားကြီးတောင် |
| ၄၉။ | ဦးဘထိန် | |
| ၅၀။ | ဦးစံဖေ | ရွှေကြာင့် |
| ၅၁။ | ဦးခင်စု | ဆုံတိုက် |
| ၅၂။ | ဦးမွေး | လက်မှန်ကုန်း |
| ၅၃။ | ဦးထွန်းတင် | သစ္စာပန်းပဲ |
| ၅၄။ | ဒေါ်မြစိန် | တွင်းကုန်း |
| ၅၅။ | ဦးသောင်း(ဗိုလ်မှူးကြီး) | ဖောင်းကတော |
| ၅၆။ | ဦးထွန်းရှင် | ကျောက်ပန်းတောင်း |
| ၅၇။ | ဦးမောင်ပု | ကျောက်ပန်းတောင်း |
| ၅၈။ | ဦးစောလှ | (ကြည့်မြင် ရေနံချောင်း) |





| | | |
|---|---|---|
| ၅၉။ | ဒေါ်မြစိန် | တွင်းကုန်း |
| ၆၀။ | ဦးတင်ဝမ်း | (ကျောင်းအုပ်အငြိမ်းစား) |
| ၆၁။ | ဦးစောလင်း | ဆုံတိုက် |
| ၆၂။ | ဦးစိုး | တွင်းကုန်း |
| ၆၃။ | ဆရာအံ့ | ဆင်ဖြူကျွန်း |
| ၆၄။ | ဆရာမဒေါ်ခင်စု | ရေနံမြေစု(စာရေးဆရာမ) |
| ၆၅။ | ဒုဗိုလ်မှူးကြီးရီအေး | ဆရာကြီးဦးအေးမောင်သား |
| ၆၆။ | ဒေါ်ခင်မေ | ဆရာကြီးဦးအေးမောင်သမီး |
| ၆၇။ | ဦးချမ်းမောင်ကွန့် | အင်ဂျင်နီယာ |
| ၆၈။ | ဒေါ်ရင်မေ | ဆရာကြီးဦးအေးမောင်သမီး |
| ၆၉။ | ဦးသိုက် (ဒေါ်) ဘဘု | |
| ၇၀။ | ဒေါ်နွဲ့ရင် | |
| ၇၁။ | ဦးသိန်းမောင် | (ကုန်ဖောင်း) |
| ၇၂။ | ဗိုလ်ညိုလေး | ရဲဘော်ဖြူ |
| ၇၃။ | ဦးကျော်ညွန့် | အင်ဂျင်နီယာ |
| ၇၄။ | ဦးချစ်တင် | တွင်းကုန်း |
| ၇၅။ | ဦးဘလှိုင် | ကုန်သည် |
| ၇၆။ | ဦးလွှမ်းပြေ | (ကျောင်းအုပ် ဒေါ်အေးမြင့်ခင်၏ ဖခင်) |
| ၇၇။ | ဒေါ်တင်လှ | ဆရာမကြီး |
| ၇၈။ | ဦးမောင်မောင် | သံအမတ်ကြီး(အငြိမ်းစား) |



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်းအထုပ္ပတ္တိ
(၁၉၁၅-၁၉၄၇)

၁၉၁၅-ခု ဖေဖော်ဝါရီလ(၁၃)ရက် (၁၂၇၆ခု တပေါင်းလဆန်း ၁-ရက်)စနေနေ့တွင် နတ်မောက်မြို့တွင် ဖွားမြင်သည်။

ရှေ့နေကြီး ဦးဖာ၊ အမိ ဒေါ်စုတို့၏ သားသမီး (၉)ယောက်အနက် အငယ်ဆုံး သားထွေးဖြစ်သည်။

ဇာတာတွင် ထိန်လင်းဟု အမည်မှည့်သော်လည်း အစ်ကိုဖြစ်သူ "အောင်သန်း"အမည်နှင့်လိုက်ရန် "အောင်ဆန်း"ဟုဘဝတစ်သက်လုံးခေါ်တွင်ခဲ့သည်။

၁၉၂၂-ခု အသက်(၇)နှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတကျောင်းတွင် နေခဲ့သည်။





၁၉၂၈-ခု အသက်(၁၃)နှစ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ခဲ့သည်။

၁၉၃၂-ခု ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲအား ပါဠိ၊ မြန်မာစာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၂-ခု ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။

၁၉၃၅-၃၆ ခု ရန်ကုန်တက္ကသိုလ်သမဂ္ဂအမှုဆောင်အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်စဉ် အိုးဝေမဂ္ဂဇင်းတွင် ပါရှိသော (Hell hound at large) ခွေးသရမ်းကြီးလွတ်နေသည်။ ဆောင်းပါးရေးသူ (ဦးညိုမြ)၏ အမည်ကို ထုတ်ဖော်မပြော၍ တက္ကသိုလ်ကျောင်းမှ ထုတ်ပယ်ခြင်းခံရသည်။

၁၉၃၆-ခု ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် တက္ကသိုလ်ကျောင်း ဒုတိယအကြိမ် သပိတ်ကြီးမှောက်သည်။

၁၉၃၇-ခု ဝိဇ္ဇာတန်းအောင်မြင်သည်။

ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၇-၃၈ ခု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၈-ခု ကိုအောင်ဆန်းခေါင်းဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့တစ်ခု အိန္ဒိယပြည်သို့ သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သည်။

ပထမဆုံးတက္ကသိုလ်ကျောင်းသားကိုယ်စားလှယ်၊ တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။

၁၃၀၀ပြည့် အရေးတော်ပုံကို အားပေးကူညီသည်။

၁၉၃၉-ခု မော်လမြိုင်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှကို မကူစတမ်း၊ အဆိုတင်သည်။

၁၉၄၀-ခု ဗမာ့ထွက်ရပ်ဂိုဏ်းကြီးဖွဲ့စည်း တည်ထောင်ရာတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

ဟသ်ာတခရိုင်ဝန်က ဆုတော်ငွေ ၅/-ဖြင့် သခင်အောင်ဆန်းအား ဖမ်းဝရမ်းထုတ်သည်။ ဝရမ်းဆုငွေမှာ လူထုခေါင်းဆောင်တစ်ဦးကို စော်ကားခြင်းဖြစ်၍ တစ်ပြည်လုံးက ရှုတ်ချသည်။

ဝရမ်းပြေးနေစဉ် တက္ကသိုလ်ကောင်စီဝင် လူကြီး အဖြစ်မှ နုတ်ထွက်သည်။

ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီ ရှာရန် သခင်မြတို့နှင့် အတူ ပြည်သူ့အရေးတော်ပုံ





ပါတီကို ဖွဲ့စည်းခဲ့သည်။

ပြည်ပတော်လှန်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းက တာဝန်ယူ၍ ပြည်တွင်းတော်လှန်ရေး ခေါင်းဆောင်အဖြစ် သခင်မြက တာဝန်ယူသည်။

ဩဂုတ်(၈)ရက်နေ့တွင် "ဟိုင်လီ"အမည်ရှိသော သင်္ဘောဖြင့် အရှေ့သို့ လျှို့ဝှက်စွာ ထွက်ခဲ့သည်။ ဂျပန်ပြည်သို့ ရောက်ရှိသည်။

၁၉၄၁-ခု ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ခု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲခဲ့သည်။

မတ်လ(၃)ရက်နေ့တွင် သွားတုတပ်ကာ ရုပ်ဖျက်၍ မြန်မာနိုင်ငံသို့ ခေတ္တ ပြန်လာသည်။

ရဲဘော်သုံးကျိပ်ဝင်များကို စည်းရုံးစုဆောင်းပြီး ဂျပန်ပြည်သို့ ခေါ်ဆောင် သွားခဲ့သည်။

ဟိုင်နန်ကျွန်း၌ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်၍ စစ်ပညာသင်ပေးခဲ့ သည်။

ဒီဇင်ဘာလ (၈)ရက်နေ့တွင် အရှေ့အာရှစစ်ကြီး စတင်ဖြစ်သည်။

ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် ယိုးဒယားပြည် ဘန်ကောက်မြို့၌ ရဲဘော် သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေကို ဖွဲ့စည်းခဲ့သည်။

ရဲဘော်သုံးကျိပ် လက်မောင်းသွေးဖောက်၍



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်ခဲ့ကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းသည့်အခါ ဗိုလ်တေဇ အမည်ကို ခံယူခဲ့သည်။

၁၉၄၂-ခု နှစ်ဦးပိုင်းတွင် ဂျပန်တပ်များနှင့် ပူးပေါင်းကာ ဗိုလ်တေဇခေါင်းဆောင် သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ခဲ့သည်။

မတ်လ(၈)ရက်နေ့တွင် ဘီအိုင်အေတပ်မတော်က ရန်ကုန်မြို့ကို သိမ်းပိုက်သည်။

ဇူလိုင်လတွင် ဗိုလ်တေဇမှ ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ အဖြစ် ဆောင်ရွက်သည်။

စက်တင်ဘာလ(၆)ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့သည်။

၁၉၄၃-ခု မတ်လ(၁၇)ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်၊ သခင် မြတို့နှင့်အတူ ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဂျပန်ပြည်သို့ သွားခဲ့သည်။

မတ်လ(၂၂)ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ် ချီးမြှင့်ခြင်းခံရသည်။

ဩဂုတ်လ(၁)ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ စစ်ဝန်ကြီး အဖြစ် ဆောင်ရွက်သည်။

အိန္ဒိယပြည်ရှိ မဟာမိတ် စစ်ဌာနချုပ်နှင့်





လျှို့ဝှက်စွာ ဆက်သွယ်သည်။

၁၉၄၄-ခု စက်တင်ဘာလ (၄)ရက်နေ့တွင် ရန်ကုန်မြို့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံချီးမြှင့်ခြင်းခံရသည်။

၁၉၄၅-ခု မတ်လ(၁၇)ရက်နေ့တွင် ရန်သူကို တိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခဲ့သည်။

မတ်လ(၂၇)ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်သည်။

ဩဂုတ်လ(၁၉)ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ဗမာ့လွတ်လပ်ရေးတောင်းဆိုသည်။

၁၉၄၆-ခု ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖဆပလညီလာခံကို ဦးစီးသည်။

စက်တင်ဘာလတွင် အစိုးရအမှုထမ်းများကို သပိတ်မှောက်စေကာ ဗြိတိသျှအစိုးရအပေါ် အံတုသည်။

စက်တင်ဘာလ(၂၆)ရက်နေ့တွင် ဘုရင်ခံအမှုဆောင်ကောင်စီ၌ ဒုတိယ သဘာပတိအဖြစ် ရာထူးလက်ခံသည်။

၁၉၄၇-ခု ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ဦးစီးကာ အင်္ဂလန်ပြည် လန်ဒန်မြို့၌



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဆန်းအက်တလီ"စာချုပ်ချုပ်ဆိုသည်။

ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် တိုင်းရင်းသား သွေးစည်းညီညွတ်ရေး ဖြစ်သော "ပင်လုံ" ညီလာခံကို ဦးစီးကျင်းပသည်။

မေလ(၁၉)ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသော ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဇွန်လ(၁၆)ရက်နေ့တွင် ပထမ တိုင်းပြုပြည်ပြု လွှတ်တော်၌ အချုပ်အခြာ အာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းရန် အဆိုတင်သည်။

ဇူလိုင်လ(၁၇)ရက်နေ့တွင် မြို့တော်ခန်းမ၌ အရေးကြီးဆုံးသော မိန့်ခွန်းမြွက်ကြားသည်။

ဇူလိုင်လ(၁၉)ရက်စနေနေ့ နံနက်(၁၀)နာရီ (၃၇)မိနစ်အချိန်တွင် နယ်ချဲ့ လက်ပါးစေများ၏ လုပ်ကြံခြင်းကိုခံရပြီး ကွယ်လွန်သည်။





## ကျမ်းကိုးစာရင်း


၁။ သခင်ကိုယ်တော်မှိုင်း (တည်းဖြတ်) ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ(ရန်ကုန်၊ အမျိုးသားပုံနှိပ်တိုက် ၁၉၅၁ခု နိုဝင်ဘာလ)။

၂။ အောင်သန်း၏အောင်ဆန်း ၁၉၆၉၊ ဩဂုတ်လ (စတုတ္ထအကြိမ်မြောက်)

၃။ ရေနံချောင်းမြို့နယ် ဖြစ်စဉ်မှတ်တမ်း (လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရေနံချောင်း)

၄။ ၁၉၇၀ ပြည့်နှစ်၊ အာဇာနည်နေ့ (ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ အထုပ္ပတ္တိ

၅။ Burmah The eachs days (Burmah Oil trading limited

၆။ A pictorial profile of the burmah oil company (1886-1986) (Burmah oil trading limited)

၇။ နယ်ချဲ့ဖက်ဆစ်ဆန့်ကျင်ရေး ဇာတိမာန်တေးများ (မေမြို့မိုးကြည်)

၈။ နှောင်းခေတ်ရေနံချောင်း အမျိုးသားအထက်တန်းကျောင်း (စာတမ်းရှင်မောင်လှဝင်း မကွေးကောလိပ်)

၉။ ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ မြဟန်(အကြီးတန်း) သုတေသနမှူး သမိုင်း သုတေသနဌာန

၁၂။ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးသံဗျင်၏ ဩဝါဒ

၁၃။ ဆရာကြီးဦးခင်သန်းနှင့်ဆွေးနွေးချက်များ

၁၄။ သခင်ခင်ဇော် (နိုင်ငံတော်ကောင်စီဝင်ဟောင်းနှင့် ဆွေးနွေးချက်များ)




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၅။ ဆရာကြီးဦးအောင်ခင် (ရေနံတွင်းစား၊ အမျိုးသား အထက်တန်းကျောင်းသားဟောင်း နှင့်ဆွေးနွေးချက်များ)

၁၆။ ဆရာကြီးဦးတင်မြင့်မင်း (ကျောင်းသားဟောင်း) မကွေးတိုင်းပညာဝန် (အငြိမ်းစား)နှင့်ဆွေးနွေးချက်များ

၁၇။ ဒေါ်ခင်ရီ (အမျိုးသားအထက်တန်းကျောင်းတွင် ထမင်းသုပ်ရောင်းသူ၏သမီး)ပြောပြချက်များ

၁၈။ ဦးစံရွှေ (အမျိုးသားအထက်တန်းကျောင်းအကျိုးဆောင်) (စာရေးသူ၏ ဦးကြီး ဦးစိန်သော်၏ ယောက္ခမ) ငယ်စဉ်ကပြောပြချက်များ

၁၉။ အမျိုးသားရေး ရွှေရတုသဘင်အထိမ်းအမှတ် စာစောင် (၁၉၇၀)

၁၁။ မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်း၊ ဦးဇကျော် (မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)

၁၉။ မြန်မာရာဇဝင် (ဦးဘသန်း (ဘီအေ) နှင့် မဟာဗုဒ္ဓဃောသ ဟိုက်စကူးကျောင်း မော်လမြိုင်

၂၀။ ၁၉၇၀-ပြည့်နှစ် မတ်လ (၁၅) ရက်နေ့ထုတ် ရှုထောင့်ဂျာနယ်မှ မကွေးဝင်းမြင့် ဗိုလ်ချုပ်မွေးရပ်မြေမှ ဗိုလ်ချုပ်ကြေးရုပ် (ဆောင်းပါး)

၂၁။ ၁၉၉၆ ခု မေ၊ ဇွန်ထုတ် စာပေဂျာနယ် အတွဲ (၃) အမှတ်(၈) မှ ဒို့ဗမာသီချင်း (၃၅) နှစ်မြောက် ဝိုင်အမ်ဘီအေ သခင်တင်၏ အထိမ်းအမှတ်ပွဲတွင် စာရေးဆရာကြီး သခင်ဘသောင်းဟောပြောချက်။





## ကျေးဇူးအထူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ကူး အစဖော်ပေးခဲ့သော ဆရာကြီး ဦးသံဗျင် (ကွယ်လွန်) အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဟောင်းအား လည်းကောင်း၊ အရွယ်နှင့်မမျှ စိတ်အားထက်သန်စွာဖြင့် မှတ်မိသမျှ အချိန်ပေးပြောနိုင်စွမ်းသော ဆရာကြီး ဦးခင်သန်း (အမျိုးသားကျောင်းဆရာဟောင်း)(ကွယ်လွန်) နှင့် အမျိုးသားကျောင်းသားများ ဖြစ်ကြသော ဦးအောင်ခင် ရေနံချောင်း (ကွယ်လွန်)၊ ဦးသန်းဖေ (ကုန်းဇောင်း) (ကွယ်လွန်)၊ (ဆရာကြီးဦးအောင်ကို၏သား) သခင်ခင်ဖော် (နိုင်ငံတော်ကောင်စီဝင် - ငြိမ်း) (ကွယ်လွန်) တို့အားလည်းကောင်း၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ် စာတမ်းများအားမြတ်နိုးစွာ စုဆောင်းထားခဲ့ရာမှ စေတနာ ထက်သန်စွာဖြင့် ပြုစုကိုးကား ခွင့်ပေးခဲ့သော ဆရာကြီး ဦးထွန်းအုံ (အမျိုးသားကျောင်းသားဟောင်း) (ကွယ်လွန်) အားလည်းကောင်း၊ ရှားပါးဓာတ်ပုံများ၊ လက်ရေးမူများ ကူးယူခွင့်ပြုခဲ့သည့် ဦးသောင်းရွှေ (ရေနံတွင်းစား)၊ ဦးအေးမောင် (စံရှားဓာတ်ပုံတိုက်)၊ ဦးမြင့်ဆွေ အထက(၁)ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ်ကျောင်း(အ. မ. က-၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ခင်တို့အားလည်းကောင်း၊ နှောင်းခေတ် ရေနံချောင်းအမျိုးသားအထက်တန်းကျောင်း စာတမ်းပြုစုခဲ့သူ မကွေးကောလိပ်မှ စာတမ်းရှင် ကိုလှဝင်း အားလည်းကောင်း၊ မှီငြမ်းအထောက်အကူပြုနိုင်ရန် စာအုပ် စာတမ်းများ ဆောင်းပါးများရေးခဲ့ကြသော စာရေးဆရာကြီးများနှင့် တကွ အမှားကင်းစေရန်စီစစ်ပေးသော ဆရာကြီးဦးတင်မြင့်မင်း (အမျိုးသားကျောင်းသားဟောင်း) မကွေးတိုင်း ပညာဝန်(ငြိမ်း)နှင့် စာမူတည်းဖြတ်ပေးသော ဦးသူရဇော်တို့အား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရေနံ့သာဝင်းမောင်



www.burmeseclassic.com